www.burmeseclassic.com

# လမင်းမိုမို



BURMESE CLASSIC .com

## နှလုံးသားနှင့်လဲလှယ်ကာ

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## နှလုံးသားနှင့်လဲလှယ်ကာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၇၉၀၇၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၉၉၀၇၀၇

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၃)၊ (၁၉)လမ်း၊ ရန်ကုန်။



### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို



## နှလုံးသားနဲ့ လဲလှယ်ကာ

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







## [illegible] ၁ [illegible]

ရွှယ်ကိုးသည် မော်နီတာ စကရင်ပေါ် တချပ်ချပ် တက်ပြီး ရွေ့လျားနေသော Chatting စာတန်းကလေးတွေကို ငြိမ်ပြီး ငေးစိုက်၍နေသော်လည်း သေချာမမြင်တော့။

"Hey ! … Where are you Koe ?"

သူဘယ်မှာလဲလို့ တစာစာ မေးနေတဲ့ စင်ကာပူက သူငယ်ချင်း မိဆွေရဲ့ စာတန်းကလေးတွေ အပေါ်ကို တက်တက် သွားနေတုန်း ရွှယ်ကိုးကတော့ လုံးဝအာရုံတွေ ပြောင်းသွားခဲ့ပြီ။ ရွှယ်ကိုး အာရုံထဲမှာ မေမေ့ရဲ့ ရှိုက်သံတွေနဲ့ အန်တီဇင်ရဲ့ နှစ်သိမ့်ဖျောင်းဖျသံတွေ။

စာကြည့်ခန်းက အတော်ကြီး ကျယ်ဝန်းတာမို့ အလယ်မှာ စာအုပ်ဗီရိုရှည်ကြီး တစ်ခုကို အခန်းကန့်သလို ချ ထားကာ အခန်းကို နှစ်ပိုင်း ပိုင်းထားသလို လုပ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပေါက်နဲ့နီးတဲ့ အခန်းတစ်ဝက်မှာ ဆက်တီတစ်စုံ ချထားပြီး ဧည့်ခန်းမှာ စကားမပြောချင်ဘဲ သီးသန့်ပြောဆိုချင်တဲ့ ဧည့်သည်မျိုးကို စာကြည့်ခန်းထဲက ဧည့်ခန်းငယ်မှာ စကားပြောလေ့ရှိကြသည်။

အတွင်းဘက် အခန်းတစ်ဝက်မှာတော့ စာအုပ်စင်တွေနှင့် ကွန်ပျူတာစားပွဲ။ ရွှယ်ကိုးက ကွန်ပျူတာရှေ့ထိုင်နေတာ။ အမေနှင့် အန်တီဇင် ဝင်လာတော့ သူတို့က ရွှယ်ကိုးကို မတွေ့။ ရွှယ်ကိုးကတော့ သူတို့ကို မတွေ့ပေမယ့် အသံတွေ ကြားနေရသဖြင့် ဝင်လာတာကို သိပါသည်။

ရွှယ်ကိုး ရှိတယ်မထင်၍ မေမေနှင့် အန်တီဇင်ဟာ ပြောချင် ဆိုချင်တာကို လွတ်လွတ်လပ်လပ် ပြောဆိုနေကြတာပင်။ ထို့ကြောင့်လည်း Chatting ထဲမှာ ရွှယ်ကိုး ဘယ်လိုမှ အာရုံမရနိုင်တော့တာ။ ရွှယ်ကိုးသည် အနည်းအကျဉ်းတော့ ရိပ်မိသိရှိနေခဲ့တဲ့ အဖြစ်အပျက် ပြဿနာတို့ကို မမျှော်လင့်ဘဲ လုံးစေ့ပတ်စေ့ ကြားသိနေရပါတော့သည်။

“နင့်ကို ဧဒင်က မယောခင်ကတည်းက ငါပြောသားပဲ မဟုတ်လား ယု၊ ဒီကိစ္စက အကြမ်းကိုင် ဖြေရှင်းရမယ့် ကိစ္စ မဟုတ်ဘူး၊ အနုနည်းနဲ့ပဲ ကိုယ်တွယ်ရမယ့်ကိစ္စ၊ နင့်စိတ်ကို လျှော့လိုက်စမ်းပါ ယုရယ်၊ နင် ကိုထင့်ကို သိပ်ချစ်တာ မဟုတ်လား၊ သူ့အပေါ် ဒီလောက်ချစ်တဲ့





နင့်ကို သစ္စာဖောက်ရက်လေခြင်းလို့ ပိုပြီးနာနေတာ ငါ နားလည်တယ် ...

လောလောဆယ် လက်ရှိအနေအထား၊ မိသားစုမှာ ဘာအရေးအကြီးဆုံးလဲ ဆိုတာ နင် သေချာစဉ်းစားပါ ယုရယ်၊ နာကြည်းတယ် မာနထားတယ် ဆိုတာ လူတိုင်းတတ်နိုင်တဲ့ ထားတတ်တဲ့ကိစ္စပဲ ယု၊ နင် သူ့ကို နာကြည်းလို့ ခွင့်မလွှတ်နိုင်ဘူး၊ လမ်းခွဲမယ် ဆိုရင် လွယ်ပါတယ်၊ ပိုင်ဆိုင်မှုတွေလည်း တစ်ယောက်တစ်ခြမ်းခွဲ၊ ကလေးနှစ်ယောက်လည်း တစ်ကိုယ်တစ်ယောက်ခွဲ တာဝန်ယူ”

“ကလေးနှစ်ယောက်ကို ဘယ်တော့မှ မခွဲဘူး ဇင်၊ သူတို့မောင်နှမကို ဘယ်တော့မှ ငါမခွဲဘူး၊ မကွဲစေရဘူး”

“ငါကလည်း သဘောကို ပြောပြတာပါ၊ ဒါဟာ လူတိုင်းလုပ်နိုင်တဲ့ ကိစ္စမျိုး၊ ခွင့်လွှတ်လိုက်တယ်၊ မျိုသိပ်လိုက်တယ်ဆိုတဲ့ အလုပ်က မလွယ်တာ၊ နင် သိထားတာကို မသိသလို၊ ဖြစ်နေတဲ့ ဓာတ်လမ်းကြီးတစ်ခုကို မဖြစ်သလို မသိချင်ယောင်ဆောင်ပြီး ဟန်မပျက် ကိုယ့်ဘက်ပါအောင် ပြန်ဆွဲယူနိုင်တာသာလျှင် အရည်အချင်းပါ ယု”

“ငါ နားလည်ပါတယ် ဇင်၊ ငါ လေးငါးည ဆက်တိုက် အိပ်မပျော်ဘဲ ညလုံးပေါက် ညလုံးပေါက် စဉ်းစားပြီးပါပြီ၊ ငါ ဆုံးဖြတ်ထားပါတယ်၊ ငါ ပွဲမကြမ်းပါဘူး ဇင်ရယ်၊

www.burmeseclassic.com



မိသားစုအတွက် သားနဲ့သမီးအတွက်၊ အကောင်းဆုံးဖြစ်အောင် ငါ ဆုံးဖြတ်မှာပါ”

မေမေက ရှိုက်သံပလုံးပထွေးကြားမှ အားယူပြောနေပါသည်။ မေမေ့ငိုသံကို ကြားရသည်မှာ နှလုံးသွေးပျက်ချင်စရာ ကောင်းလှ၍ ရွှယ်ကိုး နှလုံးတွေ တဒိန်းဒိန်းခုန်ကာ မျက်လုံးအိမ်ထဲ မျက်ရည်တွေ ပြည့်လာသည်။ ပြည့်ရာမှတစ်ဆင့် ပါးပေါ် တပေါက်ပေါက် စီးလျှံကျလာသည်မှာ တီရှပ်ဖြူကလေး ရင်ဘတ်ပေါ်တွင် ရေစိုကွက်ဖြစ်၍ နေလေပြီ။

“အခုမှ ဖေဒင်က အနုနည်းသုံးပါလို့ ယောလိုက်လို့ မဟုတ်ပါဘူး၊ ငါ့ဟာနဲ့ ငါလည်း စဉ်းစားပြီးပါပြီ၊ ရှိပစ္စည်း ဝေခြမ်းလိုက်လည်း မဆင်းရဲဘူးပဲထားဦး၊ ငါက ဘာမှ ရှာဖွေလုပ်ကိုင် စားတတ်တာလည်း မဟုတ်ဘူး၊ အခုဆိုရင် ငါ့သားနဲ့ သမီးဟာ သူ့အဖေ အရိပ်အာဝါသမှာ မတောင့်မတ မကြောင့်မကျ နေရတာ၊ သူ ဖောက်ပြန်ပေမယ့် မိသားစု အပေါ်မှာတော့ တာဝန်ကျေတာထက် ပိုပါသေးတယ် ဇင်ရယ် …

ဒါတွေ ငါ အကုန်တွေးပါတယ်၊ ငါ့အသက် လေးဆယ့်နှစ်နှစ်၊ ငါ လူကြီးလိုပဲ တွေးရတော့မှာ၊ လူကြီးတွေးပဲ တွေးလိုက်ပါတယ်၊ စိတ်ချပါ သူငယ်ချင်းရယ်၊ ငါ မျိုသိပ်မှာပါ”





ဂျ အန်တီဇင့် သက်ပြင်းချသံကို ပီပီသသ ကြားလိုက်ရကာ …

“အမလေး … ခုမှပဲ စိတ်အေးရတယ် ယုရယ်၊ နင်က စိတ်ထက်ထက် စိတ်မြန်မြန်နဲ့မို့ အပျက်ပျက်နဲ့ နာခေါင်းသွေးထွက်မှာ ငါ ပူလိုက်ရတာ”

“ငါ အရင်ယု မဟုတ်တော့ပါဘူး ဇင်၊ ငါ့ကိုယ်ငါ အရင်ယု မဟုတ်တော့ဘူးလို့ ခံယူလိုက်ပါပြီဟယ်၊ ဒါကြောင့်လည်း ကိုထင့် သစ္စာမဲ့မှုကို ခံရတာ၊ အရင်ကယုဟာ တစ်နေ့နေ့မှာ ကိုထင်က နင့်ကို သစ္စာဖောက်လိမ့်မယ်လို့ ပြောရင် ပြောတဲ့သူကို ဟားတိုက်မှာ၊ ကိုထင့်ကိုလည်း သိပ်ချစ်၊ ကိုထင့်အချစ်ကိုလည်း သိပ်ယုံစားတဲ့ ယု၊ အခု မဟုတ်တော့ဘူး ဇင် …

ငါ လူသစ် စိတ်သစ် ပုံစံသစ်နဲ့ နေရမှာ၊ အရင်စိတ်ကို ဖျောက်ရမှာ၊ ယောက်ျားတစ်ယောက်ရဲ့ မေတ္တာအကြင်နာကိုရဖို့ ကြိုးစားပမ်းစား ဒူးထောက် တောင်းခံရမယ့် ယု ဖြစ်သွားပြီ ဇင်ရဲ့၊ ဒီလိုမဟုတ်ဘဲ ငါ့မာနနဲ့ငါ နေရင် ငါတို့မိသားစု အသိုက်ပျက်မယ်၊ ကလေးတွေ မျက်နှာငယ်မယ်၊ နင် စိတ်ချပါ ဇင်၊ ငါ့ကို နင် တော်လိုက်တာ ယုရယ်လို့ ချီးမွမ်းရပါစေ့မယ်”

ရွှယ်ကိုးသည် မေမေ့ရဲ့ ရင်ကွဲပက်လက် ငိုသံတစ်ခက် စကားတွေကို အတိုင်းသား ကြားနေရင်း သူ့အသည်းနှလုံး



www.burmeseclassic.com

www.burmeseclassic.com



[illegible] အက်ကွဲလာသလို ခံစားရပါသည်။ ရက်စက်လိုက်တာ [illegible]။

ဟိုးတစ်ပတ် ဖေဖေနဲ့ မေမေ ရန်ဖြစ်သံ ကြားရကတည်းက ရွှယ်ကိုး ထင်တော့ ထင်သားပါပဲ။ "မေမေတို့ ဘာဖြစ်လို့ ရန်ဖြစ်တာလဲဟင်"လို့ မေမေ့ကိုမေးတော့ မေမေက မျက်ရည်တွေသုတ်ကာ ခပ်ဖော့ဖော့ ပြုံးပစ်ပြီး ...

"ဘာမှ မဖြစ်ပါဘူး သမီးရယ်၊ ညည်းအဖေ အရက်သောက်လာလို့ မေမေ စိတ်တိုလို့ပါ"

မေမေ့အဖြေကို လှမ်းကြားနေရတဲ့ ဝရန်တာက ဖေဖေက ဒေါသတွေ မကုန်သေးတဲ့ လေသံနဲ့ ...

"နောက်တစ်ခါ ကိုယ် ပြန်လာတဲ့ အချိန်တွေမှာ မင်း အိမ်ကနေဆီးပြီး ပွတ်ကျွတ် ပွတ်ကျွတ် မလုပ်နဲ့ ယုယု၊ မင်းတို့အပေါ် ငါ ဘာဝတ္တရား ပျက်သလဲပြော၊ စိတ်တိုအောင် မလုပ်စမ်းနဲ့ကွာ ... တောက်"

ရွှယ်ကိုးက ဖေဖေရှိရာ ဝရန်တာကို လိမ်ဖယ် လိမ်ဖယ် လျှောက်သွားလိုက်ပြီး ဖေဖေ့ခါးကို နောက်ကဖက်ကာ...

"ဖေ ... မေမေ့ကို မအော်ပါနဲ့နော် ... ဖေ"

ဖေဖေက ရွှယ်ကိုးခေါင်းကို နောက်ပြန်တစ်ချက် နှစ်ချက် ပုတ်ရင်း ...

"သမီးအမေက လာအော်နေတာ၊ သွား ... သမီးသွား၊ ဘာမှ မဖြစ်ဘူး ပြီးသွားမှာ"





ရွှယ်ကိုးက ခပ်ကြောက်ကြောက်နဲ့ပဲ လိမ်ဖယ် လိမ်ဖယ် ပြန်ထွက်လာခဲ့ပါသည်။ ဖေဖေနဲ့ မေမေဟာ ဟိုးအရင်က အင်မတန်မှ ရန်ဖြစ်ခဲတဲ့ လင်မယား။ ရန်ဖြစ်ကြတယ်ဆိုတာမြင်ကို မမြင်ဖူးတာပါ။ ဒီတစ်လအတွင်းမှာမှ အကြိမ်ကြိမ် ခပ်စိပ်စိပ်ဖြစ်နေတာ။

ကြုံနေမကျတော့ ရန်ဖြစ်အော်ဟစ်သံ ကြားလျှင်ကြောက်ရွံ့ဝမ်းနည်းတဲ့ ရွှယ်ကိုးသည် ကိုကို့အခန်းကို ပြေးပြေးသွားပြီး ...

"ကိုကို ... ကိုကို ... ဖေဖေတို့ ရန်ဖြစ်နေပြန်ပြီ"

"အဲဒါ နင့်အလုပ်လား၊ သွားစမ်းပါဟာ၊ စိတ်ကုန်ရတဲ့ကြားထဲ"

ကိုကိုကလည်း အရေးထဲ ဘာတွေစိတ်တို စိတ်ကုန်နေတယ် မသိဘဲ မျက်နှာခပ်ပုပ်ပုပ်နှင့် အော်လွှတ်တတ်ပါသည်။ ရွှယ်ကိုးနှင့် ကိုကိုဟာ နှစ်နှစ်ကြီး နှစ်နှစ်ငယ်။ ဒီမောင်နှမနှစ်ယောက်တည်းရှိ၍ သိပ်ချစ်ကြပါသည်။ ကိုကို့အသက်က နှစ်ဆယ့်တစ်ကျော်၊ ရွှယ်ကိုးက ဆယ့်ကိုးနှစ်ကျော်။

ကိုကို့နာမည်က ကျော်စွာကိုး။ ရွှယ်ကိုးက ပျိုရွှယ်ကိုး။ ဖေဖေက ထင်ကျော်ကိုး။ မေမေက ယုယုနေခြည်။ ဖေဖေက အသက်ငါးဆယ်နား နီးကပ်ပြီ။ မေမေက လေးဆယ့်နှစ်။ ဟိုးတစ်ခေတ်တုန်းက ပိုင်းလော့ ထင်ကျော်ကိုးနှင့် အာရ်ဗီတူးရဲ့ တွင်း၊ ပြက္ခဒိန်တို့ရဲ့ မျက်နှာဖုံးရှင် ယုယုနေခြည်တို့ ဘတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဟာ အဲဒီခေတ် ချစ်သူတွဲတွေကြား ဟိုးလေးတကျော် လူသိထင်ရှားပဲတဲ့။

မေမေက အရမ်းလှပါသည်။ မေမေ့ကို အသက်လေးဆယ့်နှစ်လို့ ဘယ်သူကမှ မထင်နိုင်ပါ။ ငယ်ကတည်းက ခေတ်မီမီ ခေတ်ဆန်ဆန် နေခဲ့တဲ့သူမို့ မေမေဟာ ဂျင်းန်းဘောင်းဘီ ဝတ်ကာ သမီးကို ကိုယ်တိုင်ကျောင်းပို့တုန်း အမေမျိုး။ နေကာ မျက်မှန်နှင့် မေမေ ကားမောင်းတဲ့စတိုင်လ်က အင်မတန်လှပါသည်။

"အဲဒါ ငါ့အမေ"ဆိုရင် ခုမှမြင်ဖူးသူတို့က "ဟယ်... နင့်အမေ"လို့ အံ့သြအာမေဋိတ် တ,ကြရတဲ့ထိ မေမေကနုနယ်သည်။ ရွှယ်ကိုးနှင့် ညီအစ်မလို့ပဲ ထင်ရပါသည်။ ရွှယ်ကိုးဆံပင်ကမှ ကျောတစ်ဝက်မှာ အဖျားလိပ်ခွေကာ ခပ်နွှယ်နွှယ် ဖွာနေသေးသည်။ မေမေက နားရွက်ပင် သေချာမရောက်ချင်တဲ့ ခေတ်ပေါ်ဆံပင်အတိုပုံစံ ခပ်လန်လန်နှင့် လည်ပင်းဖြူဝင်းဝင်း ရှင်းရှင်းသွယ်သွယ်လေးမှာ ပလက်တီနမ်ကြိုးအရှည်ကြီးတစ်ကုံးကို ခုနစ်ပတ် ရှစ်ပတ် ခွေရစ်ထားတဲ့စတိုင်နှင့် ဖြစ်သည်။

ရွှယ်ကိုး အရပ်က ငါးပေခုနစ်လက်မရှိ၍ မေမေက ငါးပေလေးလက်မပဲရှိရာ ရွှယ်ကိုးထက်လည်း လူကောင်ညှက်သေးသည်။ သွယ်သွယ်ပါးပါး။ အကျီပြတ်ပြတ်ကလေးတွေနှင့် ဂျင်းန်နှင့်။ ခြေသလုံးမှာ ကြိုးချည်ပတ်တဲ့ စလစ်ပါမျိုးလေးတွေနှင့် ပေါ့ပေါ့ပါးပါး သွားလာနေတတ်သေးသည်။





ရွှယ်တူသူငယ်ချင်းတိုင်းက ရွှယ်ကိုး မေမေကို အားကျကာ သူတို့မေမေတွေကို အလှပြင်စေချင်လာတဲ့အထိ။ အဲသလိုလှတဲ့ မေမေ့ကို ဖေဖေဟာ သစ္စာမတည် ပစ်ခွာမည် အသစ်ရှာပြီလို့ ဘယ်လိုယုံနိုင်ရပါမည်နည်း။ လင်ယောက်ျား စိတ်ပျက်လောက်တဲ့ အမူအကျင့် စရိုက်မျိုးတွေ (ဥပမာ အလည်သွန်တာ၊ ဖဲရိုက်တာ၊ နှစ်လုံး သုံးလုံးတွေ ကစားတာ အစရှိသဖြင့်) မေမေ့မှာ လုံးဝမရှိ။

မေမေဟာ လှလှကြော့ကြော့လေးပြင်ပြီး ဈေးဝယ်ထွက်၊ အိမ်ပြန်ချက်ပြုတ်၊ အိမ်ကိုအလှဆင်၊ ဖေဖေ့သူငယ်ချင်းတွေကို တစ်လတစ်ခါလောက် အိမ်မှာစုဆုံစေပြီး ကျွေးမွေး ဘီယာတိုက်။ အယ်လောက်ချစ်ဖို့ကောင်းတဲ့ မေမေပါလဲ။ မေမေတော်လို့ ရွှယ်ကိုးတို့ အိမ်နှင့် ခြံလေးဟာ အမြဲလှနေသည်။ သားနားခေတ်မီနေသည်။

ကိုကိုနှင့် ရွှယ်ကိုးဟာလည်း လိမ္မာ၍ စာလည်း အဆိုက်အလျောက် တော်ကြသည်။ ကိုကိုဟာ သူ့ရည်ရွယ်ချက်အတိုင်း ဒီမှာ စီးပွားရေးနှင့် ဘွဲ့ရပြီးပြီ။ အခုလောလောဆယ် အွင်း IELTS တက်နေသည်။ ဖြေမည်။ စင်ကာပူထွက်၍ စီးပွားရေးပညာဘွဲ့ ထပ်ယူမည်။

ရွှယ်ကိုးက ဖေဖေလေယာဉ်မောင်းသည့် ယိုးဒယား လေကြောင်းလိုင်းတွင် Air Hostess လုပ်ချင်တာကို ဖေဖေက အားပေးအားတင်လုပ်နေသည်။ ရွှယ်ကိုးသည် English နှင့် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး၍ English သင်တန်းတစ်ခုပဲ ဆက်တက်နေပါသည်။ စကားပြောကောင်းအောင် လေ့ကျင့်နေပါသည်။

ဖေဖေက လစာကောင်းသည်။ မေမေက အိမ်ထောင်ထိန်းသိမ်း ကောင်းသည်။ ဘယ်လောက် သာယာချမ်းမြေ့အဆင်ပြေလှတဲ့ မိသားစုဘဝပါလဲ။ သိပ်ကိုပျော်ဖို့ကောင်းတဲ့ Family။ ဖေဖေ ဖောက်ပြားချင်သလိုလို ပြဿနာရဲ့ အစွန်းအစကို မတော်တဆ ကြားသိရတော့ ရွယ်ကိုး မယုံနိုင်။

လောကကြီးမှာ မေမေ့လောက်လှ၊ မေမေ့လောက်တော်၊ မေမေ့လောက် မိသားစုကိုချစ်၊ ဖေဖေ့ကိုလည်း အစစအရာရာ ဖြည့်ဆည်းတာဝန်ကျေနိုင်လွန်းပြီး မေမေ့လောက် ဖေဖေ့အပေါ်ကောင်းမယ့် မိန်းမမျိုး ဖေဖေ ထပ်တွေ့နိုင်လို့လား။ ရွယ်ကိုး မယုံနိုင်ပါ။

အန်တီဇင်ဟာ မေမေ့အချစ်ဆုံး သူငယ်ချင်း အပျိုကြီး။ မေမေနှင့် ညီအစ်မလို့ပင် ဖြစ်သည်။ ရွယ်ကိုးလည်း အန်တီဇင်ကို ချစ်သည်။ မေမေနှင့် အန်တီဇင့် စကားကို ငြိမ်၍ နားထောင်နေရင်းက တဖြည်းဖြည်း ဓာတ်ရည်လည်ရသည်မှာ အန်တီဇင်ဟာ ဒီကိစ္စကို လွန်ခဲ့တဲ့ တစ်လခွဲလောက်ကစပြီး သတင်းသိုးသိုးသန့်သန့် အနံ့ရလာတာတဲ့။

စိန်ရွှေရတနာ အရောင်းအဝယ်လုပ်တဲ့ အန်တီဇင့်မှာ အပေါင်းအသင်းလည်းများ၍ နားကြီး မျက်စိကြီးသည်။





လက်တံ့ရှည်သည်။ သတင်းသန့်သန့်ကနေ သေချာတဲ့အဆင့်ကို ရောက်တဲ့အခါမှာ မေမေ့ကို အန်တီဇင်က ဖွင့်ပြောပြသည်။ မေမေတို့ လိုက်လံစုံစမ်းကြပြီးပြီ။

ဖေဖေဟာ ရွယ်ကိုးထက် သုံးနှစ်သာကြီးပြီး ကိုကို့ထက် တစ်နှစ်သာကြီးတဲ့ မိန်းကလေး တစ်ယောက်ကို ကွန်ဒိုမီနီယံအခန်းမျိုးကြီး ငှားရမ်းပေးပြီး အိမ်တစ်ဆောင် မီးတစ်ပြောင်ထားထားခဲ့တာတဲ့။ ရန်ကုန်အိပ်တဲ့အခါ အိပ်ရ၊ ဗန်ကောက်အိပ်တဲ့အခါ အိပ်ရ။ မြန်မာပြည်နှင့် ယိုးဒယားရဲ့ အချို့သောလေဆိပ်မြို့တွေမှာလည်း ညအိပ်ဝဲ့အခါ အိပ်ရ။ အဲဒီလေကြောင်းလိုင်းပျံသန်းဆင်းသက်သမျှ မြို့တွေမှာ flight schedule အတိုင်း ကြုံသလို အိပ်ရတဲ့ ဖေဖေ့ရဲ့ တာဝန်ကြောင့် ဗန်ကောက်မှာလို့ထင်ရ သိရပြီး ရန်ကုန်က ကွန်ဒိုခန်းကြီးမှာပဲ ရှိနေခဲ့တာမျိုးလည်း အကြိမ်ကြိမ် ရှိခဲ့နိုင်သည်။

ဒီနေ့တော့ အဲဒီကိစ္စအတွက်ပဲ မေမေနှင့် အန်တီဇင် ဗေဒင်ဆရာဆီ သွားမေးပြီး ပြန်လာကြတာဖြစ်သည်။ မိန်းမတွေအဖို့မှာ ခုလိုကိစ္စမျိုး ကြုံလာရပြီဆိုတဲ့အခါ အရင်ဆုံး အားကိုးတကြီး သတိတရ အပြေးသွားဖြစ်ကြသည်မှာ ဗေဒင်ဆရာများထံ ကိုတည်း။ ဟုတ်တာ မဟုတ်တာ မှန်တာ မမှန်တာထား။ စိတ်ရဲ့ဖြေသိမ့်ရာ အားကိုးရာ ထွက်ပေါက်တစ်ခုပမာပင်။

"တိ ..."

www.burmeseclassic.com



ရုတ်တရက် ရွှယ်ကိုးရဲ့ ကွန်ပျူတာမှ UPS က အသံမြည်လာသည်။ မီးပျက်သွားတာ။ မီးပျက်သွားလျှင် ပါဝါအဆက်ပြတ်မသွားအောင် ဆက်ထိန်းထားပေးတဲ့ UPS က ထ, ထ,အော်တတ်တာ ထုံးစံ။ ခုတော့ ထိုအသံကြောင့် ဗီရိုနောက်ကွယ်က ကွန်ပျူတာဟာ သုံးလက်စ, ဖွင့်လက်စ ဖြစ်နေတာ မေမေတို့ သိသွားပြီ။

ငြိမ်ကုပ်ပြီး တုတ်တုတ်မလှုပ် အသံမထွက်ဘဲ ထိုင်နေတဲ့ ရွှယ်ကိုးသည် ကွန်ပျူတာဆီ အာရုံပြန်ရောက်ကာ မောက်စ်ကိုင်၍ အင်တာနက်ထဲကထွက် ကွန်ပျူတာကိုပိတ်ဖို့ အဆင့်ဆင့် လုပ်ရသည်။

"တီ ..."

UPS က ထပ်မြည်ပြန်သည်။

"ဘယ်သူလဲ ကွန်ပျူတာ ကိုင်နေတာ၊ ရွှယ်ရွှယ်လား"

မေမေ့ရဲ့ ငိုသံစွက်စွက် မေးခွန်းသံ ထွက်လာသည်။ ရွှယ်ကိုးသည် ကိုယ်တိုင်လည်း ကျဆင်းနေတဲ့ မျက်ရည်များကို သုတ်နေရင်းက ...

"ဟုတ်ကဲ့ မေမေ"

ရွှယ်ကိုးရဲ့ အသံကိုက မျက်ရည်ကျနေမှန်း သိသာစေတဲ့ အသံ။ ရုတ်တရက် ဗီရိုကွယ်သော ကွန်ပျူတာအနားသို့ အန်တီဇင် ရောက်လာသည်။ ကွန်ပျူတာပိတ်နေသော ရွှယ်ကိုး မျက်နှာကို မေးစေ့မှ ပင့်မော့စေပြီး ငုံ့ကြည့်ကာ ...





"သမီးလေး ... ရွှယ်ရွှယ်"

ကြင်နာစွာ ခေါ်မြည်ရင်း သူ့ရင်ခွင်မှာ ရွှယ်ကိုး ဦးခေါင်းကို ကပ်မှီထားစေလိုက်ပါသည်။

ရွှယ်ကိုး ကွန်ပျူတာပိတ်လို့ ပြီးသွားမှ အန်တီဇင်က ပခုံးမှ ထူဖက်ထ,စေရင်း ...

"လာ ... သမီး လာ"

"အန်တီဇင်"

ရွှယ်ကိုးသည် မတ်တတ်ရပ်အပြီးတွင် အန်တီဇင့်ပခုံးပေါ် မျက်နှာမှောက်ချ၍ အောင့်ထားသမျှ ရှိုက်ငိုချလိုက်ပါသည်။

"အို ... တိတ်ပါ သမီးရယ်၊ သမီး ခုလိုငိုတော့ မေမေက ပိုပြီး စိတ်မကောင်း ဖြစ်ရှာမှာပေါ့၊ ဝမ်းမနည်းပါနဲ့ သမီးရယ်၊ ဒီလိုပဲ ကြုံရတတ်ပါတယ်၊ ခဏတဖြုတ်ပါ သမီးရယ်၊ နောက်တော့လည်း ပြီးသွားမယ့်ကိစ္စတွေပါ၊ လာ ... သမီး လာ"

အန်တီဇင် တွဲခေါ်ရာ ဗီရိုဟိုတစ်ဖက်က ဆက်တီတွေဆီသို့ ရွှယ်ကိုး ခပ်တောင့်တောင့်နှင့် ပါလာပါသည်။ မေမေ့နံဘေး ဝင်ထိုင်လိုက်လျှင် မေမေက ရွှယ်ကိုး ပခုံးကို လက်တစ်ဖက်အသာတင်ကာ ဖက်လိုက်ရင်း ...

"မငိုနဲ့ သမီးလေး၊ ဒါ ဘာမှမဟုတ်ဘူး၊ မေမေ ငိုလို့ သမီးပါ စိတ်ညစ်ပြီး လိုက်ငိုတာလား၊ မေမေက စိတ်တွေရှုပ်လို့ မျက်ရည်ကျမိတာပါ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ကို ချစ်တော့ဘူး"

ရွှယ်ကိုးရဲ့ ရှိုက်သံအဆက်ဆက်နှင့် ငိုသံကြားတွင် ဖေဖေက အသံတုန်တုန်လေးနှင့် ...

"ဖေဖေ့ကို ချစ်ရမယ် သမီးရဲ့။ မချစ်တော့ဘူးလို့ မပြောရဘူး၊ ဖေဖေ ခုလိုလုပ်တာဟာလည်း သမီးတို့ကို မချစ်လို့ မဟုတ်ဘူး သမီးလေး၊ သူ့စိတ်ကို သူအလိုလိုက်လို့ စိတ်မထိန်းလို့ဖြစ်တာ သက်သက်ပါ၊ သမီးတို့ ကိုကိုတို့ကိုတော့ ဖေဖေက သိပ်ချစ်ပါတယ်၊ ဒီအချိန်မှာ သမီးက ဖေဖေ့ကို မချစ်တော့ဘူးဆိုပြီး အပြစ်ယူလိုက်ရင် ဖေဖေ့ကို မေမေတို့ သမီးတို့ လက်လွှတ်ဆုံးရှုံးလိုက်ရလိမ့်မယ်...

အခုက မေမေတို့ ဖေဖေ့ကို မဆုံးရှုံးကြသေးပါဘူး၊ သမီးတို့က မချစ်တော့ဘူးဆိုပြီး ဖေဖေ့ကို ဆန့်ကျင်မှ တဖြည်းဖြည်းနဲ့ ဝေးကွာပြီး တကယ်ဆုံးရှုံးရလိမ့်မယ်၊ အဲဒါမှ တကယ့်အရှုံး၊ အဲသလို အရှုံးမပေးရအောင် မေမေတို့ ကြိုးစားရမှာ သမီးလေးရယ်"

မျက်ရည်စီးကြောင်းလေးတွေ စီးစီးကျနေသော်လည်း အံ့ကလေး ဖိဖိကြိတ်ရင်း ပြောနေတဲ့ မေမေ့မျက်နှာကို ရွှယ်ကိုး စိုက်ကြည့်နေမိသည်။ မေမေ့ကို သနားတဲ့ စိတ်အဟုန်ထဲမှာ ဟိုမိန်းမကို မုန်းတီးစက်ဆုပ်တဲ့စိတ်က တိုးဝင်ပူးကပ်သည်။

"ဟိုဟာမကို သွားသတ်ပစ်လိုက်ချင်တယ်"





"သတ်စရာ မလိုဘူး သမီး၊ မသတ်ချင်နဲ့၊ သူ့အကုသိုလ်နဲ့သူ သွားပါလိမ့်မယ်၊ မေမေ စကားကုန်ပြောမယ်နော်၊ မတော်တဆ အဲဒီမိန်းကလေးကို သမီးဖေဖေနဲ့တွဲပြီး မျက်ဝါးထင်ထင်ကြီး တွေ့ရကြုံရတယ် ဆိုရင်တောင်မှ သမီးတစ်ခွန်းမှ ရန်စကားမပြောရဘူး၊ မျက်နှာမပျက်ရဘူး၊ အဲဒါ သမီးရဲ့ဂုဏ်သိက္ခာ၊ ဖေဖေ့ရဲ့ ဂုဏ်သိက္ခာ အတွက်ပဲသမီး ...

အပြုံးမပျက် အေးအေးဆေးဆေး နှုတ်ဆက်နိုင်ရမယ်၊ ဘာမှ မဖြစ်သလို ဟန်ဆောင်နိုင်ရမယ်၊ သမီးသူ့ကို သွားရန်တွေ့လိုက်ခြင်းဟာ သူ့ကို ဖေဖေ့နောက်မိန်းမရယ်လို့ သမီး အသိအမှတ်ပြုပေးလိုက်ရာကျတယ်၊ သမီးသူ့ကို အေးအေးဆေးဆေး ဆက်ဆံရင် သမီး သူ့ကို ခရီးကြုံ လမ်းကြုံ မိန်းမတစ်ယောက်လောက်ပဲ သဘောထားလို့ပဲ၊ ဖေဖေ့အသိတစ်ယောက်နဲ့ ကိစ္စရှိလို့ တွဲလာတယ်ဆိုတဲ့ သဘောမျိုးပဲ ထားရင် သမီးဒေါသဖြစ်စရာ ရန်တွေ့စရာ မလိုဘူး၊ သမီး ဒေါသဖြစ်ရင် ရန်တွေ့ရင် သူ့အနေအထားက အလိုလို အပေါ်ရောက်တယ် သမီး ...

မေမေပြောတာ နားလည်ရဲ့လား"

ရွှယ်ကိုး မေမေ့ကို ငေးကြည့်နေမိပါသည်။

"ငါ့သမီးလေး အသက်က နှစ်ဆယ်ထဲ ရောက်နေပြီ၊ လူကြီးစိတ်လေး မွေးရမယ်နော် သမီး၊ မေမေတို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



မပြိုကွဲရအောင် မေမေမတ္တာကို ဆက်ရနေဖို့အတွက် မေမေတို့အားလုံး ကြိုးစားရမယ်၊ မေမေကိုယ်တိုင်လည်း ဟိုတလောကလို ဖေဖေ့ကို ရန်တွေ့တာ အော်ဟစ်တာတွေ လုံးဝမလုပ်တော့ဘူး ...

ဖေဖေ မေမေတို့ကို ပစ်ခွာမသွားအောင် ကြိုးစားရမယ်၊ အဲသလို လုပ်ရတာကို ကိုယ်လည်းမမှားဘဲနဲ့ ကိုယ်ဂုဏ်ငယ်တယ်ရယ်လို့ မတွေးနဲ့"

ရွှယ်ကိုးသည် ဝမ်းနည်းသော မျက်ရည်ပူတွေ လိမ့်ဆင်းလာရပြီး ...

"ဖေဖေက မှားတာလေ မေမေ၊ ဖေဖေက ပြုပြင်ရမှာပေါ့"

"ဖေဖေက မှားတာ မှန်တယ်၊ ဒါပေမဲ့ ပြုပြင်တာကတော့ မိသားစုလေးကို အပြိုကွဲမခံနိုင်တဲ့သူ၊ ပိုတန်ဖိုးထားတဲ့သူက ပြုပြင်ရမယ် သမီးလေး၊ သမီးလေး ဖေဖေ့ကို ခွဲနိုင်သလား၊ မောင်နှမရော တကွဲတပြား ခွဲနေနိုင်လား"

ရွှယ်ကိုးသည် တရှိုက်ရှိုက်နှင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာပါသည်။ မတရားဘူး ထင်သော်လည်း ဖွတ်တိုး၍ ခေါင်းမမာနိုင်။ ဖေဖေ့ကိုလည်း မခွဲနိုင်။ မိသားစု အကွဲမခံနိုင်။ ကိုယ်က မမှားဘဲ မှားတဲ့ဖေဖေ့ကို လိုက်ကြိုးစား ချော့မော့အဖတ်ဆယ်ရမည် ဆိုသည်မှာ မခံချိစရာ ကောင်းသည်။





"ဖေဖေ ပစ်မသွားအောင် အောက်ကျို့ရမယ် ဆိုရင်လည်း ဒါဟာ ရှက်စရာ မဟုတ်ပါဘူး သမီးရယ်၊ မေမေတို့လုပ်ရပ်က တရားပါတယ်၊ ဖေဖေ့ကို တရားသဖြင့် ပြန်ဆွဲယူမှာ၊ ဖေဖေက မှားပြီးသွားပြီ၊ မှားတယ်ဆိုကတည်းက ညံ့လို့၊ ညံ့တဲ့သူ မှားတဲ့သူ ဆိုတာ သနားစရာပါ သမီးရယ်"

ရွှယ်ကိုးသည် မေမေ့ကို တအံ့တသြကြီးကြည့်ကာ ပြန်လည်းမပြောတတ်၊ ခံလည်း မခံချင်၊ အောင့်သည်းအောင့်ကြိတ်နှင့် ကြိတ်မနိုင်ခဲမရ တရှိုက်ရှိုက်သာ ဖြစ်နေရပါသည်။ ဆုံးပဆွေးနှင့် ...

"မတရားဘူး"

"ပိုချစ်တဲ့သူ ပိုတန်ဖိုးထားတဲ့သူ ပိုအဆုံးရှုံးမခံနိုင်တဲ့သူက အနစ်နာခံရစမြဲပဲ သမီး၊ ဖေဖေ အခုလိုလုပ်ပေမယ့် သမီးတို့မောင်နှမအပေါ်မှာ နည်းနည်းလေးတောင် အချစ်လျော့တာ မဟုတ်ဘူး၊ အဲဒီတော့ သမီးတို့ ဖေဖေ့အပေါ် ခွင့်လွှတ်ထိုက်ပါတယ်၊ တကယ်တမ်း နာကြည်းရမှာက မေမေပါ၊ မေမေ့အပေါ် သစ္စာဖောက်ပြီး မေမေ့ထက် ချစ်လို့ နောက်မိန်းမတစ်ယောက် ထပ်ရှာတာ၊ နာချင်းနာ မေမေနာရမှာ ...

ဒါပေမဲ့ မေမေလည်း မနာတော့ဘူး၊ မေမေ ခွင့်လွှတ်လိုက်တယ်၊ ခွင့်လွှတ်မှလည်း သူ့ကို မဆုံးရှုံးရမှာ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မေမေ အဆုံးမခံနိုင်တာကျတော့ သားနဲ့ သမီး ကြောင့်ပဲ၊ ဒီသားနဲ့ သမီး မရှိရင် မေမေ ခုလိုဆုံးဖြတ်ချင်မှ ဆုံးဖြတ်မယ်၊ သားနဲ့ သမီးကြောင့် သူ့အပေါ် ဘယ်လောက်ပဲ နာကြည်းလောက်စရာ ဖြစ်ပါစေ မေမေ့မာနစွယ်ကို ချိုးချပြီး မာနတွေ သိက္ခာတွေကို ဟိုးအောက်အထိချပြီး ခင်းမယ် ...

မေမေ ဖေဖေ့ကို ရန်လည်းမလုပ်ဘူး၊ အပြစ်လည်း မယူဘူး၊ သူ့မေတ္တာကို ဒီမိသားစုဘက် ပိုရောက်အောင်ပဲ ဆွဲယူမယ်၊ မေမေတောင် ဒီလိုလုပ်နိုင်ရင် သမီးတို့ ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ၊ သမီးတို့က ဖေဖေ့အချစ်ကို ခုထိ မဆုံးရှုံးရသေးတဲ့ သူတွေပါ၊ ဖေဖေ့ကို ဘာကြောင့် ခွင့်မလွှတ်နိုင်ရမှာလဲ"

ဒီစကားတွေကို မေမေ ဘယ်လောက် အားယူပြီး ဘယ်လိုရည်ရွယ်ချက် မျှော်လင့်ချက်တွေနဲ့ ပြောနေတယ်ဆိုတာ အသက်နှစ်ဆယ်ရွယ် ဦးနှောက်ရှိတဲ့ ရွယ်ကိုးအဖို့ နားမလည်နိုင်စရာ မရှိပါ။ မေမေ့အတွက် ရင်နာ မခံချိလို့သာ မေမေ ဒီလိုဆုံးဖြတ်နိုင် အေးချမ်းနိုင်တာကို အံ့သြတာ။ တဖြည်းဖြည်းနဲ့တော့ ရွယ်ကိုး ရင်ထဲ မေမေ့အပေါ် နားလည်ခြင်း၊ စာနာခြင်း၊ ကြင်နာသနားခြင်း၊ ညှာတာထောက်ထားခြင်းတို့သာ ပြည့်ကျပ်သိပ်၍ လာသည်။





မေမေတောင် ဤသားသမီးတို့အတွက် သူ့ကိုယ်သူ ချိုးနှိမ်နိုင်သေးရင် ရွယ်ကိုးကရော မေမေ့အတွက် ကိုယ့်ကိုယ်ကိုယ် ဘာကြောင့် မချိုးနှိမ်ရမှာလဲ။

"ကိုကို သိသွားပြီလား မေမေ"

"သမီးကိုကိုက ယောက်ျားလေးပဲ၊ အသိုင်းအဝိုင်း များတယ်၊ ကိုကို အစောကြီးကတည်းက သိတယ်၊ မေမေ မသိခင်ကတည်းကတောင် သိနေခဲ့တယ်"

ဩော် ... ဒါကြောင့် လိမ္မာယဉ်ကျေးတဲ့ သားတစ်ယောက်ဖြစ်တဲ့ ကိုကိုဟာ ခုနောက်ပိုင်း လပိုင်းတွေအတွင်းမှာ ချစ်ကန်ကန် ကြွပ်ဆတ်ဆတ်နဲ့ တစ်ယောက်တည်း လောကကြီးနဲ့ ရန်ဖြစ်နေတတ်တဲ့ ဒီဇိုင်းမျိုး ဖြစ်ဖြစ်လာတာ။

"ကိုကို့ကိုလည်း မေမေ နားလည်အောင် တောင်းပန်ပြောပြပြီးပြီ"

"ကိုကိုက လက်ခံရဲ့လားဟင်၊ သမီးလည်း ကိုကို့ကို ဝိုင်းချော့ပြီး တောင်းပန်ပေးပါ့မယ် မေမေ၊ မေမေ စိတ်ချမ်းသာအောင်လည်း သမီး နေပါ့မယ်၊ မေမေ စိတ်ချပါ"

မျက်ရည်တွေ ပြန့်ဝင်အောင် မျက်တောင်ပုတ်ခတ်မာနေတဲ့ နှာသီးဖျားတွေ နီမြန်းနေတဲ့ သမီးငယ်လေးကို ယုယနေခြည်က ခပ်တင်းတင်းကလေး ဖက်ထားလိုက်ပါတည်း၊ ရင်ထဲက ဒဏ်ရာဒဏ်ချက်တွေ အနာတရတွေကိုတော့ ကြည့်မနေတော့ပါဘူး။ ရှိပါစေတော့။ ထားလိုက်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ထက်သာတယ်ထင်လို့ ကိုယ့်ထက်မေတ္တာပိုလို့ နောက်တစ်ယောက် အသစ်ရှာရက်တဲ့ ခင်ပွန်းသည်ကို လုံးလုံး မဆုံးရှုံးလိုက်ရလေအောင် ရှိသမျှ သိက္ခာမာန မှန်သမျှ ခဝါချပြီး ကိုယ်သာပဲ တိုးလျှိုးအောက်ကျို့ရဦးမည်။ ဆန္ဒနဲ့ ဆန့်ကျင်ပြီး သူ့ကို ပြုစုယုယ အလိုလိုက်ရဦးမည်။

ရှိပါစေတော့ ...။

❖ ✪ ❖






www.burmeseclassic.com



✽ ချယ်ရီပန်းတွေပွင့်တဲ့အချိန်တုန်းက

ချယ်ရီပင်တွေအောက်မှာ

ချယ်ရီချစ်သူကိုတွေ့ခဲ့တဲ့ကောင်မလေးဟာ

ချယ်ရီရောင်လက်ထပ်မင်္ဂလာ အခမ်းအနားမှာ

ချယ်ရီပန်းကလေးဖြစ်နေခဲ့ပါတယ်...

ချယ်ရီရောင်သတို့သမီး

ဆာကူရာချစ်သူ

# ရွှန်းရမိမိုး



# ၂

တိုက်ရဲ့ရှေ့မှာ မိုးရေခိုလို့ရအောင် ထုတ်ထားတဲ့ ...တာ တံစက်မြိတ်စွန်းလေးက ခပ်သေးသေးလေး။ အဲဒီအောက် ...မှာပဲ ကုပ်ကပ်ပြီး သုံးလေးယောက် ခိုနေရာက တစ်ယောက် ...တစ်ယောက် လာကြိုတဲ့သူဆီ ပါသွားရာ နောက်ဆုံးတော့ ဒီ ...ဘက်စွန်းမှာ ရွှယ်ကိုး၊ ဟိုဘက်စွန်းမှာ ဟိုကောင်လေး။ နှစ်ယောက် ...ကျန်တော့တာ။

တိုက်ရှေ့ဘက်မှာ ပါကင်နေရာ မရှိတော့။ မေမေ ...င် ဟိုဘက်ကျော်ရပ်ရမှာမို့ ရွှယ်ကိုးက မျှော်မျှော်ကြည့်နေပါ ...း စိတ်က မရွှင်တော့ မျက်နှာကလည်း မရွှင်။ လွယ်အိတ် ...ကျောင်းမှာပိုက်၍ ငေးမိငေးရာ ငေးမျှော်နေသော ရွှယ်ကိုး နား ...အကြားသံတစ်ခု တိုးဝင်လာသည်။

"တစ်ကမ္ဘာလုံးကို စိတ်ကောက်နေတဲ့ ရုပ်ကြီးနဲ့

www.burmeseclassic.com



ရွှယ်ကိုးက ညာဘက်ကို မျက်စောင်းထိုးသလို လှည့်ကြည့်လိုက်ပါသည်။ အောင်မယ် ... သူက သူမပြောသလိုလို နဲ့။ သွားစမ်းပါ ရွှေတွင်းရာ။ ဒါတွေ ငါက ဖြစ်လာတာပါ။ ရွှယ်ကိုး ဒီဘက်ပြန်လှည့်လိုက်တော့ သူမဘက် ပြန်ခိုးကြည့်တဲ့ ရွှေတွင်းကို မျက်လုံးထောင့်စွန်းက တွေ့သည်။

ရွှေတွင်း ...။

ရွှေတွင်းလို လူကတောင် ဒီလိုပြောရအောင် ရွှယ်ကိုး ရုပ်ကြီးက သိသာမှုန်တေနေပြီလား။ တကယ်တော့ ရွှယ်ကိုးဆိုတာ ထာဝစဉ်မြူးရွှင် လန်းဆန်းလှုပ်ရှား ခုန်ပေါက်နေတဲ့ ကောင်မ လေးတစ်ယောက်လေ။ ပြည့်စုံတဲ့ မိသားစုထဲက အဖေအမေတို့ရဲ့ အချစ်ကို အပြည့်အဝ ခံယူရပြီး အလိုလိုက်ခံရကာ ဘဝမှာ လိုအင်ဆန္ဒတွေ ပြည့်ဝနေတဲ့ လူငယ်တစ်ယောက်ရဲ့ ရွှင်လန်း တက်ကြွမှုတွေ ရွှယ်ကိုးမှာ အပြည့်။

ဒါကြောင့်လည်း ကိုယ်နဲ့ဆန့်ကျင်ကာ ဘဝကို အမြဲလိုလို အလိုမကျ ဖြစ်နေပုံရတဲ့ ရွှေတွင်းကို သိသိသာသာ ကြီး သတိပြုမိနေခဲ့တာ။ ရွှယ်ကိုးနှင့်တွဲတဲ့ သဇင်ဟာလည်း ရွှယ်ကိုးလိုပင် အပူပင်မဲ့တဲ့သူမျိုး။ ရွှယ်ကိုးနှင့် သဇင်ပေါင်းကာ ရွှေတွင်းရဲ့ မျက်နှာမှုန်တေတေကြီး အတင်းကို ပြောလေ့ရှိကြမြဲ။

ညနေသင်တန်းလွှတ်ချိန် မေမေ လာကြိုတဲ့ကားဆီ ပြေးကာနီးတိုင်း တုံ့နှေးလေးလံတဲ့ ခြေလှမ်းတွေနဲ့ ရှေ့ကပိတ်သ





ယောင် ကွယ်သယောင် ခရီးဖင့်စေလှတဲ့ ရွှေတွင်းကို ကျော်ဖြတ် ရင်း ...

"တစ်ကမ္ဘာလုံးကို စိတ်ကောက်နေတဲ့ ရုပ်ကြီးနဲ့ ... ဟွန်း"

မထိတထိ စ,သလို အပြစ်တင်သလို ပြောသွားနေ ကျ ရွှယ်ကိုးရဲ့ လက်သုံးစကားကို ခုတော့ သူက ခိုးယူအသုံးပြု လို့။ ဟွန်း ...။ ဒီစကားဟာ ငါ့မူပိုင်စကား ရွှေတွင်းရဲ့။ နင် တရားစွဲခံရမယ် လူမိုက်ကလေး။ ငါက တစ်ကမ္ဘာလုံးကို စိတ် ကောက်နေတာ မဟုတ်ပါဘူး။ ဖေဖေ့ကိုပဲ စိတ်ကောက်နေတာပါ။

"သူ ရှာကျွေးနေရတာ ကျေနေတာပဲ"

အောင်မာ ...။

ဒီနေ့အဖို့ ဒီကောင် အတော်အူရွှင်နေပါလား။ ရွှယ်ကိုးက ရွှေတွင်းကို ငဲ့ကြည့်လိုက်ပြန်ကာ ...

"ဟဲ့ ... နင် ရူးနေလား"

"ဘာလဲ"

ရွှေတွင်းက နားဝမှာ လက်ဝါးကာပြီး သိပ်မကြား ရတဲ့ပုံမျိုး အကြောင်ပြန်ရိုက်သည်။ ရွှယ်ကိုးက မျက်စောင်းတစ် ချက် ရွှယ်မိရင်း ...

"နင်တစ်ယောက်တည်း စကားပြောနေတာ ရူးနေလို့လား လို့"

"ဘယ်မှာ ပြောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ဖြောင်လိမ်သေးတယ်၊ ငါကြားတယ်၊ ငါ့စကားကို ခိုးသုံးနေတာ"

"ဘာလဲ ... နင်က အဲဒီစကားကို Register လုပ်ထားလား"

"အဲဒီကတည်းက နင်ပြောလို့ပေါ့ ငလိမ်ရဲ့"

"မပြောပါဘူး၊ ပြောတယ်ဆိုတာ တစ်ဖက်က နားထောင်သူရှိမှ ပြောတယ်လို့ ခေါ်လို့ရတာ၊ ငါက ရေရွတ်နေတာပါ"

"တစ်ယောက်တည်း ရေရွတ်နေကတည်းက နင် အရူးပဲ"

"ရူးရင်လည်း ရူးမှာပေါ့၊ လူဆိုတာ နည်းနည်းချင်း အုံ့ပန်းရူးနေကြတဲ့ သူချည်းပဲဟာ"

ရွှယ်ကိုးက ထိုစကားကို သဘောကျသွားကာ ...

"အေး ... နင်မှန်တယ်၊ နင်ပြောတဲ့ အဲဒီစကားကို ကြိုက်တယ်"

"သေချာတယ်၊ နင်လည်း နည်းနည်းရူးပြီ"

"အေး ... တစ်ဝက်တစ်ပျက်ပေါ့ဟယ်"

"အရိုင်းတစ်ဘူးပေါ့"

ရွှယ်ကိုးက ရွှေတွင်းကို သေချာလှည့်ကြည့်လိုက်ပါသည်။ သင်တန်း အတူတက်နေပေမယ့် သိနေကြတာလောက်သာရှိပြီး မခင်ပါ။ ကိုယ်တွဲတဲ့သူနဲ့လောက်သာ အပြောအဆိုရှိကာ ကိုယ့်ဟာကိုယ်ပဲ နေကြတာ။ ဒီထဲမှာမှ ရွှေတွင်းကို သတိပြုမိနေတာကတော့ ချောမောသန့်ပြန့်လှတဲ့ ရုပ်ကလေးမှာ ထာဝရ မှုန်တေနေတတ်လို့ပင်။





ဘယ်သူနင့်မှလဲ မတွဲ။ တစ်ယောက်တည်းနေပြီး အမြဲပင် အလိုမကျတဲ့ရုပ်က သုန်သုန်မှုန်မှုန်မို့ ချောသန့်တဲ့ သူ့ရုပ်ရည်ကလေးကို ဖျက်နေသလိုရှိသည်။ သူ သုန်မှုန်နေပုံက လူတွေကိုပဲ အဖက်မတန်သလိုလို အားလုံးကို စိတ်တိုင်းမကျသလိုလို ကြည့်မရသလိုလို ဆောင့်ကြွားကြွားဆန်၍ အမှန်မှာ မုန်းစရာဖြစ်သော်လည်း သူ့ရုပ်သန့်လေးကြောင့် တစ်မျိုး ချစ်ရာကောင်းတာ ခန့်ခံရမှာ။ ထူးခြားတဲ့ သူ့ဆံပင်ကောက်တွန့်တွန့် ရှည်ရှည်ကလေးတွေဟာ မျက်ခုံးမည်းမည်း အပြာကြီးနှင့် လိုက်ဖက်လှသည်။

သင်တန်းစ,စဉ်ကတည်းက ကိုယ့်နာမည် ကိုယ်ပြောပြီး မိတ်ဆက်ကြရတဲ့အခါ သူ့ရဲ့ "ရွှေတွင်း" ဆိုတဲ့ နာမည်ဆန်းကို ဦးနှောက်ထဲ စွဲသွားတာ။ ဘယ်သူ့ကိုမှ သူကမလိုအပ်ဘဲ စကားသိပ်မပြော။ အဲဒီပုံစံကို အသည်းယားတဲ့ ရွှယ်ကိုးကသာ မပြုန်ခင်မှာ မကြားတကြား သူ့ကိုစ,စ,သွားမိတာ။

"ဒီနေ့ ထူးထူးဆန်းဆန်း၊ ငါ ထီထိုးရင် ကောင်းမယ်ထင်တယ်၊ နင်ကများ ငါ့ကိုစ,သလိုလို လာလုပ်လို့လေ"

ရွှေတွင်းက ရွှယ်ကိုးကို မှုန်သုန်ခြင်းကင်းစွာ ကြည်ကြည်လင်လင် နူးနူးညံ့ညံ့လေး ကြည့်လိုက်လျက် ...

"နင် ဘာဖြစ်နေလဲ ပျို့ရွှယ်ကိုး"

"ငါ ... ! ၊ ငါ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်မျက်နှာလေးက အမြဲကြည်လင်ဝင်းပ ရွှင်လန်းနေတာ ဆိုတော့ ခုလိုဖြစ်နေတာ သိပ်သိသာတာပဲ"

ရွှယ်ကိုးက သက်ပြင်းတစ်ချက် ချသည်။ ငြင်းလည်း အလကားပဲ။ သူ ရိပ်မိနေတာ။ မငြင်းချင်တဲ့အပြင် ဖွင့်ဟောင်း ပြောပြချလိုက်ချင်စိတ် ပေါက်လာမိသေးသည်။ မဖြစ်သေးပါဘူးလေ။ ကိုယ့်အိမ်တွင်းရေးကို ခုမှ ပထမဆုံး စကားစ,ပြောဖြစ်တဲ့သူကို။

"မေမေကလည်း နောက်ကျလိုက်တာ"

ရွှယ်ကိုးက မေမေ့ကားကို မျှော်ရင်း တိုးတိုးညည်းသွားသည်။

"အေး ... ဒီနေ့ နင့်အမေ နောက်ကျနေပါလား၊ ခါတိုင်း နောက်မကျတတ်ပါဘူးနော်"

"အေး ..."

ရွှယ်ကိုးက သူ့ဘက်လှည့်ကြည့်ရင်း ...

"နင်ကကော ဘယ်လိုပြန်တာလဲ"

အမြဲလို ရွှယ်ကိုးက အရင်ပြန်သွားနှင့်နေကျ ဖြစ်နေ၍ ရွှေတွင်း ဘယ်လိုပြန်တယ် မသိပါ။

"ငါက ငါ့ဟာငါ ပြန်တာ"

"အခုကော မပြန်သေးဘူးလား"

"မိုးတွေ ရွာနေသေးလို့လေ"





"ထီးမပါလို့လား"

"ထီးတော့ ပါပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

ရွှေတွင်းက အမေးမြန်းထူနေသော ရွှယ်ကိုးကို [illegible]ကြည့်လျက် ပြုံးမိသည်။ ဘာဖြစ်လို့လဲဆိုတော့ နေကဝင် [illegible]ောင်ရိပ်ဆင်ပြီ ဖြစ်ချိန်မှာ အဖော်အလျော် မရှိတော့ဘဲ [illegible]ကိုး တစ်ယောက်တည်း ဖြစ်နေလို့ပေါ့။ အရင်က သူ့အမေက [illegible]ရောက်နေတတ်ပြီး ရွှယ်ကိုး လှေကားက ဆင်းလာတာနှင့် [illegible]အမေကားဆီ ပြေးတာ။ ဒီနေ့မှ ရွှယ်ကိုး ကားစောင့်နေတာတွေ့ [illegible] သူလည်း မပြန်သေးဘဲ လိုက်စောင့်ပေးနေတာ။

ပြီးခဲ့တဲ့ တစ်ပတ်ကတည်းကစပြီး မျက်နှာလေး [illegible]ောင်းတဲ့၊ သူ့ကို အရင်လို "တစ်ကမ္ဘာလုံးကို စိတ်ကောက်နေ [illegible]ကြီး ... ဟွန်း"လို့ စ,မသွားတော့တဲ့ ရွှယ်ကိုးကို သူ သတိ [illegible]ခဲ့တာ။ ရွှယ်ကိုး တစ်ခုခု ဖြစ်နေတာ သူသိသည်။ "လူ့ [illegible]တွေဟာ ဒီလိုပဲ ပျို့ရွှယ်ကိုးရယ်"လို့ နှစ်သိမ့်ဖျောင်းဖျစကား [illegible]နေမိသည်။

"နင် ငါ့ကို စောင့်ပေးနေတာများလား"

ရွှယ်ကိုးက ပွင့်ပွင့်လင်းလင်း ရှိလှသည်။

"အေး ... အဲဒါလည်း ပါတယ်"

"နင့်ဟာနင် ပြန်ရမှာ နောက်ကျနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်"

"ဆေးလား နင့်အိမ်က"

"ကမာရွတ် လှည်းတန်းမှာ"

"ဟင် ... နီးတာပေါ့၊ ငါတို့က ကန်ရိပ်သာထဲမှာ သိလား"

"ဟုတ်လား"

"ဒါဖြင့် အဆင်ပြေတယ်၊ နင်လည်း ငါ့ကို ဆက်စောင့်ပေး၊ မေမေ လာကြိုရင် နင့်ကိုပါ ခေါ်သွားမယ်၊ လှည်းတန်း ထောင့်တစ်နေရာရာမှာ ချခဲ့မယ်လေ"

"အာ ... နေပစေပါ၊ ငါ စောင့်ပေးမယ်၊ ပြီးရင် ငါ့ဟာငါပဲ ပြန်မယ်"

"နင်ကလည်း"

"ပြန်နေကျပဲဟာ

"ဘာတစ်နဲ့ပေါ့"

"အေး"

"နင့်ကို အိမ်က စိတ်ပူနေဦးမယ်"

"မပူပါဘူး၊ ငါရယ် ငါ့အမေရယ် နှစ်ယောက်တည်းရှိတာ ငါရော မေမေရော ကိစ္စရှိရင် နောက်ကျတတ်ကြတာပဲ သော့နှစ်ချောင်းနဲ့ အရင်ရောက်သူ အရင်ဖွင့်ဝင် စနစ်ပဲ အရင်ရောက်တဲ့သူက ဟင်းနွှေး၊ ထမင်းနွှားထား၊ ဒါပဲ"

ရွှယ်ကိုးက ချွေတွင်းကို ငေးစိုက်ကြည့်နေမိရင်း ...





"နင့်မေမေက ဘာလုပ်လဲ"

"မေမေက အိမ်ခြံမြေကား ပွဲစားပေါ့ဟာ၊ အကျိုးဆောင်ပေါ့"

"သြော်"

ရွှယ်ကိုးက ခဏငြိမ်နေပြီးမှ မမျှော်လင့်ဘဲ ...

"နင့်အဖေကကော"

"........"

"ဆုံးသွားတာလား"

"ဖေဖေက နောက်အိမ်ထောင်နဲ့"

"ဟင်"

ရွှယ်ကိုးက ရင်မှာ နင့်သွားပြီး ချက်ချင်း ငိုချင်လာသလို သီးမွှန်ပြီး နှာသီးဖျားလေးတွေပါ ရဲတက်လာသည်။ ချက်ကိုထိ အနာပေါ်တုတ်ကျသလို နာကျင်သွားရသည်။

"ကြာပါပြီဟာ၊ ငါ ငယ်ငယ်ကတည်းကပါ"

"နောက် ... နောက်အိမ်ထောင်နဲ့ နေတာပေါ့"

"အေး"

"နင့်ကို လာမတွေ့ဘူးလား"

"တစ်ခါ တစ်ခါ တွေ့ပါတယ်"

"တွေ့ရင် ခေါ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ခေါ်ပါတယ်"

"နင် စိတ်မနာဘူးလား"

ရွှေတွင်းက ဆက်တိုက် အမေးထူနေတဲ့ ရွှယ်ကိုးကို ကြည့်ရင်း ...

"ငယ်တုန်းကတော့ စိတ်မနာတတ်ဘူး၊ ကြီးမှ နာလာ တယ်"

ဒါကြောင့် သူ့မျက်နှာက မကျေမချမ်းမျက်နှာ သုန်မှုန်တဲ့မျက်နှာ ဖြစ်နေတတ်တာ ထင်ပါရဲ့။

"ဒါပေမဲ့ ငါ့အမေက အဖေကို စိတ်မနာရဘူး၊ ခေါ်ရမယ် ပြောရမယ်ဆိုလို့ ငါ တွေ့ရင် ခေါ်ပါတယ်"

ရွှေတွင်းရဲ့မေမေဟာ မေမေ့လိုပင် လိမ္မာယဉ်ကျေး တဲ့ ခွင့်လွှတ်သည်းခံတတ်တဲ့ ဇနီးမယားမျိုး ဖြစ်ပေလိမ့်မည်။

"အေး ... ဟုတ်တာပေါ့ဟ၊ နင့်အမေက တော်တယ်ဟ အဖေဆိုတာ ဘာပဲလုပ်နေနေ အဖေပဲဟာ ခေါ်ရမှာပေါ့ ရွှေတွင်းရဲ့"

"တီ ... တီ ... တီ ... တီ"

ရွှယ်ကိုး လွယ်အိတ်ထဲက ဖုန်းသံမြည်လာ၍ ရွှေတွင်း အံ့ဩသွားပါသည်။ ရွှယ်ကိုးက ဖုန်းလေးကို ထုတ်ဖွင့်လိုက်ရင်း နံပါတ်အစိမ်းတစ်ခုကိုတွေ့၍ ...

"ဟယ်လို"





"သမီးလား"

"ဟင် ... မေမေ၊ ဘယ်က ဆက်နေတာလဲ"

"သမီးလေး၊ မေမေ အင်းလျားလမ်းမှာ ကားပျက်နေလို့ ကြာလှပြီ သိလား၊ သမီး စောင့်နေရတာ ကြာပြီလား"

"ကြာပေမယ့် သမီးမှာ အဖော်ရှိတယ် မေမေ၊ အနားမှာ သူငယ်ချင်းတစ်ယောက် ရှိပါတယ်၊ မေမေ့ကားက ပြီး တော့မလား"

"ခုမှ ဝပ်ရှော့ပ်ကလူတွေ ရောက်လာတယ်၊ မေမေ့ဖုန်းက လည်း မိုးရေဝင်ပြီး ပါဝါအောက်သွားတယ် သမီးရယ်၊ အနီးအနားမှာ ဖုန်းရှာပြီး ဝပ်ရှော့ပ်ကို အရင်ဆက်ရတာ၊ ဒုက္ခကိုရောက်သွားတာပဲ၊ အခု ဝပ်ရှော့ပ်က ကိုကြွယ်လေး လိုက်လာပေးတော့ ပြင်ရတာ ကြာမယ်တဲ့၊ ဒီကသွားဖို့ တောင် ဆွဲရမလား မသိဘူး၊ ဒါကြောင့် သမီးဆီကို ဖုန်း တစ်ခေါက် လာဆက်တာ ...

မေမေ ကားဆွဲဖို့ စီစဉ်ပြီးမှ သမီးဆီ တက္ကစီနဲ့လာ ခဲ့မယ်၊ နောက်နာရီဝက်လောက် ကြာဦးမယ်၊ သမီးစောင့် ဖို့ အဆင်ပြေရဲ့လား"

"မေမေ သမီးဆီ မလာရင် မလာနဲ့တော့၊ ဒီမှာ လှည်းတန်း ဘက်ကို အတူပြန်ဖို့ သူငယ်ချင်း ရှိတယ် မေမေ၊ သမီး ကိုယ့်ဘာသာ ပြန်ခဲ့လိုက်မယ်လေ"

"ဖြစ်ပါ့မလား သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် မေမေ၊ မေမေ ဟိုကူးဒီကူးနဲ့ ဒုက္ခပိုများတယ်၊ သမီး ကားငှားပြန်လိုက်တာက ဘာဒုက္ခမှ မရှိဘူး၊ အဖော်လည်း ပါတာပဲ မေမေရဲ့"

"ဖြစ်တာ သေချာရဲ့လား သမီးရယ်"

"သေချာတယ် မေမေ၊ လုံးဝသေချာတယ်၊ မေမေ စိတ်ချနော်၊ သမီးတို့ ပြန်ခဲ့လိုက်တော့မယ်၊ ဒါပဲနော် မေမေ"

ရွှယ်ကိုးက စကားလည်းဆုံး ဖုန်းကိုလည်းပိတ်ပြီး ရွှေတွင်းဘက် လှည့်ပြုံးပြလိုက်ပါသည်။ ရွှေတွင်းကလည်း ရွှယ်ကိုးကို လှည့်ကြည့်နေသည်။

"မေမေက ကားပျက်နေလို့တဲ့ ရွှေတွင်းရဲ့၊ ငါ့ဟာငါ ပြန်လာမယ်လို့ ပြောလိုက်တယ်၊ အဖော်လည်း ရှိတယ်လို့"

"ငါနဲ့ တူတူပြန်မလို့လား"

"အေးပေါ့"

"ငါက ဘတ်စ်ကားနဲ့ပြန်တာ၊ နင် စီးနိုင်ပါ့မလား"

"ဘာလို့ မစီးနိုင်ရမှာလဲ၊ ဘာဖြစ်လို့လဲ"

"ဘတ်စ်ကားတွေက တအားကျပ်တာ"

"မေမေ့ကိုတော့ ငါက ကားငှားပြန်ခဲ့မယ်လို့ ပြောလိုက်တာ ကားငှားပြီးတော့ ပြန်လိုက်ရင်လည်း ရတာပဲ"

"ဒါပေမဲ့ ဒီလို မှောင်လာပြီဆိုရင် မြို့ထဲကနေ အဲဒီဘက် တွေကို ကားငှားခက ဈေးကြီးတယ်၊ မိုးကလည်း ရွာနေ တော့ သုံးထောင်လောက် တောင်းလိမ့်မယ်"





"သုံးထောင် !"

ရွှယ်ကိုးက ရေရွှတ်မိရင်း ရွှေတွင်းကို အကဲခတ်ကြည့်ကာ ...

"ငါပဲပေးလိုက်မယ်လေ၊ ငါက ကားငှားပြန်ချင်တဲ့သူပဲဟာ၊ နင်က ဘေးက အဖော်ပဲ လိုက်ခဲ့ပေါ့"

"အာ ... အဲသလိုတော့ မကောင်းပါဘူး၊ ကားငှားပြန်ရင် သုံးထောင်ကျရင် ငါကလည်း အနည်းဆုံး ထောင့်ငါးရာလောက်တော့ တစ်ဝက် စိုက်ပေးမှ ကောင်းမှာပေါ့၊ ငါက တစ်ပြားမှ မပေးရဘဲနဲ့တော့ ငါ လိုက်မစီးချင်ပါဘူး"

"နင်ကလည်း ဘာဖြစ်တာလိုက်လို့၊ အရေးမကြီးပါဘူး၊ အခု ပြန်ဖို့ ပြဿနာရှိနေတာက ငါပဲဟာ၊ နင်က ငါ့ကို သက်သက်မဲ့ စောင့်ပေးနေတဲ့သူလေ၊ ငါ့ဟာငါ တစ်ယောက်တည်း ကားငှားပြန်ရမှာနဲ့စာရင် နင်အဖော်ပါတော့ ငါ့အတွက် ပိုကောင်းတယ်၊ နင်က ငါ့ကို ကူညီတဲ့သဘောနဲ့ အတူတူလိုက်ပေးရမှာ၊ ငါတစ်ယောက်တည်း သုံးထောင်ဆုံးရလည်းပဲ နင့်ကို ငါက ကျေးဇူးတောင် ထပ်တင်ရဦးမှာ"

"ဒါပေမဲ့"

ရွှေတွင်း မျက်ခုံးတွန့်တွန့်နှင့် ခဏစဉ်းစားနေပြီး ...

"ဒီလိုလုပ်ရအောင်လေ၊ နင်လည်း ကားမကျပ်အောင် ငါတို့ ဒီကနေ ဆူးလေဂိတ်စကို သွားပြီးစီးကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင် ! ! "

"အဲဒါဆို ထိုင်စရာရပြီပေါ့၊ တဖြည်းဖြည်းနဲ့ ကားက သူ့ဟာသူ ကျပ်လာပေမဲ့ ကိုယ်က ထိုင်စရာရထားတော့ ကျပ်တဲ့အထဲမှာတော့ ညပ်မနေတော့ဘူးပေါ့၊ ဆင်းတဲ့အခါ တစ်ကြိမ်ပဲ တိုးပြီးဆင်းရမယ်"

"အင်းလေ၊ အဲဒီလို လုပ်ရင်လုပ်လေ၊ ဒါဖြင့် ငါတို့ ဒီက နေ ဆူးလေကို လမ်းလျှောက်သွားကြရမှာပေါ့"

"အေး ... သိပ်မဝေးပါဘူး၊ နင် လျှောက်နိုင်တယ် မဟုတ်လား"

"ဘာလို့မလျှောက်နိုင်ရမှာလဲ။ လာလေ ... လျှောက်ကြမယ်"

"ဒါပေမဲ့ ..."

ရွှယ်ကိုးက ခြေလှမ်းပြင်လိုက်ပေမယ့် ရွှေတွင်းက "ဒါပေမဲ့"ပြန်တာကြောင့် ရွှယ်ကိုး မျက်နှာက စိတ်မရှည်လှတဲ့ပုံ ဖြစ်လာကာ ...

"ကဲ ... ဘာဖြစ်ပြန်ပြီလဲ၊ နင် ဘာတွေခက်နေလဲ"

"မိုးဖွဲဖွဲ ရွာနေတယ်လေ"

"ဘာဖြစ်လဲ"

"နင် ထီးပါလို့လား"

"ဘယ်ပါမလဲ၊ မေမေ့ကားပေါ် ပြေးတက်ရုံပဲဆိုပြီး ထီးကို ဘယ်အပိုသယ်မိမလဲဟာ၊ ဒါပေမဲ့ နင့်မှာ ထီးပါတယ်ဆို"





"အင်း ... ပါတယ်လေ၊ ငါ့ထီးကိုပဲ တူတူဆောင်းမယ် ပေါ့"

ဒီတော့မှ ရွှယ်ကိုး တွန့်ခနဲ ဖြစ်ပြီး ရွှေတွင်းကို [illegible]လုံးဝိုင်းနှင့် စိုက်ကြည့်ပါသည်။ ရွှေတွင်းက ရွှယ်ကိုး ပုံစံ [illegible]င့် ပြုံးစိစိ။ ရွှယ်ကိုးက ချက်ချင်းပဲ ဆုံးဖြတ်ချက်ချပစ်ကာ ...

"အေး ... ဆောင်းမယ်ဟာ၊ ဘာဖြစ်လဲ၊ နင်နဲ့ငါ သူငယ်ချင်း ဖြစ်သွားပြီပဲ"

"အိုကေ ... ဒါဆိုရင်လာ"

ရွှေတွင်းက သူ့လွယ်အိတ်ထဲမှ ထီးအပြာကွက်က[illegible]ကို ဆွဲထုတ်ယူကာ ပြုံးရွှင်စွာပင် ဖွင့်လိုက်ပါသည်။ ရွှယ်ကိုး[illegible]ည်း အဲဒီထီးအောက်ကို ခေါင်းလေးငုံ့ပြီး ခိုဝင်လိုက်ပါသည်။ [illegible]သည်းပါ။ ဖွဲဖွဲပါးပါးကလေး။ လေကလေးကလည်း ခပ်[illegible] တိုက်နေသေး။ နေလို့ထိုင်လို့ကောင်းတဲ့ ညနေခင်းလေး [illegible]သူတို့နှစ်ယောက်သားဟာ အတွေ့အကြုံ အသစ်အဆန်းနှင့် [illegible]န်းဆန်းနေကြပါသည်။

"ဘတ်စ်ကားစီးတာ နင့်အမေသိရင်များ ဆူနေမလား"

"ဆူပါတယ်၊ ကိစ္စမရှိဘူး"

"နင့်အဖေကော"

ရွှယ်ကိုးက အနည်းငယ် နှုတ်ဆိတ်သွားပြီး ...

"ငါ့အဖေက အခု အိမ်မှာမရှိဘူးဟ၊ ခရီးသွားနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … အဲဒါကြောင့် နင့်အမေ လာလာကြိုတာပဲ ဆွေ့ဖူးတယ်၊ နင့်အမေက ငယ်ငယ်လေးနော်၊ လှလည်း လှတယ်၊ အရင်တုန်းက နင့်အစ်မလို့ထင်တာ၊ နင်တို့ပြော တဲ့ စကားသံတွေ မတော်တဆကြားမှ နင့်အမေမှန်း သိ တာ"

ရွှယ်ကိုးက ရွှေတွင်းကို ပြုံးငဲ့ကြည့်ရင်း …

"ငါ့အမေအသက် မှန်းကြည့်စမ်း"

"အတန်းထဲမှာ ကိုယ့်အကြောင်း ကိုယ်ထ,ပြောရတုန်းက နင့်အသက်ကို နှစ်ဆယ်ပြည့်ခါနီးလို့ သိထားတယ်လေ၊ နင့်ကို မွေးထားတာဆိုတော့ အနည်းဆုံး ဖောတီပေါ့ဟာ၊ ဒါပေမဲ့ လုံးဝဖောတီလို့ မထင်ရဘူး၊ သုံးဆယ်ကျော်ရုံပဲ ထင်ရတယ်"

ရွှယ်ကိုးက ကျေနပ်ဂုဏ်ယူသောရပ်နှင့် …

"မေမေက ဖော်တီတူးဟ၊ ငါ့မှာ အစ်ကိုရှိသေးတယ်၊ နင့် မှာရော မောင်နှမရှိလား"

"ဟင့်အင်း"

"တစ်ယောက်တည်းပေါ့"

"အင်း"

"နင့်အမေ အသက်ရော ဘယ်လောက်ရှိပြီလဲ"

"လေးဆယ့်ရှစ်"





"သားအမိနှစ်ယောက်တည်းဆိုတော့ နင့်အမေကို နင်သိပ် ချစ်မှာပဲနော်"

"အင်းပေါ့"

"ဟဲ့ … ငါကြားဖူးတာ အမေတစ်ခု သားတစ်ခုတွေဟာ Selfish ဖြစ်တတ်တယ်တဲ့"

"ဘာမှမဆိုင်ဘူး"

"အဟင်း ဟင်း ဟင်း … ဒါလေးပြောတာနဲ့ စိတ်ကောက် သွားပြီ"

"ဘယ်မှာ ကောက်လို့လဲ"

"နှုတ်ခမ်းက စူနေတယ်လေ"

"ငါ့နှုတ်ခမ်းက အစကတည်းက ခပ်စူစူ ခပ်ထော်ထော်ပဲ"

"ပြီးတော့ ထီးလည်း နင့်ဘက် နည်းနည်းယိုင်သွားတယ်၊ အဲဒါ ငါ့ကို ကျွဲမြီးတိုသွားလို့"

ရွှေတွင်းက ရွှယ်ကိုး ပြောနေပုံကို မအောင့်နိုင်ကာ ဟားဟား ရယ်ချလိုက်မိပါသည်။ တော်တော်ရယ်ရတဲ့ ကောင် သေး၊ အမြဲရွှင်ပျ တက်ကြွနေတဲ့ ဤကောင်မလေးနဲ့ ခင်မင်ရရင် ယ်လည်း ရယ်ရပြုံးရလိမ့်မယ်လို့တော့ အစကတည်းက နည်း ည်းထင်မြင်မိပြီးသားပဲ။

သူမနဲ့ ခင်မင်ကျွမ်းဝင်ရတဲ့ အဖြစ်ဟာ ကို နှုန်းနှစ်သိမ့်မှု ပေးနိုင်လိမ့်မယ်လို့ အလိုလို နေမိတာ။



www.burmeseclassic.com

အခု တကယ်ပဲ။ ပို့ရွှယ်ကိုးဟာ ဖြူဖြူစင်စင် စိတ်ထားကောင်းကောင်းနှင့် ပွင့်ပွင့်လင်းလင်း ရိုးရိုးရှင်းရှင်းကလေးပဲ။ ရွှေတွင်း စိတ်ထဲ ချမ်းမြေ့၍ နေလေသည်။

သူမရဲ့ ငယ်ထိပ်လေးက ရွှေတွင်း နှာခေါင်းဝနားနှင့် တန်းနေတာ။ သူမခေါင်းက ရှမ်ပူနံ့ဆန်းဆန်းတစ်မျိုးရသည်။ အရပ်က ရွှေတွင်းထက် သုံးလက်မလောက်ပဲ နိမ့်လိမ့်မည်မို့ ငါးပေနှစ်လက်မလောက် ရှိသည်။ ရွှေတွင်းက ငါးပေဆယ်လက်မ။

မိုးတိတ်သွား၍ ထီးကိုပိတ်ကာ ရွှေတွင်းက ကိုင်လာသည်။ ဒီညနေခင်းမှာမှ တိုက်ခတ်သော လေတို့ကလည်း အေးမြမွှေးပျံ့လိုက်တာ။ ဘေးက ရွှယ်ကိုးကိုဖြတ်ပြီး တိုက်ခတ်လာတာမို့ ဖြစ်မှာပေါ့။ စိတ်ချမ်းသာဖို့ ကောင်းလိုက်တဲ့ ညနေခင်း။ ဘတ်စ်ကားပေါ် တက်တဲ့အခါ ရွှေတွင်းက အလျင်အမြန်တိုးတက်ကာ အပေါက်ဝနားနီးနီး နှစ်ယောက်တစ်ခုံကို ဦးထိုင်ထားလိုက်သည်။

ရွှယ်ကိုးသည် သူမကို ပူးကပ်သုပ်သတ်နေသော လူတွေကြားမှာ ရယ်ကာမောကာ ကားပေါ်တိုးဝှေ့ရောက်လာကာ ...

"ရွှေတွင်း ... ရွှေတွင်း"

ရွှေတွင်းကို ရုတ်တရက် မတွေ့ဘဲ ရှာနေသည်။ နာမည်ဆန်းကြောင့် လူတွေက ငဲ့ကြည့်ပြုံးစိကြပါသည်။





"ငါ ဒီမှာ"

"ဟယ် ... အမလေး မောလိုက်တာ"

ရွှေတွင်း နံဘေး ဝုန်းခနဲ ဝင်ထိုင်ချလိုက်ကာ ရင် ကိုဖိ၍ ပြောပုံလေးမှာ ချစ်စရာ။

"နင် ဒီတစ်ခါပဲ ဘတ်စ်ကား စီးဖူးတာလား"

"အေး ...၊ ဒါပေမဲ့ ပျော်စရာကြီး၊ ကားပုံးသွားရင်တောင် ဒီလောက် ပျော်စရာ မကောင်းဘူး သိလား၊ နင်ပြောလို့ ငါ ဘတ်စ်ကားလိုက်စီးရတာဆိုတော့ နင့်ကို ကျေးဇူးတင်ရမှာ ... အဟင်း"

ကြံဖန် အကောင်းမြင်တတ်တဲ့ ပင်ကိုစိတ်ဓာတ်က ကလည်း ချစ်စရာ။ ရွှေတွင်းသည် ထိုညနေက တစ်ကမ္ဘာ ကို စိတ်ကောက်နေတဲ့ ကောင်ကလေး မဟုတ်တော့ဘဲ ဘောကလုံးကို ချစ်နေတဲ့ ကောင်ကလေးသာ ဖြစ်နေခဲ့သည်။

❖ ✪ ❖



www.burmeseclassic.com

www.burmeseclassic.com



# ၃

"သမီး"

ရွှယ်ကိုးက ခုတင်ပေါ်မှ ရုတ်ခြည်းပင် ခုန်ထ,လိုက်ကာ ...

"ရှင် ... ဖေဖေ"

အကျယ်ကြီးပဲ ထူးလိုက်သည်။ ညက ဖေဖေပြန်ရောက်လာတယ်လို့တော့ အိပ်မက် မက်သလိုလိုရှိသား။ ဖေဖေ တကယ်ပြန်ရောက်လာတာကိုး။ ဖေဖေ့ကို အထူးနောက်ကျရင် တံခါးဖွင့်နောက်ကျရင် ဖေဖေ စိတ်မရှည်မည်စိုး၍ သွက်သွက်ကြီး ထူးပြီး သွက်သွက်ကြီး တံခါးပြေးဖွင့်လိုက်သည်။

"ဖေဖေ"

တံခါးဖွင့်ဖွင့်ချင်း ဖေဖေ့ခါးကို ကျုံးဖက်ကာ ရင်ခွင်မှာ ပါးအပ်ကာ ထားလိုက်သည်။ ဖေဖေက အရပ်ရှည်လှ၍





ရွှယ်ကိုး ပါးပြင်ကို ဖေဖေ့ ရင်ပြင်၌ ခေါင်းငုံ့ကပ်မိလို့ အနေတော်ပင်။ အဖေကို အချစ်နလန်ထနေသည်ကို မေမေက နောက်က ဖြတ်လျှောက်ရင်း မပြုံးတပြုံး လုပ်သွားရင်း ...

"သားအဖတွေ Breakfast က ပဲကောက်ညှင်းပေါင်းနဲ့ ငါးရံ့ခြောက်နော်၊ မြန်မြန်လာကြ"

တစ်ခွန်း အော်သွားသည်။

"အိပ်ပုပ်မ ... ရော့၊ ဖေဖေ ညည်းဖို့ ကျောပိုးအိတ်တစ်လုံး ဝယ်လာတယ်"

ပန်းနုနှင့် မီးခိုးကြားထားသော ကလေးဆန်တဲ့ ကျောပိုးအိတ် ဆန်းဆန်းလှလှ ခပ်သေးသေးကလေးကို ရွှယ်ကိုး က သဘောတကျ ရင်မှာအပ်ရင်း ...

"ဖေဖေ ညက ပြန်လာတယ်လို့ ရွှယ်ကိုးက အိပ်မက်မက်တယ် ထင်နေတာ၊ အဟီး"

"ညဦးနက်ပေမယ့် ရုံးမှာနားမနေတော့ဘူး၊ ဖေဖေက အိမ်ပြန်လိုက်တာ"

ကျေးဇူးတင်ပါတယ် ဖေဖေ။

ဟိုအိမ်ကို မပြန်ဘဲ ဒီအိမ်ကို ပြန်လာတဲ့အတွက်ပေါ့။ ရင်ထဲက တိတ်တိတ်လေးကျိတ်ကာ ရေရွတ်ပြီး ကျောပိုးအိတ်ကို ခုတင်ပေါ် လှည့်ပစ်တင်ကာ ...

"ဖေဖေနဲ့ Breakfast တူတူစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာ"

ဖေဖေ့လက်တစ်ဖက်ကို တွဲခိုမိဖက်ကာ ချွဲနွဲ့ပြီးပါလာရင်း ဟိုမိန်းမလည်း ဖေဖေ့လက်မောင်းကို ဖက်မလား မသိဘူးလို့ မလိုတမာ လှမ်းတွေးမိသေးသည်။ မေမေကတော့ မဖက်။ မေမေ့မှာ ကန့်ကလျ ချွဲပြစ်တဲ့ အမူအရာမျိုးတွေ မရှိ။ အဲသလို မေမေ မနေတတ်။ ချွဲနွဲ့ပြီး နေတတ်တာ ရွှယ်ကိုးသာ။

"ကိုကို"

ကိုကို့အခန်းရှေ့က အပြတ်မှာ အကျယ်ကြီး တစ်ခွန်း လှမ်းခေါ်ပေမယ့် အခန်းထဲက တုတ်တုတ်လှုပ်သံ မကြားရ။

"ကိုကို ထတော့"

"အိပ်ရင်လည်း အိပ်ပစေ၊ ပြီးမှစားပါစေ သမီးရဲ့"

ဖေဖေသည် ခုတလော သူ့ကို မှုန်တေတေ ကြည့်တတ်၍ ဘုဆတ်ဆတ်စကား ဆိုတတ်သော ကိုကို့ကို တတ်နိုင်ရင် ခပ်ရှောင်ရှောင်ကွင်းကွင်း ရှိလိုတာ သေချာသည်။ ကိုကို့ရဲ့ အလေးစားလျော့မှု၊ မထေမဲ့မြင်မှုတို့မှာ ရက်ခြည်းပေါ်ပေါက်ထ ရှားလာတဲ့ အပြုအမူဆန်းများဖြစ်၍ ဘာကြောင့် ဖြစ်ရတာလဲ ဆိုတာကိုပါ ဖေဖေ ရိပ်မိနေပုံရကာ စိတ်ကျဉ်းကျပ်နေတာ ရွှယ်ကိုးပင် ရိပ်မိသည်။

တစ်သက်လုံး တောက်လျှောက် လိမ္မာယဉ်ကျေးလာပြီး ရက်တရက် ဘာကြောင့်မှန်းမသိ ထ,ပြီး ဘုဆတ်ဆတ် ကြွပ်ကြွပ် ဖြစ်လာတဲ့ သားတစ်ယောက်ကို "ဟော့ကောင် ဘာအချိုးဖြစ်နေတာလဲ" ဟု ယတိပြတ် ကြိမ်းမောင်းမပစ်နိုင်သည်မှာ ဖေဖေ့အားနည်းချက်နှင့် ဖေဖေမို့ပင်။





ဒီတော့ ဖေဖေသည် သူမွေးလို့မှ လူဖြစ်လာရသော သူ့သားကို ခပ်ရှောင်ရှောင်လေး နေရရှာသည်။ အဲဒါဟာ မေမေပြောတဲ့ "မှားတဲ့သူဆိုတာ သနားစရာပါ သမီးရယ်" ဆိုတဲ့အထဲ အကျုံးဝင်ပေလိမ့်မည်။

မေမေသည် ထမင်းစားပွဲမှာ ဖေဖေနှင့် ရွှယ်ကိုးအတွက် ပဲစေ့နိုင်းချင်းနှင့် ကောက်ညှင်းပေါင်းချက် ပူနွေးနွေး တစ်ယောက် တစ်ပန်းကန်ပြင်ကာ အလယ်မှာ အုန်းသီးခြစ်တစ်ပန်းကန်၊ နှမ်းထောင်းတစ်ပန်းကန်၊ အနေတော် နွှင်ပြီးသော ငါးရံ့ခြောက်ဖုတ်ဆီဆမ်း တစ်ပန်းကန်မောက်မောက်ကို ချထားပေးသည်။

မေမေ့ပုံသဏ္ဌာန်သည် ခါတိုင်းတွေ ဟိုးအရင်ကအတိုင်းပင်။ ဖျတ်လတ်သွက်လက်နေသည်။ ဒူးလောက်ကော်တွန့်ဘောင်းဘီကို အပြာနုနှင့် ကြိုးကိုင်းတစ်ချောင်းပဲပါတဲ့ စပို့ရှပ်လေးနှင့်။ ဖြူဖွေးပြီး အကြောစိမ်းလေးတွေ လွင်နေတဲ့ လည်တိုင်သွယ်လေး ပေါ်လွင်ကာ နှုတ်ခမ်းလေးကလည်း ပြုံးနေသေးသည်။

သို့သော် ထိုပြုံးနေသော နှုတ်ခမ်းလေးဟာ ဟိုးအရင်တုန်းကလောက် မသန့်စင် မလန်းဆန်းဘဲ လွမ်းမိုးဖိစီးမှု ဝှန်းလျှိုးကွယ်လျှို ထင်ဟပ်နေတယ်လို့ ရွှယ်ကိုး နားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ... ကိုကြီးသမီး သွားတိုက်မလာသေးဘူး မဟုတ်လား"

"ဟား ဟား ... စားပါစေ၊ ငါ့သမီးလေး ညကတိုက်တာပဲ မို့လား"

"ဟုတ်ကဲ့ ဖေဖေ"

"ဟွန်း ... သမီးက စည်းကမ်းပျက်တာလား၊ အဖေက စည်းကမ်းမတင်းကျပ်တာလား၊ လိုက်ဖက်ကို ညီနေတာပဲ"

"အာ ... မေမေကလည်း၊ ပူညံ ပူညံနဲ့ ဖေဖေ နားငြီးတော့မှာပဲ"

"အောင်မယ်၊ ညည်းကို ဆူနေတာ"

"ဒါပေမဲ့ ဖေဖေပါ နားငြီးတယ်၊ နော ... ဖေဖေ"

"အေးပေါ့ကွ"

"ဟွန်း"

မေမေက ကော်ဖီကရားနှင့် ပန်းကန်နှစ်လုံး လာချပြန်သည်။ ကော်ဖီပန်းကန်လုံးတွေဟာ အိမ်မှာ သတ်မှတ်ခွဲခြားထားတဲ့အတိုင်း ကိုယ့်အထိမ်းအမှတ်နဲ့ကိုယ်၊ ကိုယ့်ပန်းကန်နဲ့ကိုယ်။

ဖေဖေ့ Mug က သရဖူကြီး ဆောင်းထားတဲ့ Lion King ဖြစ်သည်။ မေမေ့ Mug က Lion King ထဲက ခြင်္သေ့ကြီးနှင့် ခြင်္သေ့မ နှစ်ကောင်အတူ လဲလျောင်း ယှဉ်တွဲနေတဲ့ပုံ





ဖြစ်သည်။ ကိုကို့ Mug ကတော့ အပျင်းတစ်ပြီး အိပ်ငိုက်နေတဲ့ Garfield ပုံဖြစ်ပြီး ရွှယ်ကိုးကတော့ Barbie ပေါ့။

"ဖေဖေ"

"ဟေ"

"သမီးကိုလေ Essay တစ်ပုဒ် ရေးပေးပါ"

"ဟင် ... ဘာဖြစ်လို့လဲ သမီးရဲ့"

"ဖေဖေကလည်း၊ အဲဒီ Essay က ပြိုင်ရမှာ မို့လို့ပါ၊ စာလုံးရေ ခြောက်ရာ ရေးရမယ်၊ အမှတ်တစ်ရာပေးမှာ၊ အတန်းထဲမှာ သမီး အမှတ်များချင်လို့၊ အဟီး ဟီး"

"သမီးလေးကလည်းကွယ်၊ ဖေဖေ ရေးပေးတဲ့ Essay နဲ့ သမီး အမှတ်အများဆုံးဖြစ်တော့ကော ဘာဂုဏ်ယူစရာကောင်းလို့လဲ၊ ကိုယ့်ဟာကိုယ်ရေးပြီး ကိုယ့်အစွမ်းအစနဲ့ ရတဲ့ အမှတ်ကမှ ဂုဏ်ယူစရာ တန်ဖိုးရှိတာလေ၊ သမီးလည်း English ရသားပဲ၊ ရေးတတ်သားပဲ မဟုတ်လား"

"ရေးတတ်ပါတယ်၊ သမီးက အမှတ်များချင်တာ"

ရွှယ်ကိုးရဲ့ ဦးခေါင်းက ယှဉ်ထိုင်နေတဲ့ ဖေဖေ့ပခုံး ပေါ်မှာ မှီပြီး ခွေ့လိုက်သေးသည်။ ဖေဖေရယ် ... သမီး Essay ရေးနိုင်ပါတယ်။ ကိုယ်ရတဲ့ အမှတ်ကိုပဲ ကိုယ်တန်ဖိုးထား ဂုဏ်ယူတတ်ပါတယ်။ အတန်းထဲမှာ ကိုယ်က နည်းနေလည်း ဝမ်းမနည်းတတ်ဘဲ ထပ်ကြိုးစားဖို့သာ အသိရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို ရေးခိုင်းနေတာက ဒီနေ့လို ရန်ကုန်မှာ မေမေ တစ်နေ့လုံးနားမယ့် Duty off နေ့မှာ အိမ်ကပ်ပြီး ဘယ်မှ မသွားအောင် အလုပ်တစ်ခု ရှာပေးထားတဲ့ သဘောပါပဲ။ သမီး ရဲ့ ရည်ရွယ်ချက်က အဲဒါ။

"ယုရေ ... အသေးလေးရော"

"ရှိတယ် ကိုကြီး၊ အသေးလေးရေ"

"ရှင်"

"လာဦး၊ ဦးဦး ခေါ်တယ်"

ပြေးလာတဲ့ ယောကျာ်းလျာဆန်ဆန် ကောင်မလေး အနားရောက်လျှင် ဖေဖေက ...

"အသေးလေးရေ ... ကိုဒေါင်မှာ ဦးဦးကား သွားသုတ်ပေး စမ်း၊ ဦး အပြင်သွားစရာရှိတယ်"

"ဟုတ်"

အသေးလေး ပြန်ထွက်သွားလျှင် ရွယ်ကိုးက ...

"ဖေဖေ ဘယ်သွားမှာလဲ"

"ဖေဖေ ဝယ်စရာလေးတွေရှိလို့ သမီးရဲ့"

"ဖေဖေ ဘာဝယ်မှာလဲ၊ ဘယ်မှာ ဝယ်မှာလဲဟင်"

ဒီလို နှိုက်နှိုက်ချွတ်ချွတ် စပ်စပ်စုစု မေးခွင့်ပါမေး ဟာ မေးနေကျ ရွယ်ကိုး အတွက် ခွင့်ပြုချက် ကျပြီးသားဖြစ် သည်။





"အစုံပဲ သမီးရယ်၊ ဖေဖေက MK မှာ နက်ကတိုင်လည်း ကြည့်မယ်၊ အစုံပဲ ... Shaver တို့ Razor တို့ ဝယ်ဖို့ရှိ တယ်၊ ဖေဖေ့ရဲ့ MG5 Hair Liquid လည်း ကုန်နေပြီ၊ စာရင်းကို လုပ်သွားရမှာ ဝယ်စရာတွေ အများကြီး"

ဟိုအရင်ကတည်းက ဖေဖေဟာ သူ့တစ်ကိုယ်ရည် သုံးအဆောင်များကို သူ့ဟာသူ ဆိုင်တွေမှာ လိုက်လံကြည့်ရှု ရွေးချယ် ဝယ်ယူရတာကို နှစ်သက်တဲ့သူ။ သူ့ဟာသူပဲ ဝယ်နေ ကျ။ မေမေ ဝယ်မပေးရပါ။ မေမေ ဝယ်ပေးရသည်မှာ မေမေ့ဖို့ ကိုကို့ဖို့ ရွယ်ကိုးဖို့နှင့် အိမ်သုံးတွေသာ။

"သမီးလည်း လိုက်မယ် ဖေဖေ"

ဖေဖေသည် ခေါင်းညိတ်ရခက် ခေါင်းခါရခက် အကြည်းအကျပ် တွေ့သွားပါသည်။ ရွယ်ကိုးက ဖေဖေ့ကို လည် ...လေးလိမ်ကာ မော့ကြည့်နေသည်။ တော်တော်များများ အိမ် ...ထောင်သည် ယောကျာ်းတွေဟာ ဝယ်စရာ ခြမ်းစရာရှိရင် ...နဲ့အတူ သွားလေ့ရှိကြပါတယ် ဖေဖေရယ်။ ဖေဖေ့ကျမှ ...ကိုခေါ်တဲ့အကျင့်ကို လုပ်မထားတာ။

ဘိုဆန်တာလား ဘာလား မသိ။ မေမေဟာလည်း ...ကိုယ်တော် ကားတစ်စီးနဲ့ထွက်ပြီး တစ်ယောက်တည်း ဈေး ...ဝယ်တတ်သလို ဖေဖေကလည်း အဲဒီအတိုင်းပင်။ မိန်းမ ...ယောက်တည်း ဈေးဝယ်တာက မထူးဆန်းဘူး ထင်ရပြီး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်တည်း စျေးဝယ်တာကကျတော့ ထူးဆန်း မနေဘူးလား။

အဲဒါကို မေမေ့ကို ရွယ်ကိုးက မေးကြည့်ဖူးသည်။ အေအေတို့ ညားကာစကတည်းက အတူစျေးဝယ်မထွက်ကြဘူးလားလို့။

"အဲဒီတုန်းကတော့ သမီးတို့လည်း မမွေးသေး၊ နှစ်ယောက်တည်းရှိတာဆိုတော့ ဘယ်သွားသွား တူတူပေါ့ သမီးရဲ့ နောက်ပိုင်း သားတွေ သမီးတွေ ကြီးလာ၊ မေမေ့မှာ အိမ်ကိစ္စကများလာ၊ ဖေဖေကလည်း လိုတဲ့အချိန် အချိန်လု ဝယ်ရမှာမျိုးနဲ့ သူ့ဟာသူ သွားလိုက်တာတွေ ရှိလာတာ

နောက်တော့ သူမျက်စိကျတဲ့ ဆိုင်တွေကတစ်မျိုး မေမေ ကြိုက်တဲ့ ဆိုင်တွေကတစ်မျိုး၊ နှစ်ယောက်အတူ သွားရင် အချိန်နှစ်ဆကုန်တာမျိုးဖြစ်တော့ သူလည်း သူ ကြိုက်တဲ့ဆိုင် စိတ်တိုင်းကျဝယ်၊ မေမေလည်း မေမေကြိုက် တဲ့နေရာ စိတ်တိုင်းကျဝယ်၊ တကွဲတပြားပဲ သွားတော့တာ"

မိသားစု ဒင်နာထွက်စားတာလောက်သာ အားလုံး တူတူသွားဖြစ်ကြပါတော့သည်။ ဖေဖေဟာ ခုလိုတစ်ယောက်တည်း လိုအပ်တာဝယ်ဖို့ သွားသည်ဆိုတဲ့အခါမှာ တကယ်ပဲ တစ်ယောက် တည်း သွားပါရဲ့လား။

"နော် ... ဖေဖေနော်၊ သမီးလည်း လိုက်ချင်တယ်"





"သမီးက ဘာဖြစ်လို့ လိုက်ချင်တာလဲ၊ ထူးထူးဆန်းဆန်း"

"ဖေဖေနဲ့ အတူတူ မသွားရတာ ကြာလှပြီလေ၊ ဖေဖေ့ မှာက ဖေဖေ့အလုပ်ကိစ္စတွေက ရှုပ်နေပြီး အိမ်မှာတောင် အမြဲအိပ်နိုင်တာမှ မဟုတ်တာ၊ ဒီတော့ ဖေဖေနဲ့ ဘယ်ကို မှ ဘယ်တော့မှ မသွားရဘူး၊ သမီး သူငယ်ချင်း သဇင်ဆို ရင် သူ့အဖေနဲ့ အမြဲတမ်း အတူသွားတယ်"

"ဖေဖေက ဒီကဟိုရောက် ဒီကဟိုရောက် စိတ်ကူးတည့် သလို လျှောက်သွားမှာ သမီးရဲ့"

"ရပါတယ် ဖေဖေရယ်၊ ဖေဖေနဲ့ တူတူလိုက်ရရင် တော် ပါပြီ"

"သမီး သင်တန်းရှိတယ် မဟုတ်ဘူးလား"

"ဒီနေ့က ညနေလေးနာရီမှ ဖေဖေ၊ တစ်နေကုန် လျှောက် သွားလို့ အချိန်ကုန်သွားရင် လမ်းကနေပဲ သင်တန်းမှာ ဆင်းခဲ့လို့ရအောင် လွယ်အိတ်ပါ တစ်ခါတည်း ယူလာခဲ့ လိုက်မယ်လေ ... နော် ... ဖေဖေ"

အဲသလောက်ကြီး မရမက ကပ်ပူဆာနေတဲ့အခါ ဖေဖေဟာ အလွန်တရာမှပင် ငြင်းရခက်ကာ ဝန်လေးလာပုံပေါ် သည်။

"သမီး အဲသလောက်တောင် လိုက်ချင်နေလဲ လိုက်ရင် လိုက်ခဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ..."

ရွှယ်ကိုးက တကယ့်ကို ပျော်သွားတာပင်။ ဖေဖေ ရွှယ်ကိုးကို အလိုလိုက်တဲ့အတွက်လည်း ပျော်သည်။ ဖေဖေနှင့် အပြင်သွားရမည့် အတွက်လည်း ပျော်သည်။ ဒီနေ့အဖို့ ဖေဖေ ဟိုမိန်းမဆီ သွားခွင့်၊ အတူခေါ်ခွင့် မရတော့မှာမို့လည်း ပျော် သည်။ ရွှယ်ကိုး တောင်းဆိုတာ အောင်မြင်သွားတဲ့အတွက် ဘာတစ်ခွန်းမှ ဝင်မပါဘဲ သူ့ဟာသူ လုပ်စရာရှိတာလုပ်နေတဲ့ မေမေ့မျက်နှာလည်း မသိမသာ ဖျတ်ခနဲ ကျေနပ်ဝင်းလက်သွား ပါသည်။

ရွှယ်ကိုး ခေါင်းလျှော်ရေချိုးကာ ဖေဖေနဲ့သွားမှာ မျက်နှာကိုတော့ ဘာမှမပြင်ဆင်တော့ဘဲ ပြောင်တလင်းလေး ထားကာ Red earth နှုတ်ခမ်းနီအဆီ ပန်းနုလေးပဲ ဆိုးလိုက် သည်။ ရွှယ်ကိုး ပြင်ဆင်ပြီးစီးကာ ထွက်လာတော့ မေမေ စာကြည့်ခန်းဘက် မေးတစ်ချက် ဆတ်ပြသည်။

တံခါးဟစိစိသာရှိတဲ့ စာကြည့်ခန်းဝမှာ ရွှယ်ကိုး ခဏရပ်လိုက်ပါသည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ တစ်နေ့ကုန်ပဲ"

"... ... ..."

"ဩော် ... မမျှော်လင့်ဘဲ အလုပ်က ပေါ်လာတော့လည်း ဘယ်လိုလုပ်မလဲကွာ"

"... ... ..."





"မှန်တယ်လေ၊ Off ရတာ မှန်တယ်လေ၊ ဒါပေမဲ့ မမျှော် လင့်တဲ့ အရေးကြီးလုပ်ငန်းကိစ္စတစ်ခု ပေါ်လာလို့ပါ၊ မဟုတ်ဘူး၊ အခု ခရီးထွက်ရမှာ မဟုတ်သေးပါဘူး"

"... ... ..."

"အဆင်ပြေရင်တော့ ညနေစောင်း တစ်ချက်ဝင်လာခဲ့မယ် လေ၊ ကိုယ်လည်း တွေ့ချင်တာပေါ့၊ မတွေ့ချင်ပဲတော့ ဘယ်နေပါ့မလဲ၊ မီး သိသားနဲ့ကွယ်"

မီးတဲ့ ...။

မုန်းစရာ ကောင်းလိုက်တာ။ သူများအဖေကို ကြာ ရှိုက်ထားပြီး တမီးမီးနဲ့ ချွဲနေမှာပေါ့။ ရွှယ်ကိုးက အံကလေး ကြိတ်ကာ ရင်ဘတ်လေး နိမ့်ချည်မြင့်ချည် ဖြစ်ရအောင် မခံချင် ဖြစ်နေပါသည်။ ကိုယ့်သမီး ကိုယ်ခေါ်သွားရဖို့အရေး ဖေဖေ့ခမျာ ဟိုကို အရေးပေါ်ဖုန်းဆက်ဖျက်ပြီး ဗျာတွေ များနေလိုက်တာ။ တောင်းပန်နေလိုက်ရတာ။ သူတစ်ပါးမိသားစု ပျော်ရွှင်သာယာ ချမ်းမြေ့နေတဲ့ ဘဝလေးကို ကိုယ့်အသက်လေး အရွယ်လေးမှ ထောက်ထား။ ကိုယ့်မိသားစုနဲ့မှ ကိုယ်ချင်းမစာ။ မွှေနှောက် ဖျက်ဆီးရက်လိုက်တာ။

သူလည်း ရွှယ်ကိုးတို့ထက် နည်းနည်းပဲကြီးတာ ဆိုရင် သူ့မှာလည်း ပုံမှန်ဆို မိဘဆိုတာ ရှိနေဦးမှာပါပဲ။ ကိုယ် ချင်းစာတရား မရှိဘူးလား။ ငါသာဆိုရင် ငါ့အဖေသာဆိုရင် ငါ့ အမေသာဆိုရင် ဆိုတဲ့ စာနာထောက်ထားမှု မရှိဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ၊ ကောင်းပါပြီ ကလေးရယ်"

"……………"

"အင်းပါ၊ မီးလိုချင်တာ ပေးပါမယ်"

ရွှယ်ကိုး အံကလေး ဖိကိုက်ကာ နားကြားပြင်းကတ်လှ၍ အခန်းဝက ပြန်လှည့်ထွက်လာသည်။ အိမ်တံခါးပေါက်ဝနားမှာ မှုန်တေတေ သွားရပ်နေမိသော ရွှယ်ကိုးရဲ့မျက်နှာဟာ စူပုပ်၍ နှုတ်ခမ်းက ရှေ့ကိုထွက်ပြီး ထော်နေသေးသည်။

"သမီး"

"ရှင် … ဖေဖေ"

ဖေဖေ့ ခေါ်သံလည်းကြားရော လူက ဆတ်ခနဲ သတိဆွဲလိုက်သလိုဖြစ်ကာ ခုနု စူထော်ထွက်နေတဲ့ နှုတ်ခမ်းတွေက အော်တိုမက်တစ် ပြုံးကော့သွားရကာ ချာခနဲ ခုန်လှည့်ထွားပစ်လိုက်တာဖြစ်သည်။

"သမီး မပြီးသေးဘူး ထင်တာ ဖေဖေက"

"ပြီးပြီ ဖေဖေ"

"ဒါဖြင့် သွားကြမယ် … လာ"

"ဟုတ် …၊ မေမေရေ သွားပြီ"

ဘာပဲဖြစ်ဖြစ် ရွှယ်ကိုး လိုက်ချင်တယ် ဆိုတာကို ဖေဖေက ယတိပြတ်ကြီး ငြင်းမချသေး။ ရွှယ်ကိုးတို့ကို မပစ်ပယ်သေး။ ဟိုဘက် တစ်သဘောတည်းကိုချည်း မလိုက်လျော





သေး။ ဒါတွေဟာ မျှော်လင့်စရာ အားတက်စရာ အချက်တွေပင်။ ဟိုမိန်းမ တစ်မျက်နှာတည်းကိုချည်း ဖေဖေ မကြည့်သေးပါဘူး။ ဘာပဲဖြစ်ဖြစ် ဖေဖေ့ကို အများကြီး ပြန်လည်ဆွဲဆောင်ယူလို့ ရပါဦးမယ်။

ဖေဖေက ကားကို ပြည်လမ်းပေါ် မတက်ဘဲ အင်းစိန်လမ်းဘက် ဆင်းလာခဲ့ပြီး …

"ဖေဖေ ကားဘီး လေဝင်ထိုးဦးမယ် သမီး"

"ဟုတ်ကဲ့ ဖေဖေ"

အင်းစိန်လမ်းပေါ်က ဆိုင်တစ်ဆိုင်မှာ ကားဘီးလေထိုးပြီး ဆက်ထွက်လာခဲ့ရာ လှမ်းတန်းမီးပွိုင့်အနား ရောက်တဲ့အခါ ကားရဲ့ပြတင်းဘက် ခေါင်းလေးလည်ပြီး ပါလာတဲ့ ရွှယ်ကိုးက လှုပ်လှုပ်ရှားရှား ဖြစ်သွားရပါသည်။

ဖေဖေ့ကားက ဘယ်မောင်းမို့ ရွှယ်ကိုးက ညာဘက်မှာ။ ညာဘက်ခြမ်းက ကားမှတ်တိုင်တစ်ခုမှာ ဘတ်စ်ကားစောင့်နေကြတဲ့ လူစုစု ရှိနေကြတဲ့အထဲ စပို့ရှပ်ဖြူဖြူ မီးပြာနုဂျင်းနံ ဘောင်းဘီနှင့် adidas အိတ်အနက်လေး စလွယ်သိုင်း လွယ်ထားတဲ့ ရွှေတွင်းကို တွေ့လိုက်ရ၍ပင်။

ရွှေတွင်းက သူ့မူပိုင်စတိုင်အတိုင်း မှုန်တေတေဖြစ်နေသည်။ လက်တစ်ဖက်က ရင်ဘတ်ရှေ့က လွယ်ကြိုးကြိုးကို ဆိုင်လျက်၊ လက်တစ်ဖက်က ဂျင်းနံရဲ့ဘေးအိတ်ထဲ လက်လျှို



www.burmeseclassic.com

www.burmeseclassic.com



နှိုက်လျှက်။ သူ့ဆံပင်ကောက် အရှည်ကလေးက ပခုံးမှာထောက်နေသည်။ ထိုဆံပင်ကောက်ရှည်ကြောင့် သူ့ရုပ်ဟာ ဂီတပညာရှင်နှင့် တူသည်လို့ ရွှယ်ကိုးက သတ်မှတ်ထားသည်။

ဟဲ့ ... ရွှေတွင်း။

ဒီဘက်လှည့်ကြည့်စမ်း။ စိတ်ထဲကပဲ လှမ်း၍ကျိတ်ဟစ်အော်နေရသည်။

ဘေးမှာ ဖေဖေပါနေ၍ သိပ်ပြီးသရုပ်ပျက်ပျက်လှမ်းမဟစ်အော်ရဲ။ အော်ဖို့ရာ ကားမှန်ကို ချရဦးမည်။ သိပ်ပျာယာခတ်ရာ ကျသွားမည်။ အရေးထဲ ရွှေတွင်းကလည်းနော်၊ ငါ့ကို မမြင်ဘူး။

မီးပွိုင့်အနား ကားတွေက များလှကျပ်လှ၍ ဖြည်းဖြည်းသာ ရွေ့နေရရာ ခပ်ဝေးဝေးကတည်းက မြင်နေရတဲ့ ရွှယ်ကိုးသည် ရွှေတွင်း လှည့်ကြည့်လာဖို့ တမျှော်မျှော်နှင့် အတော်ကြာကြာ ဆုတောင်းလာသည်။ မှတ်တိုင်နှင့် ရွှယ်ကိုးတို့ကား ခပ်တည့်တည့်လောက် အရောက်မှာတော့ ရွှေတွင်းက ဘာရယ်မဟုတ် ရှေ့ဘက်ကို ဖျတ်ခနဲ လှမ်းအကြည့်။

ရွှယ်ကိုးက ဖေဖေရဲ့ ဝက်ဝွန်းကား ခပ်မြင့်မြင့်ထဲမှာမို့ ဘေးကားတွေထက် မြင့်နေရာ သူ့ အလွယ်တကူ လှမ်းမြင်သွားနိုင်ခဲ့သည်။ မျက်လုံးလေးလက်အောင်ပြုံးကာ လက်လေးတစ်ဖက်လှုပ်၍ တာ့တာပြလိုက်သော ရွှယ်ကိုးကြောင့် ပုံသေနေတဲ့





သူ့ရဲ့မျက်မှောင်တွန့် ပြေသွားပြီး လက်တစ်ဖက် ပြန်ထောင်ကာ ပုံသဏ္ဍာန်အနည်းငယ် ပျာယာခတ်သွားပါသည်။

ခုမှတွေ့တဲ့အတွက် အံ့အားသင့်သွားတာ၊ သူမြင်ဖူးတဲ့ သိတဲ့ကား မဟုတ်၍ ဇဝေဇဝါ ဖြစ်သွားတာ၊ ပိပိပြင်ပြင် လက်ပြလိုက်ဖို့ သူ့နံဘေးမှတ်တိုင်က လူတွေကို ရှက်နေသေးတာ၊ ဤအမှုအရာတွေနှင့် ဖြစ်သွားတဲ့ ရွှေတွင်းရဲ့ ဟန်ပန် ဖရိုဖရဲကို ရွှယ်ကိုး ကျိတ်ပြီး ရယ်နေမိသည်။

"ဘယ်သူလဲ သမီး"

"ရှင် ... ဖေဖေ"

"သြော် ... သမီး လက်ပြလိုက်တာ၊ သူငယ်ချင်းလား"

"ဟုတ်ကဲ့ ဖေဖေ၊ ဒီလှည်းတန်းမှာပဲ နေတယ် ပြောတယ်၊ သင်တန်းက သူငယ်ချင်းလေ ဖေဖေ"

"ယောကျ်ားလေးလား"

"ဟုတ်ကဲ့"

"သူ ဘယ်သွားမလို့ ကားစောင့်နေတာလဲ၊ ဦးတည်ဘက်တူသားပဲ၊ လမ်းကြုံတင်ခေါ်သွားမလား သမီး"

ရွှယ်ကိုးက ခေါင်းခါရင်း အပြုံးလေးနှင့် ...

"မခေါ်တော့ဘူး ဖေဖေ၊ ခေါ်လည်း သူက လိုက်မှာမဟုတ်ဘူး"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း အရင်းအချာကြီးလောက်လည်း မခင်ပါဘူး၊ အတူသွားလာ လည်ပတ် အိမ်တွေ ဘာတွေ ရောက်ဖူး လည်ဖူးတဲ့ သူငယ်ချင်းပုံစံ မဟုတ်ဘူး ဖေဖေ"

"ဪ"

ရွှယ်ကိုးသည် မှတ်တိုင်မှာ ကျန်ရစ်တဲ့ သူ့ပုံစံကို မြင်ယောင်ကာ ခဏတိတ်နေသည်။ မြို့ထဲကိုသွားမယ့်ပုံဆိုတော့ ဘယ်သွားမလို့ပါလိမ့်။ သင်တန်းကဖြင့် လေးနာရီမှစမှာ။ ကြည့်ရတာ အကျိုးဆောင်ဆိုတဲ့ သူ့အမေလည်း အိမ်ကနေ ထွက်သွား လောက်ပြီထင်သည်။ ဒါကြောင့် သူလည်း တစ်နေရာရာကို ထွက်တော့မည် ထင်သည်။ အိမ်မှာ တစ်ယောက်တည်းဆိုရင် ပျင်းစရာကြီးလေ။

"သူက အမေနဲ့ နှစ်ယောက်တည်းနေတာ ဖေဖေ"

ရုတ်တရက် စကားပြန်စလာတဲ့ သမီး ပျို့ရွှယ်ကိုး ဘက်ကို ဦးထင်ကျော်ကိုးက လှည့်ကြည့်လိုက်ရင်း ...

"ဟုတ်လား ... အဖေကကော"

"သူ့အဖေက နောက်မိန်းမ ယူသွားတယ်"

ဖေဖေ့ထံမှ "ဪ"တွေ "ဟုတ်လား"တွေ အလွယ် တကူ ထွက်မလာတော့ဘဲ တိတ်သွား၍ ရွှယ်ကိုးက ကျိတ်ပြုံး လိုက်ပါသည်။

"သူတို့သားအမိက သနားပါတယ် ဖေဖေ၊ သူ့အမေက အကျိုးဆောင် လုပ်ရတယ်"





"အကျိုးဆောင် ဆိုတာ ! ! "

"ပွဲစားပေါ့ ဖေဖေ၊ အရောင်းအဝယ် ဖြစ်ဖို့ စပ်ဟပ်ပေးပြီး အရောင်းအဝယ် ဖြစ်ရင် ပွဲခရတာပေါ့"

"ဪ ... ဒါဖြင့် ဝင်ငွေဘယ်မှန်မလဲနော်"

"ဟုတ်တယ် ဖေဖေ၊ သူ့ကြည့်ရတာလည်း ပိုက်ဆံသိပ် ရှိလှပုံ မပေါ်ဘူး၊ သနားပါတယ်"

ဦးထင်ကျော်ကိုးက ပြုံးရင်း ...

"ကားကြိုလိုက်စီးမှာ မဟုတ်ဘူး ဆိုတဲ့ စရိုက်နဲ့ကောင် ကလေးမျိုးကို ခုနလို သနားပါတယ်လို့ သမီး သွားမပြော မိစေနဲ့ဦး၊ ဒီလို ကလေးမျိုးက သူတို့ဘဝကို သနားပါတယ် ဆိုရင် ခံချင်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ ... မပြောပါဘူး ဖေဖေ၊ သူ့ကို သမီးက တစ်ခု တော့ ဆုံးမဖူးတယ်"

"ဆုံးမဖူးတယ် ! ! အဟင်း ဟင်း၊ ဘယ်လိုလဲ သမီးရဲ့ ပြောပါဦး"

"အဖေအပေါ် စိတ်မနာရဘူးလို့၊ သူက သူ့အဖေအပေါ် စိတ်နာမှုရှိတယ်၊ သမီးက သူ့ကိုပြောတယ် ဖေဖေ၊ အဖေဆိုတာဟာ သူ ဘာပဲလုပ်နေနေ ကိုယ့်အဖေက ကိုယ့်အဖေပဲလို့၊ အဖေကို တွေ့ရင် ခေါ်ရမယ် စကားပြော ရမယ်လို့၊ စိတ်မနာရဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ ရွှယ်ကိုး တစ်ယောက်နှင့် တစ်ယောက် ဖျတ်ခနဲ မျက်ဝန်းချင်း ဆုံသည်။ ဖေဖေက ခေါင်းကို အသာ အယာ တညိတ်ညိတ် ပြုသည်။ ဖေဖေ့မှာ ပြန်ပြောစရာစကား ရှားပါးကျပ်တည်းသွားတဲ့ပုံပင်။

"သူ့အဖေ နောက်မိန်းမ ယူသွားတယ်ဆိုတာ သူတို့သား အမိကို မုန်းလို့တော့ ဘယ်ဟုတ်ပါ့မလဲ ဖေဖေ ... နော်၊ သူ့အကြောင်းနဲ့သူမို့သာ ယူသွားတာ ဖြစ်မှာပေါ့၊ အရင် မိန်းမနဲ့ သူ့သားကိုတော့ အကြောင်းမဲ့ ဘယ်မုန်းနေပါ့ မလဲနော်"

"ဒါပေါ့ သမီးရယ်"

"ဒါပေမဲ့ သူက သူ့အဖေ ပစ်သွားလို့ ပုံစံက အမြဲပဲ မှုန် တေနေတယ်၊ အပေါင်းအသင်းလည်း ဝင်မဆန့်ဘူး၊ ဂျစ် ကန်ကန် နိုင်ချင်တဲ့ စရိုက်မျိုး၊ ဒါကြောင့် သူ့ကို သမီး က ခင်ခင်မင်မင် ပြောဆိုဆက်ဆံပေးတာ"

အဲဒီနောက်တော့ ဖေဖေနှင့် ရွှယ်ကိုးအကြား တိတ် ဆိတ်၍နေပါသည်။

❖ ✪ ❖





## ၄

"ဟိုမှာ ... ရွှေတွင်း လာပြီ"

သဇင်က ပြော၍ ရွှယ်ကိုး လှည့်ကြည့်လိုက်ပါသည်။ သင်တန်းရဲ့ ဝင်ပေါက်က အခန်းရဲ့ နောက်ဘက်မှာ ရှိသည်။ ရွှေတွင်းက အခန်းထဲ ဝင်ဝင်ချင်း ဝေ့ဝဲကာ ရှာလိုက်သည်။ ပြီးသလို တစ်ချက် နှုတ်ခမ်းတွန့်လိုက်ပြီး ရွှယ်ကိုးတို့နောက်ဘက် ခုံတန်းကို လာဝင်ထိုင်သည်။

"ဟုတ်တယ်ဟဲ့၊ နီညိုပုပ်စပို့ရှပ်နဲ့ပဲ"

သဇင်က ဆိုသည်။

"ဟုတ်ပါတယ်လို့ ငါပြောသားပဲ"

"အေးပါ၊ နင် အမှတ်မိဆုံးပါ"

သဇင်ရဲ့ စိတ်မရှည်သံ ရယ်ကျဲကျဲ အပြောကြောင့် ရွှယ်ကိုးက မေးစေ့ကလေးကို ပင့်ထားလိုက်သည်။ ဟုတ်တယ် သား ဘယ်နားတွေ့တွေ့ ဖျတ်ခနဲတွေ့တွေ့ မှတ်မိတယ် အဲဒါ သာဖြစ်တုန်း။

www.burmeseclassic.com



ခုနောက်ပိုင်းတော့ ရွှယ်ကိုး၊ သဇင်နှင့် ရွှေတွင်းတို့သည် တစ်ယောက်နှင့် တစ်ယောက် ခင်ခင်မင်မင် ရှိခဲ့ကြပြီ။ ခါတိုင်းက အင်္ဂလိပ်စာသင်တန်းကို ဆယ့်ငါးမိနစ်လောက်ပဲ ကြိုရောက်တတ်တဲ့ ရွှယ်ကိုးနှင့် သဇင်သည် ခုတော့ တစ်နာရီလောက် ကြိုရောက်အောင် လာသည်။ ရွှေတွင်းလည်း ဒီအတိုင်းပင်။ သူ့မှာ ကိစ္စရှိရင်သာ နည်းနည်းပါးပါး နောက်ကျသည်။

ကျူရှင်မစခင် လေးဆယ့်ငါးမိနစ် တစ်နာရီလောက် အချိန်ခိုးပြီး အဲဒီနားတစ်ဝိုက်က မုန့်ဆိုင်တချို့ကို လှည့်ပတ်ထိုင်သည်။ ထိုင်နေကျ ဆိုင်တိုင်းဟာ လမ်းဘေးဆိုင် သေးသေးတွေသာ။ တို့ဟူးသုပ်ဆိုင်၊ ရှောက်သီးသုပ် ကြာဇံဟင်းခါးဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ပူရီဆိုင်၊ ကျောက်ကျောဆိုင်၊ အမဲအူသုပ်ဆိုင် အစရှိသဖြင့် ဖြစ်သည်။ သုံးယောက်သား တစ်ယောက်တစ်လှည့် ကျွေးကြသည်။

သင်တန်းကို အစောကြီး ကြိုသွားချင်တဲ့ ရွှယ်ကိုးကို မေမေက အံ့သြနေသည်။

"သူငယ်ချင်းတွေနဲ့ မုန့်တွေ လျှောက်စားဖို့ အချိန်ရအောင် မေမေရဲ့"

"သူငယ်ချင်းတွေ ဆိုတော့ သဇင် အပြင် ဘယ်သူရှိသေးလို့လဲ"

"ရွှေတွင်းတဲ့ မေမေ"





"ကောင်လေးလား"

"ဟုတ်ကဲ့"

မေမေကတောင် ပြခိုင်း၍ ကျူရှင်ကြိုတစ်ရက်မှာ ရွှေတွင်း ဆိုတာ အဲဒါပဲလို့ မေမေ့ကို အဝေးမှ ညွှန်ပြရသည်။

"ပုံစံက Musician နဲ့တူတယ်"

"ဟယ် ... မေမေနဲ့သမီး မှတ်ချက်ချတာ တစ်ထပ်တည်းပဲ"

ရွှေတွင်းပုံစံဟာ Orchestra ကြီးတွေမှာ Violin အကြီးကြီးကို မျက်စိမှိတ်၍ bow တံလေးနှင့် တီးခတ်ဆော့ ...စားနေသူရဲ့ပုံမျိုးပေါက်သည်။ မေမေက ရွှေတွင်းကို "အေးတဲ့ ...လေးပါ"လို့ မှတ်ချက်ချပြီး ဘာမှရှည်ရှည်ဝေးဝေး မမေးမြန်းပါ။ ...ခင်ကာ မုန့်အတူသွားစားကြတဲ့ အဖြစ်ကိုလည်း မကန့်ကွက်ပါ။

ရွှေတွင်းကတော့ သူ့ကို မေမေ ကြည့်သွားတယ် ...တာ သိရတော့ မျက်နှာအနည်းငယ် နီမြန်းပြီး ရှက်နေသေးသည်။ ...က်ရက်တွေ မေမေနှင့်ဆုံလျှင် အဝေးကြီးကနေ မျက်လွှာချပြီး ...ရှိန့်တန့် ရှိနေတတ်သည်။

"မသွားဘူးလား"

နောက်တန်းမှာ ဝင်ထိုင်ရင်း ရွှေတွင်းက မေးပါ ... အတန်းထဲမှာ လူမရှိ။ ဒီလောက်စောစော သူများတွေ ... အခန်းစောင့်တဲ့ ဆရာ့တူကလေးက တံခါးဖွင့်ပေး၍သာ ...နေလို့ ရတာပင်။ နို့မို့ရင် နေစရာတောင် နေရာမှာ ...။



www.burmeseclassic.com

www.burmeseclassic.com



ဆရာက စီးပွားဖြစ် စာသင်တဲ့သူလည်း မဟုတ်။ နံနက်တစ်ချိန် ညနေတစ်ချိန်ပဲ ရှိသည်။ လူလည်းမများ။ တစ်ချိန်မှာ ဆယ့်လေးငါးယောက်။

"သွားမယ်လေ၊ နင် နောက်ကျနေလို့ စောင့်နေတာ"

"အေး ... ငါ ကိစ္စတစ်ခု ရှိနေတာနဲ့၊ လာလေ ဒီနေ့ ငါ ကျွေးမှာလေ၊ ဘာစားမလဲ"

"ရှောက်သီးသုပ်နဲ့ ကြာဆံဟင်းခါး စားမယ်လေ"

"လာ ... Let's go"

ရွှေတွင်း ထလိုက်၍ ရွှယ်ကိုးနှင့် သဇင်ပါ အတူထ ကာ ထွက်လာသည်။ ဆရာ့တူလေးက တိုက်ခန်းတံခါးကို ပြန်ပိတ်ကာ ကျန်ခဲ့ပါသည်။

"ဟဲ့ ... ဒီနေ့ ငါနဲ့ သဇင် တူတူလာတာ"

"ဟုတ်လား"

"အင်း ... သဇင့် ဒရိုင်ဘာကြီး ခွင့်ယူလို့ ငါဝင်ခေါ်တာ"

"သြော်"

ကျူရှင်တိုက်ရှေ့ကနေ ဘယ်ကိုချိုးပြီး လျှောက်[illegible] လျှင် ပေတစ်ရာလောက် အကွာမှာပင် ရှောက်သီးသုပ်ဆိုင်[illegible] ရှိသည်။ ဆိုင်ရောက်လျှင် ရွှေတွင်းက ပလတ်စတစ်ခွေး[illegible] ကလေးတွေကို သဇင့်ဖို့တစ်လုံး ရွှယ်ကိုးဖို့တစ်လုံး နေရာချ[illegible] သည်။





"ဟဲ့ ... နင့်ကို ငါတို့ တွေ့လိုက်တယ် သိလား"

"ဘယ်လိုတွေ့လိုက်တာလဲ"

"နင် ဒီနေ့ ဘယ်သွားလဲ"

မဖြေဘဲ သူ့ကိုပြန်မေးလိုက်၍ ရွှေတွင်းက ရွှယ်ကိုး[illegible] အကဲခတ်သည်။

"နင် ကားမောင်းတတ်တယ်ပေါ့၊ ဟုတ်လား"

သဇင်က တစ်ခွန်း ဝင်မေးလိုက်ပါသည်။

"ဘာဖြစ်လို့ မေးတာလဲ"

"နင် ကားမောင်းနေတာ တွေ့လို့ပေါ့ဟဲ့"

ရွှေတွင်းက ဘာမှဆက်မပြောဘဲ ရှောက်သီးသုပ် [illegible]ဆံဟင်းခါး မှာနေသည်။

"ကြာဆံဟင်းခါးက ငါနဲ့ သဇင် နှစ်ယောက်တစ်ပွဲပဲ သောက်မယ်၊ မကုန်ဘူး"

မုန့်သည်ကြီး ရှောက်သီးသုပ် ပြင်နေဆဲ ရွှေတွင်းက [illegible]လှည့် ငေးနေသည်။

"ဟဲ့ ... ရွှေတွင်း"

"အင်း"

"[illegible] သိပ်မြူစိစိနိုင်တာပဲ"

သဇင့်ကို လှစ်ခနဲ ဖြုံးပြကာ ...

"[illegible]ဖြစ်လို့လဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ငွင့်ငွင့်လင်းလင်း မရှိဘူး၊ မေးတာ ဖြေပါလား၊ သိုးသိုးသွက်သွက်လေး ပြောပြပေါ့၊ ဘာလဲ၊ ငါတို့တွေ့တာ နင်မဟုတ်ဘူးလို့ နင်ပြောမလို့လား"

"နင်တို့တွေ့တာ ဘယ်သူ့ကိုမှန်းမှ ငါ မသိတာ"

"ရွှေတိဂုံဘုရားနားမှာ တွေ့လိုက်တာ၊ နင်ပဲ၊ ဒီအကျီနဲ့ပဲ၊ စူပါဆလွန်း အီတ်တီအိတ်အပြားကို မောင်းသွားတယ်၊ ဘေးမှာ လူတော့ပါတယ်၊ သေချာမတွေ့လိုက်ရဘူး၊ အဲဒါ နင်လား"

ရွှေတွင်းက ရယ်နေပါသည်။ ခဏနေမှ ...

"အားလုံး အတိအကျ တွေ့နေမှများ အဲဒါ နင်လားတဲ့"

"ဟုတ်တာပေါ့"

"အင်း"

သဇင်နှင့် သူ အမေးအဖြေ လုပ်နေတာကို ရွှယ်ကိုးက အကဲခတ်ပြီး ကြည့်နေမိပါသည်။ ဘတ်စ်ကားနဲ့ပဲ ကျောင်းသွား ကျောင်းပြန်လုပ်တဲ့ ကောင်လေး ကားမောင်းသွားတာကို မြင်လိုက်ရတာ ရွှယ်ကိုး စိတ်ထဲ ကျေနပ်သလို ခံစားနေရသည်။ ကိုယ့်သူငယ်ချင်းမှာ ကားရှိနေတယ်လို့ ဂုဏ်ယူကျေနပ်နေတာ မဟုတ်။ ပြောမပြတတ်။ ရင်ထဲမှာ တစ်စုံတစ်ရာရှိစေတဲ့ ရွှေတွင်းကို ကားလေးမောင်းပြီး တွေ့လိုက်ရတဲ့အပေါ် စိတ်ချမ်းသာနေရုံ သက်သက်ဖြစ်သည်။





ရွှေတွင်း ဘတ်စ်ကားကျပ်ကျပ်ထဲ ပါသွားလျှင် စိတ်မကောင်း ဖြစ်မိမည်။ သူ့အစား အသက်ရှုကျပ်မိမည်။ သူ ကားမောင်းသွားတာမြင်တော့ စိတ်ချမ်းသာသည်။

"ငါ့အဘွားက ကားရှိပြီး ဒရိုင်ဘာ မထားရဲလို့ ဒရိုင်ဘာ မရှိဘူး၊ သူ သွားစရာရှိလို့ ကားမောင်းဖို့ လိုရင် ငါသွား မောင်းပေးရတယ်"

ရွှေတွင်းက ခပ်အေးအေးပဲ ပြောနေပါသည်။

"ကြီးတော်မိသားစုလည်း ရှိသေးတယ်၊ ငါ့ကြီးတော်ရဲ့ ယောကျ်ားက နိုင်ငံခြားမှာ၊ သားသမီးတွေကလည်း ကိုးတန်း ဆယ်တန်းတွေပဲ ရှိသေးတယ် ကားမမောင်းနိုင်ဘူး၊ သူ့အိမ်ကခေါ်ရင်လည်း ငါ ကားသွားမောင်းပေးရတယ်၊ ကားမောင်းတာကတော့ ဘာရယ်မဟုတ်ဘူး၊ သင်ပြီး လိုင်စင်ယူထားလိုက်တာ၊ သူတို့ကို ကူညီနိုင်တော့ ဘာပဲဖြစ်ဖြစ် အကျိုးရှိတာပေါ့"

"နင့်အဖေဘက်က အဘွားတို့ ကြီးတော်တို့ပေါ့"

ရွှယ်ကိုးက မေးမိသည်။

"အင်း"

ရွှေတွင်းက ခေါင်းညိတ်ကာ တစ်ခဏငြိမ်နေပါသေး... ...ကြာမှ မုန့်သည်လှမ်းပေးသော ရှောက်သီးသုပ်ပန်း... ... သဇင်နှင့် ရွှယ်ကိုးကို လှမ်းပေးရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ကားသွားမောင်းပေးရင် ငါ မုန့်ဖိုးလည်း ရတာ
ပေါ့"

ဣန္ဒြေရရလေး ပြောလိုက်တဲ့ ရွှေတွင်း စကား
ကြောင့် ရွှယ်ကိုးက တစ်မျိုးလေး ခံစားလိုက်ရပါသည်။ သဇင်
ကတော့ ...

"ဟင် ... နင့်အဘွားကလည်း၊ ဒီတိုင်းနေရင်တော့ မုန့်ဖိုး
မပေးဘူးလား"

"ကားမောင်းပေးစရာ မြက်ရိတ်ပေးစရာ မလိုရင် ငါက
လည်း အလကားနေရင်း သွားမနေဘူးလေ"

"မြက်လည်း ရိတ်ပေးရတယ် ဟုတ်လား"

"ငါ့အဘွားက ယောကျ်ားအလုပ်သမား မထားရဲတဲ့ စီးပွား
ရှိတယ်၊ တစ်ခါတုန်းက သူ့ရဲ့ဒရိုင်ဘာက ကားမောင်း
ရင်း ဘေးကားကိုဆဲတာ၊ သူက မဆဲဖို့ပြောပြီး ဆူတာ
အဲသလို ဆူရပါ့မလားဆိုပြီး ဒရိုင်ဘာက သူ့ကိုစိတ်
ပြီး မီးပွိုင့်ကြီးမှာ မီးနီမိတုန်း ကားကိုရပ်ထားခဲ့ပြီး တံ
ဖွင့်ဆင်းပြန်သွားတာ"

"ဟယ် ... ဒရိုင်ဘာကလည်း ရင့်လှချည်လား"

"ငါ့အဘွားကလည်း အပေါက်ဆိုးပါတယ်၊ မီးပွိုင့်ကြီး
မောင်းသူမရှိတဲ့ကားနဲ့ သူတစ်ယောက်တည်း ကျန်
တော့ ငါ့အဘွားက ဒရိုင်ဘာအသစ်ခေါ်ဖို့ လန့်သွား





ထင်တယ်၊ သူသွားစရာရှိတဲ့ အခါတွေမှာ ငါ့ကို ကားမောင်း
ပေးဖို့ လှမ်းလှမ်းခေါ်တယ်၊ တစ်ခါတလေ ငါလည်း
အားနေရင် မြက်ပါရိတ်ပေးပြီးမှ ပြန်ရတယ် ...

ဒီနေ့ဆိုရင် မနက်ဆယ်နာရီကတည်းကနေ ခုနအထိ
ပေါ့၊ ငါ့အဘွား လုပ်ချင်တဲ့ တိုလီမိုလီကိစ္စတွေ တောက်
လျှောက် လိုက်ပို့ပေးနေတာ၊ နင်တို့နဲ့ တွေ့တဲ့အချိန်က
အဘွားကို အိမ်ပြန်ပို့တဲ့အချိန် ဖြစ်မယ်၊ အဘွားကို ဝင်
ဆံလမ်းကို ပြန်ပို့၊ မြေနီကုန်းကနေ ကားပြန်စီးပြီး ဒီကို
လာခဲ့တာ"

ဒါဖြင့် သူဟာ သူ့အဘွားပေးတယ်ဆိုတဲ့ မုန့်ဖိုး
ကို ရလာခဲ့မှာပေါ့။ ရွှယ်ကိုးသည် ရွှေတွင်းကျွေးမည့် ရှောက်သီး
သုပ် ကြာဆံဟင်းခါးကို စားရမှာ မျိုမကျသလို ဖြစ်လာပါသည်။

"နင့်အဘွားက သူဌေးပေါ့"

သဇင့် စကားကို ရွှေတွင်းက နှာခေါင်းတစ်ချက်
ရှုံ့ပြသည်။

"နင့်အဘွားက နင့်ကိုချစ်လား"

ရွှယ်ကိုးက မေးကြည့်မိသည်။ ရွှေတွင်းက ပခုံး
တစ်ချက်တွန့်ရင်း ...

"ငါလည်း မပြောတတ်ဘူး၊ ဒါပေမဲ့ ငါ့အဘွားက စကား
ပြောတာ ဆိုတာတော့ ခပ်တင်းတင်းပဲ၊ ငါ့တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းကိုတော့ မဟုတ်ဘူး၊ အားလုံးအပေါ်၊ ငါ့ကြီးတော်က ပိုသဘောကောင်းတယ်၊ ပြောတာ ဆိုတာ နူးညံ့တယ်၊ ငါ့ကို မုန့်ဖိုးပေးရင်လည်း အဘွားထက် ပိုပေးတယ်၊ အဘွား ငါ့ကို ကားခေါ်မောင်းခိုင်းတာ မြင်တော့ ကြီးတော် စိတ်ထဲမှာ ဒီလိုနည်းနဲ့ ငါ့ကို ပိုက်ဆံပေးကမ်းလို့ ရတယ်လို့ တွေးမိပုံရတယ်၊ အဲဒါကြောင့် တမင်ခေါ်မောင်းခိုင်းတဲ့ ပုံပဲ ...

အဘွား ပိုက်ဆံပေးတာက ကားမောင်းရင် ကားမောင်းသလောက်၊ မြက်ရိတ်ရင် ရိတ်သလောက် တန်ရာတန်ကြေး ပေးတာမျိုး၊ ကြီးတော်ကကျတော့ ပေးချင်သလို ပိုပိုလျှံလျှံ ပေးနေတာ၊ တကယ်တော့ ငါက သူတို့ဆီက ခုလို ပိုက်ဆံမယူချင်ပါဘူး၊ ငါ အောက်တာပေါ့၊ ဒါပေမဲ့ အဘွားကစလိုက်တဲ့ ဓာတ်လမ်းလေ၊ ငါက မြေးဆိုတော့ လက်ခံရတာပေါ့ ...

တစ်ခုတော့ ရှိတယ်၊ အဘွားက အဖေ့ရဲ့ နောက်မိန်းမကို အသိအမှတ် မပြုဘူး၊ အဖေ့ကိုလည်း ဘယ်တော့မှ စကားကောင်းကောင်း မပြောဘူး၊ ခုလို လုပ်သွားတဲ့အတွက် အမြဲ အပြစ်တင်တယ်၊ ဟိုမိန်းမကိုလည်း ဟိုးအရင်ကတည်းက လုံးဝစကားမပြောဘူး၊ ဒီတော့ နောက်ပိုင်း အဖေကလည်း အဘွားဆီ သိပ်မလာဘူး၊ ကြီးတော်





ကတော့ ခပ်အေးအေးသမား ဆိုတော့ အားလုံးနဲ့ ပြေပြေလည်လည်နေတယ်”

သူ့အကြောင်းကို စိတ်လိုလက်ရ ခပ်အေးအေးပြောပြနေတဲ့ ရွှေတွင်းကို ရွှယ်ကိုးက ငေးကြည့်နေရင်း ...

“နင်ရော နင့်အဘွားကို ချစ်လား၊ ကြီးတော်ကိုကော”

“ဟင့်အင်း ... မချစ်ပါဘူး”

“ဟင် ... နင်ကလည်း၊ ကိုယ့်အမျိုးရင်းကို”

“အမျိုးရင်း တော်တယ်ဆိုတဲ့ အသိကြောင့် ဖြစ်တဲ့သံယောဇဉ်စိတ်တော့ ရှိတယ်၊ ဒါပေမဲ့ ချစ်တော့ မချစ်ပါဘူး၊ လူတစ်ယောက်ကို ချစ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စလို့ နင်ထင်လား ရွှယ်ကိုးရဲ့၊ ချစ်နေနိုင်ဖို့လေ”

ရွှေတွင်းရဲ့ အစိမ်းပွာယ်တွေ ယှက်ဖြာနေတဲ့ မျက်ဝန်းနံ့ကို ရွှယ်ကိုး လိုက်မမိ။

“ချစ်မိပြီဆိုရင် အဲဒီလူက ကိုယ့်ကို အနည်းနဲ့အများ သိမ်းပိုက်ထားလိုက်ပြီ။ လွှမ်းမိုးထားလိုက်ပြီ၊ ကိုယ့်စိတ်ဟာ မလွတ်ကျွတ်တော့ဘူး”

ရွှေတွင်းက ခေါင်းကို ခပ်ကြမ်းကြမ်း ယမ်းပစ်ပြီး ...

“မချစ်ချင်ပါဘူး”

“အဲဒါတော့ နင် တစ်မျိုးကြီး ဖြစ်နေတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



သဇင်က ဝင်ပြောပါသည်။

"အင်းလေ ... ဖြစ်ရင်လည်း ဖြစ်နေမှာပေါ့"

"abnormal ပေါ့၊ လူဆိုတာ ပုံမှန်ချစ်တတ်ရမှာပေါ့ဟ
ငယ်တုန်းကဆို ကိုယ့်မိဘ မောင်နှမကို သူငယ်ချင်းတွေ
ကို၊ ကြီးလာရင် ကိုယ့်မိတ်ဆွေကောင်းတွေကို၊ ချစ်သူ
ဒါပုံမှန်လေ"

"ငါက ပုံမှန်ပါလို့ နင့်ကို ပြောမိလား"

"ဟွန်း ... ကိုခွ"

"နင် ငါးတန်း ခြောက်တန်း အရွယ် ခပ်ငယ်ငယ်မှာ န
တို့သားအမိတွေကို နင့်အဖေက ပစ်သွားတာမျိုး နင်ခံ
ဖူးလို့လား"

ရွှေတွင်း အမေးကြောင့် သဇင် ပါးစပ်ပိတ်သွား
သည်။ ရွှေတွင်းကိုလည်း နှစ်ယောက်လုံး စာစာနာနာ ငေးကြ
လိုက်မိကြပါသည်။ ရွှေတွင်းမျက်နှာက မှုန်တေ၍လည်းမနေ
အပြုံးလည်း ရှိမနေ။ ဒါပေမဲ့ ပုံမှန်ရှိနေတယ် ထင်ရတဲ့ မျက်
ရဲ့ အောက်ဘက်မှာ တစ်စုံတစ်ရာကို နာနာကျင်ကျင် ခံစား
ရတာ၊ အဲဒါကိုပဲ မခံစားရသယောင် ဟန်ဆောင်ပုံဖမ်းထား
ကို ရွယ်ကိုး တွေ့နေရတယ်လို့ ထင်မိသည်။

မျက်လုံးထဲမှာ တောက်နေတဲ့ အရာလေးတချို့
ဒဏ်ရာဝေဒနာရဲ့ သဲလွန်စ,ပဲ။





"ငါ တခြားမိန်းမတစ်ယောက်နဲ့ပဲ နေတော့မယ်လို့ ပြော
ပြီး ထွက်သွားတာ၊ နောက်တစ်နေ့မှာ ဟင်းချက်စားစရာ
ပိုက်ဆံလည်းမရှိ၊ အဖေမရှိတော့ဘူးဆိုတာကို အားအိမ်
တွေ သိမှာလည်းစိုး၊ အိမ်ထဲမှာပိတ်ပြီး ကျောင်းမသွားဘဲ
ကျိတ်တောင် ငိုခဲ့ရဖူးတယ်၊ မတွေ့မကြုံဖူးလို့ ငိုမိတာပါ၊
နောက်တော့လည်း ဒါ ဒီလိုငိုနေရလောက်အောင် မဟုတ်
ဘူးဆိုတာ သဘောပေါက်လာတာပေါ့"

သူ့စကားထဲမှာကိုက နာကြည်းရိပ်က ပေါ်လွင်နေ
သည်။ ဒါကြောင့် သဇင်ရော ရွယ်ကိုးပါ စကားဝင်မထောက်ရဲ။
ရွယ်ကိုးသည် ကိုယ့်မှာလည်း ကိုယ့်ခံစားချက်နဲ့ကိုယ်မို့ ရင်ထဲ
တင်းကျပ်လာသည်။ ငိုချင်သလို လည်ချောင်းနှင့် နှာသီးဖျားဒွ
နွှန်သီးလာသည်ကို ရေတ်သီးစပ်သယောင် ရှုးရှုးရဲရဲပြုရင်း
ဟန်ဆောင်လိုက်ပါသည်။

"ရှေ့ပိုင်းတုန်းကတော့ သူ့အပြစ် သူမပေါ်အောင် ဖုံးဖိ
ရင်း မလုံမလဲနဲ့ တစ်ပြန်တစ်စီး သူက တင်းထားတာ၊
အလကားနေ အမေ့ကို ဆူ,ကြိမ်း၊ သူ့ဟာသူ ဘာဆက်
လုပ်ရမလဲ စဉ်းစားရကျပ်တိုင်း စိတ်တွေရှုပ် ရန်တွေလုပ်၊
သွားတော့မယ်လို့ ပြောတဲ့နေ့ကတော့ အမေ့ကို ရန်မလုပ်
တော့ပါဘူး၊ ဒါပေမဲ့ ဘယ်လောက်တောင် စိတ်တွေလှုပ်
ရှားမွှန်တက်နေလဲဆို မေမေက အိမ်မှာပိုက်ဆံမကိုင်ရလို့



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲပိုက်ဆံမရှိတတ်တာကို မေ့သွားပြီး ပိုက်ဆံကလေး နည်းနည်းပါးပါးတောင် မထားခဲ့တာ”

“အဲ ... အဲဒီတော့ ... နင်တို့ ... ဟိုဒင်း ... နောက်တစ်နေ့မှာ ... ဟို ... ဘယ်လို”

သဇင်ဟာ အားလည်းနာ။ သိလည်းသိချင်။ မေးတဲ့ရပ်က ရယ်ရသည်။

“နောက်နေ့ ငါတို့ ထမင်းငတ်တာပေါ့၊ မှားလို့ ထမင်းတော့ မငတ်ဘူး၊ ဟင်းငတ်တာပါ၊ ဆန်ကတော့ အိမ်မှာရှိနေတော့ ပထမနေ့က မေမေက ထမင်းချက်ပြီး ထမင်းကြော် ကြော်ပေးတယ်၊ ဖြစ်ချင်တော့ ဝယ်ထားတဲ့ဆန်အိတ်ကလည်း ကုန်ခါနီး ဖင်ကပ်အချိန်၊ ဒုတိယနေ့လည်း ထမင်းကြော်၊ တတိယနေ့ကျတော့ ဆန်ပြုတ်ပဲ ပြုတ်တော့တယ်၊ စတုတ္ထနေ့ကျတော့ ...”

ရွှေတွင်းက စကားကို ရပ်ထားလိုက်သည်။ ရွယ်ကိုးနှင့် သဇင်မှာ တထိတ်ထိတ် ခုန်သောရင်နှင့် ရွှေတွင်းကို မျက်တောင်မခတ်ကြည့်ပြီး နားစွင့်နေပါသည်။

“စတုတ္ထနေ့ကျတော့ ငါ ရပ်ရှင်ရုံသွားပြီး လက်မှတ်တိုးပေးတာတို့ ကားဖုန်သုတ်ပေးတာတို့ တစ်နေကုန် လုပ်နေတယ်၊ ညနေ အိမ်ပြန်လာတော့ နောက်တစ်နေ့ ချက်ဖို့ဆန်ဝယ်လောက်တဲ့ ပိုက်ဆံတော့ ပါလာတယ်၊ လေးရက်





ဆက်တိုက် ငိုနေတဲ့ မေမေလည်း တိခနဲ အငိုတိတ်သွားတယ်၊ ငါ့ကိုလည်း ကလေကချေ အလေနတောတွေ လုပ်ဦးဆိုပြီး ရိုက်တယ်၊ နောက်နေ့ကျတော့ မေမေ သူ့သူငယ်ချင်း တစ်ယောက်ဆီက ပိုက်ဆံသွားချေးပြီး လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ခရမ်းချဉ်သီးသုပ်၊ မြင်းခွာရွက်သုပ်၊ ပုစွန်ခြောက်သုပ် အသုပ် အစုံရောင်းတဲ့ ဆိုင်လေးဖွင့်လိုက်တယ်၊ အအေးလည်း ရတယ်၊ သံဘူးတို့ မန်ကျည်းတို့ ဖျော်ရည်တွေပေါ့၊ ရောင်းရတယ်၊ မေမေက လက်ဖြစ်တယ်လေ၊ လူတွေက ထမင်းဖြူလေးပါ မှာမှာစားလို့ ထမင်းဖြူလေးပါ တွဲရောင်းတာ နှစ်ပေါင်းများစွာပဲ၊ အေးအေးချမ်းချမ်း စားလောက်တယ်၊ ဒါပေမဲ့ ...”

ရွယ်ကိုးက သူတို့နှစ်ယောက်ဘက် မလှည့်တော့ဘဲ ...ကိုလိမ်၍ ဟိုတစ်ဖက်ကို လှည့်ထားပါသည်။ ဘယ်လောက် ...စပ်ချင်ယောင်ဆောင်ဆောင် စီးကျလာတဲ့ မျက်ရည်တို့က ...တီး စပ်တာထက်ကို ပိုနေပြီ။ ရင်ထဲက ဘယ်နေရာကို ...ည့်ကည့်ထိသွားသည် မသိဘဲ ရင်ထဲနင့်၍ လှိုက်၍ ခံစားချက် ... အလိပ်လိုက် အလုံးလိုက် ထကြွဆို့နင့်လာသည်မှာ ဟန် ...ာင်လို့ မရနိုင်တော့အောင် ဖြစ်သည်။

“ဟိတ် ... ရွယ်ကိုး”

“အင်း”



www.burmeseclassic.com

www.burmeseclassic.com



လှည့်မကြည့်ဘဲ ရွှေတွင်းကို ထူးလိုက်တဲ့ အသံက အစ်နေသည်။ ရွှေတွင်းက ရွှယ်ကိုးရဲ့ မေးစေ့ကို ဒီဘက်ဆွဲလှည့်ဖို့ မဝံ့ရဲတဲ့အတွက် ထိုင်ရာကထ,ကာ ခါးကိုင်းပြီး ရွှယ်ကိုးရဲ့ မျက်နှာကို မြင်ရအောင် ကုန်းကွကြီးကြည့်ကာ ...

"ရွှယ်ကိုး ဘာဖြစ်လို့ နင် ငိုတာလဲ"

ရွှယ်ကိုးက ရှက်သွားကာ သိသိသာသာ ပါးပြင်ကို ပွတ်သုတ်ပြီး မျက်ရည်သုတ်ပစ်လိုက်ရပါသည်။ ရွှေတွင်းရဲ့မျက်နှာက အလွန်ကို စိတ်မကောင်းဖြစ်တဲ့ရုပ်နှင့် ငြိမ်သက်သွားတာမို့ ရွှယ်ကိုးက ပြုံးပြီး ဒီဘက်ပြန်လှည့်ကာ ...

"ဘာမှ မဖြစ်ပါဘူး"

ရွှေတွင်းရဲ့ မျက်ဝန်းဟာ ရီလဲ့နေသည်။

"ဘာလို့ ငိုတာလဲ"

"မသိဘူး၊ ငိုချင်လာတာ"

"ငိုတာ အကြောင်းတစ်ခုခု ရှိတာပေါ့၊ ငါပြောတာတွေထဲမှာ ဘာပါသွားလဲ"

ထိုစကားကြောင့် ရွှယ်ကိုးက လှစ်ခနဲပြုံးရသည်။ သူပြောသမျှက ရွှယ်ကိုးရဲ့ရင်ကို ထိခိုက်ကာ ဝမ်းနည်းစရာတွေချည်းပဲဟာ။ ဘာပါသွားလဲတဲ့။ အကုန်လုံး ပါသွားတာပဲ။

"ငါ့ဟာငါ စိတ်မကောင်းလို့ပါ၊ ဘာမှမဖြစ်ပါဘူး ရွှေတွင်းရာ"





"နင်က သူများအကြောင်း ကြားတာနဲ့တင် စိတ်မကောင်းပြီး ငိုတတ်တယ် ဟုတ်လား"

"အဟင်း"

ရွှယ်ကိုးက ရှက်သလို ရယ်မောနေပါသည်။ ရွှေတွင်း ကို သူတို့အဖေ ပစ်သွားတဲ့အကြောင်း ကြားရတော့ ရွှယ်ကိုး စိတ်ထဲ ကိုယ့်ကိုယ်ကိုယ်နှင့် နှိုင်းယှဉ်ကိုယ်ချင်းစာကာ ဝမ်းနည်း ဖြစ်တာပေါ့။ ရွှေတွင်းကိုလည်း ရွှယ်ကိုးရဲ့ မိသားစုအကြောင်းတွေ ပြောပြချင်သေးသည်။ ဖေဖေ့ကို မကျေနပ်တာကြောင့် အလကား ရင်း ဘုဆတ်ဆတ် ဖြစ်လာတဲ့ ကိုကိုဟာ မေမေနှင့်လည်း တကျက်ကျက်၊ ရွှယ်ကိုးနဲ့လည်း တကျက်ကျက်၊ တစ်လောက ကို မကျေနပ်ဘဲ ဖြစ်နေတာကြောင့် မိသားစုတွင်းမှာ စိတ် ညစ်စရာတွေ ဖြစ်နေရသည်။

ဒါတွေကို တွေးရင်း မြင်ရင်း ရွှေတွင်း စကားတွေ ထောင်ရင်း ခံစားချက်တွေ တိုက်ဆိုင်ကုန်တော့ မျက်ရည်က သို့လို ထွက်လာရပါသည်။

"နောက်ဆို ပြောမပြတော့ဘူး"

"ပြောပါ၊ ငါ နားထောင်ချင်ပါတယ်"

"နားထောင်ပြီးရင် နင်က ငိုနေမှာ"

"အစပထမဆုံး စ,ကြားရတာမို့ပါ၊ နောက်တော့လည်း ငိုချင်မှ ငိုတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါကလည်း အသေးစိတ်တွေ လျှောက်ပြောမိတာကိုး၊ နှိမ့်ရင် ငါ အင်မတန် ပြောခဲ့ပါတယ်၊ ဘယ်သူ့ကိုမှ သိပ်ပြောတာ မဟုတ်ဘူး၊ အခုက စကားလည်းစပ်သွားလို့"

သဇင်က စားနေတာကို လက်စသတ်လိုက်ပြီး ...

"ပြောသွားတဲ့ စကားတွေ အားလုံးကို အနှစ်ချုပ်ထုတ်လိုက်ရင် နင်ဟာ ဒီလို ဒီလို ကြုံထားဖူးတဲ့ လူဖြစ်လို့ တော်ရုံတန်ရုံ လူတွေကို မချစ်တတ်ဘူးပေါ့နော်၊ မချစ်ချင်ဘူးပေါ့၊ ဟုတ်လား"

ရွှေတွင်းက ပခုံးကို တွန့်သည်။

ထို့နောက်တော့ ရွှေတွင်းက ရွှယ်ကိုးရဲ့ ခပ်ငယ်ငယ် မျက်နှာကို အကဲခတ်နေသည်။ ဒါကို ရွှယ်ကိုး ရိပ်မိပါသည်။ ရွှေတွင်းကို တစ်နေ့တော့ ကိုယ့်ရဲ့အဖြစ်အပျက်တွေ ပြောပြချင်ပါသေးသည်။ ဒါပေမဲ့ ခုတော့ သဇင်ရှိလို့ မပြောချင်။ သဇင်နဲ့က ပေါင်းလာတာကြာပြီ၊ ရွှေတွင်းထက်တောင် ပိုရင်းနှီးခင်မင်တာ မှန်ပေမယ့် သဇင်တို့ မိသားစုက အင်မတန် ပျော်ရွှင်ဖို့ကောင်းတဲ့ မိသားစုလေ။

တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြတာ သိသာနေတာ။ သဇင့် အဖေကလည်း သဇင့်အမေကို အင်မတန် ဂရုစိုက် ချစ်ခင်သည်။ သားသမီးသုံးယောက်ဟာ စိတ်ညစ် စိတ်





ဆင်းရဲရတယ်လို့ တစ်ခါမှ ညည်းညူသံ မကြားစဖူး။ အမြဲရယ်တာ ပျော်ရွှင်နေရတာ။ အဲသလိုကျတော့လည်း သဇင့်ကို ကိုယ့်အဖေအကြောင်း ဖွင့်ပြောရမှာ လိပ်ပြာငယ်သလို ခံစားရပါသည်။

ကိုယ့်ထက် အခြေအနေဆိုးတယ် ထင်မိတဲ့ ရွှေတွင်းကိုတော့ ရင်ဖွင့်ချင်တာပေါ့။ ဖုန်းလေး ဘာလေး စကားပြောရအောင်ကလည်း ရွှေတွင်းတို့အိမ်မှာ ဖုန်းမရှိ။ အနီးအနားက ဆက်သွယ်နိုင်သောဖုန်းတော့ ရှိပေမယ့် ဘယ်အေးအေးဆေးဆေး စကားပြောလို့ ရမှာလဲ။ ရွှယ်ကိုးက ရွှေတွင်း စိတ်မကောင်းဖြစ်အောင် နှုတ်ခမ်းကို ပြုံးထားပြီး ရင်ထဲကကျိတ်၍ သက်ပြင်းရှိုက်နေမိပါသည်။

❖ ✪ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၅

ဖေဖေ ဒီမှာရှိတဲ့ ရက်တွေဆိုရင် ရွှယ်ကိုး တ

ယောက် အဖေကို ပြုစုချွဲနွဲ့ရတာ ပျာနေသည်။ ဖေဖေ့လေယာ

ခရီးစဉ် ယိုးဒယားကို ပျံသန်းသည့်ရက်ဆိုလည်း ရွှယ်ကိုး

လိုချင်ချင် မလိုချင်ချင် တစ်ခုခု တလေလေနဲ့တော့ မှာလိုက်သည်

ဒါမှ ပြန်လာရင် ဖေဖေ ရွှယ်ကိုးတို့ဆီ ဝင်မှာ။

တစ်ခါတစ်ရံ ဖေဖေက "ရုံးမှာပဲ အိပ်လိုက်မယ်"

တာမျိုးက ရှိသေးသည်။

"ဖေဖေ ဂျူတီတွေ ရက်ဆက်မယူနဲ့၊ ဒီတစ်ခေါက် ပြ

လာရင် သမီး ဖေဖေ့ကို မုန့်ဟင်းခါး ချက်ကျွေးမလို့"

ကျောက်ကျော ထိုးကျွေးမလို့၊ မလေးရှားကြေ

ကျွေးမလို့နှင့် တစ်မျိုးပြီးတစ်မျိုး ဖေဖေ့အကြိုက်တွေ ကြိုးစားသ

ယူသည်။ ဘယ်သူ့ဆီက သင်တယ်လို့ ထင်သနည်း။ ရွှေတွင်း

အမေဟာ အစားအသောက်မှန်သမျှ အမျိုးစုံစုံကို ဆိုင်လက်





ထွက်အောင် ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်တယ်လို့ ရွှေတွင်း ဆီက သိရလေရော ...

"ရွှေတွင်း ... ငါ ညကျ နင်တို့အိမ်နားက စတိုးဆိုင်ဖုန်း ကို ဆက်လိုက်မယ်နော်၊ နင့်အမေကို စကားပြောလို့ရမ လားဟင်"

"ငါ့အမေကို ! ! "

"အင်း"

"နင်က ဘာပြောမလို့လဲ"

"နင့်ပြောစကားတွေထဲမှာ နင့်အမေက မုန့်မျိုးစုံတွေလုပ် တတ်တာ အမြဲပါတော့ ငါ သီးစုံကျောက်ကျောထိုးတာ လေး နည်းမေးချင်လို့ပါ"

"ဘာလုပ်ဖို့လဲ"

"ဖေဖေက အရမ်းကြိုက်တာဟ၊ ဖေဖေ့ကို လုပ်ကျွေးမလို့"

"ဖုန်းထဲကပဲမေးပြီး လုပ်လို့ရပါ့မလား"

"မသိဘူးလေ၊ စမ်းကြည့်မှာပေါ့၊ နင်ပြောတော့ နင့်အမေ က နေ့လယ်နေ့ခင်းတွေ မအားတတ်ဘူး၊ အိမ်မှာမရှိတတ် ဘူးဆို၊ ဒီတော့ ညဘက်ပဲ ဖုန်းနဲ့မေးမြန်းရမလို ဖြစ်နေ တာပေါ့ဟ၊ နင့်အမေကိုပဲ ငါအားနာတာ၊ ငါ့ကိုသိလည်း မသိ မြင်လည်းမမြင်ဖူးဘဲနဲ့ ဖုန်းထဲကနေ ခုလိုမေးရတာ ရိုင်းရာကျမလားလို့"

www.burmeseclassic.com

www.burmeseclassic.com



ရွှေတွင်းက ဒီလောက်တောင် အဖေ့ကို မုန့်လုပ်ကျွေးချင်နေတဲ့ ရှယ်ကိုးကို နားမလည်သလို အူကြောင်ကြောင် ရယ်ဟဟ ဖြစ်နေကာ ...

"ရိုင်းရာမကျပါဘူး၊ မသိတာ မေးတာပဲဟာ"

"နင့်အမေကို နင် ပြောထားပေးနော်၊ ငါ ညကျဆက်လိုက်မယ်"

"အေးပါ၊ ပြောတာက ပြောထားပေးပါ့မယ်၊ ထူးထူးဆန်းဆန်း နင့်ဟာကလည်း၊ နင့်မှာ တခြားမေးစရာလူ မရှိတော့ဘူးလား"

"ဟင့်အင်း၊ ဖေဖေ့ကိုလည်း ငါက ဒီတစ်ပတ်ပြန်လာရင် သီးစုံကျောက်ကျော လုပ်ကျွေးမယ်လို့ ပြောလိုက်မိရက်သား ဖြစ်နေပြီ"

"ကြိုပြောလိုက်ရသလားဟ၊ တော်ကြာ ငါ့အမေဆီက မေးလို့မရဘူးဆိုရင် ခက်နေဦးမယ်"

"နင့်အမေ မုန့်တွေအရမ်းလုပ်တတ်တယ် ဆိုတာ နင်ပြောပြပြီးမှ ငါက စိတ်ကူးရပြီးမှ ဖေဖေ့ကို ပြောတာလေ"

ရွှေတွင်းဟာ အသည်းအသန် ဖြစ်နေတဲ့ ရှယ်ကိုးကို ရယ်မောခဲ့ရပြီး အိမ်ရောက်တော့ မေမေ့ကို ပြောပြရပါသည်။ မေမေကလည်း အံ့အားသင့်ကာ "ဘယ်သူလဲ" "ဘယ်ကလဲ"နှင့် မေးမဆုံး။

"သင်တန်းက သူငယ်ချင်း ကောင်မလေးပါ မေမေ"





သူ့သားမှာ မိန်းကလေးသူငယ်ချင်းရှိတာ တစ်ကြိမ်တစ်ခါမှ မကြားရဖူးတဲ့ ရွှေတွင်း မေမေသည် သားကိုလှည့်ပတ် မေးခွန်းထုတ်လို့မဆုံး ဖြစ်သည်။

"သူ့အဖေကို သူကိုယ်တိုင် မုန့်လုပ်ကျွေးချင်နေတာတဲ့ မေမေရဲ့၊ ဘာအရူးထ,တာလဲတော့ သားလည်းမသိဘူး၊ သူကလည်း ဘာမှမလုပ်တတ်တော့ မေမေ့ဆီက သင်မယ်ချည်း လုပ်နေတာ၊ သားကလည်း မေမေ ဘာမဆို လုပ်တတ် ချက်တတ်ကြောင်း လျှာရှည်ပြီး ကြွားထားမိတယ်၊ ပြောပြပေးလိုက်ပါ မေမေရယ်"

"ပြောပြပေးပါတယ်၊ အပန်းမကြီးပါဘူး သားရဲ့၊ မေမေက ထူးဆန်းနေလို့ပါ"

ရွှေတွင်းရဲ့ မေမေဟာ သဘောကောင်းတဲ့သူ ဖြစ်ပါသည်။ သာမန်မိသားစုမှ မွေးဖွားလူဖြစ်လာခဲ့ပြီး သူဌေးသားတစ်ယောက်ဖြစ်တဲ့ ဖေဖေနှင့် ချစ်ကြိုက်အကြောင်းပါခဲ့တာ။ မေမေဟာ ဖေဖေ့ကို ချစ်တယ်ဆိုတာထက် အရိုသေ အလေးစား အကြောက်လန့်က ပိုလိမ့်မည်လို့ ရွှေတွင်း ထင်သည်။

တစ်ဆင့်နိမ့်ပြီး တပည့်ကလေးလို ရိုကျိုးဆက်ဆံခဲ့တာတွေ ရွှေတွင်း မှတ်မိသားပင်။ ဖေဖေ့ကို ပြန်ပြောတယ် ရန်လုပ်တယ် ဆိုတာမျိုး မတွေ့ဖူးခဲ့။ ဒါနဲ့တောင် ဖေဖေက ပစ်သွားရက်ခဲ့သေးသည်။ ဖေဖေ့နောက်မိန်းမကတော့ အချွဲကောင်း အနွဲ့ကောင်း မိန်းမလည်လို့ သတင်းကြားပါသည်။

www.burmeseclassic.com



(အင်းလေ … သူတစ်ပါးကို မဝေဖန် မပုတ်ခတ်ချင်ပါဘူး။ မပြောချင်ပါဘူး။ သူ့ကို ကိုယ်ကပြောလျှင် ကိုယ့်ကိုလည်း သူက ပြောစရာရှိတတ်သည်။ ဒါကြောင့် ရွှေတွင်းသည် နှုတ်ကိုပိတ်၍ စကားနည်းနည်းနှင့် နေတတ်သူ။)

အဲဒီ ပထမဆုံး ရွှယ်ကိုး ဖုန်းဆက်တဲ့ညက စတိုးဆိုင်ကို ရွှေတွင်းပါ လိုက်သွားကာ မေမေ့ဘေးက ထိုင်စောင့်နားစွင့်သည်။ မေမေသည် အို့တို့အမ်းတမ်း ဖြစ်နေကာ သီးစုံဂျယ်လီကျောက်ကျောလုပ်နည်းကို ရွှယ်ကိုးကို သူ ပြောတတ်သလို သင်ပြောပြနေပါသည်။

မေမေဟာ သူက လူကြီးဖြစ်ပြီး တစ်ဖက်က ရွှယ်ကိုးကို ရှိန်နေသေးသည်။ မေမေက အဲသလို မေမေ။ အဲဒီနေ့က ဖုန်းချအပြီး …

"ကောင်မလေးက တော်တော်ယဉ်ကျေးတာပဲ သားရဲ့၊ အသံလေးကလည်း သာယာလိုက်တာ၊ မေမေ့ကိုလည်း ကျေးဇူးအထပ်ထပ် တင်လို့မဆုံးဘူး၊ သူ့အဖေက အိမ်မှာ အဲသလို မုန့်လုပ်စားရတာမျိုး သိပ်သဘောကျတာတဲ့၊ အစားအသောက် ကောင်းကောင်းလည်း ကြိုက်တတ်တာတဲ့၊ သူ့အမေကလည်း ဘာမှမုန့်မလုပ်တတ်ဘူးတဲ့၊ သူ့အဖေ စားချင်တာရှိရင် အချိန်မရွေး ကားမောင်းပြီး ပြေးဝယ်ပေးမယ်၊ ဒါပဲတဲ့"





ဤသို့ဖြင့် ရွှေတွင်းအမေနှင့် ရွှယ်ကိုးတို့ တစ်ယောက်ကိုတစ်ယောက် မမြင်ဖူးသေးဘဲ အလွမ်းသင့် ခင်မင်ကာ မကြာမကြာ ရွှယ်ကိုးက မုန့်လုပ်နည်း တစ်မျိုးပြီးတစ်မျိုးကို ဖုန်းက တစ်ဆင့် သင်သည်။ ရွှေတွင်းအမေကလည်း စိတ်ရှည်လက်ရှည် ပြောပြသည်။ ရွှယ်ကိုးက တစ်ဖက်ကနေ စာအုပ်ထဲ အသေအချာ ချရေးမှတ်တာ ဖြစ်သည်။

"ဖေဖေကလေ ငါလုပ်ပေးတဲ့မုန့်တွေ သိပ်ကြိုက်တာပဲ၊ တကယ်ချီးကျူးတာ သိလား၊ နင့်အမေရဲ့လုပ်နည်းတွေနဲ့ ဘာဘယ်လောက်ထည့် ဆိုတဲ့ အတိုင်းအဆတွေကလည်း ဖေဖေ့အကြိုက်နဲ့ ကွက်တိပဲ သိလား၊ ဖေဖေက တအား အံ့သြပြီး ငါ့ကိုမေးတာ၊ ဘယ်သူသင်ပေးလဲတဲ့၊ သမီးသူငယ်ချင်းရဲ့အမေက သင်ပေးတယ်လို့ ငါပြောတာပေါ့၊ ဖေဖေက အံ့သြလို့"

ပြုံးပြုံးကလေးနှင့် မျက်ဝန်းလေးတွေ ရွှန်းစိုရီလဲ့သောက်ပကာ ပြောပြတတ်တဲ့ ရွှယ်ကိုး စကားတို့ကို ရွှေတွင်း ကြည်ကြည်နူးနူး နားထောင်ရတတ်သည်။

"အန်တီ့ကို သိပ်ကျေးဇူးတင်တာပဲ သိလား၊ တစ်ခါလောက်တော့ နင့်အမေနဲ့ ဆုံဖူးချင်သေးတယ်"

ရွှေတွင်းကလည်း မေမေနှင့် ရွှယ်ကိုးကို ဆုံတွေ့ပေးဖို့ စိတ်ကူးရည်ရွယ်ထားပါသည်။ ဖုန်းထဲမှာ အကြိမ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေကြပြီးပြီဥစ္စာ။ သူတို့ ဆုံတွေ့ဖို့အတွက်က ရွှယ်ကိုး တို့ အိမ်တိုင်ခေါ်မှ ဖြစ်မည်။ တကူးတက အိမ်ကိုလိုက်လည် ဖို့ စိတ်ဖို့ကျတော့လည်း ရွှယ်ကိုးကို ရွှေတွင်းက အားနာမိကာ မခေါ်ဖြစ်ဘဲ ရှိသည်။

ရွှယ်ကိုးကတော့ ထုံးစံမပျက် တစ်ပတ်ကို နှစ်မျိုး လောက် ဆက်တိုက်ကို မေးမြန်းသင်ယူနေတော့တာပင်။ တက်တက်ကြွကြွ မေးလိုက်၊ တက်တက်ကြွကြွ ချက်ပြုတ်လုပ်ကိုင်လိုက်။ ရွှယ်ကိုးတို့ အိမ်ဘက်တွင်တော့ မေမေဟာ ရွှယ်ကိုးကို အံ့သြလက် ဖျားခါနေသည်။ မေမေက ထမင်းဟင်းကို ဘိုစာ တရုတ်စာ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင် တည်ခင်းတတ်သော်လည်း ဘာမုန့်မှ မလုပ်တတ်။

"သမီး ဖုန်းဆက်မေးနေတာ ဘယ်သူ့ဆီလဲ"

"မေမေ့ကို တစ်ခါပြဖူးတဲ့ သင်တန်းက ကောင်လေးလေ၊ ရွှေတွင်း ဆိုတာလေ၊ သူ့အမေဆီကပေါ့"

"သူ့အမေနဲ့ပါ သမီးက ခင်တာလား"

"မြင်တောင် မမြင်ဖူးဘူး၊ ဖုန်းထဲကပဲ စကားပြောဖူးတာ မေမေရဲ့"

"သူက အစုံတတ်တာပဲလား"

"အစုံတတ်တယ် မေမေ၊ အခုကိုပဲ သမီး သူ့ဆီကနည်း မေးပြီး သင်နေတာ ငါးမျိုးခြောက်မျိုး ရှိနေပြီဟာ"





ဖေဖေက ဘာကိုမဆို အပြင်က အသင့်ဝယ်စားနိုင် သော်လည်း ဒီနေ့အိမ်မှာ ဘာမုန့်လုပ်စားတယ် ဆိုတာမျိုးကို ပျော်ရွှင်နှစ်ခြိုက်တတ်တဲ့လူစား ဖြစ်သည်။

"ကဲ ... လုပ်ပါဦး၊ ဒီနေ့ ဘာလက်စွမ်းပြဦးမှာလဲ"

အဲသလို ဖေဖေ မေးလိုက်လို့ ရွှယ်ကိုးက "ဒီကနေ့ တော့ ဘာ"ဆိုတာ မဆိုင်းမတွ ပြောလိုက်လျှင် ဖေဖေ တဟား ဟား သဘောကျပြီ။ ဖေဖေ့အဘွား၊ ဖေဖေ့အမေတို့ဟာ ငယ်ငယ် တုန်းက ဆွေမျိုးတွေ တစ်စုတစ်ဝေးကြီး စုနေကြလျက် Breakfast အတွက် မုန့်ဟင်းခါးချက်လျှင်ပင် တစ်အိမ်လုံးစာ တစ်အိုး ကြီး။ ကောက်ညှင်းပေါင်းလျှင် တစ်တောင်းကြီး။

ဆွေမျိုးအုပ်စုထဲက ကလေးတွေ နေ့လယ်အဆာ ပြေစားဖို့ ဖေဖေ့အဘွား အမေ အဒေါ်တို့က ပူတင်းဖုတ်လျှင် ဗန်းကြီးကြီးနှစ်ဗန်း၊ သာကူကျိုလျှင်အိုးလိုက်၊ တစ်နေကုန် ကိုယ့် အိမ်စားဖို့ မုန့်ကိုယ်တိုင်လုပ်နေကြတာ။ ဖေဖေဟာ ရွှယ်ကိုး လုပ်ကျွေးတဲ့ မုန့်တို့ကို စားရင်း သူ့ရဲ့ ငယ်စဉ်ကလေးဘဝကို အမှတ်ရလာသည်ရယ်လို့ ကြည်ကြည်နူးနူး ပြောဖူးပါသည်။

ရွှယ်ကိုးရဲ့ စားသောက်ဖွယ်ရာတို့ဟာ ဖေဖေ့စိတ်ဝင် စားမှုကို ရစေတဲ့ ဆွဲဆောင်မှုတစ်မျိုးဖြစ်ရာ မေမေလည်း စိတ် ချမ်းသာလျက် ရှိတတ်သည်။ ဖေဖေဟာ သူ့ကလေးမဆီ မသွား ဘူးတော့ မဟုတ်။ သွားသည်။ အိမ်က မိသားစုဘက် လုံးဝချိန် မပေးတော့သလို ရှိရာက ခုတော့ အချိန်ပေးဖြစ်လာတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေဟာ သူ့မိန်းကလေးကို သူ့အတွက် Air line က ထုတ်ပေးထားတဲ့ Free Ticket နှင့် ဗန်ကောက်ကို ကြော ကြော ခေါ်သွားသည်ဆိုတဲ့ သတင်းလည်း ရွှယ်ကိုးတို့ ကြားပါသည်။ ဘာတတ်နိုင်မှာလဲ။ ခေါ်သွားပါစေ။ မေမေ့ကို ခေါ်ရင်တောင် မေမေဟာ အိမ်မှုကိစ္စနှင့် သားနှင့် သမီးကို နှစ်ရက်လောက် ပစ်ထားခဲ့ရမှာနှင့် တစ်ခါတစ်ရံထက်ပိုပြီး ဘယ်လိုက်နိုင်မှာလဲ။

တစ်ဖက်ကို ဘယ်လိုပဲ Treat လုပ်လုပ် ရွှယ်ကိုးတို့ မိသားစုဘက်ကို အရင်ကထက်ပိုပြီး ပြန်လည်အချိန်ပေးလာတာအတွက် ဝမ်းသာလှပြီ။ ခရီးထွက်တာနှင့် ရုံးမှာအိပ်လိုက်တာနှင့် အိမ်အဝင်အထွက် လွဲနေကြတာနှင့် ဖေဖေ့ကို ခပ်ကြာကြာနေမှ တစ်ခါတစ်ရံ မျက်နှာချင်းဆိုင်ခဲ့ရတဲ့ မိသားစုဟာ နှစ်ရက်တစ်ခါလောက် ပုံမှန်တစ်ရက် ပိုင်ဆိုင်ခွင့်ရတဲ့အပေါ် ကျေနပ်ပါသည်။

မှုန်ကုပ်ပုပ်သိုးနေတဲ့ ကိုကိုပင်လျှင် ဖေဖေ့ကို ရွှယ်ကိုးအိမ်ကပ်အောင် ဆွဲဆောင်စည်းရုံးရေး ဆင်းနေတာကို ရိပ်မိတတ်လာကာ ကရုဏာလည်းသက်၊ ကျေးဇူးလည်းတင်တဲ့ မျက်နှာမျိုးကြီးနှင့် ထိပ်ပုတ်သွား၊ ပါးလိမ်ဆွဲသွား။ ကြားသားမိုးကြိုးရွှယ်ကိုး မုန့်လုပ်တဲ့အခါ အုန်းသီးကျွခြစ်ပေးတာမျိုး၊ မုန့်နှဲပေးတာမျိုးတွေ အားရင် အားသလို ကူညီလာပါသည်။

ရွှယ်ကိုးဟာ ဖေဖေ ပြန်လာပြီး အိမ်မှာနားတဲ့ရက်တွေဆို ...





"ဖေဖေ ... သမီး ဇက်ကြောဆွဲပေးမယ်၊ နှိပ်ပေးမယ်လေ၊ ဖေဖေ ညောင်းနေတယ် မဟုတ်လား"

"ဖေဖေ ... သမီး ဖေဖေ့ကို ဆိုင်မှာလို မျက်နှာချေးပြီး ပေါင်းတင်ပေးမယ်"

"ဖေဖေ့ကို ခြေသည်း လက်သည်း ညှပ်ပေးဦးမယ်"

အတင်း ဖေဖေ့နား ပူးကပ်နေကာ တစ်ခုခုတော့ ပြုပြုစုစု ယုယုယယ လုပ်နေတတ်ပါသည်။ ဟိုးအရင်ကတော့ ကိုယ့်အဖေကိုယ် ချစ်ပေမဲ့ ဂရုတစိုက်တော့ မရှိမိတာ အမှန်ပင်။ ကိုယ့် စိတ်ဝင်စားရာနှင့်ကိုယ် နေတတ်သလို နေနေတာပင်။

"ယောကျ်ားဆိုတာ အပြုစု အယုယ သိပ်ကြိုက်တာ ယုယုရဲ့၊ နင်က တစ်ချိန်လုံး မိသားစုကိစ္စ အိမ်မှုကိစ္စပဲ လုပ်နေတာတော့ မှန်ပါရဲ့၊ သူ့နား ပူးပူးကပ်ကပ်နဲ့ ပြုစုယုယတာမျိုးတော့ မလုပ်တတ်ဘူး မဟုတ်လား၊ လုပ်ရတယ်ဟဲ့ ယုယုရဲ့"

အန်တီဇင်ဟာ အပျိုကြီးသာ ဖြစ်ပေမယ့် မေမေ့ကို ဒီလိုတော့ သွန်သင်တတ်သည်။

"မလုပ်တတ်ပါဘူး ဇင်ရယ်၊ လုပ်လည်း မလုပ်ချင်ဘူး၊ အရင်က လုပ်နေမကျခဲ့တော့ ခုမှထ,လုပ်ပေးပြန်ရင်လည်း ဟိုတစ်ဖက်နဲ့ ပြိုင်ရ ဆိုင်ရသလို သိက္ခာကျသလိုပဲဟယ်၊ ငါ ရှက်တယ်၊ အဲဒါတွေတော့ လုပ်မနေတော့ပါဘူး၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကို ရန်မလုပ်ဘဲ ဗွေမယူဘဲ အိမ်မှာရှိတဲ့သခိုက် သာသာ ကြည်ကြည်နဲ့ လိုလေသေးမရှိ ဖြည့်ဆည်းပေးတယ် တော် ပြီပေါ့ဟယ်၊ အရင်က မလုပ်ခဲ့ဖူးတာတွေ ခုမှထလုပ်ပြီး ကလေးကလား ဆွဲဆောင်မြူဆွယ်ရမှာမျိုးတော့ လုပ်ဖို့ရှက် တယ်ဟာ"

မေမေနှင့် အန်တီဇင် အဲသလို ပြောသံကြားတော့ ရွှယ်ကိုးက ထိုတာဝန်ကို ဘယ်သူမှ မအပ်နှင်းဘဲ ကိုယ့်ဟာကိုယ် ယူလိုက်ပါသည်။ ဖေဖေ့ကို နှိပ်နယ်ဇက်ကြောဆွဲပေး၊ လက်သည်း ခြေသည်းညှပ်ပေး၊ မျက်နှာဆေးပေး၊ ဆံပင်ဖြူတစ်ချောင်းတလေ နုတ်ပေး။ ဟုတ်သားပဲ ဖေဖေဟာ သူ့ကို ဤသို့ပြုစုတာကို သဘောတွေကျပြီး ပြုံးပြုံးကြီး ကျေနပ်နေတတ်လေသည်။

"ဖေဖေ ကိုးမိုင်မှာ North point shopping center ကြီး ဖွင့်ပြီ၊ သွားရအောင်နော်၊ အကျယ်ကြီးတဲ့၊ သမီး သွားချင် တာ၊ လိုက်ပို့နော်"

"သွားလေ၊ ဖေဖေ ပို့ပေးမှာပေါ့"

"မေမွေလည်း လိုက်နော်၊ မေမေက အလုပ်များတယ်ဆို ပြီး နေနေရစ်ခဲ့တာနဲ့ မိသားစု သွားရတယ်ပဲ မရှိဘူး၊ ကိုကိုက ကျတော့လည်း လူပျိုကာလသားမို့ အဖေအမေ ညီမတွေ တတန်းတန်းနဲ့ မသွားချင်ဘူးတဲ့၊ မေမေတော့ မရဘူး၊ လိုက်ခဲ့ရမယ်၊ နော် ... မေမေနော်"





ဖေဖေနဲ့ တွဲသွားခဲ့လှတဲ့ မေမေ့ကိုပါ အပါခေါ်ကာ ဖေဖေ့ကိုလည်း ပူဆာရသည်။ ကိုကို မပါသော်လည်း ဖေဖေ မေမေနှင့် ရွှယ်ကိုးတို့တော့ တူတူသွားဖြစ်ခဲ့ပါသည်။ သွားတယ် သာဆိုတယ် မေမေက လှည်းတစ်ခုတွန်းပြီး သူစိတ်ဝင်စားရာ အတန်းတွေဘက် ဘယ်သူ့မှ ခေါ်မနေဘဲ စိတ်ပါလက်ပါ လျှောက်သွားနေသလို ဖေဖေကလည်း သူစိတ်ဝင်စားရာ အတန်း တွေဘက်သို့ သူ့ဟာသူ တစ်လမ်းခွဲကာ သွားသည်။

အတူတူ သူ့အကြိုက်ပြီးမှ ကိုယ့်အကြိုက် ဆိုတာမျိုး ညှိပြီးသွားမနေဘဲ ကိုယ်ကြိုက်သလိုသွား၊ ပြီးမှ ကက်ရှာကောင် တာတွေမှာ ပြန်ဆုံတာပေါ့လို့ အသီးသီး စိတ်ညီလက်ညီ မတိုင်ပင် ရဘဲ တစ်လမ်းစီ ခွဲလေရာ ရွှယ်ကိုးမှာ အလစ်မပေးချင်တဲ့ ဖေဖေ့နောက်ကိုလိုက်ဖို့ ရွေးချယ်ရသည်။

အဲဒီနေ့က ဖေဖေ့လက်ကို ချိတ်ဖက်လျက် ဖေဖေ သွားတဲ့နောက်ပဲ တကောက်ကောက်လိုက်ကာ ခြင်းတစ်လုံးဆွဲ ထားတဲ့ ရွှယ်ကိုးဟာ ဖေဖေ ဖြုတ်တဲ့ ပစ္စည်းတွေ ခြင်းထဲထည့်၊ ခြင်းထဲထည့်နှင့် ဘာကိုမှ အာရုံမပြုမိဘဲရှိစဉ် ...

"ဟိတ် ... မိပြီ ဖိုးထင်ကျော်"

အသံကျယ်ကြီးနှင့် အနားကပ် အော်လိုက်သည့် လူကြီးနှစ်ယောက်ဟာ အလကားနေရင်း အခြောက်တိုက် တဟားဟား။ တစ်ယောက်က ဖေဖေ့ထက်ပင် ကြီးဦးမည်။ တစ်ယောက် က ဖေဖေ့ထက် နည်းနည်းငယ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ခင်ဗျားတို့နှစ်ယောက် ဘာလာရှုပ်လဲ"

"ဘာမှမရှုပ်ရပါဘူးဗျာ၊ ကိုယ်တို့နှစ်ယောက်ဆုံလို့ ဘီယာ ဝိုး လာဝယ်တာပါ၊ ခင်ဗျားတော့ ဒီအချိန် ငြိမ့်နေပြီ နပ် နေပြီဆိုပြီး ဖုန်းဆက်မနေတော့တာ ဟား ဟား ဟား"

ထိုလူကြီးနှစ်ယောက်ဟာ ရွှယ်ကိုးကိုလည်း တကြည့်ကြည့်။ နေရင်းထိုင်ရင်း ဘာတွေ ရယ်စရာတွေ့နေတယ် မသိနိုင်အောင် ရယ်ရှိန်လည်း မသတ်နိုင်ကြ။

"ကဲ ... ကဲ ... ဘယ်လိုလဲ၊ ခင်ဗျားကတော့ ခြေသွက်လွန်းအားကြီးတယ် ကိုထင်ကျော်ရေ၊ လိုက်လို့ကိုမမီဘူးဗျာ"

"ဟုတ်ပ၊ ကဲ ... တစ်ခါမှလည်း မိတ်ဆက်မပေးဖူးပါလား၊ လုပ်ပါဦးလေဗျာ၊ ဟား ဟား ဟား၊ ခင်ဗျားက ဒီလိုကျိတ်ကျိတ်လေး လှုပ်ရှားလို့တော့ ဘယ်ဖြစ်မလဲဗျ၊ တစ်ယောက်ကိုတစ်ယောက် အားလုံးပေးသိကြစတမ်းဟာကို"

"ဟာ ... အစ်ကိုကြီး"

ဖေဖေ မျက်နှာပျက်ကာ ဟန့်တားလိုက်သလို ရွှယ်ကိုးပင်လျှင် ဒီလူကြီးတွေရဲ့ စကားအသွားအလာကို နားလည်ရိပ်မိလိုက်ပါသည်။ ရွှယ်ကိုး မျက်နှာကလေးပါ နီမြန်းပြီး တွင်းသွားရသည်။

"ဟာ အစ်ကိုကြီး မလုပ်နဲ့၊ ဘယ်သူလဲ၊ ဘယ်တုန်းကလဲ၊ လုပ် ... လုပ်၊ Introduce လုပ်ပါ"





ဖေဖေ့မျက်နှာဟာ အလွန်အမင်းကို ပျက်ယွင်းကာ ရွှယ်ကိုးဘက် ချိတ်ထားတဲ့ ဖေဖေ့လက်တစ်ဖက်ရဲ့ လက်ဖျံမှာပါ ချွေးစေးတွေ ရုတ်ချည်း စို့စွဲစေးထန်းလာပါသည်။ အခံရခက်ခက် စိတ်မသက်မသာ မျက်နှာနှင့် အသံခပ်ပြတ်ပြတ်ပြုကာ ...

"ကိုအေးထွန်း၊ ကိုလွင်မင်း၊ ဒါ ကျွန်တော့် သမီးပါ၊ ကျွန်တော့်သမီးအငယ် ပျိုရွှယ်ကိုးတဲ့၊ ဟိုဘက်မှာ မစ္စစ်စ်လည်း ပါတယ်၊ သူက စားသောက်တန်းဘက် သွားဝယ်နေလို့၊ အကြီးကောင်က သားလေ၊ ဒီသမီးက အငယ်မ"

ထိုအခါ ထိုဦးအေးထွန်း၊ ဦးလွင်မင်း ဆိုတဲ့ လူနှစ်ယောက်တို့မှာ မျက်နှာကြီးတွေပျက်ကာ အလွန်ပင် အိုးတိုးအမ်းတမ်း ဖြစ်သွားကြပါသည်။ မျက်နှာအထားရကြီးတွေခက်ကာ အားနာပါးနာ ရုပ်အိုအိုကြီးတွေနှင့်ပင် ...

"ဩော် ... သမီးလေးက ဘယ်အတန်း ရောက်ပြီလဲကွယ့်"

"သမီး English နဲ့ ကျောင်းပြီးပါပြီ"

ရွှယ်ကိုးက ဝမ်းနည်းသော အသံတုန်ကလေးကို ကြိုးစားထိန်းပြီး ဖြေလိုက်ရပါသည်။ သမီးအရွယ်လောက်ကလေးကို ဖေဖေ ချိတ်ထားတာ သိကြတော့ ကိုယ့်သမီးအရင်းနဲ့ တွဲလာတဲ့အခါမှာပါ အထင်လွဲကြတော့တာ ဖေဖေ မရှက်ဘူးလား ... ဒီ။

❖ ❂ ❖



www.burmeseclassic.com

www.burmeseclassic.com



# အိတ် ၆ လုံး

ဖေဖေ ဝယ်လာတဲ့ ပစ္စည်းတွေထဲက အိတ်တစ်လုံးကို ရွှယ်ကိုးက မေမေ့ထံမှ တောင်းထားပါသည်။

"မေမေ ... ဒီအိတ်ကို ရွှေတွင်းအမေကို ပေးချင်တယ်၊ အန်တီက သမီးကို မုန့်လုပ်နည်းတွေ သင်ပေးနေတာ များလှပြီ၊ သမီး လက်ဆောင်ပေးချင်လို့"

"ပေးလေ သမီး၊ ပေးလိုက်ပါ"

အိတ်ဆိုတော့ အမျိုးသမီး ကြီးကြီးငယ်ငယ် ကိုင်ကြသည်။ လူကြီးဆိုတော့ ပိုတောင်ကိုင်ဦးမည်။ ပေးလို့အမှားမရှိ။ ရွှေတွင်းအမေက အပြင်ကို ထွက်နေရတဲ့ အလုပ်လုပ်တဲ့သူမျိုးမို့ ပိုတောင် အိတ်အသုံးလိုဦးမည်။ ချောကလက်ရင့်ရောင် အိအိလည်သာနှင့် ခလုတ်က ရွှေရောင်မို့ ခန့်ခန့်ကလေး လှပသော အိတ်ကို ရွှယ်ကိုးက သင်တန်းကို ယူခဲ့သည်။





အိတ်က လူကြီးကိုင်ပုံစံပေမယ့် လူငယ်ကိုင်ရင်လည်းပဲ လှသည်။ ပုံစံကလေးက ဒီမှာ ဆင်တူမတွေ့ရသေးဘဲ အတော်လှပါသည်။ သဇင်ကတွေ့တော့ သူတောင်လိုချင်နေသေးသည်။ ရွှေရောင်ခလုတ်ကလွဲရင် အားလုံးကို သဇင် ကြိုက်သည်။

"ရွှေရောင်ခလုတ်နဲ့ မဟုတ်တာ ငါ့အဖေကို ထပ်မှာလိုက်ပေးပါ့မယ်ဟယ်"

အဲဒီနေ့က သဇင် ကျွေးအလှည့်။ သင်တန်းနှင့်မနီးမဝေးမှာ အသစ်လာဖွင့်သော အအေးဆိုင်သစ်မှာ သီးစုံဖာလူဒါစားမည်ဟု ရွှယ်ကိုးက ဆို၍ သူတို့သုံးယောက်သား ဆိုင်မှာ ဆိုင်မိကြပါသည်။ သီးစုံဖာလူဒါကို မီနူးကတ်က ဈေးဖတ်ပြီး ရွှေတွင်းက မမှာ။ သဇင်က အတင်းသောက်ခိုင်းပေမယ့် ငါးရာပဲပေးရတဲ့ ဒိန်ချဉ်အသေးကိုပဲ မှာသည်။ သဇင်က အတင်းသောက်ခိုင်း ရွှေတွင်းကငြင်း။ အိတ်အကြောင်း စကားစချင်တဲ့ ရွှယ်ကိုးမှာ နားငြီးနေရသည်။

"ရွှေတွင်း"

"ဟော ... သဇင်ပြီးတော့ ရွှယ်ကိုးက လာပြန်ပြီး ငါ တကယ်မသောက်ချင်ဘူး၊ ဈေးကြီးလို့ မဟုတ်ဘူး၊ အိတယ် မကြိုက်ဘူး ဆိုတာ ပြောပြီးပြီလေဟာ၊ အာ့ပေါက်အောင် ငြင်းပြီး ပြီးပလားမှတ်တယ် နင်က လာပြန်ပြီ"

"မလာပါဘူး ဘယ်မှာလာလို့လဲ၊ နင့်ဟာနင် ဘာစားစား ငါက ငါ့ကိစ္စနဲ့ငါ ... ဟွန်း"

www.burmeseclassic.com



"ဘာထိန္နလဲ"

"ရွှေတွင်း ... ဟောဒီအိတ်ကို အန်တီ့ကို ပေးပေးပါ"

ရွှယ်ကိုးက အပြင်က ထုပ်ထားတဲ့ စတိုးဆိုင်နာမည် တံဆိပ် ရိုက်ထားတဲ့ ပလတ်စတစ်အိတ် ထူထူဝါဝါကြီး ရွှေတွင်းထံ လှမ်းလိုက်သည်။ အိတ်က ဒီကစတိုးဆိုင်တွေက တတ်တဲ့ စက္ကူကတ်ထူအိတ် မဟုတ်ဘဲ နိုင်ငံခြားက စတိုးဆိုင် က အိတ်မှန်း သိသာသည်။

"ဘယ်အန်တီလဲ"

"ဪ ... ဘယ်အန်တီရှိရမလဲ၊ နင့်အမေပေါ့"

"ငါ့အမေ !!"

"အေးလေ ... တခြားအန်တီတွေကို ပေးဖို့ဟာဆို နင့် ပေးခိုင်းပါ့မလား"

"နေပါဦး၊ ငါ့အမေကို ဘာပေးတာလဲ"

"အိတ်"

ရွှေတွင်းက အိတ်ကို လှမ်းမယူသေးဘဲ ရွှယ် လက်ကမ်းထားတဲ့အတိုင်း ထားကာ သူ့ဘက်က ပလတ်စ အိတ်ဝကိုသာ လက်ချောင်းလေးတွေနှင့် ဆွဲဟ,ကြည့်ပါသည် အထဲကအိတ်ကိုမြင်လျှင် မျက်မှောင်တွန့်နှင့် ...

"ဟင် ... အိတ်ကြီး"

"အေးလေ ... အိတ်ပါဆို၊ တခြားဟာ ပြောမိလို့လား"





"အိတ် ... ဘာလုပ်ဖို့လဲ"

"အိတ်ဆိုတာ ကိုင်ဖို့ သုံးဖို့ပေါ့ ရွှေတွင်းရယ်၊ နင်ကလျှာ ရှည်လိုက်တာဟာ၊ ငါ့လက် ညောင်းလှပြီ၊ ရော့ ... ယူ"

"ဟင့်အင်း ... မယူပါဘူး"

ရွှယ်ကိုးသည် စိတ်တိုလာကာ ...

"ဟဲ့ ... ဘာလို့မယူရမှာလဲ၊ အန်တီ့ကို ငါလက်ဆောင် ပေးတာ၊ နင့်ကို ပေးတာလည်း မဟုတ်ဘူး၊ နင်က ကြား တည်းက မယူလို့ ရမလား"

"မေမေနဲ့ ငါက သားအမိပဲ၊ ငါမယူလည်း ရတယ်"

"နင် ဘာဖြစ်နေတာလဲ"

"နင်သာ ဘာဖြစ်နေတာလဲ၊ အလကားနေရင်း အိတ်ကြီး တစ်လုံး သူများကို ဘာကြောင့် ပေးတာလဲ"

"သူများမှ မဟုတ်တာ၊ နင့်အမေလေ"

"နင်ကလွဲရင် နင့်အတွက် သူများချည်းပဲ"

"နင် သိပ်စကားများတယ်ဟာ၊ နင့်အမေ ငါ့ကို မုန့်လုပ် နည်းတွေ သင်သင်ပေးနေတာ ငါ ဘယ်လောက်ကျေးဇူး တင်တယ်မှတ်လဲ၊ ငါ့အတွက် အရမ်းကို အကျိုးရှိတယ်၊ အဲဒီတော့ ငါ ကျေးဇူးတင်တယ်၊ ဒါပေမဲ့ ဒါဟာ အိတ် တစ်လုံးနဲ့ ကျေးဇူးဆပ်တာလည်း မဟုတ်ဘူး ရွှေတွင်း၊ ကျေးဇူးတင်ရာကနေ ဖြစ်လာတဲ့ ခင်မင်ရင်းနှီးမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ငါ့အမေ ပြန်လာတဲ့အချိန် ပစ္စည်းတချို့ပါလာတဲ့အခါ ငါခင်တဲ့ အန်တီ့ကို အိတ်လေးတစ်လုံး လက်ဆောင်ပေးချင်တယ်ဆိုပြီး ယူလာတာ ...

ကဲ ... နင်ရှင်းပြီလား"

"ရှင်းပါတယ်"

"ရှင်းရင် ရော"

"ရှင်းတာနဲ့ ယူတာနဲ့ တခြားစီပဲ ရွှယ်ကိုးရဲ့၊ နင်နားမလည်နိုင်တာကို ငါ စိတ်မဆိုးဘူး၊ နင်က ငါတို့နဲ့ ဘဝအနေအထားမှ မတူတာ၊ ငါ့ဆုံးဖြတ်ချက်ကို နားလည်ဖို့မလွယ်ဘူး၊ ငါတို့က နင်တို့လို မပြည့်စုံဘူး၊ ရှန်းကန်ရတယ်၊ လိုအပ်မှုတွေ ရှိတယ်၊ အဲဒီလို အနေအထားမှာ သူများက ချစ်ခင်လို့ပဲဖြစ်ဖြစ် တခြား ဘာကြောင့်ပဲဖြစ်ဖြစ် တစ်စုံတစ်ခုပေးတာကို လက်ခံယူရတဲ့အခါမှာ စိတ်ထဲမှာ သိမ်ငယ်တယ် ...

အလကားပေးတဲ့ ပစ္စည်းတစ်ခုကို မလိုချင်ဘူး ယူရတဲ့အခါမှာ တစ်ဖက်က ဘယ်လိုသဘောထားထား ငါ့စိတ်ထဲမှာ ငါချို့တဲ့လို့၊ ငါတို့မှာ ရှားပါးလို့၊ ငါတို့မှာ လိုအပ်နေလို့၊ ငါတို့ မဝယ်နိုင်လို့ ပေးတာဆိုတဲ့ အတွေးမျိုး ဝင်ဝင်လာတယ်၊ အဲဒါကြောင့် ငါ သူများပေးတာမယူချင်ဘူး ရွှယ်ကိုး"





"အဲဒါ နင် ရှုံးနေတာပေါ့"

ရွှယ်ကိုးက စိတ်ဆိုးမာန်ဆိုး အော်ဟစ်ပြီး ဆန့်တန်းထားတဲ့ ညောင်းလှပြီဖြစ်တဲ့ လက်ကို ပေါင်ပေါ်ပြန်တင်လိုက်သည်။ တကယ်ကို စိတ်တိုသည်။ လွယ်လွယ်ကလေး မြင်ရမယ့် မေတ္တာစေတနာ ကိစ္စမျိုးကို စစ်စစ်ပေါက်ပေါက် အနုစိပ် ခွဲချဲ့တွေးပြီး ထိတ်လန့်သဲဖို့ ခံစားနေလို့တော့ ဘဝမှာ ဘယ်လိုနေပျော်တော့မှာလဲ။

"အဲဒီအတွေးမျိုး ဝင်တယ်ဆိုကတည်းက နင် ဂေါက်နေတာ၊ တစ်ကန့် ပျက်နေတာ၊ သူငယ်ချင်းချင်း စကားကြီးစကားကျယ်ပြောတာ၊ သိပ်မှန်းစရာကောင်းတာပဲသိလား၊ နင် ဘာဖြစ်လို့ အရာရာကို မာနနဲ့ ပုံကြီးချဲ့နေတာလဲ"

သဇင်က ဝင်မဟန့်ဘဲ ပြုံးသာနေသည်။ သဇင့်စိတ်ထဲလည်း ရွှေတွင်း အပေါ် ဒီအတိုင်းရှိသည်။ သူ့မှာ သူပြန်ကျွေးနိုင်တာထက် သူပိုစားမိမှာ၊ သူပြန်ပေးနိုင်တာထက် သူပိုလက်ခံမိမှာ၊ ဒါတွေကို တွက်ချက် စိုးရိမ်နေရတဲ့ စိတ္တဇနှင့် ရူးမတတ်ဖြစ်နေသည်။ တစ်ယောက်တစ်လှည့် မုန့်ကျွေးကြတဲ့ကိစ္စကိုပင် သူ့မှာ သူကျွေးတုန်းက ဘယ်လောက်ဖိုး ငါကျွေးတုန်းက ဘယ်လောက်ဖိုးနှင့် အရှုံးတစ်ပိုင်း တွက်ချက်နေသည်။

သူရှင်းရတဲ့ငွေက ပိုရမည်။ သူများရှင်းရတာ သူ့ထက် မပိုစေရ။



www.burmeseclassic.com

www.burmeseclassic.com



"နင် အဲသလို ဟိုတွက် ဒီတွက် ဟိုတွေး ဒီတွေးနဲ့ ငါ့မှမှ ငါ့မူ၊ ငါက ဒီအတိုင်း ကျင့်သုံးရမှဆိုပြီး အရေးမကြီးတဲ့ ကိစ္စတွေမှာ စိုင်းတွာကတ်သတ်နေတာဟာ နင့်သိက္ခာ နင့်မာနကို နင် တန်ဖိုးထားနေတာလို့ နင်ထင်ပေမယ့် နင်နဲ့ ပေါင်းနေရတဲ့ ငါတို့မှာ အောက်တယ် ...

အောင့်သက်သက်နဲ့ ခံစားရတယ်၊ နင် အဲဒါ မာန ရှိတာ မဟုတ်ဘူး၊ ရူးနေတာ၊ ကိုယ်ချင်းမစာတတ်လို့ ငါ ပြောတာလို့ မထင်နဲ့၊ ကိုယ်ချင်းစာတတ်တယ်၊ နားလည် တယ်၊ နင့်မှာ အချိန်ပြည့် ဒါတွေ တွက်ချက်တွေးနေရတာ နဲ့ လူမှုရေးမှာ နုံဖျင်းလာမယ် သိလား ရွှေတွင်း ...

နင့်မှာ နင့်မာနနဲ့ နင်ရှိတာကို အသိအမှတ်ပြုပါ တယ်၊ ဒါပေမဲ့ နင့်ဟာက လွန်လွန်းပြီ၊ နင့်ဟာက တစ် ကျပ်ဖိုးပေးမှ တစ်ကျပ်ဖိုးယူမယ် ဆိုတာမျိုး၊ အဲဒါ တန်ဖိုး သတ်မှတ်တာ၊ နင်ဟာ အရာရာတိုင်းကို တန်ဖိုး သတ်မှတ်တယ်၊ တန်ဖိုးဖြတ်တယ်၊ တန်ဖိုးမဖြတ်သင့်တဲ့ စိတ်ခံစားချက်ကိုပါ တန်ဖိုးလိုက်ဖြတ်တယ် ...

နင် အရူးပဲ"

"ဟာ ... နင် ငါ့ကို ဘလိုင်းကြီး နှိပ်ကွပ်နေပါလား"

"အေး ... အဲဒီတော့ ဘာဖြစ်လဲ၊ နှိပ်ကွပ်တယ်၊ နင်က နှိပ်ကိုကွပ်ရတော့မယ်၊ နှိပ်မကွပ်ရင် သိပ်ချိုကြွနေတယ် လေ၊ နင့်လုပ်ပုံတွေ နင်အဟုတ်ကြီး မှတ်နေတယ်"





"ဟာ ... နင် ငါ့ကို အရမ်းဖိနင်းပြီး ပြောနေတယ်နော် ရွှယ်ကိုး"

ရွှေတွင်း မျက်နှာရော ရွှယ်ကိုး မျက်နှာရောဟာ တင်းမာနီမြန်းနေပါသည်။

"ပြောတော့ ဘာဖြစ်လဲ၊ ငါ ဘယ်နှခွန်းပြောလဲ၊ ဆယ် ခွန်းလား ပြန်ပြောလေ၊ နင်လည်း ဆယ်ခွန်း၊ အတိအကျ ရေတွက်တိုင်းတွာပြီး ပြောလေ၊ သူမသာ ကိုယ်မနာရ အောင်"

"ဟာ ... ရွှယ်ကိုး ... နင်"

ရွှေတွင်း မျက်နှာသည် အလွန်ကို စိတ်မကောင်း ခြင်းနှင့် ပျက်ယွင်းနေသည်။ မမျှော်လင့်ဘဲ ရွှယ်ကိုးထံမှ သူ့ ရိုက်ကို ဘွင်းဘွင်းကြီး ဖော်ထုတ်တိုက်ခိုက်တဲ့ ရင့်ရင့်သီးသီး စကားတွေကို အငိုက်မိစွာ အပြောခံနေရ၍ ရင်ထဲနင့်ပြီး အကြီး အကျယ် ခံစားနေရပါသည်။ ငြိမ်ပြီးကြည့်နေတဲ့ သခင်က ရွှေတွင်း မျက်နှာ တဖြည်းဖြည်းနှင့် တော်တော်ဆိုးဆိုးဝါးဝါး ပျက်လာတာ ကို မြင်လျှင် ရွှယ်ကိုးကို ထိန်းမှ ဟန့်မှပဲဟု စိတ်ကူးရပါတော့ သည်။

"ဟော့ ... ဟော့ ... နင်တို့ကလည်းဟာ၊ ပြောရင်းက ရုပ် ကြီးတွေက အတည်ပေါက်တွေ ဖြစ်ဖြစ်လာတယ်၊ ဒေါသ ကြီးမှပေါ့၊ ရွှယ်ကိုးကလည်းဟာ ရွှေတွင်း ရုပ်လေးကြည့် ပါဦး၊ ဖြည်းဖြည်းပြောပါဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးဟယ်၊ ငါက စိတ်တိုတိုလာပြီ၊ သူတစ်ယောက်ပဲ မာနကြီးတတ်တယ် ထင်နေလား မသိဘူး"

"နင်လည်း ကြီးတတ်တယ်ပေါ့"

"ဟိုတစ်ခါကလည်း ငါက ဘောလ်ပဲင် ပါမလာလို့ သူ့ဆီက တစ်ချောင်းငှားပြီး ရေးတယ်၊ ပြီးတော့ ကိုယ့်ဘောလ်ပဲင် မဟုတ်တော့ မှတ်မှတ်ရရ မရှိဘဲ ကောက်မသိမ်းမိဘဲ အခန်းထဲ ကျန်ရစ်တော့ သူ့ဘောလ်ပဲင်တစ်ချောင်း ဆုံးရော၊ အဲဒါနဲ့ ငါကလည်း ..."

"ငါက တစ်ချောင်း အစားပြန်တောင်းလို့လား"

"တောင်းတော့ မတောင်းဘူးပေါ့ဟဲ့ ရွှေတွင်းရဲ့၊ ဒါပေမဲ့ ငါ့ကြောင့် ပျောက်သွားတာ ငါက ပြန်မပေးချင်ရတော့ဘူးလား၊ အဲဒါ ဘောလ်ပဲင်တစ်ချောင်း လက်ဆောင်ပေးမိတာဘာဖြစ်လဲ"

"ငါ့ဘောလ်ပဲင်က ငါးရာတန်လေ၊ နင့်ဟာက Uni လေးထောင်လောက် တန်တာကြီး"

"အေး ... အဲဒါကို မုန်းတာ၊ အဲဒါကို မုန်းတာ၊ နင် ဘာဖြစ်လို့ တန်ဖိုးမရှိတဲ့ ကျပ်တွေ ပြားတွေကို နှိုင်းယှဉ်ကပ်သတ်နေရတာလဲ ရွှေတွင်း၊ တကယ်တန်ဖိုးရှိတဲ့ ဟောဒီရင်ထဲက ခင်မင်ရင်းနှီးမှုကို နင် ဘာဖြစ်လို့ မကြည့်ရတာလဲ၊ အဲဒီဘောလ်ပဲင်က လေးထောင်တန်ပါစေဦး၊ နင်ဘာဖြစ်သွားလဲ၊ ငါဘာဖြစ်သွားလဲ ..."





နင် အဲဒါကို လက်ခံလိုက်လို့ သိပ်အောက်တန်းကျသွားမလား ပြော၊ ယူမိရင် နှမဲ့အတိုင်း ခါးခါးသီးသီးကို ငြင်းတာ၊ ဘယ်လိုပေးပေး မရအောင် ဖွတ်ငြင်းတာ၊ နင် ငြင်းလိုက်လို့ နင့်စိတ်ကြိုက် မယူလိုက်ရတာတော့ ဖြစ်သွားပါရဲ့၊ ဒါပေမဲ့ ငါ့စိတ်ထဲ ဖြစ်သွားတဲ့ အခုအခံကို နင် မသိနိုင်ဘူး မဟုတ်လား"

ရွှေတွင်းက ရွှယ်ကိုးကို တွေပြီး စိုက်ကြည့်နေပါသည်။ ရွှယ်ကိုးသည် ရွှေတွင်းရဲ့ အဲဒီစရိုက် အချိုးအချိတ်ဟာ သူ့အပေါ် စိမ်းသက်လှသည်ရယ်လို့ အတော်ခံရခက်နေတာဖြစ်ရာ သည်းမခံနိုင်လောက်အောင် ခံစားရတာမို့ ထိုင်ရာက ဝုန်းခနဲ ဆ,ရပ်လိုက်ပါသည်။ တော်ပြီ။ ဒီနေ့ ကျူရှင်လည်း မတက်တော့ဘူး။ အိတ်ကို ကိုင်မြှောက်ပြရင်း ...

"အေး ... နင် ယူမသွားဘူးနော်၊ နင့်အမေကို ငါရဲအောင်ပေးပြမယ်၊ ငါ့ဟာငါ ပေးမယ်၊ ပေးချင်လို့ ပေးတယ်၊ ဘာဖြစ်တုန်း၊ နင် မကျေနပ်ရင် သေလိုက်"

ချာခနဲလှည့်ကာ ဘယ်ကိုထွက်သွားမှန်း မသိသော ရွှယ်ကိုးကို သဇင်ကလည်း မတားတော့ဘဲ ငိုင်ကြည့်နေလိုက်ပါသည်။

"သဇင် ... လိုက်ခေါ်ချည်လေဟာ"

"ဘာလို့ ခေါ်ရမှာလဲ"

www.burmeseclassic.com



"ဟာ … နင်ကလည်း"

"လူဆိုတာ သူ့စိတ်နဲ့ သူ့ကိုယ်ပဲ၊ နင်လည်း ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်ပဲ မဟုတ်လား၊ သူ ထထွက်သွားချင်နေတာ သွားပစေပေါ့။ သူ့ကို လိုက်ခေါ်ရအောင် နင်ကကော သူများဆန္ဒအတိုင်း လိုက်ညှိပြီး နေပေးဖူးလို့လား"

ရွှေတွင်းက သဇင့်ကို အံ့ဩနာကျင်စွာကြည့်ရင်း …

"သြော် … နင်ကလည်း ငါ့ကို အမြင်မကြည်နေတာကိုး"

"အမြင်မကြည်တာတော့လည်း မဟုတ်ဘူး ရွှေတွင်း၊ နင်က ငါတို့အပေါ် မကောင်းတဲ့စိတ်ထား ထားတာမှ မဟုတ်တာ၊ နင်က လူကောင်းပါ၊ နင်ကောင်းတယ်ထင်တဲ့ မှုတွေ စည်းကမ်းတွေနဲ့ နင်က ပတ်ဝန်းကျင်ကို ဆက်ဆံတာ၊ အဲဒီအခါမှာ ပေါင်းရတာ ပျော်စရာမကောင်းတော့ဘူးဟ၊ ကြားမှာ စည်းကမ်းကြီးတစ်ထပ် ရှိနေပြီး ဒါကို ထည့်တွေးနေရတာ ဘယ်လိုလုပ် လွတ်လပ်မလဲ၊ ဒီတော့ ခင်မယ့်သာ ခင်ရတယ် ခင်လို့ကောင်းတဲ့ သူငယ်ချင်း ကောင်း ဖြစ်မလာဘူး …

ရွှယ်ကိုးက ဖွင့်ပြီး ခင်တတ်တာ၊ သူက မိန်းကလေး ဖြစ်ပြီး အဆီးအတားမရှိ နင့်ကို လွတ်လွတ်လပ်လပ်ခင်တဲ့ အချိန်မှာ နင်က အကန့်အသတ်နဲ့ ငါ့စည်းကမ်းကို မထိနိုက်နဲ့ဆိုတဲ့ပုံမျိုး ဖမ်းထားတော့ သူ အောက်တာပေါ့ ဒါပဲလေ"





"ငါ ရွှယ်ကိုးကို သိပ်ခင်ပါတယ်၊ နင်လည်း တွတ္တူပဲ၊ ငါ့ ဘဝတစ်လျှောက်မှာ သိပ်ရင်းနှီး ခင်မင်တဲ့ သူငယ်ချင်း ဆိုတာ မရှိခဲ့ဘူး၊ မိန်းကလေး သူငယ်ချင်းဆိုရင် ပိုဆိုးတယ်၊ ဝေးရောပဲ၊ ငါ့ရဲ့ မပွင့်မလင်း မြိုစိစိနေတတ်တဲ့ စရိုက်ကို ငါလည်း သိပါတယ်၊ အဲဒါကြောင့်ပဲ အရင်းအချာ သူငယ်ချင်းရယ်လို့ မရှိခဲ့တဲ့ ရောက်တဲ့နေရာမှာ တွေ့တဲ့ သူနဲ့ပဲ နည်းနည်းပါးပါး ရင်းနှီးလိုက်တာမျိုးပဲ ရှိတယ် …

ကိုယ့်အားနည်းချက် ကိုယ့်သိမ်ငယ်စိတ်နဲ့ကိုယ် မိန်းကလေးတွေဆိုရင် ပေါင်းဖို့နေနေသာသာ စေ့စေ့တောင် မကြည့်ခဲ့တာ"

"နင်က ဘာတွေအားနည်းနေလဲ၊ ဘာတွေ သိမ်ငယ်နေလဲ၊ အပိုတွေဟာ"

"နင်တို့ ဘာမှမသိပါဘူး သဇင်၊ ငါ့ခံစားချက်နဲ့ ငါပါ"

သဇင်က ရွှေတွင်းကို တအံ့တဩ မျက်မှောင်ကုတ်ကြည့်နေမိပါသည်။

"နင်တို့နှစ်ယောက်ဟာ ငါတွေ့တွေ့ စ,ပေါင်းတဲ့ သူငယ်ချင်းပဲ၊ ဒါတောင် နင်တို့က ပွင့်လင်း ဖော်ရွေလွန်းလို့ စိတ်တွေဖြူဖြောင့်ပြီး စိတ်ရင်းသဘောကောင်းကြလွန်းလို့သာ ပေါင်းမိတာ၊ နင်တို့ကို ငါ ကျေးဇူးတင်ပါတယ်"

သဇင်က ငွှမ်းကြေနေတဲ့ ရွှေတွင်း မျက်နှာသွင်ပြင်ကို နားမလည်စွာ ကြည့်နေရင်း …



www.burmeseclassic.com

www.burmeseclassic.com



"နင် အရာရာကို သိပ်ပုံကြီးချဲ့ မခံစားနဲ့ ရွှေတွင်း"

"နင်တို့ တစ်နေ့တော့ သိလာ နားလည်လာမှာပါ"

"လူတိုင်းမှာ အဆင်မပြေတာ မကျေနပ်ချင်စရာဆိုတာ အနည်းနဲ့အများ ရှိတတ်ကြတာပါပဲ၊ နင့်မှာ ရှိတာကမှ ကမ္ဘာမှာ သိမ်ငယ်စရာ အကောင်းဆုံးလို့ နင်မထင်နဲ့၊ ကိုယ်မတတ်နိုင်တဲ့ ကိုယ့်ကြောင့်ဖြစ်ရတာလည်း မဟုတ်တဲ့ ကိုယ့်ဘဝရဲ့ အနုတ်လက္ခဏာတွေအတွက် နင်သိပ်ကျဉ်းကျပ် ခံစားနေရင် နင့်မှာ နေစရာရှိတော့မှာ မဟုတ်ဘူး၊ ခံစားသင့်တဲ့ အချိန်မှာ ခံစားပြီး မေ့သင့်တဲ့အချိန်မှာ မေ့ထားလိုက်၊ နင် ဒီပုံစံနဲ့ ဘယ်သူနဲ့မှ ပေါင်းလို့ အဆင်ပြေမှာ မဟုတ်ဘူး ရွှေတွင်း"

"ငါ့ကို ရွှယ်ကိုး သိပ်စိတ်ဆိုးသွားတာလား မသိဘူး"

"နည်းနည်းပါးပါးပဲ ဖြစ်မှာပါ။ နင်က ကိုးလိုးကန့်လန့် လုပ်နေတာကိုး၊ နင် ပြင်မယ်လို့ သူ့ကိုတောင်းပန်လိုက်ပေါ့၊ ဒါမှမဟုတ်ရင်တော့ နင် ဘယ်သူနဲ့မှ မပေါင်းဘဲ တစ်ယောက်တည်းနေ"

ဘယ်ဖြစ်နိုင်ပါ့မလဲ။ သူ့ဘဝအတွက် "ဖိုးရွှယ်ကိုး" ဆိုတဲ့ မိန်းကလေး ဘယ်လောက် အရေးပါပါ လိုအပ်နေပြီဆိုတာ သူကလွဲလို့ ဘယ်သူသိနိုင်မှာလဲ။

❖ ۞ ❖





"သမီးရေ ဖုန်း"

မေမေ့ လှမ်းအော်သံကြောင့် ရွှယ်ကိုး ရင်ထိတ်သွားပါသည်။ ခုနပဲ သဇင် ဆက်ပြီးပြီ။ နေ့လယ်က သူနှင့် ရွှေတွင်း ဆက်ပြောဖြစ်တာတွေ ပြောပြသည်။ ရွှယ်ကိုးကလည်း နေ့လယ်ကသာ ဒေါသအလျှောက် ပြုမူခဲ့မိပေမယ့် ခုတော့ စိတ်ပြေနေပါပြီ။ ကိုယ် ခင်မင်ရင်းနှီးသလောက် သူက မရင်းနှီးဘူးလို့ ဝမ်းနည်းစိတ်နာမိတာသာ။

သဇင် ပြောပြတော့လည်း ဘာတွေဖြစ်ပျက်ခဲ့တယ် မသိရတဲ့ ရွှေတွင်းရဲ့ (သိမ်ငယ်မိပါတယ် ဆိုတဲ့)ဘဝကို ဘုမသိ ဘမသိ ခံစားကြင်နာ ကရုဏာ သက်ရပြန်သည်။

ကော့ဒ်လက်စ်ဖုန်း ကိုင်ကာ အနားရောက်လာသော မေမေ့ကို ...

"ဘယ်သူတဲ့လဲ မေမေ"

မသိမသာ ရင်တခုန်ခုန်လေး မေးမိသည်။

"ရွှေတွင်းတဲ့ သမီး"

ဒီတော့မှပဲ ဒုတ်ခနဲ ဒုတ်ခနဲ ရင်က သိသိသာသာ ခုန်တော့တာ။ အရှမ်းကို ခုန်တော့တာ။ ရွှေတွင်း ဖုန်းဆက်တယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့လေ။ "နင် အရမ်းစိတ်ဆိုးသွားပြီထင်ပြီး မျက်စိမျက်နှာကို ပျက်နေတာ၊ ငါကလည်း နင့်အချိုး မပြင်ရင်တော့ ဆက်ပေါင်းဖို့ မဖြစ်နိုင်ဘူး ဆိုတဲ့ ပုံစံမျိုး ပိတ်ပြောပစ်လိုက်တယ်"ဆိုတဲ့ သဇင့်စကားကို ကြားယောင်သည်။

ရွှယ်ကိုးက ဖုန်းကိုယူပြီး ပြတင်းပေါက်နား သွားရပ်လိုက်ရင်း ...

"ဟယ်လို"

ခပ်တင်းတင်းပဲ ထူးလိုက်ပါသည်။

"ရွှယ်ကိုး"

"ဟယ်လို၊ ဘယ်သူလဲ ! ! "

"ရွှယ်ကိုး ... ငါပါ"

"ငါ ... ဆိုတာ ဘယ်သူလဲ"

"ငါ ရွှေတွင်းပါ"

ရွှယ်ကိုးက ခဏတိတ်ကာ ငြိမ်နေလိုက်ပြီးမှ —

"ပြောလေ ... နင် ဘာပြောစရာ ရှိလို့လဲ"

ပုံမှန်သံနှင့် မေးလိုက်ပါသည်။ ရင်ထဲမှာတော့ ဘာရယ်မှန်း ကိုယ်တိုင်ခံစား နားလည်နိုင်စွမ်း မရှိတဲ့ ခံစားချက် တစ်မျိုးနှင့် ပူနွေးပြည့်ကျပ်ကာ ဝမ်းနည်းသလိုကြီး ဖြစ်လာပြီး မျက်ရည်က အလိုလို ရစ်လည်လာလေသည်။





"နင် မနက်ဖြန် အားလား ... လို့"

ရွှေတွင်း အသံက လည်ချောင်းမှာကပ်ကာ ဝင်နေသည်။ သူလည်း တစ်စုံတစ်ရာ ဆို့နင့်နေသလိုပင်။ မသိမသာသည်း တုန်ယင်ချင်တဲ့ သူ့အသံကြောင့်နှင့်ပင် ရွှယ်ကိုး နှလုံးသားမှာ နုအိပျော့ကျနေပြီ။

"ဘာလုပ်ဖို့လဲ"

"နက်ဖြန် သင်ရှာန်း မစခင်လေ၊ သင်တန်းချိန်က လေးနာရီမဟုတ်လား၊ နှစ်နာရီလောက် ငါ့အိမ်ကို လာနိုင်မလား၊ အဲဒီကမှ မြို့ထဲကို သင်တန်းကို တူတူသွားကြရအောင်လေ"

"အေးလေ ... ဘာလုပ်ဖို့လဲလို့ ငါမေးနေတယ်လေ"

"မေမေက နင့်ကို မြီးရှည်လုပ်ကျွေးမလို့ တဲ့"

တိုးလျသော ရွှေတွင်းရဲ့ အချော့စကားတွင် ရွှယ်ကိုးနှလုံးသားသည် နွေးသိမ့်လှိုက်ဖိုကာနေသည်။ ပြည့်လာသောမျက်ရည်တို့ကို ရွှယ်ကိုး တိတ်တိတ်ကလေး သုတ်နေခဲ့ရသည်။ သူ့အတွက် ရင်ထဲမှာ ရှိနေတဲ့ ခံစားချက်တို့ဟာ အံ့ဩစရာကောင်းလောက်အောင် နူးညံ့သိမ်မွေ့နေပါသည်။

"မေမေ့ကို ငါ ပြောပြလိုက်တယ်"

"ဘာကိုလဲ"

"နင်က မေမေ့ကိုပေးတဲ့ လက်ဆောင်အိတ်လေးကို ငါ မယူလို့ နင် အရမ်းစိတ်ဆိုးသွားတဲ့ အကြောင်းလေ"

www.burmeseclassic.com



"… … …"

"အဲဒါကြောင့် မေမေက နင့်ပေးမယ့် အိတ်အတွက် ကျေးဇူးတင်တဲ့ အထိမ်းအမှတ် မြီးရှည်လုပ်စားကြမယ်တဲ့ နင့်ကို ဖိတ်ပါတဲ့"

"… … …"

ရွှေတွင်း အသံက တုန်နေကာ ရွှယ်ကိုးကတော့ မျက်ရည်ကို ဆက်တိုက်သုတ်ကာ အသံတိတ်နေပါသည်။ ခုမှ နင် ငါ့ကို လာချော့မနေနဲ့။ နေ့လယ်ကတော့ ငါစိတ်မကောင်း ဖြစ်ရလောက်အောင်ကို နင် စိမ်းကားတယ်လေ။

"လာမယ် မဟုတ်လား ရွှယ်ကိုး"

"… … …"

"ငါ သဇင့်ဆီလည်း ခုန ဖုန်းဆက်ပြီး သူ့ကို အရင်ပြော ပြီး ဖိတ်ပြီးပြီ"

"သဇင်က ဘာတဲ့လဲ"

"သူ လာမယ်တဲ့၊ နင့်ကိုသာ ငါကိုယ်တိုင် ဖိတ်တဲ့"

"နင်က ဘာဖြစ်လို့ ငါ့ကျတော့ အရင်မဖိတ်ဘဲ သဇင့်ကို အရင်ဖိတ်ရတာလဲ"

လေသံမှာ မလိုတမာ ဝန်တိုသံ အတိုင်းသားပေါ် နေလိမ့်မည်။





"သဇင့်ကို အရင်ဖိတ်တာက အမှန်တိုင်း ပြောရရင် …"

"ပြော"

"စစ်ကူကို အရင် အင်အားစုထားတာပေါ့၊ နင့်ကို ပြောလို့ နင်က မလာဘူးဆိုမှ သဇင့်ကိုဖိတ်ပြီး နင့်ကို ကူပြောခိုင်းရင် ဘယ်ကောင်းမလဲ၊ ဒါကြောင့် သဇင့်ကို အရင်ပြောပြီး နင့်ကိုလည်း လာဖို့ ကူပြောပေးဖို့ တိုက်တွန်းပေးဖို့ အရင်တောင်းပန်ထားရတာပေါ့၊ အဲဒီတော့ သဇင်က နင့်ဟာနင် အရင်လှမ်းပြောဦးတဲ့၊ ငြင်းခဲ့ရင်တော့ ငါလည်း ဝိုင်းကူပြောပေးပါ့မယ်တဲ့၊ မငြင်းဘူး မဟုတ်လား ရွှယ်ကိုးဟင်"

"အောင်မာ၊ ဒီလိုပဲ နင် အပိုင်တွက်စရာလား၊ ဟုတ်လား"

"မငြင်းပါနဲ့ ရွှယ်ကိုးရယ်၊ နင် ငါ့ကို စိတ်ဆိုးသွားတယ်ဆိုတာ ငါ့အကြောင်းကို အားလုံးမသိသေးလို့ပါ၊ ငါတို့မှာ မချောင်လည်ဘူး မပြည့်စုံဘူး ဆိုပေမယ့် သူတစ်ပါးဆီက အချောင် အလွယ်လိုချင်တယ်၊ မော်ကြွားသုံးဖြုန်းချင်တယ် ဆိုတဲ့ စရိုက်ကို ငါ မုန်းလို့ပါ၊ ငါ့မှာ အဲဒီခံစားချက်ရှိလို့ပါ"

ရွှေတွင်း အသံက တုန်နေ၍ ရွှယ်ကိုး သနားလှသည်။

"ဘယ်သူကကော အဲဒီစရိုက် ရှိနေလို့လဲ၊ နင့်မှာလည်း မရှိဘဲနဲ့ ရှိတယ်လို့ထင်မှာ စိုးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"နင် နောက်တော့ သိလာမှာပါ"

"ခု မသိရဘူးလား"

"နင် သိရမှာပါ ရွှယ်ကိုး၊ နင်ဟာ ငါလျှို့ဝှက်ရမယ့်သူ မဟုတ်ဘူး၊ ငါ့အကြောင်းကို သိသင့်သိအပ်တဲ့သူလို့ ငါ သတ်မှတ်ထားပါတယ်၊ ငါ နင့်ကို တစ်နေ့ပြောပြမှာပါ"

ရွှယ်ကိုးက သက်ပြင်းရှိုက်ရင်း ...

"နင့်စိတ်ထဲမှာ သိမ်ငယ်တယ်ဆိုတဲ့ အကြောင်းအရာတွေကို ငါ ဘယ်တော့မှ အတင်းအကျပ် မသိချင်ပါဘူး ရွှေတွင်း၊ နင် ပြောချင်တော့မှ ပြောပါ၊ မပြောချင်ရင်လည်း ဘာမှ ကိစ္စမရှိဘူး"

"ငါ ပြောချင်ပါတယ်၊ ပြောဖို့သာ အားမွေးနေရတာပါ ကိုယ့်ဘဝဇာတ်ကြောင်း ကိုယ့်မိသားစုအကြောင်း ဆိုတဲ့ အထဲမှာ အရုပ်ဆိုးတဲ့ အခန်းကဏ္ဍတွေ အများကြီးရှိတယ် သေးတယ်၊ လူတိုင်းရဲ့ဘဝက နင့်ဘဝလို မွေးကြိုင်နေတဲ့ ပန်းဥယျာဉ်ကြီး မဟုတ်ဘူး ရွှယ်ကိုး"

"အဟား ဟား ... ဒါဖြင့် နင် မှားသွားပြီ ရွှေတွင်း၊ ငါ့ ဘဝကလည်း နင်ထင်နေသလို မွေးကြိုင်နေတဲ့ ပန်းဥယျာဉ် ကြီးထဲမှာ မဟုတ်ဘူး"

"နင် ဘာတွေ လျှောက်ပြောနေတာလဲ"





"အဲဒါကိုပဲ ပြောတာလေ၊ ငါလည်း နင့်ကို တစ်နေ့တော့ ရင်ဖွင့်ပြီး ပြောပြပါဦးမယ်၊ နင့်လိုပဲ အားမွေးပြီးတော့ပေါ့"

"နင့်ဘဝထဲမှာ အရုပ်ဆိုးတဲ့ စာမျက်နှာတွေ မရှိစေချင်ပါဘူးဟာ၊ နင့်ကို သိမ်ငယ်ရတဲ့ အနေအထားမျိုးနဲ့ ငါမြင် ကြည့်လို့ မရဘူး၊ နင် နောက်နေတာ မဟုတ်ဘူး၊ တကယ် ဆိုရင် ငါ စိတ်မကောင်းပါဘူး"

"ငါ မသိမ်ငယ်ပါဘူး ရွှေတွင်းရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ကြောင့်ဖြစ်တဲ့ အမှားအယွင်း မဟုတ်ဘူး၊ ငါဘာအမှား ဘာအပြစ်မှ မကျူးလွန်ဖူးဘူး၊ အဲဒါကြောင့် ငါ ဘာမှသိမ် ငယ်နေစရာ အကြောင်းမရှိဘူး၊ စိတ်မကောင်း ဖြစ်တာပဲ ရှိတယ်၊ နင်လည်းပဲ နင့်ဘဝထဲက အရုပ်ဆိုးတဲ့ အဖြစ် အပျက်တွေကို နင်ကိုယ်တိုင် ကျူးလွန်ခဲ့တာ မဖြစ်နိုင်ပါ ဘူး၊ အမှားလုပ်တဲ့သူက လုပ်သွားတယ်၊ သူ့အတွက် သူ တစ်နေ့ သိမ်ငယ်ပါလိမ့်မယ်၊ နင်က ကြားထဲက သိမ်ငယ် နေစရာ မလိုပါဘူး ရွှေတွင်းရယ်၊ တခြားတစ်ယောက်က လုပ်သွားတဲ့ အမှားကြွေးကို နင် ဆပ်နေလို့လည်း မရဘူး၊ နင့်ပေါ်မှာ လေးလံဖိစီးနေတဲ့ဝန်တွေကို ဖြုတ်ချပြီး ပေါ့ပေါ့ ပါးပါး နေလိုက်ပါ ရွှေတွင်း"

"မမေကလည်း ငါ့ကို အဲသလိုပဲ ပြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ _ ဒါဆို ငါ သဇင်နဲ့ ချိန်းလိုက်ဦးမယ်၊ သဇင်နဲ့ ချိန်းပြီး လာခဲ့မယ်လို့ အန်တီ့ကို ပြောလိုက်နော်"

"ငါ့ကို အကြာကြီး စိတ်မဆိုးတဲ့အတွက် ကျေးဇူးတင်ပါတယ် ရွယ်ကိုး"

ရွှေတွင်းရဲ့ အသံက တိုးတိတ်နူးညံ့လှသည်။

❖ ✪ ❖





# ၇

ညှော်ခန်းခပ်သေးသေးမှာ ကျွန်းဆက်တီလေးများ ထားပြီး အိပ်ခန်းနှစ်ခန်း ကန့်ထားတဲ့ အလျားရှည်တိုက်ခန်း လေးဟာ တိတ်ဆိတ်အေးချမ်းလျက် ရှိသည်။ နောက်ဖေးက အိမ်ရှေ့ကို တစ်ခုချင်း သယ်ချနေတဲ့ ရွှေတွင်းအမေရဲ့ လှုပ်ရှားမှုကလွဲရင် တခြားလှုပ်ရှားမှုမရှိ။

ထိုင်နေရတာ ရွယ်ကိုး အားနာလာသည်။ ကူလုပ်ပေးဖို့ ဆောင်ကလည်း ဟိုးနောက်ဖေးမီးဖိုထဲ ဝင်သယ်ဖို့ အိပ်ခန်းနှစ်ခန်းရှေ့က စင်္ကြံခပ်ကျဉ်းကျဉ်းလေးကို ဖြတ်ဝင်သွားရမည်။ သူ့အိမ်ထဲ ဟိုးတဆုံးအထိ ဝင်ရမှာကလည်း အားနာစရာဖြစ်သည်။ ထို့ကြောင့် ရွယ်ကိုးနှင့် သဇင်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ဆန္ဒခံယူပြီး ရွယ်ကိုးက ထ,ရပ်ကာ ကောက်ထဲဝင်သည့် စင်္ကြံလမ်းထိပ်ကလေးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီရေ"

"ဝေ ... သမီးတို့"

ရွှေတွင်းအမေ ထူးပုံမှာ ချစ်စရာဖြစ်သည်။

"သမီးတို့ ဘာကူရမလဲ"

"နေ ... နေ"

ရွှေတွင်းအမေက တိုလီမိုလီပန်းကန်လေးတွေ ယ[illegible] သယ်လာရင်း သုတ်သုတ် သုတ်သုတ် ထွက်လာကာ ...

"ဘာမှမကူနဲ့ သမီးရဲ့၊ အားလုံးပြီးနေပြီ"

"သယ်တော့ ပေးချင်တယ်၊ နောက်ထိဝင်ရမှာလည်း အား[illegible] နာလို့ အန်တီ"

"ဝင်ရမှာတော့ အားနာစရာ မရှိဘူး၊ ဝင်လို့ ထွက်လို့ရတယ် ကိုယ့်အိမ်ကိုယ့်ရာလိုနေ သမီး၊ ဒါပေမဲ့ ကူဖို့တော့ မ[illegible] ဘူး၊ ဒါပဲ ကုန်ပါပြီ၊ အားလုံးက အသင့်ပဲ၊ သမီးတို့[illegible] မယ်ဆိုရင် အန်တီ ပွဲပြင်ပေးမယ်၊ ဟင်းချိုခပ်ပေးမ[illegible] သူက တရှုံရှုံကြော်လှော် ချက်ပြုတ်ရတာ မပါဘဲနဲ့ တို[illegible] မိုလီလေးတွေ ပွစိ ပွစိ လုပ်ရတာ များတာ ...

နောက်ဖေးမှာကျတော့ ကျဉ်းလို့ သမီးတို့ကို ဒီ[illegible] ပြင်ကျွေးမှာ၊ ထမင်းစား စားပွဲက မီးဖိုထဲမှာဆိုတော့ သ[illegible] တို့ ကျဉ်းကျပ်မယ်လေ၊ အန်တီတို့ သားအမိနှစ်ယော[illegible] တည်းကတော့ မကျပ်ပါဘူး"





ရွှယ်ကိုးက ဝရန်တာထွက်ကာ ခါးကိုင်း လက်[illegible]ာက် ရပ်နေသော ရွှေတွင်းကို လှမ်းကြည့်ကာ ...

"အန်တီ တစ်ယောက်တည်း လုပ်နေရတာလား၊ သူ မကူ ဘူးလား အန်တီ"

"ကူပါတယ်၊ သူလည်း ကူတယ်"

ရွှေတွင်းက ခေါင်းငုံ့ကြည့်ကာ ...

"အောင်မာ ... ဝက်သားပြုတ်ကို ငါလက်မဆေးဘဲ နွှင် ပေးထားတာ"

"သွား ... ညစ်ပတ်တယ်"

"ဟင်းချိုအိုးထဲလည်း ငါ့ချွေးပေါက်တွေ ပြုတ်ကျရင်းက များများလာတာ၊ စ,ချက်တုန်းက နည်းနည်း"

"ဟာ ... တော်တော့ဟာ ရွှေတွင်းရာ၊ နင် တော်တော် ညစ်ပတ်ပါလား၊ အန်တီ သူ့ပန်းကန်ကို သုပ်ပေးမှ လက်မဆေးဘဲ သုပ်ပေးလိုက်နော်"

"ရီးနေပြီ၊ မေမေက ဘယ်တော့မှ လက်ဆေးတာ မဟုတ် ဘူး"

"ဟဲ့ ... သား၊ အဟုတ်ထင်ကုန်ပါဦးမယ် ငါ့သားရယ်၊ အစ,ကလွန်တယ်"

ရွှေတွင်းရဲ့ မေမေမှာ မညှာမတာ အမြင်အတိုင်း [illegible]ပြောရရင် တောသူမ ချောချောလေး။ စိတ်ထဲ အဲဒီအတွေး တန်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်လာစေသည်။ ရုပ်ရည်ဟာ ဟိုးတုန်းက မင်းသမီး မြတ်မွန်တို့လိုပုံစံမျိုးဆင်ဆင်။ သို့သော် သူက တောသူမဆေးနှင့်တူသည်။ ဘာကတူနေစေသလဲ မပြောတတ်။

အပြုအမူ ဟန်ပန်မှုယာလား၊ ပြောပုံ ဆိုပုံလား၊ ရိုးသားရှင်းလင်းလွန်းတဲ့ သူ့မျက်နှာပြင်ပေါ်က အရိပ်အငွေ့တို့ကလား၊ ပွင့်လင်းအားပါးတရရှိလှတဲ့ အပြုံးကလား။ ဘာကသူ့ကို တောဆန်စေသလဲ မသိသော်လည်း ရုပ်လေးကတော့ ချောမောလှပသည်။

ရွှေတွင်း ပြောတော့ လေးဆယ့်ရှစ်နှစ်တဲ့။ ဒါပေမဲ့ နုပါသည်။ သူနုပုံမှာ မရုန်းကန်ရသောကြောင့် နုတာမျိုးမဟုတ်ဘဲ သောကကို မွေ့ပိုက်မထားတတ်ဘဲ ရောင့်ရဲတတ်တဲ့အတွက် စိတ်ဖိစီးမှု နည်းပါးပြီး နုပုံမျိုးဖြစ်သည်။ အတော်ကို ခင်မင်စရာကောင်းတဲ့ အမျိုးသမီးကြီးတစ်ယောက် ဖြစ်သည်။

ငါးပေနှစ်လက်မလောက် အရပ်နှင့် ပုပုသေးသေးကွေးကွေး။ ကိုယ်လုံးလေးက ခုထိ ဗိုက်ချပ်၍ လှလှပပရှိဆဲ။ အသားလတ်လတ်။ မျက်ခုံးမှာ ရွှေတွင်းနှင့် ချွတ်စွတ်။ သုံးရက်လခုံးမျက်စ ဆိုသလို ထူထူထဲထဲ မည်းမည်းနက်နက်နှင့် ဗိုက်ကွေးခုံးကျနေသော ပုံကျကျ မျက်ခုံးပေါ်ပေါ်လေး ဖြစ်သည်။ ရွှေတွင်းကတော့ ယောက်ျားလေးမို့ မျက်ခုံးမွေးများ ပိုပြီးရှည်လျားသန်စွမ်း များပြားသည်။





ခြုံကြည့်သော် ရွှေတွင်း အမေဟာ သဘောကောင်း စိတ်ရှည် သည်းခံတတ်၊ အနွံတာခံတတ်တဲ့ စရိုက်လက္ခဏာမျိုးနှင့် ချစ်စရာကောင်းသူတစ်ယောက်ပင်။ ဤအမေနှင့် နေထိုင်ကြီးပြင်းရပါလျက် ဘဝကို မျက်နှာပုပ်ကြီးနှင့် မကျေမချမ်းဖြတ်သန်းနေခဲ့တဲ့ ရွှေတွင်းကို အံ့သြရသည်။ ခုနောက်ပိုင်းမှသာ ရွယ်ကိုးတို့ သဇင်တို့ ပြောဆိုနှိပ်ကွပ်လွန်းလို့ သူ့မျက်နှာထားပျော့ပျောင်းလာတာ။

"ဟဲ့ ... ရွှေတွင်း၊ အန်တီက နင့်လိုမဟုတ်ဘူးဟဲ့၊ ချစ်ဖို့ကောင်းတယ်"

"ရိုးရိုးပြောလည်း ရတယ် သဇင်၊ ဝက်သားဖတ်တွေနှိုက်စားရင်း မပြောနဲ့"

"အောင်မာ၊ ငါက နီးနေလို့ မြည်းကြည့်တာ၊ သိလား အန်တီ၊ အန်တီ့သားက တကယ်ကို ခင်ဖို့မကောင်းဘူး၊ မကောင်းတတ်လို့သာ ခင်မင်နေရတာ၊ သူက တစ်လောကလုံးကို သူ့လုပ်စာနဲ့ ကျွေးမွေးနေရသလိုရုပ်နဲ့၊ ပေါင်းသင်းဆက်ဆံရေး သိပ်ညံ့တာ"

"အဲဒါ အမှန်ပဲ၊ အန်တီ သိတယ်၊ သားက အဲဒီအတိုင်းပဲ၊ အန်တီလည်း သူ့ကို နိုင်သလောက် ပြုပြင်တာပဲ၊ သူ့ကိုက ကိုယ့်စိတ်ကိုယ် သက်သာချောင်ချိအောင် မထားတတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



သခင်က ရွှေတွင်းကိုမေးငေါ့ကာ လက်မလက်သည်း ခွံလေးနှစ်ခုကို လက်ခုပ်တီးသလို တီးခတ်ထောပနာပြုသည်။

“ဒါပေမဲ့ သမီး သူ့ကို နားလည်တာကတော့ အန်တီ၊ သူက သူများအမှားကို သူ့မှာပဲ အပြစ်မကင်းသလို ခံစားနေတာ၊ သမီး သူ့ကို မနေ့ကပဲ ပြောသေးတယ် အန်တီ၊ ကိုယ်က ဘာအပြစ်မှကျူးလွန်တာလည်း မဟုတ်ဘဲနဲ့ ဘာ၀ အကျိုးပေးကုသိုလ်ကံကြောင့် ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မိသားစုထဲက တစ်စုံတစ်ယောက်ရဲ့ အပြစ်ကျူးလွန်မှုကို ကိုယ်ကပါ လိုက်သိမ်ငယ်နေရရင် နေစရာ ဘယ်ရှိတော့မလဲ အန်တီ ...

မိသားစု အသိုင်းအဝိုင်းထဲမှာ သူတစ်ပါး လက်ညှိုးထိုးစရာ မေးငေါ့စရာ အပြစ်အပျက်ဆိုတာ သူတစ်ယောက်တည်း ရှိတာမဟုတ်ပါဘူး၊ သမီးမှာလည်း ရှိတယ်၊ ဒါ ဘယ်တတ်နိုင်မလဲ၊ ဒီလိုပဲ နေရတော့မှာပေါ့နော် အန်တီ၊ မှားတဲ့သူက မှားယွင်းထားတာကို ကိုယ်က လိုက်ပေးဆပ်နေဖို့ မလိုပါဘူး '... နော်၊ သူ့အပြစ် သူပေးဆပ်မှာပေါ့ မဟုတ်ဘူးလား အန်တီ”

ရွှေတွင်း အမေက ပြုံးကာ ရွှယ်ကိုးရဲ့ လက်ဖျားလေးကို ဆုပ်ကိုင်ညှစ်ထားပါသည်။ ဤသည်ကို ရွှေတွင်းက လှမ်းကြည့်နေ၍ ရွှယ်ကိုးမှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားမိရကာ_





“အန်တီ ဒီမြီးရှည်ကတော့ လုပ်နည်း အခုတစ်ခါတည်း သင်သွားမှပဲ”

“အေးပေါ့၊ အန်တီကလည်း တမင် သမီးကို သင်ပေးပြီးသားတွေ မလုပ်ဘဲ မသင်ရသေးတာ လုပ်ကျွေးတာ၊ တစ်ခါတည်း တတ်သွားအောင်”

“အမျိုးအမည်တွေက အများကြီးပဲနော် အန်တီ”

“ဟုတ်တယ်၊ အမယ်တွေ များတယ်၊ ရောင်းတန်းဆိုရင်တော့ ဘယ်ဒီလောက် ပြည့်ပြည့်စုံစုံ ထည့်တော့မလဲ သမီးရဲ့၊ မပါမဖြစ်လောက်လေးပဲ ထည့်တာပေါ့၊ အခုက မုန့်ညင်းချဉ်နဲ့ ဆီတို့ဟူးနဲ့ ပါနေရင်ကို မြီးရှည်ဖြစ်နေပြီပဲ၊ ရှမ်းနည်း၊ တရုတ်နည်း၊ မန္တလေးနည်းတွေ မျိုးစုံရှိတယ်၊ အခု အန်တီမြီးရှည်ကတော့ အကောင်းတကာ အကုန်ပါအောင် စုထည့်ထားတာ”

“ဒါက မုန့်ညင်းချဉ်နော် အန်တီ၊ ဒါက ကြက်သွန်မြိတ် လှီးထားတာ၊ ဒါက ! ”

“တစ်ပန်းကန်ချင်း အန်တီ ပြောပြမယ်၊ ဒါက ဆီတို့ဟူးကို ရေဖျော်ထားတာပေါ့၊ အတုံးလိုက် မထည့်ဘူး၊ အညီ ပုံစံနဲ့ ထည့်တယ်၊ ဒါက ကြက်သွန်ဖြူကို ညက်ညက် ထောင်းပြီး ရေစိမ်ထားတာ၊ ဒါက ရေတ်သီးစိမ်း၊ ဒါက



www.burmeseclassic.com

www.burmeseclassic.com



အရောင်တင်မှုန့်နဲ့ ဆီနဲ့ ရေတ်သီးဆီသတ် လုပ်ထားတာ၊ ဒါက ပဲငါးပိ ဖျော်ထားတာ၊ ဒါက ကော်မှုန့်ကျိုထားတဲ့ ကော်ရည်၊ ဒါက ကြံမဆိုင်၊ အန်တီက မုန်ညင်းချဉ်ပါပြီး ပေမယ့် ကြံမဆိုင်လည်း နည်းနည်းထပ်ထည့်သေးတယ်၊ ဒါက ပဲပင်ပေါက်လေး ရေနွေးဖျောထားတာ၊ ဒါကသခွားသီးကို ရိတ်ရိတ်လှီးထားတာလေ၊ ဒါက ဝက်သားပြုတ်ပေါ့ ...

နန်းကြီးဖတ်ကို ရေနွေးဖျောပြီးမှ သုပ်တယ်၊ ပဲငံပြာရည်လေး အချိုမှုန့်လေး နည်းနည်းထည့်ပေါ့၊ အချဉ်က မုန်ညင်းချဉ်က ပါတယ်၊ အငန်က ဆီတို့ဟူးရည်တို့ ပဲငါးပိတို့ကပါတယ်၊ ကော်ရည်ကျိုတော့ သကြားလေးနည်းနည်း ထည့်ကျိုထားတယ်၊ ရောနယ်လိုက်တော့ ချိုချဉ်ငန်စပ် အရသာစုံပြီး လျှာလည်သွားမှာပေါ့ကွယ်”

ရွှေတွင်းက သူ့အမေ ပြောဟန်ကို ရယ်သည်။

“အမလေး ဗိုက်ဆာလာပြီ အန်တီ”

“ဒါဖြင့် စားကြတော့မလား၊ အန်တီ တစ်ပွဲပြီးတစ်ပွဲ ဆက်တိုက် ပြင်ပေးမယ်”

“အမလေး အန်တီရယ်၊ လက်ဝင်ပါတယ်၊ အလုပ်ရှုပ်တယ်၊ ဇလုံကြီးကြီးထဲမှာ အများကြီး ပေါင်းစုထည့်နယ်





ပြီး ပန်းကန်တွေထဲ ခွဲထည့်လိုက်ရင် တစ်ကြိမ်ပဲ နယ်ရတာပေါ့၊ မြန်မြန်လည်း စားရမယ်”

“ရတယ် ... ရတယ်၊ ဇလုံကြီးနဲ့ နယ်ပေးမယ်၊ ရွှေတွင်းကိုဆိုလည်း အမြဲနယ်ပေးရတယ်၊ သူ့ဟာသူ ဘယ်တော့မှ ပြင်ဆင်နယ်ဖတ် မစားဘူး၊ မအေနယ်ပေးမှ”

“ပူတူတူးယေးပဲ ချိုတေးတာ အန်တီကယ်”

သဇင်က မပီကလာ နှောက်သည်။

ရွှေတွင်းအမေရဲ့ မြီးရှည်ဟာ အရသာ ထူးလှပါသည်။ သူပြင်ဆင်ထည့်သိုတဲ့ အနည်းအများက အချိုးအဆ ညီနေတာမို့ အရသာရှိတာ။ အစိက,က အစပ်အဟပ်ပဲ။ လုပ်ရတာက ဘာမှခက်စရာ မရှိပေ။ ဘာကို ဘယ်လောက်ထည့်မည်ဆိုတဲ့ မှန့်ပြင်သူရဲ့ လက်ဆကြောင့် ကောင်းရတာဖြစ်သည်။

“သမီးအဖေကို လုပ်ကျွေးတဲ့ မုန့်တွေရော အဖေက ကြိုက်ရဲ့လား”

“သိပ်ကြိုက်တာပဲ အန်တီ၊ သမီးကလည်း ဖေဖေကြိုက်တဲ့ အစားအစာတွေ ရွေးသင်တာလေ၊ ဖေဖေက အားရပါးရကို စားတာ၊ သမီးကိုလည်း ချီးကျူးသေးတာ၊ ပြီးတော့ ဘယ်မှာသင်ထားသလဲတဲ့”

“သမီးက ဘာပြောလဲ”



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းရဲ့အမေ သင်ပေးတယ်လို့"

"အဟင်း ဟင်း၊ တကယ်က သမီး တော်လို့ကွယ့်၊ မုန့် တစ်ခုခု အစားအစာ တစ်ခုခု လုပ်တယ်ဆိုတာ ဘာပြီး ဘာထည့်၊ ဘာကိုဘယ်လိုပြုတ်၊ ချေ မွှေ စသဖြင့် သူ့လုပ် နည်းကိုင်နည်း အဆင့်ဆင့်ဟာ တစ်နေရာက သိရရင်မှတ် ထားပြီး လူတိုင်းလုပ်လို့ ရတာပဲ၊ လုပ်တိုင်းသာ ကောင်းရင် မုန့်ဟင်းခါးဆိုင်တွေဆိုလည်း ညံ့တယ်ဘယ်ရှိတော့မလဲ ဒီလူသင်ပေးလို့ ဒီလက်ရာ ထွက်ရကြေးဆိုရင် ဟိုဆိုင် ကောင်းတယ်၊ ဒီဆိုင်မကောင်းဘူး ဆိုတာတွေ ရှိမလာ တော့ဘူး၊ ဘာတွေပါတယ်၊ ဘယ်ဟာ ဘယ်လောက်သား ဆိုတာချင်း အတူတူ နှစ်ယောက်လုပ်ရင် နှစ်မျိုးထွက်တာ ပဲ ...

ဟင်းခတ်မှုန့် တစ်ဇွန်းဆိုရင် သမီး တစ်ဇွန်းနဲ့ သဇင့်တစ်ဇွန်း တူမလား၊ အနည်းအများ မသိမသာ ကွာ သေးတာပဲ၊ လုပ်ရင်း မြည်းကြည့်ရင်းက လိုတိုးပိုလျှော့ လုပ်ရတာက ရှိသေးတယ်၊ လက်ဆမှန်ဖို့က အဓိက ဒါကြောင့် နည်းဘယ်လောက်သိသိ လုပ်တဲ့သူတော် အစားအစာက ကောင်းတာ"

ရွှယ်ကိုးက ပြုံးကာ ကျေနပ်နေပါသည်။

"မေမေက ဝါသနာမပါဘူးပေါ့"

"မေမေက မုန့်တွေ ဘာတွေ မလုပ်တတ်ဘူး၊ မေမေက တော်ပါတယ် အန်တီရယ်၊ ထမင်းဟင်းဆိုရင်တော့ တရုတ် စာ ဘိုစာ ယိုးဒယားစာ ချက်တတ်ပါတယ်၊ မေမေ ဒင် နာတစ်ပွဲပြင်ပြီဆိုရင်လည်း တအားသားနားတာ၊ ဒါပေမဲ့ မုန့်ကိုတော့ ပေါင်မုန့်နဲ့ ကိတ်နဲ့ ဖုတ်တတ်တာကလွဲလို့ မလုပ်တတ်ဘူး ...

ဒါပေမဲ့ ဖေဖေ စားချင်တယ်ဆိုရင် ကားတစ်စီးနဲ့ မညည်းမညူ ပတ်ဝယ်ပေးရှာပါတယ်၊ ဖေဖေက အားရက် ဆိုရင် တစ်ခုမဟုတ်တစ်ခု ချက်စားတဲ့ ဆွေမျိုးအုပ်စု အကြီးကြီးထဲ ကြီးလာရတာ၊ အားရက်မဟုတ်ဘဲတောင် Breakfast တို့ နေ့လယ်အဆာပြေတို့ကို ပြည့်ပြည့်စုံစုံ ကိုယ်တိုင်လုပ်စားကြတာမျိုး၊ ဒီတော့ အဲလိုအိမ်မှာ လုပ် စားတာကို ဝါသနာကိုပါတာ သဘောကိုကျတာ ...

သမီး ခုလိုသင်ပြီး ဝင်လုပ်တော့ မေမေ သက်သာ တာပေါ့ အန်တီရယ်၊ မေမေ့မှာ အိမ်မှုကိစ္စတွေက အများ ကြီး၊ အိမ်ဖော်ဆိုလည်း မေမေက လက်တိုလက်တောင်းနဲ့ အဝတ်လျှော်ဖို့ တစ်ယောက်တည်း ထားတာ၊ မာလီလည်း သီးသန့်မရှိ၊ ဒရိုင်ဘာလည်းမရှိ၊ အားလုံး ရှိသမျှ မေမေ့ အလုပ်ချည်းပဲ"

www.burmeseclassic.com



ရွှယ်ကိုး အသံလေးက သူ့အမေကိုယ်စား မကျေ မချမ်းလေး ဖြစ်နေသည်။

"ဖေဖေက ဘာအလုပ် လုပ်တာလဲ သမီး"

"ဖေဖေက လေယာဉ်မှူးပါ အန်တီ၊ (......)လိုင်းမှာပါ"

"ဩော်"

"ဖေဖေက ဒီနေ့ ရန်ကုန်မှာ ရှိပေမယ့်၊ နောက်နေ့ ဗန်ကောက်မှာ၊ နောက်နေ့ ပုဂံမှာ၊ နောက်နေ့ တခြားမှာ တစ်ခါ တစ်ခါ နားရက်မှာပါ အိမ်မကပ်တော့ သမီးတို့က ကပ်စေချင်တာပေါ့"

ခေါင်းလေးငုံ့ ပြောနေတဲ့ ရွှယ်ကိုး မျက်နှာလေးကို ရွှေတွင်းတို့ သားအမိက သဘောပေါက်သလို ငေးစိုက်ငြိမ်သက် ကြည့်နေကြပါသည်။

"အစက သိပ်အိမ်ကပ်ချင်တာ မဟုတ်ဘူး၊ အဲဒါ သမီးက ဖေဖေ သဘောကျတာတွေ လုပ်ကိုင်ပေး၊ မုန့်လုပ်ကျွေး ဖေဖေ့ကို နှိပ်ပေး၊ လက်သည်းညှပ်ပေး ..."

သဇင်က မျက်စောင်းရွှယ်ကာ ...

"အချွဲမ ပိုကိုပိုတယ်"

"ဟုတ်တယ်လေ၊ ချွဲသင့် ချွဲရမှာပဲ၊ ကိုယ့်အဖေပဲဟာ ကိုယ်မချွဲလိုက်ရဘဲ သူများဝင်ချွဲသွားမှ ရင်ထုမနာ ဖြစ်နေ ရမယ်"





ဘာမှနားမလည်တဲ့ သဇင်ကတော့ တခစ်ခစ် သဘောကျကာ ရယ်နေပါသည်။ ရွှေတွင်းရဲ့ အမေကတော့ ကြီးပေပဲ။ ကိုယ့်သမီးအရွယ်လေးက ပါးစပ်ဒီလောက်ဟရင် အထဲကအရာကို ဘယ်နှခွေ မရေတွက်နိုင်တောင် ခန့်မှန်းခြေတော့ မြင်နေပါပြီ။

"ဒါပေါ့ သမီးရယ်၊ ကိုယ့်အဖေကို လုပ်ကျွေးတယ်၊ ပြုစုတယ်ဆိုတော့ ကုသိုလ်ကလည်း ရဦးမှာ"

"အန်တီကလည်း လုပ်ကျွေးတယ်ဆိုတော့ သူများကြားရင် သူကအလုပ်လုပ်ပြီး ရှာကျွေးနေသလို နေရင်းထိုင်ရင်း ဂုဏ်က တက်နေဦးမယ်၊ မုန့်လုပ်ကျွေးတယ်လို့ ပြောပါ အဟိဟိ"

"မုန့်လုပ်ကျွေးလည်း ကုသိုလ်ရတာပဲ ဘာဖြစ်လဲ၊ နင်ကော နင့်အဖေကို မုန့်လုပ်ကျွေးဖူးလို့လား ဟွန်း"

"မလုပ်ကျွေးဖူးပါဘူး၊ လုပ်လည်း မလုပ်တတ်ဘူး၊ ပြီးတော့ ငါ့အဖေက အလကားနေရင်း အိမ်မှာပဲနေပြီး၊ လုပ်မကျွေးဘဲနဲ့တောင် ရှိတာတွေ ရှာဖွေလွန်လှောစားပြီး ဖက်တီးပုတ်ကြီး ဖြစ်နေပြီ၊ ထပ်လုပ်ကျွေးနေရင် မလွယ်ဘူး၊ ပြီးတော့ ငါတို့ကဖြင့် ဖေဖေ အလုပ်ကိစ္စအရေးကြီးလို့ အပြင်ထွက်ပါစေ ဆုတောင်းနေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရှိရင် ကိုကိုလည်း လွတ်လွတ်လပ်လပ် မ
မပြောရဘူး၊ သီချင်းအကျယ်ကြီး မဖွင့်ရဘူး၊ ငါတို့ညီအစ်
လည်း ကိုရီးယားကား မကြည့်ရဘူး၊ ဖေဖေက ကိုရီးယား
တွေ အချစ်ရူး ရူးပြီး ကဲကြလွန်းလို့ ငါတို့ကို စိတ်ကူး
ယဉ် အတုတွေခိုးမှာ စိုးလို့ဆိုပြီး မကြည့်နဲ့တဲ့၊ ဖေဖေ
ငါတို့ စစ်တီးမှာထဲလေး ဘာလေး သွားချင်ရင်လည်း
မသွားရဘူးတဲ့၊ အိမ်မှာပဲနေတဲ့၊ သူလည်း အိမ်ခင်၊ ငါ
ကိုလည်း အိမ်ပဲခင်ရမယ် လုပ်လွန်းလို့ အပြင်ကြာ
သွားပါစေ ဆုတောင်းနေရတာ ...

မုန့်တွေလုပ်ကျွေးနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ တခြား
နည်းနဲ့ပဲ ကုသိုလ်ယူလိုက်ပါတော့မယ် ... အဟဲ"

"ကိုယ့်မိဘကိုတော့ အမြဲပြုစုလုပ်ကိုင်ပေးတာ ကောင်း
ပေါ့၊ ကုသိုလ်ရတာပေါ့၊ ကိုယ့်အဖေဖြစ်စေ အမေဖြစ်
ဆိုးဆိုးကောင်းကောင်း ငြိုငြင်စိတ် မမွေးရဘူးကွယ့်၊ မိ
ဟာ မိဘပဲ၊ မိဘဘက်က အကြောင်းကြောင်းကြော
ဝတ္တရားပျက်ကွက်ပစေဦး ရိုသေမြတ်နိုးမှု မပျက်ရဘူး
ကိုယ့်ဘက်က ဝတ္တရားမပျက်ရဘူး ...

ရွှေတွင်းကိုလည်း အန်တီက အဲဒါ အမြဲဆုံးမတယ်
အဖေဟာ အဖေပဲပေါ့နော်၊ အဲဒါလည်း သူတို့အတွက်





အန်တီက သူ့စိမ်းလေ၊ သူတို့က အဖေတော်တာ၊ သွေးကို ဖောက်ထုတ်လို့ ရတာမဟုတ်ဘူး၊ အဲဒါကြောင့် သူ့အဘွားက သူ့ကြီးတော်က ခေါ်တယ်ဆိုရင်လည်း အန်တီကလွှတ်တယ်၊ သူက အရင်က မသွားချင်ဘူး၊ အန်တီက ချော့မော့ဖျောင်းဖျပြီး လွှတ်တော့ သူ သွားပါတယ် ...

သွားတော့ ဆွေမျိုးသားချင်းရယ်လို့ မပြတ်ဘူးပေါ့ကွယ်၊ ဆွေဂုဏ်မျိုးဂုဏ်ဆိုတာ ဆွေမျိုးချမ်းသာတာကို ပြောတာမဟုတ်ပါဘူး၊ ဆွေမျိုးသားချင်းနဲ့ သိုင်းဝိုင်းပြည့်စုံတဲ့ဂုဏ်ပေါ့၊ အန်တီဆို နယ်ကနေ သူ့အဖေ ခေါ်လာလို့ ရန်ကုန် ပါလာရတာ၊ ရန်ကုန်မှာ ဘာဆွေဘာမျိုးမှ မရှိတော့ ဘာပဲဖြစ်ဖြစ် မျက်နှာငယ်တယ်၊ အသိုင်းအဝိုင်း မတောင့်တင်းဘူးပေါ့"

သူတို့အကြောင်း ပြောနေ၍ ရွှေတွင်းက အမေကို ခုပုတ်ကာ လှမ်းကြည့်နေသည်။

"သူ့အဖေက အန်တီ့ကို ယူကတည်းက ရုံးတက်လက်မှတ်ထိုးယူတာ၊ သူ့အိမ်ကိုလည်း ခေါ်မသွားပါဘူး၊ တော်ရုံလျော်ရိပဲ ထားခဲ့တာပါ၊ အန်တီကုသိုလ်ပေါ့ကွယ်၊ မဟုတ်ဘူးလား၊ ဘာပဲဖြစ်ဖြစ် သူ့အဖေအမျိုးတွေက သူတို့ကို မြေးအဖြစ် ခေါ်ပြော အသိအမှတ်ပြုတယ် ဆိုတာကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



တော်ပါပြီ၊ အန်တီက ရောင့်ရဲပါတယ်၊ ရှိသလောက်ကိုပဲ ကျေနပ်တယ် ...

တိုက်ခန်းလေးတစ်ခန်း အပိုင်ရှိတယ်၊ ပြီးပြီပေါ့၊ မရှိရင် ငှားနေနိုင်ဖို့ ငှားခ ငွေရှာရဦးမယ်၊ အန်တီတို့မှာ မပိုလျှံပေမယ့် လိုအပ်ချို့ငဲ့နေတယ်လည်း မရှိပါဘူး၊ ရွှေတွင်းက သားယောကျ်ားလေး တစ်ယောက်အနေနဲ့ သိပ်လိမ္မာပါတယ်၊ ဘာမှအပိုမသုံးစွဲဘူး၊ ဘာမှလဲ အမေကို မပူဆာဘူး၊ အင်မတန် ဖြိုးခြတဲ့ကလေး၊ သူ့ဟာနဲ့သူကို လိမ္မာတာ"

ရွှယ်ကိုးက ရွှေတွင်းထံ ဖျတ်ခနဲ လှမ်းအကြည့် အကြည့်ချင်း ဆုံသွားရပါသည်။

"မနေ့ကတော့ မအေကို မပူဆာစဖူး ပူဆာတယ်လေ၊ မေမေတဲ့ သူ့ကို ရွှယ်ကိုး စိတ်ဆိုးသွားလို့ ရွှယ်ကိုးကို ချော့ရအောင် မုန့်တစ်ခုခု လုပ်ကျွေးပါနော်တဲ့"

"ကြည့်စမ်း ... ရွှေတွင်းတို့က တယ်ပိုင်ပါလား"

"ပြီးတော့ ရွှယ်ကိုး လက်ဆောင်ပေးတဲ့ဟာကိုလည်း မေမေ လက်ခံလိုက်ပါတဲ့"

"မနေ့က ရွှယ်ကိုးလည်း ထပြန်သွားရော ဖြစ်သွားတဲ့ သနားကမားရုပ်လေးနဲ့ပဲ နေမှာပေါ့၊ ဟွန်း"





သဇင်က တစ်ခွန်းချင်း ရွှေတွင်းကို ရိုနေပါသည်။

"သားက ပေါင်းသင်း ဆက်ဆံရေးမှာ မပါးနပ်ပါဘူး သမီးရယ်၊ သူက အရိုးခံပဲ၊ သူ့ဟာနဲ့သူ အားငယ်တဲ့စိတ် ကလည်းရှိတယ်၊ ဒါတွေကြောင့် ဆက်ဆံရတာ အချိုးမကျ အဆင်မပြေတာ ရှိခဲ့ရင် သမီးတို့က သည်းခံခွင့်လွှတ်ပြီး အခင်မင် မပျက်ပါနဲ့လို့ အန်တီက တောင်းပန်ထားချင်တာ"

အခင်မင် မပျက်ပါဘူး အန်တီရယ်။ အဲသလို ဘာ မှန်းမသိ အားငယ်နေတဲ့ ကောင်လေးမို့ ဗွေယူလို့မရဘဲ သံယောဇဉ် တွေ ရစ်ပတ်တွယ်ငင်နေတာပါ။ စိတ်ဆိုးမယ် ကြံပေမယ့်လည်း ကြာကြာစိတ်ဆိုးလို့ မရပါဘူး။ တစ်ခါ တစ်ခါ သူက ကိုယ့် အပေါ် သူစိမ်းဆန်တယ်ထင်ပြီး တစ်ယောက်တည်း ကျိတ်ဝမ်း နည်းရတာမျိုးက ရှိပါသေးတယ်။

"ကလောင် ... ကလောင်"

ရွှေတွင်းတို့ တိုက်ခန်းက သုံးလွှာမှာမို့ အောက်ထပ် ကို ခေါင်းလောင်းကြိုး ချထားပါသည်။ ခေါင်းလောင်းကြိုးဆွဲသံ ကြောင့် ရွှေတွင်းအမေကပဲ သွက်သွက်လက်လက်ထပြီး ဝရန်တာ ကို အပြေးထွက်သွားပါသည်။ ဝရန်တာက ငုံ့ကြည့်လိုက်တော့ ဆိုက်ကျော်က အိမ်ဆိုင်လေးက ချာတိတ်လေး။

www.burmeseclassic.com



“အန်တီ ဖုန်းလာတယ်”

“ဘယ်သူတဲ့လဲ သား”

“မပုလဲတဲ့”

အပေါ်က အသံရော အောက်က အသံရော အားလုံးကို ဧည့်ခန်းမှာ ထိုင်စားနေကြတဲ့ ရွှယ်ကိုးတို့အားလုံး ကြားကြပါသည်။ ရွှေတွင်းအမေက ပြန်လှည့်ဝင်လာကာ ဧည့်ခန်းမှာထဲ ချထားတဲ့ သူ့ရဲ့လက်ကိုင်အိတ်ထဲက နှစ်ရာတန်တစ်ရွက်နှိုက်ယူပြီး ရွှေတွင်းကို လှမ်းကြည့်ကာ ...

“မေမေ ဖုန်းသွားပြောဦးမယ် သား”

ရွှေတွင်းက ဘာမှပြန်မပြော။ သူ့အမေ ဆင်းသွားလျှင် ရွှယ်ကိုးက ရွှေတွင်းဒူးကို ဖျတ်ခနဲရိုက်ရင်း ...

“ဟဲ့ ... အမေက စကားပြောရင်၊ ဟုတ်ကဲ့တို့ ဟင့်အင်းတို့ လာရမယ်လေ၊ ဘာမှလဲ ပြန်မပြောဘူး”

“ပြောဖို့မှ မလိုတာ”

“လိုတယ်လေ၊ ဟုတ်ကဲ့မေမေလို့ ပြောပေါ့”

“ငါကြားလိုက်သားပဲ၊ ပြီးရောပေါ့”

“အဲဒါ ရိုင်းတာပေါ့ဟဲ့၊ ဖုန်းလာမှန်းကို နင်လည်းကြားနေရလို့ သိရဲ့သားနဲ့ နင့်အမေက ဆင်းသွားခါနီး မေမေ ဖုန်းသွားပြောဦးမယ်လို့ ထပ်ပြောသွားတာပဲဟာ၊ ကြားသား





ပဲဆိုပြီး နေလို့ဘယ်ရမလဲ၊ နှုတ်ကြီးပိတ်ပြီး မော့တောင်မကြည့်ဘူး၊ အနည်းဆုံး ခေါင်းလှမ်းညိတ်ပြရင် တော်သေးတယ်”

ရွှေတွင်းက သက်ပြင်းတစ်ချက် ကျိတ်ရှိုက်သည်။

နင် ဘာသိလို့လဲ ရွှယ်ကိုး။ တမင်ကို ခေါင်းလည်းမညိတ်၊ ဟုတ်ကဲ့လည်း မပြောတာ။ မကျေနပ်တဲ့သဘောကို ပြကာ။ အခုလာတဲ့ဖုန်းကို လုံးဝမကျေနပ်ဘူးဆိုတာ မေမေသိအောင် ပြတာ။ မေမေလည်း သိသွားတယ်။ နင်သာ ဘာမှမသိတာ။

အခုလာတဲ့ဖုန်းဟာ ဘယ်ကလဲ၊ ဘယ်သူလဲ နင်သိလို့လား။ နင် ဘာမှမသိရင် မသိသလို နေစမ်းပါ ရွှယ်ကိုးရာ။

“ကြည့်ပါလား၊ မျက်နှာခပ်ပုပ်ပုပ် ဓာတ်လမ်းက စ,လာပြီ၊ နင့်မျက်နှာက အရေးအကြောင်းတွေ အကြောစိုင်တွေက အသားသေနေပြီ သိလား ရွှေတွင်း၊ နင် ကြည်ကြည်လင်လင် နေနိုင်ရင် ခဏပဲ၊ ခဏနေရင် အော်တိုမက်တစ် ပြန်ပုပ်သွားရော”

သခင်နှင့် ရွှယ်ကိုး နှစ်ယောက်သား သူတို့ဟာသူတို့ သဘောကျကာ ရွှေတွင်းကို ရယ်နေကြရင်း ရွှယ်ကိုးက ...

“ငါတို့လည်း အိမ်က စောထွက်ကြရအောင်လေ ရွှေတွင်း အန်တီကြည့်ရတာ အလုပ်ကိစ္စ ပေါ်လာပြီထင်တယ်”

www.burmeseclassic.com



"မပေါ်ပါဘူး"

"ဖုန်းလာတယ်လေ၊ အလုပ်ပေါ်လာပြီး အပြင်ထွက်ရင် ထွက်ရတော့မှာပေါ့၊ အလုပ်ပေါ်လား မပေါ်လား နင်လည်း မသိသေးပဲနဲ့"

"ရပါတယ်၊ ဘာမှမဖြစ်ဘူး၊ အေးဆေးနေဦး"

"မနေတော့ဘူးဟာ၊ စောထွက်မယ်"

အလုပ်ပေါ်လာလျှင်လည်း ရွှေတွင်းရဲ့ အမေဟာ ရွှယ်ကိုးတို့ကို ဘယ်ပြောပါ့မလဲ။ အားနာပြီး မြှုံနေမှာ။ သူ့ရဲ့ အကျိုးဆောင်ပွဲစား အလုပ်ဆိုတာက ပေါ်လာတုန်း ထ,လုပ်ရှား ရမယ့် အလုပ်မျိုးမို့ ရွှယ်ကိုးတို့က အားနာတာပင်။ နောက်ဆုံး တော့ ရွှေတွင်းလည်း အိမ်က စောစောထွက်ဖို့ သဘောတူလိုက် သည်။

❖ ✪ ❖





## ၇

ဆန်းဒေးတစ်ရက်မှာတော့ ရွှယ်ကိုးနှင့် သဇင်တို့ နှစ်ယောက် ဝယ်ချင်တာကလေးတွေရှိ၍ ဒဂုံစင်တာကို ဈေးဝယ် ထွက်လာကြပါသည်။ ထုံးစံအတိုင်း မေမေက ကားမောင်း၍ သဇင့်ကိုပါပတ်ခေါ်ပြီး နှစ်ယောက်သားကို ဒဂုံစင်တာမှာ ချခဲ့တာ။

ကြာမယ့်အချိန် ပြန်မယ့်အချိန်က မခန့်မှန်းနိုင်၍ ပြီးလျှင် ကိုယ့်ဟာကိုယ် ကားငှားပြန်လာကြမည်လို့ မေမေ့ကို ပြောလိုက်ပါသည်။ နှစ်ယောက်သား ဟိုငေးဒီငေး ပတ်နေကြရင်း...

"ဟဲ့ ... သဇင်"

"အင်း"

"ရှေ့ကိုကြည့်စမ်း"

"ဘာလဲ"

"ရှေ့က အတွဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ၊ သိပ်မချောပါဘူး"

"နင့်ကို ချောလို့ ပြနေတာ မဟုတ်ဘူး၊ ဘာထူးခြားလဲ"

သဇင်က ပြုံးတူးပြတဲ အကဲခတ်ပြီးနောက် ...

"ဘာမှ မထူးခြားပါလား"

"ကြည့်လေဟာ၊ ကောင်မလေးက ဝယ်၊ ကောင်လေးက သယ်"

"အဲဒါ ဘာဖြစ်လဲ"

"ပိုင်တာပေါ့ဟ"

သဇင်က ရွှယ်ကိုး မျက်နှာ ပြုံးစိစိကို မျက်စောင်း တစ္စွယ်ရွယ်နှင့် ကြည့်ရင်း ...

"သူ့ရည်းစားဆိုတော့ ဝယ်သမျှ သယ်ရပြီပေါ့၊ ဘာလဲ အားကျတယ်လား၊ အားကျရင်လည်း ရည်းစားသာကောက် ထားလိုက်တော့၊ ငါတော့ သယ်မပေးနိုင်ဘူး၊ ဒီမှာ ငါ့ အိတ်နဲ့ငါလည်း မနည်းဘူး၊ နင့်အိမ် နင်ကိုင်"

"အောင်မယ် ... နင့်ဘယ်သူက သယ်ပေးခိုင်းနေတာမို့လဲ"

"မသယ်ရလည်း ပြီးရော၊ သိဘူးလေ၊ ရှေ့ကို နမူနာပြပြီး ငါ့ကို အခမဲ့ ကူလီထမ်းခိုင်းမလို့လားလို့"

"နင့်ကို မဆွဲခိုင်းချင်ပါဘူး၊ ရွှေတွင်းကိုပဲ သယ်ခိုင်းတော့ မယ်"

"ဘယ်မှာလဲ ရွှေတွင်း၊ ရွှေတွင်းမှ မပါတာ"





"ခေါ်လိုက်မယ်"

ရွှယ်ကိုးက အိတ်ထဲက ဟဲန်းဒ်ဖုန်းလေးကို ထုတ်၍ ...တောက်တောက် နှိပ်ရာ သဇင်က ရွှယ်ကိုးကို အံ့အားတသင့် ...ည့်နေလိုက်မိပါသည်။ ရွှယ်ကိုး မျက်နှာက အပြုံးကလေးနှင့် ...င်းဝင်းပပ။ ရွှယ်ကိုး ... ရွှယ်ကိုး။ သယ်ခိုင်းဖို့တွေ ဘာတွေက ...တားလမ်းကြောင်းပြီး တမင်တကာ အကြောင်းရှာတာပါ။ သူ့ ...ဆ်ရင်းဟာ အားမှာ ရွှေတွင်းပါ ပါနေစေချင်တာ။

"ရွှေတွင်းနဲ့ ပြောချင်လို့ပါရှင်၊ ဟုတ်ကဲ့"

"... ... ..."

သဇင်က မသိချင်ယောင်လေးပဲဆောင်ကာ အားက ...နီးလှည်းဆိုင်ကလေးက တိုလီထွာလီ ပစ္စည်းလေးတွေကိုကြည့် ...နေလိုက်သည်။

"ဟဲ့ ... ရွှေတွင်းလား၊ အေး ... ငါ"

"... ... ..."

"ဟဲ့ ... ငါနဲ့ သဇင် အခု ဒဂုံစင်တာမှာဟဲ့၊ အေး"

"... ... ..."

"အဟား ... ဟား ဟား၊ အေးလေ၊ ဒီလိုပဲ ရုတ်တရက် စိတ်ကူးပေါက်ပြီး ထွက်လာကြတာပါဟာ"

"... ... ..."

"နင် ဘာလုပ်နေလဲ၊ အားလား"

"... ... ..."



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... စာအုပ်တွေ ရှင်းမနေနဲ့ ချွေးထွက်တယ်၊ ဒီကိုလာဟာ၊ ဒီမှာ အေးတယ်ဟ"

"......... "

"ဩော် ... အခု အိမ်က ထွက်ခဲ့ပေါ့၊ ဘာဖြစ်လဲ၊ ငါတို့လည်း ခုမှ စ,ပတ်တုန်း"

"......... "

"မရဘူး၊ နင်ဝယ်စရာရှိရှိ မရှိရှိ၊ နင့်ကို ဝယ်ဖို့ခေါ်နေတာ မဟုတ်ဘူး"

ရွှယ်ကိုးရဲ့ ဟန်ဆောင် မာန်မဲသံလေးကို သဇင်က ကြားဖြတ်ကာ ...

"သယ်ဖို့ဟေ့ ... သယ်ဖို့ ... အဟီ"

ဖုန်းနားဝင်ကပ် အော်လိုက်ပါသေးသည်။

"လာခဲ့လေဟာ၊ နင်က ဘာမှန်းမသိဘူး၊ ပိုက်ဆံမရှိလည်း လာခဲ့၊ ကားခတော့ ရှိတယ်မဟုတ်လား ဟား ဟား၊ ကားခပါ မရှိလည်း ကားငှားခဲ့ဟာ၊ ငါတို့ ပေါ်တီကို အောက်က ထွက်စောင့်ပြီး ကားခချေမယ်၊ လာခဲ့မါဆို"

"......... "

"အေး ... ဒါပဲ၊ မြန်မြန်လာ၊ ရှုံးသမနေနဲ့"

ရွှယ်ကိုးက ဖုန်းကို ပြုံးစိစိလေး ပြန်ပိတ်သိမ်းလိုက်ပါသည်။





"စိတ်ချမ်းသာသွားပြီလား မိန်းမ"

"ကြည့်ဦး၊ အန်တီလည်း မရှိဘူး၊ တစ်ယောက်တည်း အိမ်ပိတ်ပြီး စာအုပ်တွေ ရှင်းနေတယ်တဲ့၊ ဘယ်လိုယောကျ်ားလေးလဲ မသိဘူး"

"ပိုးဟပ်လေး၊ အိမ်ကချောင်ထဲ ခိုနေတာ"

"ဟုတ်ပ၊ ခုလည်း သူ့မှာ ဝယ်စရာလည်း မရှိဘူး၊ ပိုက်ဆံလည်း မရှိဘူးတဲ့၊ မလာဘူး လုပ်နေတယ်၊ ငါတို့ကို တောင် ဆူလိုက်သေးတယ်၊ အားနေရင် ဝယ်ခြမ်း သုံးဖြုန်းနေကြတာပဲတဲ့"

"ငါတို့က ရွှေတွင်း ဖင်ခုထိုင်ထားကြတာလို့ ... ဟား ဟား ဟား"

သဇင်သည် သူ့ဟာသူပြော သူ့ဟာသူ သဘောကျ[illegible] အကျယ်ကြီးရယ်။ သဇင့် စကားကို ကွက်ကွက်ကွင်းကွင်း [illegible]စားပြီး ရွှယ်ကိုးလည်း ရယ်လိုက်ရသည်မဟာ ပါးတွေတောင် [illegible]ာင်း၍ မျက်ရည်တောင် လည်သည်။ နှစ်ယောက်သား ပေါ်[illegible]တီကိုအောက် ပြန်ထွက်ကာ စောင့်နေကြပါသည်။

ဖုန်းချပြီးတာနှင့် ချက်ချင်း ပြေးလွှား ဘတ်စ်ကား[illegible] တက်လာသလား ထင်ရအောင် ရွှေတွင်းက မြန်သည်။ [illegible]င်းတစ်ဖက်ကမ်းက ကူးလာနေတဲ့ ရှပ်အကျႌမီးခိုးကွက်နှင့် [illegible]န်ပြာရော်ရော် ဝတ်ထားတဲ့ ကောင်ကလေးကို ရွှယ်ကိုးက [illegible]တောင်မခတ် ပြုံးစိုက်ကြည့်နေမိပါသည်။

www.burmeseclassic.com



မိနစ်မဆိုင်း ချက်ချင်း ထွက်လာပုံရသော်လည်း အနားရောက်လျှင်တော့ မျက်မှောင်တွန့်တွန့် မှုန်တေတေလုပ်ထားကာ ...

"နင်တို့ အချိန်တွေ ငွေတွေ သိပ်ပိုနေတာပေါ့ ဟုတ်လား"

ရွှယ်ကိုးသည် ရွှေတွင်း ရောက်လာတာကို သိပ်ပျော်အူမြူးနေကာ ...

"ဖြုန်းလို့ကို မကုန်ဘူး"

"လက်ထဲမှာ အိတ်တွေနဲ့ ဝယ်ပြီးနေပြီ မဟုတ်လား၊ နင် ပြောတော့ ခုမှ ရောက်တာဆို"

"ခုမှ ရောက်တာလို့ မပြောပါဘူး၊ ခုမှစ,ပတ်ကာ[illegible] ပြောတာပါ၊ ဒီတစ်အိတ် နှစ်အိတ်နဲ့ ဝယ်လို့ပြီးဦးမလား လျှောက်ကြည့်ဦးမှာပေါ့၊ ငါတို့ ပထမထပ်တောင် မနှံ[illegible] ဘူး၊ နင့်ကို ဆင်းစောင့်တာလေ၊ လာ ... ပြန်တက်မယ်"

အထဲပြန်ဝင်လာကြရင်း သဇင်က မေးပေါ့ကာ ...

"သယ်ခိုင်းလေ၊ ရွှေတွင်းကို"

"ဘာလဲ"

ရွှယ်ကိုးက မဖြေဘဲ ပြုံးစိစိလုပ်နေ၍ သဇင်[illegible] ဝင်ကာ ...

"နင့်ကို သူက အကောင်းခေါ်တာ မှတ်နေလား၊ သူ[illegible] တဲ့အိတ်တွေ သယ်ခိုင်းဖို့ ခေါ်တာ၊ သိလား၊ ကူလီလုပ်[illegible]





ရွှေတွင်းက ရွှယ်ကိုးကို ကြည်ကြည်သာသာကြည့်ရင်း ...

"ဟုတ်လား၊ ပေးလေ ရွှယ်ကိုး၊ ငါသယ်ခဲ့မယ်"

ရွှယ်ကိုးက ခေါင်းလေးငဲ့ကာ ...

"ပေါ့ပါသေးတယ်၊ လေးမှ သယ်ခိုင်းမှာ"

"ပေးပါ၊ လေးလေး ပေါ့ပေါ့၊ ပေး ...၊ အားလုံးပေး၊ သဇင်လည်းပေး"

ရွှယ်ကိုးဆီက နှစ်အိတ်၊ သဇင့်ဆီက နှစ်အိတ် အားလုံးပေါင်းကာ ရွှေတွင်းက စုကိုင်ပေးလိုက်ပါသည်။

"ရွှေတွင်း"

"အင်း"

"နင့် ရွှယ်ကိုးကလေ သိပ်မပြောလိုက်ချင်ဘူး သိလား"

"ဘာဖြစ်လို့လဲ"

"သူ့ရှေ့က လျှောက်သွားတဲ့ စုံတွဲကိုကြည့်ပြီး ကောင်မလေးကဝယ်၊ ကောင်လေးက မညည်းမညူ ဒိုင်ခံသယ်လုပ်နေတာကို အားတွေကျနေတာ၊ မရိုးဘူး သိလား၊ ဘဲလိုချင်နေပုံ ရတယ်"

သဇင်က ကပ်ပြီး နောက်ရွတ်ချွန်တွန်းလုပ်နေတာကို ရွှယ်ကိုးက အပြုံးကလေးနှင့် ဘာမှ မဖြစ်သလိုနေသော်လည်း ရွှေတွင်းက ခေါင်းကြီးငုံ့ကာ ခြေလှမ်းတွေ မှားနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူများသမီးရည်းစားစုံတွဲမြင်ပြီး အားကျတာနဲ့ပဲ ချက်ချင်းဖုန်းဆက်ပြီး နင့်ကို ခေါ်မယ် ခေါ်မယ် လုပ်နေတာပဲ"

"သဇင်နော်၊ နင် အတော်အာချောင်နေပါလား"

"မဟုတ်တာပါလို့လား"

"ငါက ငါတို့ အပျော်လျှောက်သွားနေကြတဲ့ အခါမျိုးမှာ ရွှေတွင်းကိုလည်း ပါစေချင်တာ"

"စေတနာတွေပေါ့"

"ဘာဖြစ်လဲ၊ အခု သူရောက်လာတော့ နင်လည်း ခုလိုပေါက်ကရတွေပြောပြီး အူမြူးနိုင်တယ် မဟုတ်လား၊ ဟဲ့ ... ရွှေတွင်း၊ ငါက နင့်ကို အိတ်သယ်ဖို့ခေါ်တာမဟုတ်ဘူး သိလား၊ နင့်ကို တကယ်သတိရပြီး ပါစေချင်လို့ ခေါ်လိုက်တာ"

"ငါ သိပါတယ်၊ အိတ်သယ်ဖို့ ခေါ်တယ်ဆိုလည်း ဘာမှ မဖြစ်ဘူး၊ သုံးယောက်ထဲမှာ ငါက ယောကျာ်းပဲဟာ၊ ငါ သယ်ပေးရမှာပေါ့"

ဟင့်အင်း ...။

နင့်ကို အိတ်သယ်ဖို့ခေါ်တာ မဟုတ်ဘူး။ ခုလို ငါ့နားမှာပဲ ရှိနေစေချင်လို့။ သဇင်နဲ့ တူတူသွားတော့လည်း မပျော်ဘူး မဟုတ်ဘူး၊ ပျော်ပါတယ်။ နင်ပါတော့ ပိုပျော်တာပေါ့ ရွှေတွင်းရယ်။ ရှေ့ကစုံတွဲကိုကြည့်ပြီး နင့်ကို အနားမှာရှိစေချင်





အိတ် ပြင်းပြင်းထန်ထန် ပေါက်ဖွားလာမိတာကတော့ နင် သိဖို့မလိုသေးတဲ့ ငါ့ရင်ထဲက ခံစားချက်ပဲ။

အဲဒါ ဘာလဲ ရွှေတွင်းရယ်။

ရွှေတွင်းလည်း လက်တစ်ဖက်တစ်ချက်မှာ အိတ်တွေ အစီအရီဆွဲပြီး ခေါင်းကြီး မလှုံမလဲငုံ့ကာ လျှောက်ရင်း ရွှယ်ကိုးကို တစ်ချက် မသိမသာခိုးဝှက်ငဲ့ကြည့်ရင်း ရင်တွေခုန်နေပါသည်။ သူတို့နှစ်ယောက်တည်းလည်း မိန်းကလေးချင်း အဖော်ပြုသွားလာလို့ အဆင်ပြေနေပါလျက် သူ့ကို တကူးတက ဖုန်းဆက်ခေါ်တဲ့ ရွှယ်ကိုး။

ရွှယ်ကိုး ရင်ထဲကသံယောဇဉ်ကို သူ မြင်နေပါသည်။ သဇင် သူ့ကို ခင်တယ် ဆိုတာထက်ကို ပိုပြီးသတိတရ အမှတ်အရရှိတဲ့ ရွှယ်ကိုးဟာ ဘာပဲလုပ်လုပ် ဘယ်ပဲသွားသွား သူ့ကို မမေ့ထားတာ ရှေ့ရှေ့သာခကတွေအရလည်း သူ သိခဲ့ပြီးပြီ။ သူ့အိတ်ထဲမှာ ရွှေတွင်းကို အမြဲထည့်ထားတဲ့ ရွှယ်ကိုးလေး။

အဲဒီရွှယ်ကိုးကို သူ့ထက်အများကြီးပိုတဲ့ သံယောဇဉ် အလိုက်တလဲ့ တနင့်တပိုးနှင့် ရွှေတွင်းက မြတ်နိုးလှပါသည်။ 'ချစ်သည်' လို့ သူ မသုံးရက်ပါ။ ရွှယ်ကိုး ဆိုတဲ့ ကောင်မလေးရဲ့ ချစ်သူဟာ ရွှေတွင်း ဆိုတဲ့ အညတရကောင်ကလေး တစ်ယောက်ထက် အဆများစွာသာဖို့သင့်ပါသည်။ သူကတော့ အရိပ်ကြည့်ပြီး မြတ်နိုးနေချင်တာ။

www.burmeseclassic.com



ခုလို ရင်းနှီးခင်မင်မလာခင်ကတည်းက ဒီသင်တန်းကို စ,တက်မိကတည်းက သောကကင်းစင်လှတဲ့ မျက်နှာချို သဘောဖြူဖြူနဲ့ ချစ်စရာကောင်းလှတဲ့ ဒီကောင်မလေးကို သ တမြတ်တနိုး ခိုးကြည့်နေခဲ့ရတာပါ။ သူ့ရဲ့ မြတ်နိုးမှုက ရွယ်ကိုး အပေါ် တန်ဖိုးကြီးစွာ သတ်မှတ်ထားတဲ့ မြတ်နိုးမှု။ ကိုယ့်ကိုယ် ကိုယ်ထက် အများကြီးမြင့်တင်သတ်မှတ်ထားတဲ့ တန်ဖိုးတစ်ခု ရွယ်ကိုးကို နေရာပေးထားသည်။

ကားငှားသွားရင်တောင် ကားခကို ကိုယ် တတ်နိုင် သလောက်တော့ ဝေမျှခွင့်ရမှ၊ မုန့်စားရင်တောင် တစ်ယော တစ်လှည့်ရှင်းရမှလို့ သူ့အတွက်သူ သတ်မှတ်ထားခဲ့တဲ့ စည်းကမ်း တစ်ခုဟာ တကယ်တမ်းတော့ သူ့ကိုယ်သူ ပြန်ဆုံးမထား 'စည်း'တစ်ခုဖြစ်တာ ရွယ်ကိုး နားမလည်နိုင်ရှာ။

မခင်မင်ဘူး၊ မရင်းနှီးဘူးလို့ စကားနာထိုး သည်။ အစစပြည့်စုံ အလျှံပယ်တဲ့ ဘဝမျိုးမှာသာ မွေးကတည်း နေခဲ့ကြီးပြင်းခဲ့ရတဲ့ ရွယ်ကိုးအဖို့ သူ့ရင်ထဲက သိမ်ငယ်မှု စေ့စေ့ငုငု ဘယ်နားလည်နိုင်မှာတဲ့လဲ။ အနည်းဆုံး သူ့ဘဝ ရွယ်ကိုးတို့အခြေအနေမျိုးနဲ့ မတိမ်းမယိမ်းလောက် ရှိမလာနိုင် တော့ ဟိုးအမြင့်က ပန်းဖူးကလေးကို သူ မခူးဆွတ်ပါ။

အဲသလိုဖြစ်လာဖို့ဆိုတာဟာလည်း လွယ်ကူတဲ့ကိ မှမဟုတ်ဘဲ။ ရွယ်ကိုးတို့ ခြံကြီးရှေ့ကို ညအခါ (သူ ရောက် မှန်း ဘယ်သူမှမသိနိုင်တဲ့ အခါမျိုးမှာ) သူ မကြာမကြာ ရောက်





ဖူးပါပြီ။ အဲဒီခြံရှေ့က ဖြတ်လျှောက်ရင်း ခြံထဲမှာ သူ မြတ်နိုး တဲ့သူလေး ရှိနေတယ်ဆိုတဲ့ အသိနဲ့တင် ရင်ထဲပူနွေးတင်းကျပ် နေအောင် ကြည်နူးနှစ်သိမ့်ရတာ။ သူ့ဟာသူ သူ့ခြံထဲ သူ့အိမ် ထဲရှိနေပေမယ့် ကိုယ်က အိမ်ရှေ့က ဖြတ်လျှောက်လိုက်တော့ သူနဲ့ ကိုယ်နဲ့ပဲ နီးကပ်သွားသလိုလို ...။

ရူးတယ်ပဲဆိုချင်ဆို ...။ ရွယ်ကိုးတို့ခြံရှေ့က ဖြတ် လျှောက်လိုက်ရခြင်းဟာ ရွှေတွင်းရဲ့ စိတ်နှလုံးကို ချမ်းသာခြင်း ကြီးစွာပေးပါသည်။ တကူးကတ သွားဖြတ်လျှောက်ပြီး အိမ်ကိုပြန် လာတဲ့အခါ ချစ်သူနဲ့ပဲတွေ့ခဲ့သလိုလို ကျေနပ်ကြည်နူးသော ခံစားချက်တစ်မျိုးနှင့် အိပ်စက်ခြင်းသည်ပင် ချမ်းသာသုခနှင့် ပြည့်ဝနေတတ်ပါသည်။

ဒါတွေ ဒါတွေ အားလုံးကို ရွယ်ကိုး မသိပါဘူး။ သိအောင်လည်း သူ ဘယ်တော့မှ မကြိုးစားပါဘူး။ ပျိုရွယ်ကိုးဆို တဲ့ တန်ဖိုးကြီးမြင့်တဲ့ ပန်းကလေးတစ်ပွင့်ဟာ အိမ်ဦးခန်းက ပန်းအိုးကလေးထဲမှာပဲ တင့်တယ်စံပယ်နေသင့်တာပေါ့။ မီးဖိုထဲ က် အမှိုက်ပုံးထဲရောက်နဲ့ မထိုက်မတန် နွမ်းကြေမသွားသင့်ပါ ဘူး။

"လှလား ရွှေတွင်း"

ပန်းရင့်ရင့်အင်္ကျီလေးတစ်ထည်ကို ကိုယ်မှာကပ်ကာ ည့်မေးလိုက်တဲ့ ရွယ်ကိုး ပုံစံလေးကို သဇင်က မျက်စိ ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လှတယ်"

"ငါနဲ့ လိုက်လား"

"လိုက်တယ်"

"ရွှေတွင်း ... နင်ဟာလေ မေးလိုက်ရင် လှတယ်၊ လိုက်တယ် ဒါပဲ၊ ရွှယ်ကိုးနဲ့ မလိုက်ဘူး မလှဘူး ပြောတာ တစ်ခါမှမကြားမိဘူး။ ဟိုကလည်း ဒါကိုပဲကြားချင်လို့ ဝင်တဲ့ဆိုင်တိုင်း တွေ့ရာဆွဲကပ်ပြီး တဖွဖွမေးတယ်၊ တစ်ယောက်ကလည်း လှတယ် လှတယ်၊ နင်တို့နှစ်ယောက်ဟာ လိုက်လည်း လိုက်တယ်"

"ငါ ညာပြောတာမှ မဟုတ်ဘဲ၊ ရွှယ်ကိုး မျက်နှာက ဘာရောင်နဲ့ဖြစ်ဖြစ်ဟပ်တယ်၊ သူ့အရုပ်အမောင်းနဲ့ ကိုယ်လုံးက ဘာပဲဝတ်ဝတ် လှတယ်လေ။ လှလို့လှတယ်ပြောတာဟာ၊ မျက်စိထဲ ကြည့်ကောင်းနေတာပဲဟာ"

ရွှေတွင်းက ကလေးဆိုးကြီး အသံမျိုးနှင့် ခပ်ရှက်ရှက် ရှင်းပြသည်။

"နင့် မျက်စိကလည်း ရွှယ်ကိုး ဂုန်နီအိတ် ပတ်ထားရင်တောင် ဟယ် ... ယဥ်စစနဲ့ဆိုပြီး ကြည့်ကောင်းနေဦးမှာ"

သဖင့် အာကျယ် အာကျယ် စကားကို ဆိုင်ကောင်လေးတွေပါ ဝိုင်းရယ်ကြရင်း ရွှေတွင်း မျက်နှာကြီးနီ မျက်နှာမထားတတ် ဖြစ်နေပါသည်။





"နင်ကလည်း လှလို့လှတယ်ပြောတာ ပြောပါစေ"

"အေး ... အေး ... စိတ်ချမ်းသာကြ၊ နော် ..."

"နင်တို့ ဝယ်လို့မပြီးကြတော့ဘူးလား၊ ဘာပွဲလမ်းတွေ ဒီလောက် ဝတ်စားသွားလာစရာရှိနေလို့ တစ်ထိုင်တည်းနဲ့ သုံးလေးထည် ဝယ်နေကြတာလဲ"

"ဟော ... ကလေးဂျီကျလာပြီ၊ ကလေး သိပ်မကြည်တော့ဘူး"

"ကြည်ပါတယ် နားမလည်လို့ မေးကြည့်တာ"

"ရွှေတွင်းကလည်းဟယ်၊ ဒီလိုဝယ်တာမျိုး တစ်ပတ်တစ်ခါ နှစ်ခါ ထွက်ဝယ်နေတာမှ မဟုတ်ဘဲ၊ ရောက်တုန်း ကြိုက်တာတွေ့တုန်း ဝယ်ထားလိုက်တာပေါ့"

ရွှေတွင်း သက်ပြင်းချရသည်။ ဒီလိုမိန်းကလေးတွေကို တင့်တောင်းတင့်တယ် ထားနိုင်ဖို့ သူတို့ကိုယူမယ့် လင်သောက်ျားတွေ ဘယ်လောက်များရှာဖွေရမလဲ။ ရှာပါ့မယ်ပဲထားဦး၊ ရှာနိုင်အောင် ဝင်ငွေကောင်းတဲ့ လုပ်ငန်းကလည်း ရှိဦးမှ၊ အတန်မေတ္တာ အပြည့်အဝရှိပေမယ့်လည်း ကိုယ်က သူ့ သုံးဖြုန်းနိုင်လောက်အောင် လောက်ငှပိုလျှံတဲ့ဝင်ငွေမျိုး မရှိရင် ...။

အင်း ...။

ရွှယ်ကိုးတို့ဝယ်တဲ့ အင်္ကျီတွေရဲ့တန်ဖိုးဟာ အနည်းဆုံး တစ်သောင်းခွဲ။ တစ်သောင်းခွဲတန်ဆိုတာ ဘာမှမဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်မီးသာသာအင်္ကျီမျှသာ။ သောင်းရှစ်ထောင်၊ နှစ်သောင်းတန်လည်း ပွဲတိုးတဲ့ အသုံးတည့်မယ့်အင်္ကျီမျိုးမဟုတ်ဘဲ ဝယ်လိုက်တာပင်။ ဖိနပ်ကျတော့လည်း သူတို့သဘောကျလိုက်ရင် နှစ်သောင်းခွဲသုံးသောင်း။

မလွယ်ပါလား။

"ရွှေတွင်း"

"အင်း ..."

"ဟို ဖိနပ်လှတယ်နော်"

"ဘယ်ဖိနပ်လဲ"

အနီးအနားမှာ မိန်းမစီးဖိနပ် မတွေ့၍ ရွှေတွင်းက လှည့်ပတ်ကြည့်သည်။ ရွယ်ကိုးက ရွှေတွင်းရဲ့ မေးစေ့ကို တစ်ဖက်ကို တွန်းလှည့်ပေးလိုက်ရင်း ...

"ဟိုမှာ"

ယောကျ်ားလေးအသုံးအဆောင် ဆိုင်တစ်ဆိုင်ထဲက ဖိနပ်စင်ပေါ်မှာရှိတဲ့ ကွင်းထိုးဖိနပ်တစ်ခုကို ရွှေတွင်း တွေ့လိုက်ရပါသည်။ လယ်သာအညိုနှင့် ချုပ်ထားသော ခြေမကွင်းထိုး ခြေခုံကွင်းထိုးနှင့် ဖိနပ်အနားတစ်လျှောက် ကြိုးချုပ်ရာတွေနှင့်။ ကောင်လေးတွေ နှစ်သက်တတ်သည့် ဖိနပ်မျိုးပင်။

"ယောကျ်ားစီးကြီးလေ"

"အင်းလေ"





"နင့်အစ်ကိုဖို့လား အဖေဖို့လား"

"မဟုတ်ပါဘူး၊ လှလား"

"လှသားပဲ၊ ဒါပေမဲ့ အဲဒီဖိနပ်မျိုးတွေက စီးဖို့မတန်ပါဘူး၊ တအားဈေးကြီးတာ ငါ တွေ့ဖူးတယ်"

"လေးသောင်းတဲ့"

"အား ..."

ရွှေတွင်းက နှုတ်ခမ်းမဲ့၍ ညည်းညူလိုက်ပါသည်။

"နင် စီးရင်လိုက်မှာ၊ ဂျင်းနဲ့ဝတ်လို့ ရတယ်လေ"

"အဲလောက် ဈေးကြီးတဲ့ ဖိနပ်တော့ မစီးတော့ဘူး"

ရွှေတွင်း စီးထားတဲ့ကြိုးသိုင်းဖိနပ်ဟာလည်း Adda ဘဲဆိပ်ထဲကဖြစ်၍ ဈေးတော့မသေးလှပါ။ တစ်ခါဝယ်ပြီးရင် ..ည်းကမ်းရှိတဲ့ ရွှေတွင်းအဖို့ နှစ်တွေချီပြီးခံနေတဲ့ဖိနပ်မို့ သူ့ဈေး..သူ စီးတန်သည်။ လေးသောင်းတန်ကြီးကျတော့လည်း ဘယ်..လောက်ခံပါစေဦး ဝယ်မစီးလို။

တစ်ကြိမ်ပိုက်ဆံစုနိုင်လျှင် ရွှေတွင်းက အမျိုးအစား ..ကောင်းကောင်း လိုအပ်တာတစ်ခုခု ဝယ်ထားလိုက်သည်။ ဒါကြောင့် ..သူ့အဝတ်အစား အသုံးအဆောင်တို့ဟာ အပေါစား အညံ့စားတော့ ..မနေ။ Brand ကောင်းသည်။ သို့သော် သူ့မှာ များများစားစား ..တော့မရှိ။ ဂျင်းန်ဆိုလည်း အရောင်မတူ ပုံစံကွဲ လေးထည်ပဲ သူ့ ..ရှိသည်။ သူက သန့်ပြန့်စည်းကမ်းရှိ၍ အဝတ်အစား အသုံး ..အဆောင်တို့က တော်ရုံနှင့်မွဲမသွား။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလကုန် နင့်မွေးနေ့လေ"

ရွှေတွင်းက ရွှယ်ကိုးကို တအံ့တသြကြည့်လိုက်ရင်း_

"နင် ဘယ်လိုလုပ် သိလဲ"

"နင့်အမေကို မေးကြည့်ထားတာ"

ရွှေတွင်းက ခြေလှမ်းစ,ထွက်၍ ရွှယ်ကိုးက အင်္ကျီကို လှမ်းဆွဲထားရင်း ...

"နင့်ကို မွေးနေ့လက်ဆောင် ဝယ်ပေးမလို့၊ အဲဒီဖိနပ် ကြိုက်လားလို့"

"အာ ... မကြိုက်ဘူး၊ လာ လာ ... သွားမယ်၊ ဈေးကြီးက ကြီးနဲ့၊ ဝယ်စီးစရာလား၊ ဖိနပ်ကို လေးသောင်းတဲ့၊ ငါ့ ခြေထောက် ဝဲပေါက်နေပါဦးမယ်"

"နင်ကလည်း ..."

"ဘာလဲဟ မကြိုက်ဘူး"

"နင်ပဲ လှတယ်ဆို"

"လှတာလှတာပဲလေ၊ လာစမ်းပါ ရွှယ်ကိုးရာ၊ နင်ဟာလေ ကျွတ် ..."

"ဘာလဲ ..."

"ကျောင်းသားအရွယ် သူငယ်ချင်းအချင်းချင်း မွေးနေ့လက်ဆောင်ပေးတာ လေးသောင်းတန်ဝယ်ပေးစရာလား၊ နင့်မှာ ဝင်ငွေရှိတဲ့အလုပ် ရှိလို့လား မိဘမုန့်ဖိုး သုံးနေရတုန်း မွေးနေ့လက်ဆောင်ကို ဒီလောက်သုံးစွဲသင့်လား ရွှယ်ကိုး"





"တစ်နှစ်မှ တစ်ခါပဲဟယ် ကိုယ်ခင်တဲ့သူကို ပေးရတာ"

"နင် ပေးချင်လည်း ငါ မယူချင်ဘူး၊ မယူနိုင်ဘူး၊ နင့် မွေးနေ့ကျရင်လည်း ငါက တန်ဖိုးကြီးတဲ့လက်ဆောင် ဝယ်ပေးနိုင်မှာမဟုတ်ဘူး ရွှယ်ကိုး"

"လာပြန်ပြီလား ဒီစကား"

သဇင်က သူတို့နှစ်ယောက်ရဲ့ အချင်းများမှုကို နားစွင့်နေရင်း ပြုံးချင်မိပါသည်။ ရွှယ်ကိုးတစ်ယောက် မေတ္တာစေတနာ အကြင်နာတွေ ပိုလွန်းလှတာ သူလည်း အသိပဲ။ မြင်နေ ရိပ်မိနေရပါသည်။ မဖုံးနိုင် မဖိနိုင်အောင် ဖြစ်နေတာ။ ဟိုကလည်း ဟုတ်သားပဲ၊ အစကတည်းကမှ မာနခပ်ကြီးကြီးရယ်က ဘယ်မှာ လက်ခံပါလိမ့်မလဲ။

ရွှယ်ကိုးတို့ သဇင်တို့ ဝိုင်းပြောထား၍ မုန့်စားတဲ့ ဒီနှမျိုးလောက်မှာတော့ ရွှေတွင်းက သိပ်တွက်တွက်ချက်ချက် မဟုတ်တော့ပါ။ သို့သော် ဒါမျိုးကျတော့ ရွှေတွင်းက ဘယ်ယူချင်ပါ့မလဲ။

"ကဲ ကဲ ... နင်တို့နှစ်ယောက်ဟာ အစထွက်လာရင် တစ်ယောက်တစ်စကိုက်ဖို့ပဲ ကြံစည်နေတယ်၊ ငါ ညောင်းလာပြီ၊ ဂျေးဒိုးနတ် ခဏဝင်စားမယ်၊ ကော်ဖီသောက်မယ်ဟာ၊ ဒီဘက်လာ၊ ငါ ကျွေးအလှည့်"

စကားလမ်းကြောင်းကို ဝင်ပြီး လွှဲဖြတ်ပစ်လိုက်ပါသည်။ သုံးယောက်သား ဂျေဒိုးနတ်ဆိုင်ထဲဝင်။ ရွှယ်ကိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေတွင်းက နေရာရှာဦး၊ ငွေရှင်းမယ့်သဇင်က ကောင်တာဆီကို သွား။ မေးစရာမလို။ ရွှေတွင်းက ကော်ဖီအေးနှင့် ဘတ်တာကိတ် တစ်ချပ်။ ရွှယ်ကိုးက အထဲမှာ ဘယ်ရီခရင်မ် ခရမ်းမည်းမည်း ထာပနာထားတဲ့ နိုးနတ်အဝိုင်းပုံနှင့် ကော်ဖီအေး။ သဇင်က ချောကလက်ဒိုးနတ်အကွင်းနှင့် ကော်ဖီပူ။

စားနေကျမို့ အကြိုက်အသီးသီးသိပြီးပြီ။ သဇင်သွားမှာနေတုန်း ခုံလေးလုံးစားပွဲတစ်ခုကိုရကာ တစ်လုံးပေါ် အထုပ်တွေစုတင်ပြီး ရွှေတွင်းနှင့် ရွှယ်ကိုးက ထိုင်နှင့်သည်။ ရွှယ်ကိုးက ရွှေတွင်း မျက်နှာကို အရိပ်တကြည့်ကြည့် အကဲခတ်နေပါသည်။ သူ့ကို တန်ဖိုးကြီးပစ္စည်း ဝယ်ပေးမည်ပြောမိတဲ့အတွက် ရွှေတွင်း စိတ်ဆိုးသေးသလားလို့ပင်။

ရွှေတွင်း မျက်နှာက မသာယာပါ။ ဟိုလှည့်ဒီလှည့်နှင့် ရွှယ်ကိုးအကြည့်ကို ရှောင်ဖယ်နေရာမှ ဆတ်ခနဲ ထ,ရပ်လိုက်ပြီး ...

"ငါ ခဏအောက်ဆင်းဦးမယ်"

"ဘယ်လဲ ရွှေတွင်း"

"အောက်ထပ်"

"ဘာလုပ်ဖို့လဲ"

"ကက်ဆက်ခွေ ဝယ်လိုက်ဦးမယ်"

"ပြီးမှ တူတူသွားဝယ်လေဟာ"

"နေခဲ့ပါ မကြာပါဘူး၊ ခုပဲ ပြန်လာခဲ့မယ်"





"ရွှေတွင်း"

ရွှေတွင်းက ရွှယ်ကိုး ခေါ်တာ လှည့်မကြည့်တော့။ ဘသုတ်သုတ် ထွက်သွားသည်။ ရွှယ်ကိုး သက်ပြင်းလေးရှိုက်ပြီး ကျန်ရစ်ရပါသည်။ ရွှေတွင်းဟာ သူ့ စိတ်မကောင်းဖြစ်သွားပြီ၊ ငမ်းနည်းသွားပြီ၊ တစ်ခုခုဖြစ်သွားပြီဆိုရင် ဖုံးကွယ်မရတဲ့ သူ့မျက်နှာကို ရွှယ်ကိုးတို့ အမြင်မခံချင်။ ခုလိုပဲ ဟိုထ,သွား ဒီထ,သွား ခဏထွက်သွားပြီးမှ သူ့မျက်နှာသူ ပြင်ဆင်လို့ရပြီဆိုမှ ဘာမှ မဖြစ်သလို ပြန်ရောက်လာတတ်သည်။

ဒါ သူ့အကျင့်။

ခုလည်း ဒါပဲပေါ့။ တန်ဖိုးကြီးတဲ့(မနည်းတဲ့) ပစ္စည်း တစ်ခု ဝယ်ပေးချင်မိတဲ့ စေတနာပေါက်မိတာ အပြစ်လား။ ကိုယ့်မှာက ပြည့်လျှံတယ် သူ့မှာက ချို့ဟောက်တယ်။ မေတ္တာစေတနာကြောင့် ကိုယ့်ဘက်က အမို့အမောက်ကို နည်းနည်းပါးပါး သူ့ချိုင့်ခွက်ထဲ ဖြို့ချဖြည့်ပေးချင်မိတာ အပြစ်လား။ ရင်ထဲ အသည်းထဲ နှလုံးထဲက ရင်းနှီးသူ အချင်းချင်းပဲ။

ကိုယ်စားရသလို သူ စားရစေချင်တာ၊ ကိုယ် သုံးရတာကို သူ သုံးဖူးစေချင်တာ၊ ကိုယ်ရောက်နေတဲ့နေရာကို သူ့ကိုပါ ရောက်စေချင်မိတာ အဲဒါအပြစ်လား ရွှေတွင်းရယ်။ ကိုယ့်စေတနာကို စိမ်းစိမ်းကားကား ငြင်းပယ်တော့ ကိုယ်ခံစားရတာ တော့ အပြစ်လား။ ခုလို ဝမ်းပန်းတနည်း မျက်နှာပျက်သွားရလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟိုကောင်ရော"

"အောက်ကိုတဲ့"

"ဘာလုပ်တာလဲ"

"ကက်ဆက်ခွေ ဝယ်ဖို့တဲ့၊ ဘာမှန်းမသိဘူး"

"ကောက်သွားတာလား၊ ကြွေသွားတာလား တစ်ခုခုပဲ။ ပစ်ထားလိုက်၊ ငါ ကော်ဖီ သွားယူဦးမယ်"

သဇင်က မုန့်ပန်းကန်လေးတွေပဲ ယူချလာပြီး ကော်ဖီကို ဟိုဘက်နား နောက်တနေရာမှာ ဝယ်ဖို့ထွက်သွားပါသည်။ စားပွဲပေါ်မေးလေးထောက်ကာ ငေးမိငေးရာငေးလိုက်သော ရွှယ်ကိုးသည် ဆိုင်ပေါက်ဝနားရောက်လာကာ ဆိုင်ထဲဝင်တော့မလို ကြည့်နေတဲ့ စုံတွဲတစ်တွဲကိုမြင်လျှင် ရင်ထဲ ဒိန်းခနဲ မြည်ဟည်းပေါက်ကွဲကာ အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားပါသည်။

ဖေဖေ ...။

ဖေဖေနဲ့ ကောင်မလေးတစ်ယောက်။

ရွှယ်ကိုးသည် မျက်လုံးပြူးနှင့် မျက်နှာမလွှဲ စိုက်ကြည့်နေမိကာ ရင်ထဲ တစစ်စစ်နာကျင်လာသည်။ မျက်နှာတွေလည်း နီရဲထူပူလာသည်။ ဖေဖေ မမြင်အောင် ကျောခိုင်းပုန်းကွယ်လိုက်ရမလား။ ဘာလုပ်ရမလဲဆိုတာ တစ်ထိုင်တည်းမှာ စဉ်းစားရခက်လှပါသည်။ ရင်တွေလည်း တဒုန်းဒုန်းခုန်လာပြီ။





တော်ပါသေးရဲ့ ... တော်ပါသေးရဲ့။ ဘုရားမ,တာ။ ရွှေတွင်းရော သဇင်ရော အနားမှာမရှိ။ သဇင်ကတော့ ကော်ဖီယူပြီး ပြန်လာတော့မှာ။ ဘာပဲဖြစ်ဖြစ် သဇင် သိသွားတာကိုမှ နည်းနည်းခံနိုင်ရည်ရှိပါသေးသည်။ ဘာပဲဖြစ်ဖြစ် တော်ပါသေးသည်။ ရွှေတွင်းရှေ့မှာ ဖေဖေနှင့် ဒီလိုရင်ဆိုင်တိုးရမယ်ဆိုရင် ...။

ကိုယ်က ကြိုပြောထားဖူးရင်ကိစ္စမရှိ။ ဘုမသိဘမသိ ဘွားခနဲကြီးနဲ့တော့ ပက်ပင်းကြီး မတိုးစေချင်။ အတွေးတွေနှင့် ရွှယ်ကိုး ထူပူတုန်လှုပ်နေဆဲ ဖေဖေက ဖျတ်ခနဲ ရွှယ်ကိုးကို မြင်သွားပါသည်။ ကွက်ခနဲပျက်သွားတဲ့ ဖေဖေ့ မျက်နှာဟာ သွေးရောင်တောင် ဆုတ်သွားသလို။ ဖေဖေ့ တုန်လှုပ်ချောက်ချားမှုကြောင့် ဖေဖေ့ဘေးက မိန်းကလေးလည်း ချက်ချင်း ရိပ်မိသွားလေသည်။

လှပကြော့ရှင်းသော မိန်းမပျိုသည် ဖေဖေ့လက်မောင်းကို ဖက်ချိတ်ထားရင်း ဖေဖေ့ကို သိသိသာသာ မော့ကြည့်အကဲခတ်နေပြီ။ ဟိုးတလောက ဖေဖေ့မိတ်ဆွေတွေ ဖေဖေနှင့် ရွှယ်ကိုးကို မှားယွင်းနောက်ပြောင်ချင်တာကို ရွှယ်ကိုး စိတ်ဆိုးရာ အကြောင်းမရှိတော့ပေ။ ဒီလိုပုံစံပဲ ဖြစ်နေတာကိုး။

ရွှယ်ကိုး ရင်ထဲ ပထမဦးစွာတော့ တုန်လှုပ်သည်။ ပြီးတော့ ဒေါသ။ ထိုမိန်းကလေးကို ပြေးဆွဲကုတ်ဖဲ့ပြီး ကိုယ့်အဖေ လက်ကနေ သူ့လက်ကို ဆွဲဖြုတ်တွန်းဖယ်လိုက်ချင်တဲ့ဒေါသ။ အဲဒီရဲ့နောက်တော့ ဝမ်းနည်းမှု။ ရင်ထဲမချိတင်ကဲနှင့် ဖေဖေ့ကို သဝန်တိုရတဲ့ ခံစားမှု။ မေမေ့လောက်လည်း မလှပါဘူး ဖေဖေရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေရဲ့နောက်မှာတော့ ဖေဖေ့ကို သနားခြင်းပင်။ ဖေဖေ့မျက်နှာ ဖြစ်ပျက်သွားသည်မှာ ကိုယ်ကမွေးထုတ်သော သမီးတစ်ယောက်ရှေ့၌ အဖေတစ်ယောက်အဖို့ရာ သိမ်ငယ်အောက်ကျသွားရတဲ့မျက်နှာ။ လက်တလောအခြေအနေကို မည်သို့ဖြေရှင်းမည်ဆိုတာ အဖြေရှာလို့မရတဲ့ ပူပန်စိုးရိမ်တဲ့မျက်နှာ။ ဒီအချိန်မှာ ရွှယ်ကိုး အော်ဟစ်ဆူပူ ငိုယိုသောင်းကျန်းလိုက်ရင်တော့ အရှက်ကွဲပါပြီလို့ ရတက်မအေးတဲ့မျက်နှာ။

ဖေဖေ့ကို သနားခြင်းက ရင်ထဲ နင့်ခဲလာသည်တွင် ရွှယ်ကိုးက ထိုင်ရာမှ ထ၍ ဆိုင်ပေါက်ဝကို လျှောက်သွားလိုက်ပါသည်။ စိတ်ကို အတတ်နိုင်ဆုံး ငြိမ်သက်အေးချမ်းစွာ ဆောက်တည်ထားလိုက်ပြီးလျှင် ...

"ဖေဖေ"

"သမီး"

ဖေဖေက ဟိုဟိုဒီဒီကြည့်ရင်း ...

"ဘယ်သူနဲ့လာလဲ သမီး"

"သဇင်နဲ့ ဖေဖေ"

အဖေနဲ့သမီးအကြား ပြောစရာစကား ပါးရှားကာ ငေါင်တွေတွေကြီးတွေ မျက်နှာပူနေကြပါသည်။ ဖေဖေ့ မိန်းကလေးကို ရွှယ်ကိုး တစ်ချက်ကြည့်လိုက်သည်။ ချောချောလေးပဲ။ အိမ်ကောင်ရှိ အမျိုးသားကြီးတစ်ဦးရဲ့ ကီပင်ရယ်လို့ ထင်ရက်စရာ





မရှိ။ လျှပ်ပေါ်လော်လီတဲ့ မျက်နှာသွင်ပြင်မျိုး မရှိပါ။ သာမန်မိန်းမငယ်တစ်ယောက်။ ဝတ်စားဆင်ယင်ပုံကတော့ ခေတ်မီခေတ်ရှေ့ပြေးသည်။ တစ်ကိုယ်လုံးပေါ်မှာ အဖိုးတန်တွေချည်းပင်။

ဖေဖေ အတော်အရေးပေးထားပေတာပဲ။

"ဒါ ဦးရဲ့သမီးအငယ်လေ"

ဖေဖေက မိန်းကလေးဘက်လှည့်ကာ မပွင့်တပွင့်ပြောလိုက်ပါသည်။ ထို့နောက် ရွှယ်ကိုးဘက်လှည့်ကာ ...

"ဒါက ..."

မိန်းကလေးက ဖေဖေ့လက်ကို ဖြတ်ကာ ဖေဖေ့စကားကို ဖြတ်ပြီး ...

"ဦးနဲ့က ခင်မင်နေကြတာပါ၊ တွေ့ရတာဝမ်းသာပါတယ်၊ ဒီနေ့ ဈေးဝယ်ထွက်မလို့ဟာ ဦးနဲ့လည်းတွေ့ရော အဖော်ခေါ်လာခဲ့တာ၊ ဟို ... ဦး ... နေခဲ့မလား"

သူသည်လည်း ရှိုးတိုးရှန့်တန့် ဖြစ်နေတာပင်။ ရင်ထဲမှာ ရှက်စွံ့ပူလောင်နေပေလိမ့်မည်။ ထားရစ်ခဲ့ဖို့တောင် ကြံစည်သည်ဆိုတော့ ရွှယ်ကိုး သူ့ကိုလည်း သနားကရုဏာသက်မိသည်။ ဘယ်လိုဘဝပေး အကုသိုလ်ကံကြောင့် ခုလိုဖြစ်ရသလဲမှမသိတာ။ ဆတ်ကော့လတ်ကော့ စွာပလန်တန်ပုံစံမျိုး မဟုတ်ဘဲ ဘာပဲဖြစ်ဖြစ် အရှက်တော့ရှိသေးတဲ့ သူ့မျက်နှာရိပ်မှာ အနားက မြန်မြန်ထွက်သွားချင်ပြီဆိုတာ သိသာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေခဲ့ပါဘူး၊ ဟုတ်တယ်မှလား ဖေဖေ၊ သမီးလည်း သဇင် ပါတာပါပဲ၊ ဖေဖေတို့ ဝယ်စရာရှိတာ ဈေးသွားတော့လေ ဖေဖေ၊ သွားတော့နော် အစ်မ"

"အေး ... အေး ... သွားပြီ"

"သွားလိုက်ပါဦးမယ်"

ဖေဖေတို့နှစ်ယောက် အလုံးကြီး ကျသွားသလို ပေါ့ပေါ့ပါးပါး ခပ်သုတ်သုတ် ထွက်ခွာသွားကြတဲ့အခါ ရွှယ်ကိုး မှာ လက်ဖျားတွေ အေးစက်ပြီး ကတုန်ကယင်ကြီး ကျန်ရစ်ခဲ့ရပါ သည်။ တော်ပါသေးရဲ့။ ဖေဖေ့ကို ဒီလိုကြီး ပက်ပင်းတိုးရပါလျက် ဘာပြဿနာမှ မဖြစ်လိုက်ရတာ တော်ပါသေးရဲ့။ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်မှုကိုလည်း ကိုယ့်ဘာသာပင် ပြန်ချီးကျူးမိသေးသည်။

ဆိုင်ဘက်ပြန်လှည့်ဝင်ခဲ့လျှင် သဇင်က စားပွဲမှာဝင် ထိုင်နေပြီ။ အေးဆေးလှတဲ့ အခြေအနေကြောင့် တစ်မျိုးတစ်မည် တောင် ထင်ရက်ပုံမရသော်လည်း ရွှယ်ကိုးရဲ့ဖေဖေ့ကို မိန်းက လေး တစ်ယောက်နှင့် တွေ့ရတာကိုတော့ စိတ်ဝင်စားလှသည် ဖြစ်ရာ ...

"နင့်အဖေမှလား"

"အင်း ..."

"ပါလာတာ ဘယ်သူလဲ"

"အဟင်း ... ဖေဖေ့ ဓာတ်လမ်းပေါ့ဟာ"





"ဟင် ..."

ဘာမှမဖြစ်သလို ဝင်ထိုင်ရင်းဖြေတဲ့ ရွှယ်ကိုး စကား ကြောင့် သဇင့်မှာ ကော်ဖီတောင် သီးမတတ်ဖြစ်ကာ ...

"ဟယ် ... အာလူး ... မိန်းမ ငါ့ကို လာစားနေတယ်"

"တကယ် သဇင်ရေ၊ ငါ ကြားထားတာ ကြာပါပြီ၊ ခုမှ ဆုံဖူးတာ၊ ဖေဖေ့ ဓာတ်လမ်းတစ်ပုဒ်ပေါ့ဟာ"

သဇင်က အံ့အားတသင့်နှင့် ရွှယ်ကိုး အဖေစုံတွဲကို လည်ပင်းလေးရှည်ကာ လိုက်ငေးကြည့်နေပါသည်။ သူတို့ကိုယ် တိုင်လည်း မျက်နှာတွေ ပျက်နွမ်းကာ ချက်ချင်းပဲ အက်စ်ကလေ တာကနေ အောက်ထပ်ကို ဆင်းသွားကြပါသည်။ ဘယ်ဆက်နေကြ တော့မလဲ။ မြန်မြန်လစ်ကြတော့မှာပေါ့။

"တကယ် !! ..."

"တကယ်"

ဖြေရင်း ရွှယ်ကိုး မျက်ရည်လည်လာသယောင်ရှိမှ သဇင်က အလွန်အံ့ဩနေရင်း ...

"ဟယ် ... နင် ... နင် ဘာမှ မဖြစ်ပါလား၊ စကားကောင်း ကောင်း သွားပြောလိုက်သေးတယ် ဟုတ်လား"

"ငါ တစ်ခုခု ထဖြစ်ရင် ဖေဖေ အရှက်ကွဲသွားမှာပေါ့၊ ဟိုတစ်ယောက်ရောပေါ့"

"အရှက်ခွဲရမှာပဲ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အရက်ခွဲလိုက်ရင် ဖေဖေ့ဆီက ဒေါသကိုပဲ ငါရမှာပေါ့၊ ခုလိုဆိုတော့ ဖေဖေ အရမ်းစိတ်မကောင်းဖြစ်သွားတယ်၊ ငါ့ကိုလည်း ဖေဖေ အားနာသွားတယ်"

သဇင်က ပြုံးကြောင်ကြောင်လေး ငေးကြည့်နေပြီးမှ ...

"ကွန်ကရက်ကျူလေးရှင်း သူငယ်ချင်း၊ ရှင့်စိတ် အရမ်းတည်ငြိမ်တာပဲ၊ ချီးကျူးပါတယ်ဟယ်၊ နင်ဟာ အတော်လိမ္မာတဲ့ သမီးပဲ"

ရွှယ်ကိုး ပြုံးသွားမိပါသည်။

"တကယ်ပြောတာ၊ ငါသာဆိုရင် ဒီလိုဘယ်တည်ငြိမ်နိုင်မလဲ။ အရမ်းသောင်းကျန်းပစ်မိမှာ၊ အံ့ရောဟာ တကယ့်ကိုချီးကျူးတာပါ။ ဒါပေမဲ့ နင့်မျက်နှာပေါ်မှာ ခံစားချက်တစ်ခုတော့ရှိနေတာ၊ အဲဒါကိုကြည့်ပြီး ဘာပါလိမ့်လို့ ငါလည်း အကဲခတ်နေတာပေါ့၊ တော်သေးတယ်ဟဲ့၊ ရွှေတွင်းအနားမှာမရှိတာ၊ နို့မို့ရင် သင်းလည်း ရိပ်မိမှာ၊ နင့်အေး ကို သူ မမြင်ဖူးပေမယ့် မှန်းဆပြီးတော့ တစ်ခုခုမဲဆိုတာ သုံးဘောပေါက်မှာပဲ"

"ဟုတ်တယ် သူ မရှိတာပဲ ခပ်ကောင်းကောင်း၊ သူကလည်း ဘယ်လောက်တောင် ကြာကြာကောက်သွားမှာလဲမသိဘူး တက်ကိုမလာတော့ဘူး၊ ကော်ဖီတွေတောင် ရေခဲပျော်နေပြီ"





"ဟိုမှာ လာနေပြီ"

သဇင်က မေးငေါ့လိုက်သည်။ ရွှယ်ကိုး လှမ်းမကြည့်ပါ။ ရွှေတွင်းက ခုံလွတ်မှာဝင်ထိုင်ရင်း Season တံဆိပ်နှင့် မုန့်အိတ်လေးကို စားပွဲပေါ် လှမ်းတင်ကာ ...

"ရော့ ... နင်တို့နှစ်ယောက် ဆိတ်သားပတ်ဖ် ကြိုက်တယ်မဟုတ်လား၊ နင်တို့စားဖို့ ဝယ်လာတာ"

သဇင်က မုန့်နှစ်ခုကို ထုတ်ယူကာ ဟာလာဟင်းလင်း ဖြစ်နေပြီဖြစ်တဲ့ သူတို့ရဲ့ မုန့်ပန်းကန်လေးတွေထဲ တစ်ခုစီ ဖြည့်ထည့်လိုက်ပါသည်။ ရွှယ်ကိုးက ရွှေတွင်းဘက် မျက်စောင်းငဲ့ကာကြည့်ရင်း ...

"နင်ရော မစားဘူးလား"

"ဟင့်အင်း ... ငါ့ဖို့ သဇင် ဘတ်တာကိတ် ဝယ်နေတာတွေ့တယ်လေ၊ အဲဒါပဲစားမှာပေါ့"

သူ့ ကော်ဖီအအေးဖန်ခွက်ကို ပိုက်တံနှင့် မွှေရင်းပြောတဲ့ ရွှေတွင်းကို ရွှယ်ကိုးက စေ့စေ့စိုက်ကြည့်နေပါသည်။ သူ့မေတ္တာ စေတနာကို ရွှေတွင်းက ငြင်းပယ်စိမ်းကားချင်တာလား၊ ဖေဖေ့ကို တွေ့လိုက်ရတာရော နှစ်ခုပေါင်းစပ်ခံစားနေရတော့ ဘယ်လောက်ပဲ ဟန်ဆောင်ထိန်းထိန်း ရွှယ်ကိုးခမျာ ဝမ်းနည်းတနည်း ရင်ထဲဆို့လှိုက်လာပါသည်။ ဝေ့သီလာတဲ့ မျက်ရည်ကြည်တို့ကို ချက်ချင်းပုတ်ခတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နှင် စိတ်ကောက်သွားတာ မဟုတ်လား"

ခပ်တိုးတိုး မေးလိုက်လျှင် ရွှေတွင်းက မှုန်တေတေ ကြားမှ အုံ့သြသြ ပြန်ကြည့်လာကာ ...

"ဘာကိုကောက်ရမှာလဲ၊ နှင်ကလည်း အားအားရှိ လူကို စိတ်ကောက်မယ်ပဲထင်နေတော့တာပဲ၊ ငါ ဘာလုပ်မိလို့လဲ"

"နှင့်ကို ဟိုဖိနပ် ဝယ်ပေးမယ်ပြောလို့ နှင့်စိတ်ထဲ ငြိပြီး ခပ်တည်တည်ကြီးနဲ့ အောက်ထပ်ဆင်းသွားတာလေ"

ရွှေတွင်းက သက်ပြင်းကြီး စိတ်ပျက်လက်ပျက်ချ ကာ ...

"ကက်ဆက်ခွေ သွားဝယ်တာပါဟာ၊ စိတ်ကောက်နေရင် နှင်တို့ဖို့ မုန့်ဝယ်လာမလား"

"စိတ်ကောက်တယ်တော့ မဟုတ်ဘူးပေါ့၊ နှင့်ကို ဝယ်ပေး မယ်ဆိုတဲ့ စကားကိုတင်းတာ"

"ကဲ ... စိတ်အေးအေးထားစမ်းပါ ရွှယ်ကိုးရာ၊ နှင် ဘာ တွေ စိတ်ပူပန်နေတာလဲ၊ ဟင် ... မျက်ရည်တွေတောင် လည်နေတာလား၊ ငါ တကယ်ဘာမှမဖြစ်ပါဘူး၊ တကယ့်ကို နှင်ကို ဘယ်လိုမှ စိတ်မထားဘူး၊ ငါ့ဟာငါ ငါ့ကိစ္စနဲ့ ငါ ကက်ဆက်ခွေ ဝယ်စရာရှိလို့ဟာကို၊ ရွှယ်ကိုးကလည်းကွာ"

သဇင်သည် ဝမ်းနည်းပုံဖမ်းနေတဲ့ ရွှယ်ကိုးကိုရော စိတ်ရှုပ်ထွေးစွာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေတဲ့ ရွှေတွင်းကို ရော တစ်လှည့်စီကြည့်ကာ ...





"ကဲ ကဲ ... မမနဲ့ ကိုကိုရေ၊ လောကကြီးမှာ နှင်တို့နှစ် ယောက်တည်းရှိနေတာ မဟုတ်ဘူးနော်။ တကကတဲမှပဲ၊ ငါလည်း ရှိသေးတယ်၊ အမြင်ကတ်ဖို့ကောင်းပါရဲ့၊ နှင်တို့ နှစ်ယောက်နော် နှင်တို့နှစ်ယောက်၊ ဟင်း ... ဒါပဲပြော မယ်"

ရွှေတွင်းနဲ့ ရွှယ်ကိုးကတော့ သဇင်ကိုပင် မကြားသလို ကိုယ့်ဖီလင်နဲ့ကိုယ်။

❖ ✪ ❖

ရွှယ်ကိုးနှင့် ရွှေတွင်းအကြားက တစ်ယောက်အပေါ် တစ်ယောက် အပြန်အလှန်တိုးဖွဲ့နေတဲ့ သံယောဇဉ်တွေကို ဘေးက အတွေ့ရ အမြင်ရဆုံးမှာ သဇင် ဖြစ်ပါသည်။ သိသိသာသာ နေတဲ့ အကြင်နာ၊ ဂရုစိုက်မှု၊ စေတနာ၊ မေတ္တာတွေကို ကိုယ် မှုအရာအရရော နှုတ်စကားအရရော အထင်းသားမြင်နိုင်ကာ ဘယ်လိုမှ လိမ်ညာလို့ မရပါ။

"ရွှယ်ကိုး"

"အင်း ..."

"နှင့်ကို ငါ နည်းနည်းပြောမယ်ဟာ"

"ဘာလဲ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ ရွှေတွင်းနဲ့ ပတ်သက်ပြီး ပြောမလို့"

"ဘာလဲ ပြောလေ"

"နင်တို့နှစ်ယောက်ပုံစံကဟာ အသိသာကြီးကို ချည်နှောင်နေကြတယ်၊ အနီးကပ်ဆုံးတွဲနေတဲ့ ငါမပြောနဲ့ အခန်းထဲက တခြားလူတွေလည်း သတိပြုမိတယ်၊ အရမ်း အရမ်းကို သိသာနေတယ် ရွှယ်ကိုး"

ရွှယ်ကိုးက ပခုံးလေးတွန့်ကာ ...

"ငါ ဘာလုပ်ရမလဲ"

"နင် ရွှေတွင်းကို ချစ်နေလား"

"........"

"ငါကတော့ နင် အရမ်းကိုချစ်နေတယ်လို့ပဲ သတ်မှတ်တယ်၊ သူလည်း တူတူပါပဲလေ၊ နင်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်တဲ့အကြည့်တွေ၊ ပြောတဲ့စကားတွေ မျက်စိအောက်က အပျောက်မခံနိုင်အောင် ဖြစ်နေတာတွေ အားလုံးက တအားကို သိသိသာသာ ရစ်ပတ်နှောင်ဖွဲ့နေတယ်"

"ဒါပေမဲ့ တကယ်ပါ ငါတို့ ဘာမှ မဖြစ်သေးပါဘူး သူငယ်ချင်းပါပဲ"

"ငါ သိတယ်လေ၊ ဘာလို့ သူငယ်ချင်းတွေပဲ ဖြစ်နေသေးလဲဆိုတော့ ရွှေတွင်း ဖွင့်မပြောသေးလို့၊ ရွှေတွင်း ဖွင့်ပြော





လိုက်တာနဲ့ နင်ဟာလေ ငါ့တောင် ဖွင့်တိုင်ပင်မှာမဟုတ်ဘူး၊ ခေါင်းကြီးကို ဖြတ်ဆို ချက်ချင်း ညိတ်ချပစ်လိုက်မှာ လုံးဝ သေချာတယ်၊ ဟိုကောင်က မပြောသေးလို့"

"ငါ တစ်ခါမှ ယောကျ်ားလေးတစ်ယောက်ကို ရင်မခုန်ခဲ့ပါဘူး သဇင်ရယ်၊ နင် အသိဆုံးပဲ၊ နင်ကမှ ဗယ်လင်တိုင်းတို့ သင်္ကြန်တို့ ချူးယိုးယားတို့ဆိုရင် ဓာတ်လမ်းလေးတွေ လုပ်လိုက်သေးတယ်၊ ငါ ဘယ်တုန်းက ဘာဓာတ်လမ်းရှိလို့လဲ"

"အောင်မာ ငါ့ဘက်ဆွဲလှည့်လိုက်သေးတယ်၊ ငါက ဘာမှ မဟုတ်ဘူး၊ ဒီလိုပဲဟေးလားဟားလားလေး နည်းနည်းလုပ်တာ၊ နင်က တကယ်၊ ရင်ထဲအသည်းထဲက ထွက်ကျနေတာ"

"နင် သဘောမတူလို့လား သဇင်"

ရွှယ်ကိုး မျက်နှာလေးက အပြစ်ကျူးလွန်မိသလို ခပ်ငယ်ငယ်လေး ရှိနေသည်။

"ငါက သဘောမတူစရာလား၊ ငါလည်း ရွှေတွင်းနဲ့သူငယ်ချင်းပဲ၊ ခင်တာပဲ၊ ရွှေတွင်းက လူကောင်းကလေးပဲ၊ ခုခေတ်ကောင်လေးတွေမှာရှိတဲ့ ဗရုတ်ဗရက် အမူအကျင့်တွေ ဘာမှမရှိတဲ့ ရိုးသားအေးချမ်းတဲ့ လူကောင်းလေး၊ သူ့နောက်ကြောင်းနဲ့ သူ့ စိတ်လေးတစ်ခါတလေ နှချင်တာလေးကလွဲရင် ဘာမှ ပြောစရာမရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို နင် ဘာလို့ !!..."

"ရွှယ်ကိုး ငါလည်း အဆင့်အတန်း ခွဲခြားတတ်တဲ့သူ မဟုတ်ဘူးဟ၊ ငါတို့လူငယ်ချင်းချင်းက ဘာမှခွဲခြားတဲ့စိတ် မရှိတတ်ကြဘူးပေါ့နော်၊ ဒါပေမဲ့ နင်သာ ရွှေတွင်းနဲ့ ချစ်သူတွေဖြစ်ရင် နင့်အဖေ အမေက သဘောတူမယ် ထင်လား"

ရွှယ်ကိုးက ငိုင်ငေးသွားပြီး ...

"ငါ မစဉ်းစားဖူးဘူး"

"နင်တို့အခြေအနေနဲ့ ရွှေတွင်းတို့ အခြေအနေက သိပ်ကွာတယ်လေ ရွှယ်ကိုး၊ နင့်အဖေအမေရဲ့ ရည်ရွယ်ချက်က နင့်တို့မောင်နှမကို နိုင်ငံခြားလွှတ်ပြီး စာဆက်သင်ဖို့ မဟုတ်လား"

ရွှယ်ကိုးက သက်ပြင်းရှိုက်ရင်း ...

"ကိုကိုတောင် မကြာခင် ထွက်တော့မယ်၊ ကိုကို IELTS အမှတ်က ကိုကိုတက်ချင်တဲ့ကျောင်းကို မီသွားပြီ၊ သွားရတော့မှာ"

"အေးလေ ... နင်လည်း ဒီလမ်းကြောင်းပဲ သွားမှာ ငါလည်း ဒီလမ်းကြောင်းပဲ သွားမှာမျိုးပဲလေ၊ ရွှေတွင်းက နိုင်ငံခြားထွက်နိုင်မလား၊ ဒီမှာပဲ တစ်ခုခုဆက်လုပ်ရမှာ နင်က ဟိုကိုသွား၊ စာသင်၊ တစ်ခုခုအောင်၊ အလုပ်တွေ ဘာတွေရ အဲဒီလမ်းပေါ်ပဲ အဆင်ပြေပြေ ရှိသွားတော့မှာလေ၊ ဘယ်လိုလုပ် နီးစပ်စရာ ရှိသေးလဲ"





ရွှယ်ကိုးသည် နှုတ်ခမ်းစူ မျက်မှောင်တွန့်တွန့်လေး နှင့် ...

"ငါ ဟိုရောက်မှ ရွှေတွင်းကို ခေါ်ယူဖို့ တစ်ခုခု ကူညီလို့ မရဘူးလား"

"နင် တကယ်ဒီလိုပဲ ရည်ရွယ်ထားလို့လား၊ နင့် အင်အားနဲ့ နင် ခေါ်နိုင်လား၊ နင့်မိဘငွေနဲ့ ခေါ်ရမယ်ဆိုရင် အိမ်ကကော သဘောတူမယ်လို့ ထင်လား"

"ငါ မသိဘူး"

"ငါ ထင်တာတော့ နင့်အဖေအမေက နင့်ကို ပိုအခြေအနေမြင့်တဲ့ ယောကျ်ားမျိုးနဲ့ပဲ ကြည်ဖြူလိမ့်မယ်၊ နင့်အတွက် ဒီထက်သာတဲ့ အိမ်ထောင်ဖက်မျိုး ချစ်သူမျိုးကို သူတို့ ရည်ရွယ်ထားကြလိမ့်မယ်"

"သာတာ ဘာလုပ်ဖို့လဲ သဇင်၊ ငါ့အိမ်ထောင်ရေးဟာ ငါ စိတ်ချမ်းသာတဲ့ ရွေးချယ်မှုဖြစ်ခွင့်ရှိဖို့ မလိုဘူးလား၊ ငါ ချစ်ဖို့က အဓိက မဟုတ်ဘူးလား"

ရွှယ်ကိုးရဲ့ မျက်နှာကလေး နီမြန်းလာပြီး ...

"ရက်စရာကြီး သဇင်ရာ၊ ဒါတွေ ငါတို့ ပြောဆိုနေရတာ ရက်ဖို့ ကောင်းပါတယ်၊ ဘာမှလဲ မဟုတ်ဘဲနဲ့၊ ရှင်းရှင်း ပြောရရင် နင့် ရွှေတွင်းကပဲ ငါ့ကို ဖွင့်ပြောလာရဲပါ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဘက်က တစ်ဖက်သတ်ကြီး ကျိတ်ချစ်ရသည်မှာ ဝမ်းနည်းနာကျင်ဖို့ ကောင်းလှပါလားလို့ ရွှယ်ကိုး စိတ်ဆင်းရဲမိသည်။ ရွှေတွင်းလို စိတ်ဓာတ်မျိုးနှင့်ကောင်ကလေးဟာ ရွှယ်ကိုးကို အင်မတန်ချစ်ပါစေဦး ဖွင့်ပြောလာဖို့မသေချာ မရေရာ။ သူ မကျွေးနိုင်တဲ့မုန့်ကိုပင် ရွှယ်ကိုးထံမှ မစားတာ။ သူ မထားနိုင်တဲ့ဘဝမျိုးက ရွှယ်ကိုးကို သူ့ဘဝထဲ ဝင်ရောက်လာဖို့ တောင်းဆိုမယ့်လူစား မဟုတ်ပါဘူး။

"အေး … ငါ ပြောချင်တာကလည်းလေ နင့်မိဘကလည်း ကြည်ဖြူမယ်မထင်၊ သူကိုယ်တိုင်ကလည်း နင်ကို ဖွင့်ပြောရဲမယ်မထင်၊ သိပ်ပြီးဖြစ်လာဖို့ မျှော်လင့်ချက်မရှိတဲ့ အခြေအနေတစ်ခုကို နင် စိတ်ကူးတွေယဉ်ပြီး မျှော်လင့် မထားဖို့ပဲ၊ နင့်ကိုကြည့်ရတာ ရွှေတွင်းကိုချစ်တဲ့ အချစ်တွေ ထဲမှာပဲ မွန်းသိပ်နစ်ကျွံပြီး ရုန်းမရ ထွက်မရ နောက်ဆုတ် မရ တကယ်တမ်း လမ်းခွဲကြရရင် အရမ်းကိုခံစားရမယ့် ပုံပေါ်နေပြီ"

"တကယ်တော့ သူ ဖွင့်ပြောရဲရင် ငါ မေမေတို့ကို ရင် ဆိုင်ရဲပါတယ်"

ရွှယ်ကိုး အသံကလေးက ရှက်စိတ်ကြောင့် တိုးတိမ် နေပါသည်။ ကိုယ့်ရဲ့တိတ်တခိုးအချစ်ဟာ အေးလူတွေ ရိပ်မိ လောက်အောင်ဖြစ်နေတယ်ဆိုတော့ မျက်နှာပူဖို့ကောင်းလှပါသည်။





"ရင်ဆိုင်ရင်ကော ရမယ်လို့ထင်လား"

ရွှယ်ကိုး မထင်တာတ်။

မေမေက သားနှင့် သမီးအပေါ် အလွန်အလိုလိုက် ဖြည့်ဆည်းနိုင်တဲ့ မေမေ။ ပြီးတော့ မေမေ့မှာ အဆင့်အတန်း ခွဲခြားတဲ့ စိတ်ထားမျိုးလည်း မရှိဘူးလို့ ရွှယ်ကိုး နားလည်ထား သည်။ ဖေဖေကတော့ မေမေ့ထက်စာရင် နည်းနည်းကလေး ဂုဏ်မောက်သည်။ ဂုဏ်မောက်တယ် ဆိုတာကလည်း အလုပ်ခွင် မှာ ဖေဖေ့ရဲ့ ထူးချွန်နာမည်ရမှု၊ ကုမ္ပဏီအားထားမှု စတဲ့ ဖေဖေ့ လုပ်ရည်ကိုင်ရည်တော်ခြင်းနှင့် ပတ်သက်သည့် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူတဲ့မာန်။ ငယ်ငယ်ကတည်းက ဆွေကြီးမျိုးကြီးမိသားစု ထဲက ပေါက်ဖွားရသူ ဖြစ်တဲ့အတွက် အဲဒီအပေါ်မှာထားတဲ့ ဆွေ မျိုးဂုဏ်မောက်တဲ့မာန်။

ဖေဖေတို့တစ်ဆွေတစ်မျိုးလုံးထဲက ဖေဖေနှင့်ရွှယ် တူ Generation က မောင်နှမဝမ်းကွဲတို့သည် ဗိုလ်ချုပ်ကြီး၊ ဆရာဝန်ကြီး၊ ညွှန်ချုပ်ကြီး၊ ဘာအဖွဲ့အစည်းရဲ့ဥက္ကဋ္ဌ စသဖြင့် ရာထူးဂုဏ်ဒြပ်တွေအားဖြင့် ကြီးမြင့်ကျော်ကြားသူချည်းပင်။ ငွေကြေး လည်း ပြည့်စုံကြွယ်ဝသူချည်းပင်။ လူမျိုဘဝတည်းက ဖေဖေက ဘယ်သူ့သား၊ ဘယ်သူ့မြေး၊ ဘယ်သူ့တူဆိုပြီး ပံ့ပိုးမှုဂုဏ်တွေရော ကိုယ့်ပိုင်ဂုဏ်ပါပေါင်းစပ်ကာ သမီးပျိုမအေတိုင်းကြိုက်တဲ့ သခင် ခက်ပါ ဖြစ်ခဲ့သေးတာ။

www.burmeseclassic.com

www.burmeseclassic.com



အခု ရွှယ်ကိုးတို့ Generationမှာကျတော့ ရွှယ်ကိုးရဲ့ ဖတ်စ်ကာစင်၊ စက္ကန့်ကာစင်တို့သည် နိုင်ငံခြားထွက်ခွာ ကျောင်းတက်ကြတာ ခပ်များများ။ ဒီမှာတော့ ဆရာဝန်ဖြစ်သူတွေများကာ ထိမ်းမြားလက်ထပ် မင်္ဂလာဆောင်နှင်းလိုက်ကြမှဖြင့်ရင်လည်း ဆရာဝန်နှင့်၊ လုပ်ငန်းရှင်နှင့်၊ နိုင်ငံခြားပြန်ဘွဲ့နှင့်။ အားလုံးဟာ သူ့ထက်သူ လူချွမ်းကောင်း ဂရိတ်တွေချည်းသား။

ရွှယ်ကိုးအဖို့ ဖခင်မရှိ (မရှိတော့ဘူးပဲထားကြပါစို့) မိခင်က အကျိုးဆောင်ပွဲစား၊ အင်္ဂလိပ်စာဘွဲ့လေးတစ်လုံး ပိုက်ထားတဲ့ တိုက်ခန်းသေးသေးကလေးတစ်လုံးသာ ပိုင်ဆိုင်တဲ့ ဂုဏ်မရှိ ငွေမရှိ ကားမရှိ ဖုန်းမရှိ အတော်များများမရှိတဲ့ ကောင်ကလေးတစ်ယောက်ကို ခေါင်းမော့ပြီး ရွေးချယ်ရဲလား။

အဖြေကို ခေါင်းညိတ်ပြီး ပေးလိုက်နိုင်လောက်အောင် အင်အားကြီးမား ပြင်းထန်သော တစ်သက်တစ်ခါ မကြုံစဖူးအချစ်များ ရွှယ်ကိုး ရင်ထဲ အပြည့်ရှိနေပါသည်။တကယ်တော့ ဖေဖေမေမေတို့သာ သဘောတူမယ်ဆိုရင် ရွှေတွင်းကို အဆင့်တစ်ခု ရောက်လာအောင် ကိုယ်က ကူညီဆွဲတင် မြှင့်တင်ပေးလို့ရနိုင်တာပဲလို့ ရွှယ်ကိုး ခေါင်းမာမာနှင့် တွေးမိသည်။

တခြား ဘယ်သူ့ဘက်ကမှ မတွေး။ ကိုယ့်ဘက်ကပဲ ကြည့်ပြီး တွေးရင် ရွှေတွင်းကို ကိုယ်နဲ့အတူ ဆွဲတင်သွားပေးနိုင်မယ်ဆိုရင် သူလည်း တစ်နေ့ နိုင်ငံခြားကဘွဲ့နဲ့ အလုပ်နဲ့ စသဖြင့် ဂုဏ်တင့်လာမှာပဲလေ။ ရွှေတွင်းဟာ လူတော်လူကောင်း





လေးတစ်ယောက်လည်း ဖြစ်တဲ့အပြင် သမီးဖြစ်တဲ့ ရွှယ်ကိုးက ချစ်မြတ်နိုးတဲ့သူဆိုတဲ့ တစ်ချက်ကပင်လျှင် ဖေဖေ မေမေတို့ မေ့ပစ်မပယ် ထည့်တွက်ပေးရမယ့် အရေးကြီးတဲ့ တစ်ချက်လို့ ဆိုချင်သည်။

တကယ်လို့များ ခွဲခွာကြရရင် ဝေးကွာကြရရင် ဘာအားခံစားရမယ့်ပုံ ပေါက်နေပြီဆိုတဲ့ ရွှယ်ကိုးက မခံစားရအောင် ရင်ထဲက သူ့အလိုလို ချစ်မြတ်နိုးမိသမျှကို လျှော့ပေါ့ဖြေဖျောက် ချက်ဆီးပစ်လို့ ရရိုးလား။ တစ်ရာဖိုး ချစ်နေမိလို့ ငါးဆယ်ဖိုး လောက်ပဲ ချစ်ချင်ပါတယ်လို့ အချစ်ကို လျှော့ပေါ့လို့ ရနိုင်သလား။

ရွှေတွင်းရဲ့ အင်မတန် ထိန်းချုပ်တဲ့ အပြောအဆို အပြုအမူ အကြည့်အပြုံးကလေးတွေထဲမှာလည်း ရွှယ်ကိုးကို ဘယ်လောက်ထိ မြတ်မြတ်နိုးနိုး မွတ်မွတ်သိပ်သိပ် ချစ်မက်နေသယ်ဆိုတာ မဖုံးနိုင် မဖိနိုင် ပေါ်လွင်နေတာပဲလေ။ ဒီလောက် အချစ်ချင်း ညီမျှနေပါလျက် မျိုသိပ်ရှောင်ဖယ် နေရမှာလား။

တစ်နေ့ပြီး တစ်နေ့၊ တစ်ရက်ပြီး တစ်ရက် တိုးတက် မြဲ ချည်နှောင်လာတဲ့ မြတ်နိုးစုံမက်ခြင်း ကြိုးအထပ်ထပ်ထဲမှာ ပွင့်မပြောကြဘဲနှင့် တစ်ယောက်ကို တစ်ယောက် ရိပ်မိနားလည်ကာ သံတိတ် အချစ်ကြားမှာ နှစ်ယောက်သား မိန်းမောယစ်မူးနေပါသည်။

❖ ✪ ❖



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဘာလဲ သမီး"

မနေ့က ကိုကို ဩစတြေးလျနိုင်ငံသို့ ကျောင်းတက်ရန် ထွက်ခွာသွားခဲ့သည်ဖြစ်၍ မေမေ့ခမျာ မနေတတ် မထိုင်တတ် လွမ်းတလှပ်လှပ် ဖြစ်နေပုံ ရပါသည်။ ဒီမှာရှိစဉ်ကလည်း သား ယောက်ျားလေးမို့ မိဘနား ညီမနား ကပ်လှတယ် သိပ်မရှိရှာ ကြားထဲ ဖေဖေ့ကိစ္စကို သူ့ဟာနှင့်သူ အပြင်က ကြားသိခဲ့ ကိုကိုဟာ အိမ်မှာ မှုန်ကုပ်ကုပ် ပုပ်သိုးသိုးနှင့် ဂျစ်ကန်ကန်မာကျော ကျော နေလာခဲ့တာ ကြာပြီ။

အပြင်ထွက်နေတာများကာ ဖေဖေ့ကို တတ်နိုင်သ မျက်နှာချင်း မဆိုင်ရအောင် နေသည်။ အိမ်ကိုမကပ်။ အိမ်မှာ နေတဲ့ အချိန်ဆိုရင်လည်း သူ့အခန်းထဲပဲ ပိတ်နေတာက များ သည်။ အဲသလို တသီးတခြားဆန်တဲ့ သားနှင့် သိပ်ကြီး ကပ်ကပ် နေဖြစ်တာ မဟုတ်သော်လည်း နိုင်ငံရပ်ခြား အဝေး ထွက်ခွာသွားတော့လည်း မေမေ့ခမျာ ရင်ထဲ လွမ်းဆွတ်လ ရှာပေသေးသည်။

တတောက်တောက်နှင့် တစ်အိမ်လုံးပြည့်အောင် မနား လှုပ်ရှားပြီး တစ်ခုခု လုပ်ကိုင်နေတတ်မြဲ မေမေ့ရဲ့တ





ဟာ အိမ်တွင်းခြေလှမ်းများကို အဖြောင့်ဆွဲပြီး တိုင်းကြည့်လိုက် လျှင် မိုင်ချီနေမှာ သေချာသည်။ ဒါကြောင့်လည်း မေမေဟာ သူ့လှုပ်ရှားမှု Exercise နှင့်သူ အဆီကျ သွယ်လျကျစ်လျစ်နေ တာ။ အဲသလို မေမေဟာ ခုတော့ဖြင့် မမြင်ရစဖူး အိပ်ရာထဲ ခွေခွေလေး လှဲတာ မြင်ရပါသည်။

"မေမေ နေမကောင်းဘူးလားဟင်"

"မေမေ နေကောင်းပါတယ်၊ ကိုကို ဖုန်းဆက်မယ်ဆိုလို့ မေမေ မျှော်နေတာ"

"မေမေကလည်း၊ ကိုကိုက ဒီည မြန်မာပြည်စံတော်ချိန် ညရှစ်နာရီကျမှ ဆက်မယ်လို့ ပြောသွားတယ်လေ"

"အင်း ... ဟုတ်ပါတယ်၊ အဝေးကြီး လိုပါသေးတယ်၊ မေမေ့ဘာသာ,သာ မျှော်နေမိတာ၊ တစ်ခါမှ ခုလိုခွဲပြီး အဝေးမလွှတ်ဖူးဘူး မဟုတ်လား သမီးရယ်၊ သူ မရောက် ဖူးတဲ့ ဒေသအစိမ်းမှာ အဆင်ပြေပြေမှ ဖြစ်ပါ့မလား၊ ဘာ အခက်အခဲ ရှိမလဲ၊ ဒါပဲ တွေးပူနေမိတယ်"

"မေမေကလည်း စိတ်ပင်ပန်း မခံပါနဲ့၊ ကိုကိုက လည်ဝယ် ပါးနပ်ပါတယ်၊ ပြီးတော့ ကိုကိုနိုင်သူတို့ မမချစ်စုတို့ လေဆိပ်ဆင်းကြိုကြမှာပဲဟာ၊ အဆင်မပြေစရာ ဘာမှမရှိ ပါဘူး၊ မေမေ မှိုင်နေတာ မတွေ့ဖူးတော့ သမီး မနေတတ် ဘူး၊ ထ,ပါ မေမေရဲ့၊ ခါတိုင်းလိုပဲ နေပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ သမီးရယ်"

ဩစတြေးလျမှာ ရွှယ်ကိုးတို့နှင့် ဖတ်စ်ကာစင်ထဲက သုံးလေးယောက် ရှိပါသည်။ ကိုကိုကို ဆင်းကြိုမည့်သူနှင့် ခဏ အတူခေါ်ထားမည့်သူနှင့်၊ ကျောင်းအပ်ပြီး ဝင်ခွင့်ရတဲ့အထိ လိုက် ကူဆောင်ရွက်ပေးမည့်သူနှင့် အားလုံး အဆင်သင့်ပါ။

"မေမေ"

"အင်း"

"မေမေ့ကို သမီးက တစ်ခုခွင့်တောင်းမလို့"

"ပြောလေ"

"သမီးသူငယ်ချင်းရဲ့ အမေလေ၊ ဗိုက်ခွဲရတယ်၊ သားအိမ် ကအလုံး ထုတ်တာတဲ့၊ အဲဒါ သတင်းသွားမေးချင်လို့ သဇင်နဲ့ချိန်းပြီး အတူသွားရမလား၊ ဒါမှမဟုတ် မေမေ လိုက်ပို့မလားလို့"

"ဘယ်သူလဲ"

"မေမေ့ကို သမီး ပြောဖူးတဲ့ ရွှေတွင်းလေ၊ ရွှေတွင်း အမေ"

"သူက ဘာဖြစ်လို့လဲ"

"သားအိမ်ထဲမှာ အလုံးတဲ့ မေမေ၊ အဲဒါ ဒပ်ဖရင်မှာခွဲတာ မနေ့က ခွဲတယ်၊ မနေ့က ကိုကိုသွားတဲ့နေ့ဆိုတော့ သမီး လည်း မသွားတော့ဘူး၊ ဒီနေ့ သတင်းမေးသွားချင်တာ"





မေမေက ရွှယ်ကိုးကိုကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေဆဲ အိမ်ရှေ့က တံခါးဖွင့်ပိတ်သံတို့နှင့် မရှေးမနှောင်းပင် အိပ်ခန်းတံခါး ဖွင့်လာကာ ဖေဖေ ဝင်လာပါသည်။ ဖေဖေ မနက်ကတည်းက အပြင်ထွက်သွားတာဖြစ်ပြီး ခုမှ ပြန်လာတာ။

"ဒီသားအမိ ဘာလဲဟေ့၊ ယု ... နေမကောင်းဘူးလား"

"ကောင်းပါတယ် ကိုကြီး"

"မေမေ ကိုကိုကို လွမ်းဆွတ်နေတာ ဖေဖေ၊ ကိုကိုအကြောင်း သိပ်မပြောနဲ့၊ မေမေ ငိုလိမ့်မယ်"

ဖေဖေကပြုံးရင်း ...

"ဩော် ... ဒီတော့ သမီးက ကပ်ချော့နေတယ်ပေါ့"

"သမီးက သမီးသူငယ်ချင်းအမေ ဆေးရုံတက်တာ သတင်း သွားမေးချင်လို့ မေမေ့ကို ပြောနေတာ ဖေဖေ"

"ခေါ်သွား၊ သမီးအမေ လိုက်ပို့နိုင်း၊ ဒါမှ အပြင်လေး ဘာလေး ထွက်၊ စိတ်အပြောင်းအလဲလေး ဖြစ်တယ်"

အဲလိုဆိုရင်လည်း ဖေဖေ မနက်ကတည်းက အပြင် သွားကတည်းက မေမေ့ကို စိတ်ပြေလက်ပျောက် ခေါ်သွားပါလား။ ရွှယ်ကိုးက စိတ်ထဲကပဲကျိတ်ပြီး ဖေဖေ့ကို ရန်တွေ့မိသည်။ မေမေက ယောကျ်ားလည်းဖြစ်၊ သူကိုယ်တိုင်လည်း ခရီးခဏခဏ သွားနေသူဖြစ်၍ ကိုကို သွားတဲ့ကိစ္စအပေါ် ဘာမှ သိပ်ခံစားရပုံ မပေါ်ပါ။ ပင်ကိုနေ အတိုင်းပင်။ မနေတတ် မထိုင်တတ် ဖြစ် နေတဲ့ မေမေ့ကို အဖော်ပြုပေးပါတော့လား ဖေဖေရယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ရွှယ်ကိုးသည့် ဆေးရုံကို သဇင်နှင့် ချိန်းကာ ကားငှားပြီးသာ သွားချင်ပါသည်။ မေမေ့ကို ဟိုပို့ပေး ဒီပို့ပေး မခိုင်းလိုပါ။ သို့သော် ခုတော့ တမင်တကာပင် မေမေ စိတ်ပြောင်းလဲအောင် မေမေ့ကိုပဲ ရအောင်လိုက်ပို့ခိုင်းဖို့ စဉ်းစား ရသည်။ သို့သော် ဖေဖေ့ကိုလည်း ကသိကအောက်ကလေး လုပ် ချင်သေးသည်ဖြစ်ရာ ဖေဖေ့အင်္ကျီကို ကူချွတ်၊ ချိတ်နှင့်ချိတ်၊ စင် မှာဆွဲထားပေးရင်းက ...

"ဖေဖေ ... မေမေ့ကိုခေါ်ပြီး ရုပ်ရှင်လေး ဘာလေး သွား ကြည့်ပါလား"

ဒီလို တစ်နေကုန် အားရတဲ့နေ့မျိုးဆိုရင် ဖေဖေဟာ မနက်တစ်ခေါက် ထွက်ပြီးရင် ညနေကျ နောက်တစ်ခေါက်ထပ် ထွက်တတ်ပြန်သေးတာ ထုံးစံမို့ တမင်တကာ ပြောလိုက်တာပင်။ နှုတ်ကသာ ဖေဖေ အကျပ်ရိုက်သွားအောင် ချောက်ချနေပေမယ့် မျက်နှာကဖြင့် ပြုံးပြုံးလေး။ ဖေဖေ ချွတ်လဲလိုက်တဲ့ ဘောင်းဘီ တို့ ဘာတို့ကို ကောက်သိမ်းပေးနေရင်းပင်။

"နေပစေ ... နေပစေ၊ ဖေဖေ့ဘာသာ သိမ်းပါ့မယ် ငါ့ သမီးလေးရယ်"

စကားမလွှဲနဲ့ ဖေဖေ။

"ဟင်လို့ ဖေဖေ၊ ရုံတင်နေတဲ့ကား ကောင်းတယ်"

"ဟုတ်လား"





ဖေဖေက ခေါင်းတစ်ချက်ကုတ်ကာ ...

"ညနေတော့ အဖေက ကိုအေးထွဋ်တို့နဲ့တောင် ချိန်းထား မိသေးတာ"

"ကိုကြီး ချိန်းထားတာ သွားပါ၊ မေမေလည်း ရုပ်ရှင်မ ကြည့်ချင်ပါဘူး သမီးရယ်၊ ရုပ်ရှင်ရုံထဲ နှစ်နာရီလောက် ထိုင်နေရတဲ့ အချိန်တွေ နှမြောပါတယ်၊ အဲသလောက် လည်း မေမေ မအားပါဘူး၊ သမီး ဆေးရုံသတင်းမေးသွား ချင်တာ လိုက်ပို့မယ်၊ ပြီးရင် အိမ်မှာပဲ ဖုန်းစောင့်မယ်၊ ကိုကြီး ညစာစားမှာလား"

"မစားဖြစ်ဘူး ထင်တယ်"

ရွှယ်ကိုးသည် ပုပ်သွားချင်တဲ့ မျက်နှာကို မပုပ်မိ အောင် မနည်းထိန်းသိမ်းထားရပါသည်။ ဘယ်လိုပင်ဖြစ်စေ။ သူ့ကို အပြစ်ရှိသူလိုမျိုး ဆက်ဆံလျှင် တစ်ပြန်တစ်စီး ဒေါသ ထွက်ထန်မည့် ဖေဖေသည် သူ့ကိုအပြစ်မတင် မဆန့်ကျင်ဘဲ အားချိုချိုကလေးတွေသာ ရွေးပြောသည့်၊ သူ့ကိုချောင်မပိတ် သည့်၊ နဂိုကထက်ပင် ဖြူစင်ယုယသည့် မေမေနှင့် ရွှယ်ကိုးတို့ကို ဘယ်လိုမှ လေသံမမာနိုင် ကန့်လန့်မတိုက်နိုင်ဘဲ ငြင်းစရာရှိရင် တောင် တောင်းတောင်းပန်ပန် ပုံစံနှင့်သာ ပြောဆိုငြင်းပယ်ဖြစ် ရတာသည်မှာ လက်တွေ့ဖြစ်သည်။

ရန်ဖြစ်လို့မရ၊ ဝုန်းဒိုင်းကြဲလို့မရ၊ သူ့ဘက်ကပြန် ထောက်ထား ငဲ့ညှာစရာ ဖြစ်ဖြစ်လာတာ အမှန်ပင်။

www.burmeseclassic.com



"နောက်တစ်ခေါက်ပြန်ဝင်မှ ဖေဖေရယ် မေမေရယ် သမီး ရယ် သုံးယောက် အပြင်လေး ဘာလေး ထွက်ပြီး Dinn ထွက်စားကြရအောင်၊ ထွက်မစားကြတာ ကြာပြီနော်။ တစ်ခါတော့ ကိုယ်လည်း ချိန်းထားပြီး ဖြစ်နေလို့၊ ရုပ်ရှ ကြည့်ချင်လည်း ဟိုနေ့ကျမှ ကြည့်ကြတာပေါ့"

"မကြည့်ချင်ပါဘူး ကိုကြီးရယ်၊ ယုလည်း ဝါသနာ မပါတာ၊ အိမ်မှာ နေရတာပဲ ကြိုက်တာ"

"သမီးလည်း မကြည့်ချင်ပါဘူး၊ မေမေ စိတ်အပြောင်း အလဲ ဖြစ်အောင်သာ တိုက်တွန်းနေတာပါ၊ မေမေ အိမ် မှာပဲ နားနေချင်ရင်လည်းနေနော်၊ ဆေးရုံသတင်းမေး သဇင်နဲ့ချိန်းပြီး သွားရင်လည်း ရပါတယ်"

"မေမေ ပို့ပါ့မယ်၊ သဇင့်ကိုလည်း ခေါ်ရင် ခေါ်လိုက်"

နေ့လယ်မှာ သဇင့်ထံ ဖုန်းလှမ်းဆက်တော့ သဇ က ဒီနေ့အဖို့ အပြင်မထွက်ဘူး ဆိုသည်။ သူ့အဖေ သွေးတိုး မူးနေတာမို့ ဆရာဝန်တောင် အိမ်ခေါ်ပင့်ပြီး ပြရသည် သဇင် ဒီနေ့ မလိုက်နိုင်ဘူးဆို၍ ရွှယ်ကိုးက ရွှေတွင်းအဖေ သွားဖို့ကို နောက်နေ့မရွှေ့နိုင်ပါ။ ညက ရွှေတွင်းနှင့် ဖုန်းပြောပြီး

"ဒီနေ့ ကိုကို သွားတဲ့နေ့မို့ အိမ်မှာ ရှုပ်နေတာရယ် မေမေလည်း နည်းနည်းပါးပါး မျက်ရည်ကျထား ငါ ပြောမနေချင်တာရယ် ရောက်မလာရတာ၊ နက်ဖြန်





ရင် အန်တီ့ကို ဆက်ဆက်လာကြည့်မယ်သိလား၊ နှင်ဆေးရုံ မှာပဲ စောင့်နေ"

အဲသလို မှာထားပြီးပြီ။ ရွှေတွင်းဟာ ညှော်ချိန်ဆိုရင် ဆေးရုံပေါ်မှာ ညှော်ချိန်ကုန်ရင် အောက်ဆင်းပြီး ဆေးရုံဝင်းထဲ ရှိနေပေလိမ့်မည်။ သဇင် မလိုက်နိုင်ဘူးဆို၍ မေမေနှင့် ယ်ကိုးပဲ ထွက်လာကာ ဆေးရုံမသွားခင် မြေနီကုန်းဒဂုံစင်တာ င်ဝင်ပြီး လူမမာစားဖို့ ဓာတ်စာတွေ ဝယ်သည်။

မေမေက "သမီးဝယ်ချင်တာ ကိုယ့်ဟာကိုယ်ကြည့် ယ်"ဆိုသဖြင့် ရွှယ်ကိုးက ဖူဂျီပန်းသီးသုံးလုံး၊ ဟော်လန်နွားနို့ Pokka လိမ္မော်ရည် 2 Littre ဘူးကြီး၊ မိသားစုဘီစကစ်ပုံး ကြီးတစ်ပုံး ဝယ်သည်။ ဒါ့အပြင် ကာ့ဒ်ဘရီချော့ကလက်က ပြား ယူသည်တွင် မေမေက ...

"ချော့ကလက်က လူနာဖို့လား၊ စားဖို့မသင့်သေးဘူးထင် တယ် သမီး"

"လူနာဖို့ မဟုတ်ဘူး မေမေ၊ အဟင်း ...၊ ရွှေတွင်းဖို့"

မေမေက ရွှယ်ကိုးကို ဂရုတစိုက် အကဲခတ်ပါသည်။ ခတ်တာကို ရွှယ်ကိုး သိပါသည်။ မေမေ ရိပ်မိရင်လည်း ပါစေ။ စေတနာ မေတ္တာ ပိုမိတာတွေကိုလေ။ ရွှယ်ကိုးက ကို ရင်ဆိုင်ဖို့အထိ စဉ်းစားထားပြီးပြီပဲ။ တစ်နေ့ သိကိုသိရ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"သူက ချောကလက် ကြိုက်တယ် မေမေ၊ သမီး ဒီတိုင်း ဝယ်ကျွေးရင် သူက စားတာမဟုတ်ဘူး၊ သူ့ကို အဲသလို ဝယ်ကျွေးတာမျိုး သူက မကြိုက်ဘူး၊ ခုတော့ လူမဓာ သတင်းမေးရင်း ထည့်ပေးတာဆိုတော့ သူ ငြင်းလို့လည်း မရဘူး၊ အန်တီတော့ စားမှာမဟုတ်ဘူး၊ သူပဲ စားရမှာ"

တကယ်ပင် ဒေါ်ယုယုနေခြည်သည် သူ့သမီးကို အတော်အံ့အားတသင့် အကဲခတ်ရတော့တာ ဖြစ်သည်။ သူ့သမီး ဟာ ဒီအရွယ်ထိ နှလုံးသားလှုပ်ရှားမှု လုံးဝကင်းစင်ခဲ့တာဖြစ် သည်။ ကလေးလိုပဲ နေခဲ့တာ ဖြစ်သည်။ ဘယ်ယောက်ျားလေး ကိုမှ စိတ်မဝင်စား ရင်မခုန်ခဲ့။ အမေမို့ သေချာသိသည်။

အမေထက် တော်သည်။ လိမ္မာသည် ဆိုရတော့မှာပဲ။ ယုယု ငယ်စဉ်ကတော့ first year ကျောင်းသူဘဝမှာပင် ကိုကြီး နှင့်တွေ့ကာ အရူးအမူး ချစ်ကြိုက်မိခဲ့ကြတာ ဖြစ်ပါသည်။ သမီး ရဲ့ အသက်အရွယ်မှာတော့ ကိုကြီးဟာ ယုယုကို ခိုးပြေးသွားပြီ ပြီ။ မိဘတွေက လိုက်သိမ်း၊ ပြန်အပ်ကြပြီး မင်္ဂလာဆောင်နှင်း ပေးပြီး၍ ယုယုဟာ ဆယ့်ကိုးနှစ်ကျော်ကျော်မှာ အိမ်ထောင်သည် ဖြစ်နေပါပြီ။

ဒီတော့ ဒီအချိန်မှာ သမီးလေးနှလုံးသား လှုပ်ရှား လာတတ်ပြီ၊ ရင်ခုန်လာတတ်ပြီဆိုရင် စောလှချည်ရဲ့ သမီးရယ် လို့ ယုယု ရင်ထုမနာ နှမြောမနေချင်ပါ။ တကယ်တော့ လူဖြ





ရတဲ့ ဘဝကြီးမှာ ကိုယ့်ဘဝကိုယ် စိတ်ချမ်းသာ ကျေနပ်နေပျော် နေဖို့က အဓိကပါပဲ။ လူတွေဟာ သူ့ကုသိုလ်နဲ့သူ လာတာ။ ကိုယ်နေရတဲ့ဘဝ ကိုယ်ရင်ဆိုင်နေရတဲ့ အဖြစ်အပျက်တို့မှာ စိတ်ချမ်းသာမှု ရနေရင် လူဖြစ်ရကျိုး နပ်တာပဲ။

သူချစ် ကိုယ်ချစ် အရူးအမူးချစ်၊ ဂုဏ်တူဒြပ်တူ နှစ်ဦးသဘောတူ တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ဟာလည်း ဘာမှ သိပ်မကြာလှသေးဘူး ထင်ရတဲ့ သက်တမ်းတွင်းမှာ အနှစ်သာရ ခဲ့ချင်မဲ့သွားတတ်တာပဲ။ သွေ့ခြောက်ချင် ခြောက်သွားတတ်တာပဲ။ သိပ်ချစ်ခဲ့တာ တကယ်ကို သေချာတဲ့သူဟာလည်း နောင်အနာဂတ် တစ်ချိန်မှာ သစ္စာမဲ့ချင် မဲ့သွားမှာပဲ။ သစ္စာရှိရင်လည်း ရှိနေမှာ ပဲ။ ဘာကိုမှ ပြောမရ။

ထို့ကြောင့် ယုယုနေခြည်သည် သမီးရဲ့နှလုံးသား ရေးရာကို သမီးဘာသာ သူ့အသိဉာဏ် သူ့ရွေးချယ်မှုနှင့် ရွေး ချယ်စေချင်ပါသည်။ အဓိက,က လူကောင်းဖို့။

"မေမေ ... မေမေ ကားပေါ်ကပဲ စောင့်မလား၊ အပေါ်ကို လိုက်ခဲ့မလားဟင်"

ဆေးရုံရောက်လျှင် ရွှယ်ကိုးက မိခင်ရဲ့ဆန္ဒကို ဆောင်းယူပါသည်။

"မေမေ လိုက်ခဲ့လိုက်ပါ့မယ်၊ မေမေ ကားပေါ်ကျန်ခဲ့ရင် သမီးလည်း နောက်ဆံတင်းနေမယ်၊ နောက်ပြီး မေမေချင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်း ကားနဲ့တော့ ဒီထိလိုက်ပို့ပြီး မဆင်းဘဲ ကားပေါ်နေခဲ့တယ်ဆိုတော့လည်း တစ်မျိုး အဓိပ္ပာယ်သက်ရောက်နေပါဦးမယ်”

ယုယုက ကားသော့ပိတ်ကာ ရှယ်ကိုးနောက်မှ လိုက်လာပါသည်။ အထပ်တွေ အဆောင်တွေ ကြိုသိထားပြီးသား ရှယ်ကိုးက ရှေ့ကသွားသည်။ အစိုးရဆေးရုံဆိုတော့ အထူးခန်း သီးသန့်ခန်းတော့ မဟုတ်ဘဲ ဟောလ်ထဲ ခုတင်တွေယှဉ်ချထားတာမျိုးဖြစ်သည်။ လူနာတွေအမျိုးမျိုး၊ ရောဂါလည်းအမျိုးမျိုး၊ အနံ့အသက်လည်း အမျိုးမျိုး။

များသောအားဖြင့်ကတော့ ပုဂ္ဂလိကဆေးရုံကြီးတွေရဲ့ စရိတ်စကကို မတတ်နိုင်လို့သာ အစိုးရဆေးရုံ၊ ပြည်သူ့ဆေးရုံတွေ တက်ရောက်ရတာပင်။ ဒီတော့လည်း နွမ်းပါးတဲ့ ဝေဒနာရှင်တွေ များသည်လို့ အကြမ်းဖျဉ်း တွက်ဆရပါသည်။ မှန်ရာပြောရလျှင် ယုယုသည် နေထိုင်ကျင်လည် ကြီးပြင်းရသော ဘဝအနေအထားအရ ပုဂ္ဂလိကဆေးရုံများသို့သာ အရောက်များပါသည်။

ငယ်ငယ်ကတည်းက ကျန်းမာရေးလည်း ကောင်းတော့ ဆေးရုံဆေးခန်းတွေ သိပ်မရောက်ခဲ့ရ။ သူတစ်ပါးကို သတင်းမေးဖို့အတွက်သာ ဆေးရုံကြီးကို နှစ်ခါလောက် ရောက်ဖူးသည်။ ယုယုရဲ့ မိခင် ဖခင်တို့ ကွယ်လွန်ခဲ့သည်မှာ အိမ်မှာ။ ဆေးရုံကို အသီးသီး နာတာရှည် တက်လိုက်ကြရတယ်မရှိ။





ယုယု ကလေးမီးဖွားခဲ့တော့ပင် ဒပ်ဖရင်မှာ မတက်ဖြစ်ခဲ့ပါ။ ခုခေတ်လို ပုဂ္ဂလိကဆေးရုံတွေ တအားမထွန်းကားသေးသော်လည်း ယုယုကိုမွေးပေးမည့် ဆရာဝန်မကြီးက မြရတနာဆေးခန်းမှာ မွေးမည်ဆို၍ ထိုဆေးခန်းမှာပဲ ယုယု တက်ခဲ့ရသည်။ ဒီတော့ ဆေးရုံတွေကို အရောက်အပေါက် ကျဲခဲ့ရတာ အမှန်ပင်။

ခုတော့ ရောက်ဖူးပြီ။ ခန်းမကျယ် တစ်ခုထဲမှာ ခုတင်လေးတွေ အစီအရီ ရှိနေတဲ့အထဲက ခုတင်တစ်ခုဆီသို့ ရှယ်ကိုးက ဦးဆောင်လျှောက်သွားပေရာ ယုယုသည် မလှမ်းမကမ်းမှ အရိပ်အခြည်ကြည့်ကာ ပါလာသည်။ ဟော ... ဟိုကောင်ကလေး။ အဲဒီကောင်ကလေးရဲ့ ဥပဓိရုပ်ကတော့ ထူးခြားထင်ရှားပါသည်။

အသားဖြူဖြူတွင် မျက်ခုံးသန်သန်စွမ်းစွမ်းကြီးသည် ထူးနက်၍ လခြမ်းကွေးကာ မှောင့်ကြီးကပ်နေတဲ့အလားကို ထင်ဟပေါ်လွင်တာ ဖြစ်သည်။ ရိုးသားအေးချမ်းပုံရတဲ့ ဟော့ဟော့ မွှမ်းသွမ်း (လုံးဝ)မရှိတဲ့ မျက်နှာထားကလေးဟာ ကြည့်ခြေရှ၍ ကြည်ကြည်ပါသည်။ မျက်လုံးတွေက နူးညံ့သိမ်မွေ့ပြီး ဟိုးအတွင်းထဲက နက်နက်ရှိုင်းရှိုင်း တစ်နေရာကို ဖောက်ထွင်းပြီး ကြည့်တော့မှား ထင်ရအောင် စူးစူးနစ်နစ်ရှိသည်။

ကော်ကော်တွန့်တွန့် ဆံပင်ကလေးတွေသည် ကုပ်ပေါ်က်အောင် အမျှင်ကလေးတွေအဖြစ် ရှည်ကျနေကာ ဘေး



www.burmeseclassic.com

www.burmeseclassic.com



ခွဲ၍ နားနောက်ထဲ ဆံပင်ကို သိမ်းညှပ်ထည့်ထားသည်မှာ အမြင်ဆန်း၍ ဆံပင်ရှည်တဲ့အတွက် လမ်းသံရဲပုံ ပေါက်တာမျိုးမရှိပါ။ သူ့မျက်နှာပုံပန်းသဏ္ဌာန်က ပညာရှင်ဆန်သည်။ အနုပညာရှင် အတတ်ပညာရှင်။

ဖလန်နယ်ရှပ်လက်ရှည် နီညိုကွက်ကို အတွင်းတီရှပ်ဖြူပေါ်က ထပ်ဝတ်ထားပြီး အောက်က ဂျင်းန်အနက်နှင့်။ လူမှာအဝတ် တောင်းမှာအကွပ် ဆိုသကဲ့သို့ သန့်သန့်ပြန့်ပြန့်လေး အဆင်ပြေပြေ ဝတ်စားတတ်ပုံရသည်။ ခုတင်ပေါ်က လူနာအမျိုးသမီးကတော့ နီညိုရောင် အညာချည်စောင်အကွက်ကို တစ်ဝက်ခြုံထားကာ နွမ်းလျနေတဲ့ အိမ်ရှင်မတစ်ယောက်ပုံ ထွက်နေသည်။

နဂိုရုပ်ရည် ချောမော၍ အနည်းငယ် ယေဘုယျဆန်တဲ့ သူမရုပ်ရည်ဟာ လမ်းသွားရင်း လူတွေကြားထဲ မကြာမကြာ တွေ့နေရတဲ့ သာမန်မိန်းမတစ်ယောက်ရဲ့ ရုပ်မျိုးပင်ဖြစ်သည်။

"အန်တီ"

"ဟယ် ... သမီးပါလား"

လူနာက မျက်လုံးပွင့်လာကာ လှမ်းနှုတ်ဆက်သည်။ တွေ့ဆုံဖူးကြတယ်ဆိုတာ ယုယု သဘောပေါက်ရသည်။ ဆေး ကောင်လေးကတော့ ယုယု ရောက်လာတဲ့အတွက် ထိုင်ရမယောင် ထရမယောင် အူကြောင်ကြောင် ကယောင်ချောက်ချား ဖြစ်နေသည်။ အန်တီရယ် ဘာရယ်နှင့် ဖော်ရွေသော ဆီးကြိုနှုတ်ဆက်မှု မ ...





မရှိခြင်းဟာ လူမှုရေး ညံ့ဖျင်းလို့ မဟုတ်ဘဲ နှုတ်ကိုမဆက်ရဲဘဲ ဘာလုပ်လို့ လုပ်ရမယ်မသိ ဖြစ်နေတာ ယုယု ရိပ်မိပါသည်။

"အန်တီ နေကောင်းရဲ့လား"

"ကောင်းပါတယ် သမီးရယ်"

"မနေ့ကတည်းက လာကြည့်ဖို့ပဲ အန်တီ၊ သမီးအစ်ကို နိုင်ငံခြားသွားတာနဲ့ အလုပ်နည်းနည်းများပြီး မလာဖြစ်တာ"

"ရပါတယ် သမီးရယ်၊ ဆေးရုံတွေ ဘာတွေ လာရတာ လွယ်တာမှ မဟုတ်တာ၊ မလာလို့ ရပါတယ်၊ တကူးတက ကွယ်၊ အန်တီလည်း ဘာမှမဖြစ်ပါဘူး၊ ကောင်းပါတယ်"

"ဟဲ့ ... ရွှေတွင်း ... ရော့၊ အန်တီ့ဖို့"

ရှယ်ကိုး လှမ်းပေးလိုက်တဲ့ ကြွပ်ကြွပ်အိတ်ထုပ်များကို ကောင်လေးက ရုတ်တရက် မယူတာ ယုယု သတိပြုမိနေသည်။ သူ့မျက်နှာက အထုပ်တွေမြင်လျှင် ရှုပုပ်သွားသည်မှာ ကလေးနှင့် တူလှသည်။ သဘောပေါက်ပါသည်။ နင် ဘာလို့ ဒီလောက်အများကြီးတွေ လျှောက်ဝယ်လာရတာလဲလို့ မာန်မဲလို ...န်ဖြစ်ကာ ယုယု ပါနေ၍ ထိုစကားမျိုးတွေတော့ ထွက်မလာပါ။

အန်တီ့သမီးက မင်းကို စေတနာပိုနေလို့ပဲပေါ့။ ဒါကြောင့်လည်း ဆေးရုံပေါ်ထိ လိုက်လာကြည့်ရတာ။ ယုယုက အသံတိတ် အဖြေပေးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ရော့ ဆို"

လူနာကပင် ...

"များလှချည်လား သမီးရယ်၊ ဒါတွေ ဘယ်လိုစားနိုင်ပါ့မလဲ၊ အားလုံး မထားခဲ့ပါနဲ့ သမီးရယ်"

လူနာအမျိုးသမီးရဲ့ ပြောဟန်ဆိုဟန် စကားတို့မှာ အရိုးခံဆန်သည်။ သူ့ခုတင်ဘေး ဗီရိုပုပေါ်တွင် ဓာတ်ဘူး၊ ရေသန့်ဘူး၊ ဖန်ခွက်၊ ကော်ဖီခွက်၊ ဇွန်း။ ဒါ့အပြင်တော့ အိုဗာတင်းကို ပုလင်းပေါက်စကလေးတစ်လုံး အသစ်ဝယ်ကာ တင်ထားသည်မှာ ဈေးနှုန်းစတစ်ကာကိုပင် မခွာရသေး။

"ဖြည်းဖြည်းချင်း စားရတာပေါ့ အန်တီရယ်၊ ဗိုက်ကြီးတစ်လုံးလုံး ခွဲထားရတာ အားပြည့်အောင် စားသောက်ရမှာပေါ့၊ ရွှေတွင်း ... နင် သိမ်းလိုက်လေ"

သူ့သားကို သူကြည့်ကာ ....

"သားရယ် ယူလိုက်ပါ၊ ရွှယ်ကိုး လက်ညောင်းလှပါပြီ"

သူ့အမေ ပြောလိုက်မှ ကောင်ကလေးသည် မှုန်တေတေနှင့် အိတ်တွေကို လှမ်းယူသည်။

"ဧည့်သည်ပါသေးတယ်၊ ဟုတ်လား သမီး"

"အဲဒါ သမီးအမေပါ အန်တီ"

"ဟင်"

ရွှယ်ကိုးက မေမေ့ဘက်လှည့်ကာ ...





"မေမေ ... အန်တီက ရွှေတွင်းရဲ့အမေ ဒေါ်ခင်ထားရီတဲ့"

"ဪ ... ဟုတ်ကဲ့ပါ"

ရွှေတွင်းအမေဘက် ပြန်လှည့်ရင်း ...

"သမီးရဲ့အမေ ဒေါ်ယုယုနေခြည်တဲ့ အန်တီ"

ယုယုက ရှေ့နည်းနည်း တိုးရပ်၍ ပြုံးလိုက်ပါသည်။

"ဪ ... အစ်မတွေ ဘာတွေ ထင်တာ၊ အမေက နုလိုက် ချောလိုက်တာ၊ သမီးထက်တောင် လှကောင်းလှည်း ညက်တော့ အမှတ်တမဲ့ဆိုရင် ရွယ်တူပါပဲ၊ ထိုင်ပါ အစ်မရယ်၊ မတ်တတ်ကြီး အားနာလိုက်တာ၊ ရွှေတွင်း အန်တီ့ဖို့ ခုံရှေ့တိုးပေးလေ"

ရွှေတွင်းအမေမှာ ပျာပျာသလဲ ဖြစ်နေရှာသည်။ သူ့ထက် ငယ်ကိုငယ်တာ သိပေမယ့် ဘာမှ သိပ်ဝတ်မထားဘဲ ပြောင်လက်တောက်ပသော အသရေကြောင့် လေးစားသမှုနှင့် "အစ်မ"ဟု ခေါ်လေသည်။

ရွှေတွင်းက ခုံရှည်ကို ယုယု အတွက် အဆင်ပြေအောင် ခပ်ကုန်းကုန်းနှင့် အနားတိုးပေးသည်။ ပြီးလျှင် ခပ်တိုးတိုးနှင့် ...

"အန်တီ ထိုင်ပါ ခင်ဗျာ"

"အေး ... သား၊ ရပါတယ်"

ယုယုက ဝင်ထိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် အမေကို ခေါ်ခဲ့ရတယ်လို့ကွယ်၊ တကူးတကနဲ့ အားနာလိုက်တာကွယ်"

"သမီးလည်း သဇင်နဲ့ လာမလို့ပဲ၊ သဇင့်အဖေက သွေးတိုးနေလို့ သဇင် မလိုက်နိုင်တာရယ်၊ မေမေကလည်း မနေ့က ကိုကိုသွားထားတော့ နည်းနည်းဆွေးနေတာနဲ့ စိတ်ပြေလက်ပျောက် အပြင်ခေါ်ချင်လို့ပါ"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ရွယ်ကိုး တစ်ယောက်ကတော့ အစ်မသင်ပေးတဲ့ မုန့်လုပ်နည်းတွေနဲ့ အရမ်းအလုပ်ဖြစ်တာ၊ သူ့အဖေက ကြိုက်တတ်တော့ တစ်ပတ် တစ်ပတ် သူ့မှာ လုပ်ကျွေးရတာ အမော၊ အစ်မအကြောင်း၊ မောင်ရွှေတွင်းအကြောင်း သူ အိမ်မှာ အမြဲပြောတယ်"

"မောင်ရွှေတွင်းတဲ့ ... ဟား ဟား"

ရွယ်ကိုးက သူ့အမေ ခေါ်ပုံကို ရယ်နေသေးသည်။ ဒီတော့ ရွှေတွင်းလည်း ပြုံးစိစိ။ ရွယ်ကိုးတို့ သားအမိ လူနာ သတင်းမေး နာရီဝက်လောက် နေခဲ့ကြပါသည်။ ထိုအချိန်အတွင်း ပြောစကားများထဲမှာ ကောက်ချက်ဆွဲချလို့ရတဲ့ ရွှေတွင်းတို့သားအမိရဲ့ မပြည့်စုံ မပိုလျှံလှတဲ့ ဘဝအနေအထားကို ယုယု ရိပ်မိ သိရှိရသည်။

ရွှေတွင်းအမေရဲ့ သူ့သားအတွက် အမြင့်မားဆုံး မျှော်လင့်ချက်မှာလည်း အလုပ်အကိုင် တစ်ခုခုမှာ လစာလေး





ကောင်းကောင်း ရနိုင်ရေးလောက်ပင်ဖြစ်ကြောင်း သိရပါသည်။ သမီးကလေးကို သူချစ်တဲ့သူနှင့် လက်တွဲရစေချင်တာ မှန်သော်လည်း ဒီလောက် အဆင့်ကျပြန်တော့လည်း ကိုယ်တွေအဆင့်အတန်း ခြေအနေနှင့် အတော်ကြီး ကွာခြားနေပြန်သည်။

အပြန်ကျတော့ အိမ်တစ်ခေါက်ပြန်ကာ အဝတ်ဟောင်း အဝတ်သစ် လဲလှယ်ပြန်ပို့ဖို့ ညနေစာပို့ဖို့ စသည်တို့အတွက် လုပ်ကိုင်စရာရှိသော ရွှေတွင်းကိုပါ ကားနှင့်အတူ ခေါ်လာခဲ့ဖြစ်သည်။ ရွှေတွင်းက ငြင်းပါသေးသည်။ ရွယ်ကိုးက အတင်း တစ်ပါတည်း ခေါ်နေတော့ ယုယုလည်း ဝင်ခေါ်ဖြစ်တာကြောင့် ကောင်လေး အားနာပြီး လိုက်လာတာပင်။

တစ်လမ်းလုံးလည်း ကောင်လေးက တိတ်လို့။ ရွယ်ကိုးသာ စကားတွေဖောင်ပြီး ဆူညံနေသည်။ စကားသိပ်မပြောမယ့် ထိုကောင်ကလေး ရင်ထဲမှာ သမီးဟာ နက်နက်ရှိုင်းရှိုင်း နေရာယူထားပြီးသား ဆိုတာ ကောင်လေးရဲ့ မျက်လုံးတွေ တွေ့တာနှင့်ပင် ယုယု သေချာသိသည်။ မျိုသိပ်ကျိတ်မြိုထားတဲ့ ခံစားချက်တွေ ပိနေတဲ့မျက်နှာ။

ရွယ်ကိုးက လမ်းညွှန်သည်။ ရွှေတွင်းတို့တိုက်ကို ညွှန်ပြသည်။ ခပ်ကျဉ်းကျဉ်းနှင့် ဟောင်းမြင်းပြီလည်းဖြစ်တဲ့ တန်ထရိုက်တိုက်အိုအိုတစ်ခုပင်။

"ရွယ်ကိုး ... ငါ သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေတွင်း လေသံက တိုးဖျော့လျက်။

"အန်တီ ခွင့်ပြုပါဦး၊ ကျေးဇူးတင်ပါတယ်"

"အေး ... အေး၊ ရတယ်သား"

"ဖုန်းဆက်ဦးနော် ... ဟဲ့"

ကားပြန်ကွေ့တဲ့အထိ ရွှယ်ကိုးက ခေါင်းထွက်အော တုန်း။ ယုံယုသည် သမီးကို အနည်းငယ် ကိုယ်ရှိန်သတ်၍ အသေအချာ ဆင်ခြင်စဉ်းစားလာအောင် ဘယ်လိုပြောရင် ကောင်းမလဲ တွေးလာသည်။

"ရွှေတွင်းက မေမေ့ကို စကားသိပ်မပြောရဲဘူး၊ အဟင်း ဟင်း"

ရွှယ်ကိုးက စကားကို စ,လာပါသည်။

"ဘာမပြောရဲစရာရှိတုန်း သမီးရယ်၊ ကိုယ့်သူငယ်ချင်း အရင်းအချာရဲ့ အမေပဲ၊ ရင်းရင်းနှီးနှီးပေါ့၊ မောင်နှမ... လို သဘောထားရင် သူငယ်ချင်းအမေဆိုတာ ကိုယ့်အမေ သားချင်းပဲ။ ဟုတ်လား"

"သူက အားငယ်တတ်တယ်"

"ဘာကို အားငယ်တာလဲ"

"သူ့အခြေအနေနဲ့ သမီးတို့ အခြေအနေကို ယှဉ်ပြီးတော ပေါ့၊ သူ့စိတ်ထဲမှာ သူနဲ့ သမီးဟာ အဆင့်အတန်းချင်း ကွာဝေးတယ်လို့ သူက ယူဆသတ်မှတ်ထားတယ် မေမေ"





"သူငယ်ချင်းပေါင်း ပေါင်းတာပဲကွယ်၊ အဆင့်အတန်း ကွာဝေးလည်း ဘာဖြစ်လဲ၊ ချစ်သူရည်းစား အိမ်ထောင်ဖက် အဖြစ် ရည်ရွယ်ရင်သာ အဆင့်အတန်း သိပ်ကွာခြားရင် မကောင်းဘူးပေါ့၊ မတူတဲ့အမြင်တွေ ဝင်လာမယ်၊ နိမ့်ပါးတဲ့သူဟာ သိမ်ငယ်နေတတ်လို့ အိမ်ထောင်ရေးမှာ မဖြစ်သင့်တာတွေ ဖြစ်တတ်တာပေါ့၊ အိမ်ထောင်ရေး မသာယာတတ်ဘူးပေါ့"

ရွှယ်ကိုးသည် ရုတ်တရက် နှုတ်ဆိတ်သွားပြီး အမေဖြစ်သူဘက် ခပ်ငေးငေး ကြည့်နေလေသည်။ ထိုစကားအပေါ် ဆောဒကတက် ဆွေးနွေးချင်ဟန်မှာ သူ့မျက်နှာတွင် အထင်းသား။ သို့သော် ရုတ်တရက် ဆွေးနွေးဖို့ရာ နှုတ်ကမထွက်ဘဲ ရှက်နေပုံရပါသည်။

"သူ့အမေက အကျိုးဆောင်ပွဲစား၊ ဟုတ်လား"

"ဟုတ်"

"သူတို့ရဲ့ Earning က ဒီတစ်ခုတည်းကပဲ ရှိသလား"

"ဟုတ်တယ် ထင်တာပဲ မေမေ"

"သူ့အမေနဲ့ ကွဲနေတယ်လို့ သမီး ပြောဖူးသလားလို့"

"ဟုတ်တယ် မေမေ"

"အမှန်တွက်မရတဲ့ ဝင်ငွေတစ်ခုတည်းပေါ် မှီခိုနေရတာယ် ဆိုတော့ သူတို့ အတော်တော့ ကသီလင်တ ဖြစ်မှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအမိ ကြည့်ရတာ သပ်သပ်ရပ်ရပ်လေးတွေတော့ ဝတ်စားတတ်ပုံရပေမယ့် မပြည့်စုံမှန်းတော့ သိသာတယ်"

"ရွှေတွင်းကတော့ သိပ်မသိသာပါဘူး မေမေ၊ သူကနည်းနည်းပဲရှိပေမယ့် ဝတ်တတ်ပါတယ်၊ နေပုံထိုင်ပုံကလည်း မနိမ့်ကျဘူး၊ သူ့အမေကသာ တစ်မျိုးလေးဖြစ်တာ"

"ဘာပဲဖြစ်ဖြစ်လေ၊ သူငယ်ချင်း ချင်းချင်းပဲကွယ်၊ ကိုယ်ကူညီနိုင်တာ ကူညီ၊ သူကူညီနိုင်တာ ကူညီ အပြန်အလှန်ပေါ့၊ သမီးရဲ့ချစ်သူမှ မဟုတ်ဘဲ၊ သမီး ဒီလိုကောင်လေးတစ်ယောက်နဲ့ ချစ်သူဖြစ်တယ်ဆိုရင်သာ ဖေဖေ မကျေနပ်မှာ စိတ်ဆိုးမှာ"

ရွှယ်ကိုးက မေမေ့ဘက် လှည့်ကြည့်ရင်း ...

"နှမ်းပါးချို့တဲ့တဲ့သူကို ချစ်သူတော်မိရင် ဖေဖေက စိတ်ဆိုးမယ်၊ သဘောမကျဘူးပေါ့၊ ဟုတ်လား မေမေ"

"အင်းပေါ့ သမီးရဲ့၊ ဖေဖေက သူ့သမီးကို ဒီလောက် ကောင်ကလေးမျိုးနဲ့တော့ ဘယ်လိုလုပ် သဘောတူပါ့မလဲ"

"လူတစ်ယောက်မှာ အဓိက,က ကိုယ်ကျင့်တရားကောင်းဖို့ပဲ မဟုတ်လား မေမေ၊ ဖေဖေက ကိုယ်တိုင်တော့ လူချင်သလိုလုပ်ပြီး သမီးက ဆင်းရဲတဲ့ ဆင်းရဲပေမယ့် ရိုးသားတဲ့ ကောင်လေးတစ်ယောက်နဲ့ ချစ်မိခဲ့ရင် သဘောမတူဘူး ဆိုတာတော့ ဘယ်တရားပါ့မလဲ မေမေ"





ယုယုသည် သမီးဘက် အလန့်တကြား လှည့်ကြည့်မိသည်။ အတိအကျ တားမြစ်ရတာ မဟုတ်သေးဘဲနှင့်ပင် သမီးတုံ့ပြန်မှုက တင်းမာလှပါကား။

❖ ❂ ❖

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"ရွှေတွင်းကို ကောင်မလေးတစ်ယောက်နဲ့ တွေ့လိုက်တယ်"

သဇင့်စကားက ရွှယ်ကိုးကို အသက်ရှူမှားသွားစေသည်။ ချက်ချင်းပင် ...

"ဘယ်မှာလဲ"

"မနေ့ညက ငါတို့ လှည်းတန်းဈေးဘက် သွားတာဟဲ့။ ညဘက် အဲဒီရှေ့နားမှာ အသီးအနှံတွေ ရတတ်တယ်လေ။ အဲဒါ အသီးအနှံလေး ဝယ်ချင်လို့ သွားတာ၊ အဲဒီမှာတွေ့တာ"

ဒီစကား ကြားရတာလောက်ကိုပင် ဦးခေါင်းကြီးကော ပွထလာသလိုဖြစ်ပြီး၊ ရင်ထဲလှုပ်ရှားဆူပွက်လာတဲ့ ရွှယ်ကိုးသည် ဒီစကားကို သယ်ဆောင်ကာ ပြောဆိုလာတဲ့ သဇင့်ကိုပါ ကောက်ကာ ငင်ကာ အခြောက်တိုက် မကျေမနပ် ဖြစ်လာမိကာ_





"နင်က ငါ့ကို ဖုန်းလည်းမဆက်ဘူး၊ ညက"

သဇင်က ရွှယ်ကိုးကို ပါးစပ်အဟောင်းသားဟ,ကာ တအံ့တသြကြည့်ရင်း ...

"ငါက နင့်ကို ညက ဘာဖြစ်လို့ ဖုန်းဆက်ရမှာလဲ"

"ဩော် ... ရွှေတွင်းကို ဒီလိုတွေ့တာ ဖုန်းဆက်ပြောဖို့ပေါ့"

သဇင်က ပိုလို့ပင် မျက်ခုံးမြှင့်လိုက်ရင်း ...

"ရွှေတွင်းကို ကောင်မလေးတစ်ယောက်နဲ့တွေ့တာ နင့်ကို ငါက ညတွင်းချင်း ချက်ချင်း အကြောင်းကြားရမယ်၊ ဒီလိုလား"

"အေးပေါ့"

ရွှယ်ကိုးက ခွတ်ပဲ ရှေ့တိုးခေါင်းမာလိုက်သည်။ သို့သော် သဇင်ဟာ ရွှယ်ကိုးကို တစ်ဖက်သတ် အလျှော့ပေးပေါင်းတဲ့ သူငယ်ချင်းမျိုးမှ မဟုတ်တာ။ သိသိသာသာ မျက်မှောင်ကုတ်လျက် ...

"ဘာအတွက်လဲ"

သဇင် မေးလိုက်တဲ့အခါ ရွှယ်ကိုး အဖြေရကျပ်သွားပါသည်။ ကြားရတဲ့ သတင်းစကားအပေါ် စိတ်တိုနေကာ သဇင်တွေ့တာကိုပါ တွေ့ရကောင်းလားလို့ မဆီမဆိုင် ရမ်းချင်တဲ့ အရိပ်အခြည်ရှိသော ရွှယ်ကိုးရဲ့ ဟန်မူရာကို သဇင်ကကြည့်ရင်း ...

www.burmeseclassic.com



"ဒီနေ့ ငါတို့ တွေ့ကြမှာပဲဟာ၊ အဲဒါလေးကို ငါက တကူးတက ဖုန်းဆက်ပြောနေရဦးမယ်၊ အဓိပ္ပာယ်မရှိတာ၊ ချက်ချင်းသိရမှ ဖြစ်တဲ့ကိစ္စမှ မဟုတ်တာ၊ ညကတည်းက သိရရင် နင်က ဘာလုပ်မလို့လဲ၊ နင့်အဖို့ ဘာထူးလဲ"

ရွှယ်ကိုးသည် ခေါင်းမာသူပီပီ သူ့အပြုအမူ အနည်းငယ် အဓိပ္ပာယ်မဲ့သွားတာကို ဝန်မခံဘဲ ...

"သူ့ကို ဖုန်းဆက်မေးလို့ ရတာပေါ့၊ ဘယ်သူလဲလို့"

"ချက်ချင်းမေးဖို့ လိုလား၊ ကဲ ... မေးပါပြီတဲ့၊ ဘယ်သူဖြစ်ဖြစ် နင့်အပူလားလို့ ဟိုကောင်က ပြန်ပြောရင်ကော"

"သိချင်လို့ မေးမှာပဲဟာ"

"ရွှယ်ကိုး ... နင် နည်းနည်းတော့ တစ်ဆိတ် မွန်လွန်းတယ်ဟာ၊ ငါ အဲလိုပဲ ပြောလိုက်တော့မယ်၊ နင့်ကို ဝေဖန်ဖို့ရာ ငါ အားနာစရာ မလိုဘူး မဟုတ်လား"

"........"

"နင်နဲ့ ရွှေတွင်းက သမီးရည်းစားမှ မဟုတ်တာ၊ ရွှေတွင်းကောင်မလေးတစ်ယောက်နဲ့ တွဲသွားတာကို နင် ဒေါသတကြီး စစ်လား မေးလား လုပ်ဖို့ ဘာအခွင့်အရေးရှိလို့လဲ၊ ပုံမှန်လေးပဲ မနေ့က နင်နဲ့ တွဲသွားတာ ဘယ်သူလဲဆိုတာလောက်၊ လေသံမှန် ရုပ်မှန်နဲ့ မေးဖို့ပဲ အခွင့်ရှိတယ်၊ နင် ခုလို မှုန်တေတေရုပ်နဲ့ ဘယ်သူလဲ ဘာလဲ





စစ်မေးရင် နင် အောက်သွားမှာပေါ့၊ ငါ အကောင်းပြောပြနေတာ"

ရွှယ်ကိုးရဲ့မျက်နှာက နည်းနည်း အကြောလျှော့သွားပါသည်။

"အေးအေးဆေးဆေးနဲ့ ပုံမှန်ပဲ နင့်မှာ မေးခွင့်ရှိတယ်၊ ပွပွလောင်လောင် သွားမေးလို့ ဘယ်ဖြစ်မလဲ၊ တော်ပါသေးရဲ့ ငါလည်း ညက လုမ်းမပြောဖြစ်လို့၊ ငါသာ ညကလှမ်းပြောရင် နင်က သူ့ဆီ ချက်ချင်း ဖုန်းဆက်မေးပစ်လိုက်မှာ"

ရွှယ်ကိုးက သဇင့် လက်ဖျားနှစ်ဖက်ကို ဆွဲဆုပ်ကိုင်ရင်း ...

"နင် ဘယ်လိုတွေ့တာလဲ"

"ငါတို့က ဈေးရုံရဲ့ ဟိုဘက်ထောင့်နားမှာ ရောင်းနေတဲ့ အသီးဆိုင်မှာ အသီးဆင်းဝယ်နေတယ်လေ၊ အဲဒီတုန်းမှာ သူတို့က လမ်းဟိုဘက်ခြမ်းကနေ လှမ်းကူးလာတာ"

"နင့်ကို ရွှေတွင်း တွေ့လား"

"ဟင့်အင်း ... မတွေ့ဘူး"

"ရွှေတွင်းရော သေချာရဲ့လား"

"ဩော် ... နင်ကလည်း"

သဇင်က စိတ်မရှည်သလို မျက်စောင်းရွှယ်သည်။

"သေချာတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မသေချာစရာလားဟယ်၊ ရွှေတွင်းပုံစံကလည်း ထင်ပေါ်တာပဲဟာ၊ ဒီဆံပင် ဒီမျက်နှာ မှားစရာလား၊ ပြီးတော့ လှည်းတန်းမှာပဲလေ၊ လမ်းကူးလာပြီး သူတို့အိမ်ဘက် လျှောက်သွားတာပဲ"

"အန်တီ ဆေးရုံက မဆင်းသေးဘူးနော်"

"အေး … ဒီနေ့မနက် ဆင်းမယ် ပြောတာလေ"

အန်တီ ဆေးရုံက မဆင်းသေးရင် အိမ်မှာ ရွှေတွင်း တစ်ယောက်တည်း။ အိမ်ဘက်သွားတယ်ဆိုတော့ အိမ်ပေါ်ထိခေါ် သွားမှာလား။

ဘာလုပ်ဖို့လဲ။ ဘယ်သူလဲ။

"ကောင်မလေးပုံစံက ဘယ်လိုလဲ"

"သိပ်သေချာ မမြင်လိုက်ရဘူး၊ အဲဒီနားတစ်ဝိုက်မှာ မီးတွေပျက်နေတယ်၊ အသီးဆိုင်တောင်မှ ဘက်ထရီမီးချောင်းနဲ့ ရောင်းနေတာ၊ ခပ်မှောင်မှောင်ဆိုတော့ ကောင်မလေး မျက်နှာကို သေချာကို မတွေ့တာ၊ ဆံပင်ကတော့ အညိုဆိုးထားတဲ့ ကောက်ကောက်လေးတွေပဲ၊ ရွှေတွင်းကိုပဲ အရင်သေချာရဲ့လား ပြူးပြဲကြည့်မိတာလေ၊ ရွှေတွင်းက တော့ ထုံးစံအတိုင်း စွပ်ပုပ်ပုပ် မှုန်ကုပ်ကုပ်ပဲ"

"သူတို့ကို ကြည့်ရတာ ရင်းနှီးလား၊ ခရီးသွားဟန်လွဲ လမ်းမှာဆုံတဲ့ အသိမိတ်ဆွေလောက်လား"





"သေချာတာကတော့ လမ်းလည်းကူးရော ကောင်မလေးက ရွှေတွင်း လက်မောင်းတစ်ဖက်ကို ချိတ်လိုက်တယ်၊ လက်ဖမိုးမှာ အမည်းမှတ် ကြီးကြီးလေးနဲ့"

"ဘာ"

"ဟဲ့ … ခြော် … ရှယ်ကိုးရယ်၊ နင်ဟာလေ မလွယ်ပါလား၊ ငါလည်း ငါမြင်တာ ပြောရတာ"

"လက်မောင်းကို ချိတ်တယ်ဆိုတော့ အတော်ရဲတင်းတဲ့ဟာမပါလား၊ ငါတို့ နင်တို့တောင် ရွှေတွင်းကို လမ်းကူးရင် လက်မောင်းချိတ်လို့လား"

"မချိတ်ဘူးလေ၊ တစ်ခါတလေ အပြေးအလွှား ကူးကြရင် အလွန်ဆုံး သူ့အင်္ကျီစကို လှမ်းကိုင်မိတယ်၊ အဲသလောက်ပဲလေ၊ ဒါပေမဲ့ ငါတို့က သူငယ်ချင်းတွေကိုးဟဲ့"

"ဒါဖြင့် သူတို့က ဘာလဲ"

"သူလာမှပဲ နင်မေးတော့ဟာ"

သဖင်က ရှယ်ကိုးရဲ့ အလေးအနက် ဒေါကန်နေတဲ့ ရုပ်ကြီးကို စိတ်ရှုပ်လာသလို ပြောစကားကိုရပ်ဖို့ ပြင်သည်။ သို့သော် ရှယ်ကိုးက အရပ်မခံ။

"နောက် ဘာသတိပြုမိသေးလဲ"

"နောက် ! … အင်း … ကောင်မလေးကချည်း စကားတွေ ဆက်တိုက်ပြောလာတာ၊ နင့်ရွှေတွင်းကတော့ လမ်းကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး လျှောက်နေတာပဲ၊ လမ်းကူးပြီးတော့ ငါတို့ဘက်ကို ကျောခိုင်းပြီး လျှောက်သွားကြတာလေ၊ ကောင်မလေးက စကားပြောရင်း ရွှေတွင်းရဲ့ကျောကို ပုတ်လိုက်တာမျိုးတို့ ဘာတို့ရှိတယ်၊ တစ်ချက်မှာတော့ ခါးကိုလှမ်းဖက်လိုက်တယ်လို့ ငါ ထင်တယ်"

"ခါးဖက်တယ် !!"

"အေး ... လက်အနေအထားက အဲသလို ထင်ရတာပဲ"

ရွှယ်ကိုးသည် လွယ်အိတ်ထဲက စာအုပ်တစ်အုပ်ကို ထုတ်၍ စားပွဲပေါ်သို့ ဖြန်းခနဲ ဆောင့်ချလိုက်ပါသည်။ ထုံးစံအတိုင်း သုံးယောက်အတူ မုန့်ထွက်စားဖို့ စောရောက်နေကြတာ။ တခြား ဘယ်သူမှ မရောက်သေး။ ရွှေတွင်းက သူ့အမေဆေးရုံတက်စရက်တွေ ကျောင်းပျက်လိုက်ပေမယ့် ခုနောက်ပိုင်းရက်တွေမှာ ဆေးရုံကိုသွား၊ ထမင်းပို့၊ ကျူရှင်ကိုလာ၊ ကျူရှင်ပြီးမှ ဆေးရုံကိုပြန်၊ ထမင်းချိုင့်ပြန်ယူ၊ ပြီးမှ အိမ်ကိုပြန် စသည်ဖြင့် ကသီလင်တ လွန်းထိုးအောင် သွားလာနေပါသည်။

ရွှယ်ကိုးဟာ မေမေနှင့်တစ်ခေါက်၊ သဇင်နှင့်တစ်ခေါက်၊ ရွှေတွင်းအမေ ဆေးရုံကို နှစ်ခေါက်ရောက်ပြီးပါပြီ။ ဒါတောင် သူ့မှာ သွားချင်နေသေးသည်မှာ သတင်းမေးချင်လို့ထက် ရွှေတွင်း ကျူရှင်လာမတက်လို့ တွေ့ချင်တာဖြစ်မှန်းသိတဲ့ သဇင်က ...





"ဒီမှာလေ ရွှယ်ကိုးလေ ကျူရှင်မတက်ဘူး၊ ဆေးရုံပဲ သွားကြည့်မယ်ဆိုပြီး ငါ့ကို နေ့တိုင်းပြောနေတယ်၊ စာသင်တာကိုဖျက်ပြီး သွားချင်နေတာသူ့မှာ၊ အဲဒါ နင်ပြောဦးဟေ့ ရွှေတွင်းရေ"

တမင်တကာကို ရွှေတွင်းကို တိုင်တည်ပစ်လိုက်၍ ရွှေတွင်းက ကျူရှင်လာလာတက်တာ။ သူ့အမေထံ ထမင်းပို့ပြီးနောက် ကျူရှင်ကို မဖြစ်ဖြစ်အောင် ပြေးလာတာ။ ရွှယ်ကိုးဆေးရုံလာချင်တာဟာ ရွှေတွင်းကို တွေ့ချင်လို့ဆိုတာ ရွှေတွင်းသည်း သိသလို ရွှေတွင်း ကျူရှင်တကူးတက လာတက်ပေးနေတာသည်း ရွှယ်ကိုးကို တွေ့ချင်လို့ရော ရွှယ်ကိုးရဲ့ တွေ့ချင်တဲ့ဆန္ဒကို ဖြည့်ဆည်းပေးတာရော ဆိုတာ ရွှယ်ကိုးက သိနေပါသည်။

အပြန်အလှန် တစ်ယောက်ခံစားချက် တစ်ယောက်သိရှိနားလည် ကိုယ်ချင်းစာနိုင်နေတာ။

"ယောက်ျားလေးတွေများ လုံးဝမယုံရဘူး၊ မိန်းကလေးကို စိတ်မဝင်စားတတ်သလိုလို ဘာလိုလိုနဲ့ ဘယ်ကကောင်မလေးတစ်ယောက်က ပေါ်လာရတာလဲ၊ နေပါဦး၊ ရွှေတွင်းဟုတ်တာ သေချာရဲ့လား သဇင်ရယ်"

"ဩော် ...၊ ကဲ ... သူလာမှပဲ မေးကြည့်တော့ဟေ့၊ ငါ လေကုန်တယ်၊ ဟော ... လာလည်း လာနေပါပြီ"

သဇင်က အခန်းထဲမှာ နောက်ပြန်ထိုင်ကာ အခန်းဝက်ဝဘက် မျက်နှာလှည့်ထားတာမို့ ရွှေတွင်း ရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



အရင်မြင်သည်။ ရှယ်ကိုးက လည်ပြန်လှည့်ပြီး ရွှေတွင်း မျက်နှာကို ကြည့်လိုက်ပါသည်။ ရွှေတွင်းက ရှယ်ကိုးနံဘေး ဝင်ထိုင်ချလိုက်ရင်း ...

"ဒီနေ့ ဘာစားမလဲ"

"မစားဘူး၊ ဒီမှာပဲ ထိုင်နေမယ်၊ အောက်ပြန်ဆင်းချင်စိတ် မရှိတော့ဘူး"

"ဒါဖြင့်လည်း ဒီမှာပဲ ထိုင်စကားပြောတာပေါ့၊ ရော့ ... ရော့"

ရွှေတွင်းက သူ့လွယ်အိတ်ထဲမှ ပျားလိမ္မော်သီးလေးတွေနှိုက်ကာ ရှယ်ကိုးရှေ့ သဇင့်ရှေ့ ချပေးလိုက်သည်။

"လူမမာဆီက တိုလာတာပဲနေမယ်"

သဇင့်စကားကို ရွှေတွင်းက ပြုံးရယ်ရင်း ...

"မေမေလည်း နေကောင်းနေပါပြီ၊ မေမေ ဆေးရုံတက်လိုက်တာ အိမ်မှာ လူမမာ ခတ်စာတွေ ပြည့်လျှံနေပြီ၊ မေမေက အသီးအနှံတွေ သိပ်မစားဘူးဟ၊ မကြိုက်တတ်ဘာ"

"ငါက အသီးကြိုက်တယ်"

သဇင်က လိမ္မော်သီးကို ကောက်ခွာသည်။ ရှယ်ကိုးက ကောင်ကာငင်ကာပင် ...

"မနေ့က လှည်းတန်းမှာတောင် သဇင် အသီးလာဝယ်တယ်၊ နင် သိလား"





"ငါက ဘယ်လိုလုပ်ပြီး သိမှာလဲ"

"ညဘက်လေ၊ နင် သဇင့်ကို မတွေ့ဘူးလား"

"ဟင့်အင်း ... မတွေ့ပါဘူး"

"ဒါပေမဲ့ နင့်ကိုတော့ သဇင်က တွေ့တယ်"

ရှယ်ကိုးက ရွှေတွင်း မျက်နှာကို စေ့စေ့ကြည့်နေသည်။

"ဘယ်မှာ တွေ့တာလဲ"

"လမ်းပေါ်မှာ"

"ငါ ဆေးရုံကအပြန် ဖြစ်မှာပေါ့"

"နင် ဆေးရုံကနေ ဘယ်သူနဲ့ တူတူပြန်လာလဲ"

"တစ်ယောက်တည်းပဲလေ"

သဇင်သည် မသိမသာ အသံတွေတုန်နေတဲ့ ရှယ်ကိုးကို ထိန်းထိမ်းသိမ်းသိမ်းပြုသည့် သဘောနှင့် ကိုယ်တိုင်ဝင်မေးဖို့ ဆုံးဖြတ်ရပါသည်။

"ဆေးရုံးကပြန်ချိန်ထက် နောက်ကျမယ်၊ ညကိုးနာရီထိုးခါနီးပြီ သိလား၊ နင့်ကို ငါ ကောင်မလေးတစ်ယောက်နဲ့ တွေ့လိုက်တယ်"

"ကောင်မလေး တစ်ယောက် !! "

သံယောင်လိုက်ကာ ရေရွတ်ရင်း ရွှေတွင်းက မသိမသာ ပျက်သွားသော မျက်နှာကို ပြင်ဆင်ကာ ခေါင်းမော့ရယ်



www.burmeseclassic.com

www.burmeseclassic.com



မောလိုက်ပါသည်။ တဟက်ဟက် ရယ်မောနေသော ရွှေတွင်းကို ရွှယ်ကိုးက မျက်တောင်မခတ် စိုက်ကြည့်နေသည်။ ရုတ်တရက် ရယ်မောလိုက်ပုံကိုက မရိုးသားတာ။ နင့်မျက်နှာကို အရိပ်တကြည့်ကြည့်နေတဲ့သူပါ ရွှေတွင်းရေ။

နင် တစ်ခုခုကို ဖုံးဖိလိုက်တာ ငါ သိပါတယ်။

"အဲဒါ ဘယ်ကကောင်မလေးလဲ ရွှေတွင်း"

"ဟ ... ငါလည်း ဘယ်သိပါ့မလဲ ရွှယ်ကိုးရဲ့၊ ငါမှ ဘယ်ကောင်မလေးနဲ့မှ မတွဲတာ"

"သဇင် ကိုယ်တိုင် တွေ့တာလေ"

ရွှေတွင်းက ပခုံးတစ်ချက် တွန့်လိုက်ပါသည်။

"သဇင်က နင့်ကို လူမှားမလား"

ရွှယ်ကိုး အသံက တရားခံကို အမှုစစ်နေသလို ဖြစ်နေရာ သဇင်က လေသံပျော့ပျော့နှင့် ...

"နင်တို့ လမ်းဟိုဘက်ခြမ်း စန္ဒာမြိုင်ဘက်က လမ်းကူးလာကြတာလေ"

ရွှေတွင်းက မျက်မှောင်တွန့်ကာ မှုန်ကုပ်ကုပ် စဉ်းစားသလို လုပ်နေသည်။ သဇင်ပါ အသည်းယားလာမိကာ ...

"ကောင်မလေးက နင့်လက်မောင်းကို ချိတ်ထားတယ်"

"ညက မီးတွေပျက်နေတယ်လေ၊ ငါဟုတ်တာ သေချာရဲ့လား"





ရွှေတွင်း အမေးကြောင့် ရွှယ်ကိုးကပါ သဇင့်ဘက် လှည့်ကြည့်သည်။ ရွှယ်ကိုး မယုံချင်တာ သဇင် သိသည်။ သို့သော် သဇင်က ကိုယ်တိုင်တွေ့ခဲ့သူမို့ အသေချာဆုံး။

"ငါ့မျက်စိ လုံးဝမမှုန်သေးဘူး၊ ပြီးတော့ နီးနီးလေး"

"ငါနဲ့တူတဲ့ကောင် တစ်ကောင် ဖြစ်မှာပေါ့"

"နင် ငါ့ကို လာစားမနေနဲ့ ရွှေတွင်း၊ နင်ပဲ၊ ကောင်မလေးကိုသာ ငါ သဲသဲကွဲကွဲ မမြင်လိုက်တာ၊ နင့်ကို သေချာမြင်တယ်"

ရွှယ်ကိုးသည် စူပုပ်ပုပ်နှင့် သဇင့်ဘက်လှည့်ကာ ...

"နင်ကကော တကယ် သေချာရဲ့လား"

"ဩော် ... ငါပြောပြီးပြီဟာ၊ နင်လည်း ယုံချင်ယုံ မယုံချင်နေ၊ ရွှေတွင်းလည်း အကြောင်းတစ်ခုခု ရှိရင်တော့ ညာပေါ့ဟာ၊ ငါက နင့်ကို တခြားတစ်ယောက်နဲ့ မှားစရာလား၊ နင် စဉ်းစားကြည့်"

"မှောင်နေလို့ ပြောတာလေ"

သဇင်က ရွှေတွင်းကို စိုက်ကြည့်ပြီး ပြုံးလိုက်ပါသည်။ ရွှေတွင်းတော့ ဖြောင်ကို ဖုံးကွယ်နေပြီ။ အဲသလို ဖြောင်ဖုံးကွယ်တာကမှ ပိုပြီး သံသယဝင်စရာဖြစ်သည်။ အေးဟာ ... ငါ့သူငယ်ချင်းပါ၊ ငါ့ညီမဝမ်းကွဲပါ၊ အိမ်နီးနားချင်းပါလို့ တစ်ခုခုပါးစပ်ထဲတွေ့ရာ ကောက်ပြောလိုက်ဦး။ လက်ချိတ်ထားလို့ ယုံတာ မယုံတာ အပထား။ ကိုယ်က သူ့ကို ပြန်မငြင်းနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ခုဟာက သူ မဟုတ်ပါဘူးလို့ ငြင်းတာမို့ ဒါဟာ ခြောင်လိမ်တာ။ သဇင်က ကိုယ့်မျက်စိကိုယ်မို့ လုံးဝသေချာပါသည်။ လုံးဝလူမမှားပါ။ နဖူးစပ်နှင့် နှုတ်ခမ်းသားအပေါ်မှာ ရုတ်ခြည်းစို့သီးလာတဲ့ ရွှေတွင်းရဲ့ ချွေးဥချွေးပေါက်တို့ကိုကြည့်ရင်း သဇင်က သက်ပြင်းချလိုက်ကာ ...

"အေးလေ ... နင် လုံးဝမဟုတ်ဘူး နင်ငြင်းရင်လည်း ပြီးတာပဲ"

"အဲဒါဆို ဘာလဲ၊ နင်မှားတာလား"

အလွန်တရာ သေချာချင်နေတဲ့ ရွှယ်ကိုးရဲ့ မေးခွန်းထုတ်သံက ဒေါသသံဝါပါ။

"ငါကတော့ ငါ့ဘက်က မမှားဘူးပေါ့၊ ဒါပေမဲ့ ရွှေတွင်းက ငါမှားတယ်ဆိုရင်လည်း ပြီးတာပဲ"

"ဘယ်ပြီးမလဲ၊ နင်တို့နှစ်ယောက် စကားက ညီနေရမှာပေါ့၊ ရွှေတွင်း ... နင် အဲဒီအချိန် အဲဒီနေရာမှာ လုံးဝမရှိဘူးလား ပြော"

"ငါ ညဘက်တစ်ခေါက် ဆင်းပြီးတော့ ဖယောင်းတိုင်တို့ ငါမနက်စာစားဖို့ ပေါင်မုန့်တို့ ဆင်းဝယ်သေးတယ်လေ၊ ဒါပေမဲ့ နာရီတော့ အတိအကျ မပြောနိုင်ဘူး၊ မသိဘူး ဘယ်ကောင်မလေးနဲ့မှတော့ တွဲမလျှောက်ဘူး"

"အဲဒီကောင်မလေးက နင့်လက်ကိုလည်း ချိတ်တယ်၊ နင့်ကျောကိုလည်း ပုတ်တယ်၊ နင့်ခါးကိုလည်း ဖက်တယ်တဲ့"





ရွှေတွင်းက ပခုံးတွန့်လိုက်သည်။

"နင် အဲလို ပခုံးမတွန့်စမ်းပါနဲ့၊ တွေ့တဲ့သူကလည်း တွေ့တယ်၊ ငြင်းတဲ့လူကလည်း ငြင်းတယ်၊ အဲလို အဖြေမှန်မသိရတဲ့ အဖြစ်မျိုးကို ငါ သိပ်မုန်းတာပဲ၊ တကယ်တော့ သဇင်ကလည်း နင့်ကို လူမှားစရာ အကြောင်းကိုမရှိဘူး၊ နင်ကလည်း ဘယ်ကောင်မလေးနဲ့မှ တွဲမလျှောက်ဘူးဆိုတာ အခိုင်အမာကြီး ငြင်းတယ်၊ အဲလောက်ကြီး ကွဲလွဲစရာလား"

ရွှယ်ကိုး မျက်နှာလေးမှာ ဟန်မဆောင်နိုင်အောင် နီမြန်းနေသည်။ တကယ်တော့ သူ့မှာ ရွှေတွင်းကို ဟိန်းဟောက်ဖိနှိပ်မေးစရာ အခွင့်အာဏာ မရှိဘူးဆိုတာ မေ့လျော့နေသည်။ ရွှေတွင်းနဲ့ ကောင်မလေးတစ်ယောက် လက်ချိတ်ကာ ခါးဖက်ကာဆိုတဲ့ သတင်းက သူ့ကို ပူပြင်းလောင်မြိုက်နေစေပြီ။

ရွှယ်ကိုးလည်း မျက်နှာပျက်ပျက်။ ရွှေတွင်းလည်း မျက်နှာပျက်ပျက်။ သဇင် တစ်ယောက်သာ နဂိုနေရှိပြီး နှစ်ယောက်လုံးကို အကဲခတ်နေပါသည်။ ရွှေတွင်း ညာနေတာကို သူပဲအသိဆုံးမို့ ဘာကြောင့် ညာပါလိမ့်လို့ ရင်မောကာ နေမိသည်။ ရွှေတွင်းမှာများ ရည်းစားရှိသလား။ မြင်ရတဲ့ သွင်ပြင်မှုရာတွေက ခုမှထ,ရင်းနှီးတဲ့ အနေအထားမျိုးတောင်မှမဟုတ်။ တရင်းတနှီး လက်ပွန်းတတီး ရှိလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်ကိုး မျက်နှာ တင်းမာစူပုပ်နေ၍ ရွှေတွင်းလည်း အလိုလို နှုတ်ဆိတ် အသံတိတ်နေသည်။ မုန့်လည်းဆင်းမစား ဖြစ်ကြတော့။ ရွှယ်ကိုးသည် သဇင် လူမှားပါစေဟု ဆုတောင်းကာ မယုံချင်ပါသော်လည်း သဇင့် မမှားနိုင်ဘဲ ရွှေတွင်းသာ ပြောင်ညာနေတာ ဆိုတာကို အူထဲ အသည်းထဲက ရိပ်မိနေပြန်ကာ ရင်ထဲ နာကျင်နေပါသည်။

❖ ❂ ❖



# အခန်း ၁၁

"ကိုကြီးကို ယုယု ဘာတွေ အပြစ်တင် ဝေဖန်ခဲ့သလဲ။ ယု သိနေတာ ကြာလှရှိပြီ၊ ဟောဒီပါးစပ်ကို ပိတ်ပြီး အောင့်အည်းနေတယ်၊ ခံစားရသမျှကို မျိုချပြီး နေတယ်၊ ယု ဘာပြောခဲ့လို့လဲ၊ ခုဟာက လွန်လွန်းအားကြီးတယ်၊ ဘေးမှာ ဇင်လည်းပါတယ်၊ ဟောဒီ မျက်နှာကြီးကို ဘယ်လိုလုပ်ပြီး ထားရမလဲ၊ ယု ဘယ်လိုခံစားရမလဲ ကိုကြီး စဉ်းစားကြည့်ဦး၊ ယု အပြစ် ဘာရှိလဲ"

ကျယ်လောင်ပေါက်ကွဲလှတဲ့ မမေ့ရဲ့ အော်ဟစ်သံကြောင့် ရွှယ်ကိုး ခုတင်ပေါ်ကနေ ဝုန်းခနဲ လူးလဲထ,လိုက်ပါသည်။ ဖတ်လက်စဂျာနယ် လက်ထဲက လွတ်ကျပြီး မေးမေး မေးမေးနှင့် အိပ်ပျော်မလို ရှိရာမှ ရုတ်တရက် အလန့်တကြား နိုးလေ၍ ရင်တွေ တဒိတ်ဒိတ် ခုန်ကာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ အိမ်မှာ ရွှယ်ကိုးနှင့် အသေးလေးပဲ ကျန်သည်။ [illegible] နေ့ကတည်းက ဂျူတီနှင့် ထွက်သွားတာ ပြန်မလာ။ [illegible] ဈေးဝယ်စရာရှိ၍ အန်တီဇင်နှင့် အပြင်ထွက်မည်ဆိုကာ ထွက်သွားသည်။ ရွှယ်ကိုး တစ်ယောက်တည်း ပျင်းပျင်းရိရိနှင့် ထမင်းစားပြီး ခုတင်ပေါ်မှာ ဂျာနယ်နှင့် လာလှဲနေရာက ဆူညံသံတွေကြောင့် ကုန်းရုန်းနိုးထ,လာရတာ။

"မင်း အကျယ်ကြီး အော်မနေနဲ့ ယုယု"

"အော်မယ်၊ ကိုယ့်မှာ ဘာအပြစ်မှ မရှိဘဲနဲ့ အပြစ်ရှိတဲ့သူလို နှုတ်ပိတ်ပြီး ခေါင်းငုံ့သည်းခံနေရတာ၊ အဲဒါ ဘာအတွက်လဲ၊ ကိုယ့်ဘက်က ဒီလိုနေလို့ ကိုကြီးဘက်ကကော အလိုက်တသိ ဆင်ခြင် ခြေလှမ်းပြင်ပေးသလား။ ကိုကြီးကို ယုက ငဲ့ပေမယ့် ကိုကြီးက ယုကို ငဲ့သလား"

မေမေ့အသံက အကျယ်ကြီး။ မေမေသည် ပလုံးပထွေး အော်ဟစ်ပြောရင်းကပင် ငိုကြီးချက်မလဲ ဖြစ်နေသည်။ ရွှယ်ကိုး အခန်းထဲက ခြေဖျားထောက်၍ ထွက်လာကာ မေမေတို့ အခန်းနား တိုးကပ်လာခဲ့သည်။ မျက်လုံးပြူးဝိုင်းကာ ခပ်လှမ်းလှမ်းက ရပ်ကြည့်နေတဲ့အိမ်က ကောင်မလေးကို အိမ်တံခါးသော့ခတ်ဖို့ မီးဖိုထဲသွားနေဖို့ ခြေဟန်လက်ဟန်နှင့် နှင်ထုတ်လိုက်ပါသည်။ အသေးလေးက ပြေးထွက်သွားပါသည်။

"မင်းကို တော်တော့လို့ ငါ ပြောနေတယ်နော်"





"မတော်နိုင်ဘူး၊ မတော်ရင် ရှင် ဘာလုပ်မလဲ၊ လုပ်ချင်တာလုပ်၊ သည်းခံနိုင်စွမ်းက ကုန်ဆုံးလာပြီ၊ ကျွန်မလည်း သောတာပန်ဖြစ်နေတဲ့ ဘိက္ခုနီမ မဟုတ်သေးဘူး"

"မင်း တော့်နော်"

"လုံးဝမတော်ဘူး၊ ပြောချင်တာတွေ မပြောကို ပြောရမှ"

"တောက်"

ဖေဖေ့ တောက်ခေါက်သံကြီးမှာ မာကျောကျယ်လောင်လှသည်။

"ရှင် ဖောက်ပြန်တယ်၊ နောက်မီးလင်းတယ်၊ ဒါကိုသိကာစက မျက်စပ်ပိုးဝင် ဆံတစ်ပင်တင်း ဆိုတာလို ကျွန်မ အရှုံးမိဝိုင်း ခံစားရလို့ ရှင့်ကို ရန်တွေ့တယ်၊ ရှင် ဘာပြောခဲ့လဲ၊ ငါလုပ်ချင်သလို လုပ်မယ်၊ ငါ နေချင်သလိုနေမယ်တဲ့"

"မင်း မတော်ဘူးလား"

"မတော်ဘူး"

"အေး ... မတော်နဲ့ကွာ၊ တောက်"

"ရှင်နဲ့ သုံးလေးခါ တကျက်ကျက် ရန်ဖြစ်ရတယ်၊ ပြောမိ ဆိုမိတယ်၊ သားတွေ သမီးတွေ ရိပ်မိတာပဲထားပြီး ရှင်က မထူးဘူး မဆင်ခြင်ဘူး၊ အိမ်ထောင်ဦးစီး, အိမ်ဦးနတ်, ဖအေကို ကြာရင် သားသမီးတွေ မကျေနပ်လာမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆေဖန်လာမယ် အထင်သေးလာမယ်လေလို့ ယုဘာသာ ယုပဲ ဆင်ခြင်လိုက်ရတယ်၊ ရှင့်အတွက် တွေးပေးပြီး ယု နှုတ်ပိတ်ထားခဲ့ရတယ် ...

အကြမ်းနည်းကိုင်ရင် ပိုပြီးတောင် စိတ်ကုန်မလား၊ လက်ထဲက တွန်းလွှတ်သလို ဖြစ်မလားဆိုပြီး အနုနည်းနဲ့ပဲ ဖြေရှင်းဖို့ ယု ဆုံးဖြတ်ခဲ့တယ်၊ နှုတ်ပိတ်ထားမယ်၊ သည်း ညည်းခံမယ်၊ ဖောက်ပြန်နေတဲ့ ယောကျ်ားကို လိုလေသေး မရှိ ပြုစုယုယမယ်၊ ဒါဆိုရင် ကရုဏာများ သက်လာမလား၊ အကြင်နာကလေးများ ဖိတ်သွန်ကျလာမလားဆိုပြီး အပြစ် ကျူးလွန်နေတဲ့ သစ္စာမရှိတဲ့ ယောကျ်ားကို အဆုံးစွန်ခေါင်း ငုံ့သည်းခံခဲ့တယ်၊ မသိချင်ယောင် ဆောင်ခဲ့တယ်၊ ခြေသုတ် ပုဆိုး မြေစွယ်ကျိုး ရှိခိုးပြီးမှ အိပ်တဲ့အကျင့်ကိုတောင် မဖျောက်ခဲ့ဘူး"

"ကျွတ်"

"ပိုတောင် ရိုသေကျိုးနွံတယ်၊ ကိုကြီး ဘယ်သွားသလဲ၊ ကိုကြီး ဘယ်မှာအိပ်လဲ၊ ကိုကြီး ဘယ်နှစ်ရက် ကြာမလဲ၊ ဘာတစ်ခွန်းမှ မမေးဘူး၊ ပြောတာကိုပဲ နားထောင်တယ်၊ မေးရင် စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ ရှင် ညာနေရ မှာစိုးလို့ မမေးခဲ့ဘူး၊ သမီးပျိုကလေး လုပ်တဲ့သူ့ခမျာမှာ ဖအေ အိမ်ကပ်ပါစေတော့လို့ ဖအေကြိုက်တဲ့ အစား





အသောက်တွေ ကြိုးစားပြီး သင်ယူတယ်၊ လုပ်ကျွေးတယ်၊ သူ့ခမျာ သူ့အသိဉာဏ်လေးနဲ့ ဖအေကို ဆွဲဆောင်ယူရှာ တယ်၊ ရှင် ဒါကို သတိထားမိရဲ့လား ကိုကြီး ... ဟင်"

"မင်း မတော်သေးဘူးလားကွာ၊ ဘာမဟုတ်တာကလေးကို ကွာ"

"ဒါ ဘာမဟုတ်တာလား၊ ရှင့်ကို ဖောက်ပြန်ချင်တိုင်းပြန် တစ်ခွန်းမဝေဖန်ဘဲ လွှတ်ထားတော့ ရှင်က အိမ်ကမိသားစု ကို အရုပ်တွေ ထင်နေသလား၊ ရောင့်တက်လာတယ်၊ ဟုတ်လား"

"ဘာရောင့်တက်တာလဲ"

"ရှင် မနေနိုင်လို့ ကမြင်းကြော ထ,ချင်တယ်၊ ထ,ပါ၊ ပြဿနာရှင်းအောင် နေပေါ့၊ အိမ်တစ်ဆောင် မီးတစ်ပြောင် အထိ ထားပေးစရာလား၊ ရှင် ထားတယ်၊ ကဲ ... ဒါလည်း ထားလိုက်တော့၊ ထားပါ၊ ကွန်ဒိုတိုက်ခန်းပေါ်တင်ပြီး လူမသိ သူမသိအောင်တော့ ရှင် ဖွက်ဦးပေါ့၊ ဆင်ခြင်ဦး ပေါ့ ကိုထင်ကျော်ကိုးရယ်၊ ရှင်မရှက်ပေမယ့် ယု ရှက် တယ်၊ ရှင့်သားကြီးလည်း ရှက်တယ်၊ ရှင့်သမီးပျိုလေး အပျိုနုနုထွတ်ထွတ်လေး ရှက်ရှာပေမပေါ့ ကိုထင်ကျော်ကိုး ရယ်၊ ရှင် ဒီလောက်မှ မတွေးပေးတော့ဘူးလား"

"ငါ ဘာလုပ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေရမလဲ၊ ကိုယ့်သမီးထက် နှစ်နှစ် သုံးနှစ်ပဲကြီးတဲ့ သမီးအရွယ်လောက် ကိပင်ကို တတန်းတန်းလက်ဆွဲပြီး ဟိုဟိုဒီဒီခေါ်တယ်၊ ဟင် ...၊ ဘယ်သူတွေ့တွေ့ ရှင်က ဂရုမစိုက်ဘူးလား၊ ဟုတ်လား၊ ဇန်ကောက် ခေါ်တယ်၊ ခေါ်ပါ၊ ကျွန်မတို့မိသားစုမရှိတဲ့နေရာ၊ ကျွန်မတို့အသိုင်းအဝိုင်း မဟုတ်တဲ့နေရာ ရှင်ခေါ်သွားပေါ့၊ ဘာဖြစ်လို့ ဒီရန်ကုန်မြို့ထဲမှာပါ ရှင် အပြင်ထွက် စွဲခုတ်နေရတာလဲ"

"တစ်ခါတလေ ကိစ္စရှိလို့ သွားတာလာတာ ဘာဖြစ်လဲကွာ"

"ဘာကိစ္စရှိတာလဲ၊ ရှင်တို့ကိစ္စက ရှင်တို့ ကွန်ဒိုတိုက်ခန်းထဲမှာတင် အပြတ်ဖြတ်ထားခဲ့လို့ မရဘူးလား၊ အပြင်ကိုခေါ်တာ ဘာသဘောလဲ၊ ဒီမိန်းမလည်း ဂရုမစိုက်ဘူး၊ ဒီသားသမီးလည်း ဂရုမစိုက်ဘူး၊ အပေါင်းအသင်း အသိုင်းအဝိုင်းလည်း ဂရုမစိုက်ဘူးဆိုတဲ့ သဘောလား"

"မင်း ငါ့ကို သမီးနဲ့ပါ လှည့်တိုက်မနေနဲ့နော် ယုယု"

"တိုက်စရာ မလိုဘူး၊ ရှင့်သမီး အသက်နှစ်ဆယ်ရှိပြီ၊ ဦးနှောက်ရှိတယ်၊ သူ့ခမျာ ရှင့်ကို ဖေဖေ လုပ်ရက်တယ် ဘာဘာညာညာ တစ်ခွန်း ပြစ်တင်ဝေဖန်သလား၊ မသိချင်ယောင်ကို ဆောင်နေတယ်၊ ဒီလိုသမီးအပေါ် ရှင်ဘယ်လောက်ရက်စက်ထားသလဲ ကိုထင်ကျော်ကိုး၊ ဒဂုံစင်တာမှာ ရှင့်ဟာမနဲ့ တွဲလျက်သား ဘွားဘွားကြီး ပက်ပင်းတိုးကြတယ် မဟုတ်လား"





ရွယ်ကိုး တုန်သွားပါသည်။ ပါးပြင်ပေါ် ကျဆင်းနေသော မျက်ရည်တွေကိုလည်း သုတ်ပစ်လိုက်မိသည်။ မေမေ ဘယ်လိုသိနေပါလိမ့်။

"ရွယ်ကိုးက မင်းကို တိုင်တယ်ပေါ့ ဟုတ်လား"

"ဟင့်အင်း ... သမီးက အဖေ စိတ်ဆင်းရဲအောင်လည်း မလုပ်ဘူး၊ အမေ စိတ်ဆင်းရဲအောင်လည်း မလုပ်ဘူး၊ မအေကို ဘာတစ်ခွန်းမှ ပြန်မပြောပါဘူး ကိုကြီး၊ သူ့ဟာသူ သူ့ဒိုင်ယာရီထဲ ရေးထားတာကို ယုယု တွေ့တာပါ၊ ရှာဖွေဖတ်တာလည်း မဟုတ်ဘူး၊ အခန်း ရှင်းပေးရင်း တွေ့လို့ အဲဒီနေရာလေး ဖတ်မိတော့ ကိုယ့်ဟာကိုယ် ရင်တွေနာပြီး ဆက်မဖတ်နိုင်ဘူး ...

ရှင် တစ်ဆိတ်လေး ကိုယ်ချင်းစာစမ်းပါ ကိုကြီး၊ ကိုယ့်အဖေကို ကိုယ်နဲ့ မတိမ်းမယိမ်း မိန်းကလေးနဲ့ လက်ချိတ်ပြီး ရင်ဆိုင် ပက်ပင်းတိုးတာ၊ သူ့သူငယ်ချင်းသဇင်တောင် အဲဒီနေ့က ပါသေးတယ်၊ သူ့ခမျာ ဘယ်လိုခံစားရရှာမလဲ"

"မင်း လိုက်ပြီး ပုံကြီးချဲ့မနေနဲ့ကွာ ယုယု"

"ပုံကြီးချဲ့စရာကို မလိုဘူး၊ ထပ်ချဲ့လို့လည်း မရအောင်ကို ရင်ထဲမှာ မဆန့်ရင်ကာတွေ ဖြစ်နေပြီ၊ သမီးလေးခမျာ ဝမ်းနည်းရတယ်၊ ရှက်ရတယ်၊ အဲဒါအပြင် ရှင့်ကို အနား



www.burmeseclassic.com

www.burmeseclassic.com



သတဲ့ ကိုကြီးရဲ့၊ ဟင်း ဟင်း ဟင်း၊ ရှင် မထောက်ထား ပေမယ့် ရှင့်ကို ထောက်ထားကြပါတယ်၊ ဖေဖေ ရက်သွားမှာ၊ ဖေဖေ စိတ်မကောင်း ဖြစ်သွားမှာကို စိုးသတဲ့၊ ရှင့်သမီးက ...

အဲဒါကြောင့် ရှင့်ကို ဟန်မပျက် နှုတ်ဆက်ရာတယ်၊ ရှင် ရှာကြည့်စမ်းပါ ဒီလိုမိသားစုမျိုး၊ ရှင့်လုပ်ရပ်ကို ပါးစပ်ပိတ်နေတဲ့ မိန်းမ၊ ရှင့်ကို ငဲ့ညှာလွန်းတဲ့ သမီး၊ ရှင် လိုက်ရှာကြည့်စမ်းပါ ကိုထင်ကျော်ကိုး၊ ရှင့်ဘက်ကို ပြဿနာမရှာဘဲ ကွယ်ရာကျမှ ကျိတ်ပြီး မျက်ရည်ကျခဲ့တဲ့ ရှင့်သမီးကို ရှင် နည်းနည်းကလေးမှတောင် မငဲ့ကွက်တော့ဘူးလား ... ဟင်"

မေမေ့ ငိုကြွေးသံဟာ ရွယ်ကိုး အသည်းနှလုံးကို ဖွဲ့ချနေသည့်နှယ်။

"ငါ မငဲ့ကွက်တာ မဟုတ်ဘူး၊ ဒီကိစ္စကို မင်းတို့နဲ့ကို မဆိုင်ဘူး၊ သတ်သတ်စီ၊ မင်းတို့ ခေါင်းထဲလည်း ထည့်စရာကို မလိုဘူး"

"ရှင်က မသိအောင်ထားရင်တော့ သိလည်း မသိဘူး ခေါင်းထဲလည်း မထည့်ဘူး၊ နေနိုင်မှာပေါ့၊ ရှင်က မသိအောင် ထားသလား၊ မဆင်မခြင် လူတကာသိအောင် လူမြင်ကွင်း ဆွဲထုတ်တော့ ဟိုလူသိ ဒီလူသိ၊ သူများပြော





အိမ်က မိန်းမက သိရတာ၊ တဖြည်းဖြည်းနဲ့ ရှင်က သိပ်လွန်ကျူးလာတယ် ...

ဒီဟာမက ဘာမို့လဲ၊ ဘာကြောင့် ရှင်က တိတ်တိတ်ပုန်းကလေး မထားနိုင်ရတာလဲ၊ ဘာကြောင့် နေရာတကာ တကောက်ကောက် အပါခေါ်နေရတာလဲ၊ သိပ်နေရာပေးနေရသလား၊ ဟုတ်လား၊ ရှင် ယူမှာလား ပြော၊ ရှင် ဒီလောက်ထိ ကျွန်မတို့ မျက်နှာကို မထောက်၊ လူထဲသူထဲ သွားလာနေရင်လည်း ယူလိုက်၊ ဟိုကိုပဲပေါင်း၊ ယုကို ကွာပေး"

"တောက် ...အစိပ္ပာယ် မရှိတာတွေ လာမပြောစမ်းနဲ့ ယုယု၊ ငိုနေတာရော ဒီမျက်ရည်တွေက မကုန်နိုင်သေးဘူးလား၊ မပြီးသေးဘူးလား၊ မင်းပြောချင်တာ"

"မပြီးဘူး၊ ဘယ်လိုလုပ် ပြီးမှာလဲ၊ ရှင် ဘာဖြစ်လို့ လူတော သူတောထဲကို သူ့ကို ခေါ်လာခဲ့ရတာလဲ"

"ဩော် ... သူကလည်း ဈေးရောင်းပွဲကို သွားချင်တယ်ဆိုတော့ ဒီလိုပဲ ခေါ်လာခဲ့လိုက်မိတာကွာ၊ ဒါပဲပေါ့၊ ဒါ သူ့ကို အသိုင်းအဝိုင်းထဲ ဆွဲထည့်တာလည်း မဟုတ်ဘူး၊ ဘာမှမဆိုင်ဘူး ... ကျွတ်"

"ဆိုင်တယ်"

"ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ခေါ်လာတာ ဆီဒိုးနား၊ အာဆီယံဈေးရောင်းပွဲ၊ ဆီဒိုးနားမှာ ရှင့်ညီဝမ်းကွဲ မင်းမင်းရဲ့ ရုံးခန်းရှိတယ်၊ သူ တွေ့သွားရင် ဒုက္ခပဲလို့ ရှင် မတွေးတော့ဘူးလား၊ တွေ့ ရင်လည်း တွေ့ပစေ၊ ပေါ်တင်ပဲဆိုတဲ့ သဘောလား"

"ကျွတ် ... ခေါင်းထဲတောင် မရှိဘူး"

"ဒါတွေ ခေါင်းထဲမရှိအောင် ရှင့်ခေါင်းထဲမှာ ဖောက်ပြန်တဲ့ စိတ်ဓာတ်တွေပဲ မိုးမွှန်ပြည့်ကျပ်နေပြီ၊ ကိုယ့်အန္တရာယ် လည်း ကိုယ်မတွေးနိုင်တော့ဘူး၊ ဒီလိုအသိုင်းအဝိုင်းထဲ ခေါ်ထည့်လာတာကိုပဲ ရှင့်ကို စိတ်နာတာ ကိုကြီးရဲ့၊ တအား စိတ်နာတယ်"

"ဘာအသိုင်းအဝိုင်းလဲ၊ ဈေးရောင်းပွဲပဲဟာ"

"ဈေးရောင်းပွဲကို ဘယ်လိုလူတွေ လာကြသလဲ၊ ခုကိုပဲ အဲဒီဈေးပွဲထဲမှာ ဦးအောင်မြတ်ရွှေမိန်းမ မမရင် ရှိတယ်၊ ရှင့်သူငယ်ချင်း ခင်စောနိုင်တို့ ညီအစ်မနှစ်ယောက်လည်း လာတယ်၊ ဒါတွေတွေ့လို့လည်း ရှင်က ဘာမှမဖြစ်ဘူး ဆိုရင်တောင်မှ ကျွန်မနဲ့ သမီးကို ရှင်ထည့်တွက်ပါဦးလား၊ ကျွန်မတို့ ဘယ်လောက် အရှက်ကွဲရလဲ ...

မထင်မိဘူး၊ တစ်သက်နဲ့ တစ်ကိုယ် မထင်မိပါဘူး၊ ကိုယ့်ယောက်ျားကို သူ့မယားငယ်နဲ့ ပက်ပင်းတိုးရတဲ့ ဘဝကို ရောက်လိမ့်မယ်လို့"





"ဘာမယားငယ်လဲကွာ၊ မင်း စကားကိုဆင်ခြင်စမ်း၊ သမီး ကြားမယ်"

"ဒါဖြင့် ဘာလဲ၊ မသိလို့ပါ၊ အဲဒါကို ဘာခေါ်လဲ၊ တစ်ဆိတ် ရှင်းပြပါဦး၊ ရှင့်လက်ကို ချိတ်ပြီးတော့လေ လက်မောင်းကို ပါးနဲ့ကပ်ပြီး ဘေးကပါနေတာ၊ ဒါကိုပက်ပင်း တိုးရတာ၊ ရင်တွေ နာလွန်းလို့ပါ ကိုထင်ကျော်ကိုးရဲ့၊ ဟောဒီရင်တွေ နာလွန်းလို့"

မေမေ ငိုသံ ရှိုက်သံ ရင်ဘတ်ကို တဘုန်းဘုန်း ထုရိုက်တဲ့အသံ။ ရွှယ်ကိုးသည် နံရံကိုကပ်ကာ ဆောင့်ကြောင့် လေး ထိုင်ချလိုက် အသံထွက်အောင်ပဲ ရှိုက်ကြီးတငင် ငိုနေမိသည်။

"ဘေးမှာ သူငယ်ချင်း ဇင်၊ ထားလိုက်ပါတော့ ဇင်က အားလုံးသိတဲ့ ကျွန်မရဲ့ အချစ်ဆုံး သူငယ်ချင်း အရင်းအချာမို့၊ ခပ်လှမ်းလှမ်းမှာ မမရင်၊ ကျွန်မမှာ ဆက်မနေရဲဘဲ ထွက်ပြေးရတဲ့ဘဝ၊ ခုလောက်ဆို ပြောနေကြလောက်ပြီ ဒီအဖြစ်အပျက်ကို၊ ထင်ကျော်ကိုး သူ့စမောနဲ့ တွဲလာတာ သူ့မိန်းမနဲ့ ပက်ပင်းတိုးလို့ဆိုတဲ့ သတင်းစကားတွေ ပြန့်ကုန်လောက်ပြီ"

"ဟော့ ... ပြန့်ပြန့်ကွာ၊ ကိုယ့်ထမင်း ကိုယ်စားနေတာ ဘယ်သူဘာပြောပြော ဂရုစိုက်စရာ အကြောင်းမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်၊ ဂရုစိုက်ရမယ်၊ ရှင် လူတွေကြားထဲမှာ နေနေတာ၊ အသိုင်းအဝိုင်းနဲ့ ပတ်ဝန်းကျင်နဲ့ နေနေတာ"

"အခုကော မင်း ဘာဖြစ်သွားလို့လဲ၊ မင်းကို သူက တန်းတူယှဉ်ပြီး မော့ကြည့်သလား ပြော၊ သူရှောင်ပြီး လှည့်ထွက်သွားတယ် မဟုတ်လား"

"အော် ... ရှင့်စိတ်ထဲမှာ ဒါကို ကရုဏာသက်သွားတာပေါ့လေ ကိုကြီး၊ ဟုတ်လား၊ ကာမပိုင် ဇနီးမယားရှိတဲ့ ယောကျ်ားတစ်ယောက်ကို အငယ်အနှောင်းခံပြီး သိက္ခာမရှိ လက်ခံတွဲထားမှတော့ အရေးအကြောင်းဆို ဒီလိုပဲလှို့ပြီး လှည့်ပြေးရမှာပဲပေါ့၊ သူက ယုကို ခါးထောက်ပြီး ရန်တွေ့ချင်လို့ ရမလား ...

သူ လှည့်ထွက်ရတာ သူ့အပြစ်နဲ့သူ၊ ကိုကြီး ချီးကျူးရမှာ ယုကိုပါ ကိုကြီးရဲ့၊ ဘာပြဿနာမှမလုပ်ဘဲ နှုတ်ပိတ်လှည့်ပြန်သွားတဲ့ မယားကြီးကို ရှင်ကရုဏာသက်သင့်တာပါ ကိုကြီးရဲ့၊ သူကတော့ အရှက်မရှိလို့ကို မျက်နှာပြောင်တိုက် တွဲခုတ်လာပြီပဲ၊ သူ မော်မကြည့်ဝံ့ဘဲ ရှောင်ထွက်သွားတာကို လိုက်ချော့ပြန်ခေါ်ပေးရဦးမှာလား"

"အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့ ယုယု၊ ဘယ်သူမှ ဘာမှကို မသိလိုက်ကြတာကို ပြောတာ၊ ဘာပြဿနာမှလဲ မဖြစ်လိုက်ဘူး၊ ဘယ်သူမှလဲ မသိလိုက်ဘူး၊ ပြီးရောပေါ့ ဒါကို ပွစိပွစိလုပ်မနေနဲ့"





"ဘယ်သူမှ မသိလိုက်တာ ဟုတ်ကိုမဟုတ်ဘူး၊ အနည်းဆုံး ဇင် သိတယ်၊ မမရင် သိတယ်၊ ရှင့်ကို ယုအခုပြောပြနေတာက လူတွေကြားထဲ တွဲမခုတ်ပါနဲ့၊ ခေါ်မလာပါနဲ့၊ ဒါကို တောင်းပန်နေတာ၊ ဒါလေးတောင် ပြောမရဘူးလား ကိုကြီး၊ ရှင့်ကို ဒီဟာမနဲ့လည်း ဖြတ်ခိုင်းနေတာ မဟုတ်ရပါဘူး"

မေမေရဲ့ မချိတင်ကဲ ငိုကြွေးသံက ရှယ်ကိုး ရင်ကိုဓားနဲ့ နက်နက်ထိုးခွဲနေသလို ခံစားနာကျင်ရစေပေမယ့် ဖေဖေ့အဖို့တော့ နားမချမ်းသာစရာ၊ ဒေါပွစရာ အောက်ကလိအာအသံမျိုး ဖြစ်နေပုံ ရပါသည်။

"အဲဒါတွေ စိတ်ပျက်တာ၊ အဲဒီ ငိုသံယိုသံ ရန်တွေ့သံတွေ"

"အဲဒါတွေ ဘယ်သူ့ကြောင့် ဖြစ်ရတာလဲ"

"မင်းကိုက အားအားရှိ ငိုမနေနဲ့ မျက်ရည်ကျမနေနဲ့ပေါ့ကွ"

"အားအားရှိ ငိုနေလို့လား၊ ရှင့်ကို မျက်ရည်ခံထိုးနေလို့လား၊ ရှင်လည်း နည်းနည်းစည်းစောင့်ရင် ကျွန်မလည်း နားမပူဘူး၊ ခုဟာက ဒီလောက်ကြီး လူပုံအလယ် ပက်ပင်းတိုးတာ၊ ဒီလောက်ကလေးမှ မပြောရတော့ဘူးလား"

"နားငြီးတယ်ကွ"

"ဘယ်တုန်းကမှ မပြောခဲ့တော့ တစ်ခါတစ်ရံ ပြောမိရင် နားငြီးတယ်ပေါ့၊ ရှင်တို့လို ယောကျ်ားမျိုးတွေက မိသားစု

www.burmeseclassic.com

www.burmeseclassic.com



ကို လင်ကို ကျိုးနွံတန်ဖိုးထားတဲ့ မိန်းမမျိုးတွေနဲ့ မတန်ဘူး၊ အမြဲနှုတ်လှန်ထိုးနေမယ့် ခံပက်နေမယ့် ထင်ရာလုပ်နေမယ့် ငါ့မြင်း ငါစိုင်း မိန်းမမျိုးတွေနဲ့မှ တန်တယ် ဒီဟာမကို ရှင်သိပ်တန်ဖိုးထားနေရင် ယူသွားပါ ဦးထင်ကျော်ကိုး၊ ယုကို ကွာပေး၊ ရှင့်ကို သားနဲ့ သမီး မျက်နှာထောက်လို့ သည်းခံနေတယ်မှတ်ပါ၊ ရှင်လိုလူက သူများလင် အချောင်နှိုက်တဲ့ အဲဒီဟာမမျိုးနဲ့ပဲ တန်တယ်"

"ယုယု"

ဖေဖေ့ရဲ့ အော်ဟစ်သံ ဟိန်းဟိန်းကြီးနောက်မှာ ဝုန်းဒိုင်းအုန်းခွမ်း လဲပြိုကွဲရှသံများ ကျယ်လောင်မြည်ဟီး ကပ်ပါလာသည်။

"မေမေ"

ရွှယ်ကိုး ထိတ်ခနဲဖြစ်ကာ ဆောင့်ကြောင့်လေး ထိုင်နေရာမှ လွင့်ခနဲ ထ,ပြေးပါသည်။ ဖေဖေတို့ အခန်းတံခါးကို လှည့်ဖွင့်ဝင်လိုက်လျှင် အလှအပ ပစ္စည်းလေးတွေ အရုပ်လေးတွေ ခုံတင်ပုံစံ တွေ တင်ထားတဲ့ ထင်းရှူးသား စင်လှလှကလေး ပြိုလဲကျိုးပဲ့နေကာ ပစ္စည်းတွေ ကွဲရှပြန့်ကျဲနေလေသည်။

"မေမေ ... မေမေ"

မေမေ့ကိုများ ဖေဖေ တစ်ခုခု လုပ်လိုက်လားကောက်ပေါက်လိုက်လားဟု စိုးရိမ်သည့်စိတ်နှင့် နံရံထောင့်မှာ ခွေခွေလေး ကပ်မှီထိုင်ချနေသည့် မေမေ့ကို ပြေးပွေ့ရင်း ...





"ဖေဖေ ... မေမေ့ကို မလုပ်ပါနဲ့၊ မေမေ့ကို ဘာမှမလုပ်ပါနဲ့"

"သမီးအမေကို ဖေဖေ ဘာမှမလုပ်ဘူး"

ရွှယ်ကိုးရဲ့ တောင်းပန်တစ်ဝက် ရန်တွေ့တစ်ဝက် လေသံကို ဖေဖေက မာကျောစွာ တုံ့ပြန်လိုက်၍ ရွှယ်ကိုး ဖေဖေ့ကို ခေါင်းလှည့်ကာ မော့ကြည့်လိုက်မိသည်။ စိတ်ညစ်မခံနိုင်ဘတ်တဲ့ ဖေဖေဟာ အကြီးအကျယ် စိတ်ရှုပ်ထွေးနေပုံနှင့် မျက်နှာတစ်ခုလုံး ခက်ထန်ရှုံ့မဲ့နေပါသည်။

ခုလို ဖေဖေ စိတ်ညစ်စိတ်ရှုပ်ရတာ မည်သူမပြု မိမိမှု ဖေဖေကိုယ်တိုင်ကြောင့်ပဲ ဖေဖေ စိတ်ညစ်ရတာလေ။ ဖေဖေတောင် ဒီလောက် ဖြစ်နေရင် ဘာအပြစ်မှလဲ မရှိဘဲနဲ့ မေမေ စိတ်ဆင်းရဲခံရတာ ဘယ်လောက်ကြာပြီလဲ ဖေဖေ ကိုယ်ချင်းစာပါဦး။

"အဲဒီ ပူညံ ပူညံ ဗျစ်တောက် ဗျစ်တောက်တွေ ငါ တကယ်စိတ်ကုန်တာ၊ မျက်ရည်နဲ့ မျက်ခွက်တွေ၊ အော်ဟစ်ရန်တွေ့တာတွေ၊ ဘာကိုမှ မမြင်ချင် မကြားချင်တာ၊ စိတ်အေးချမ်းသာပဲ နေချင်တာ၊ မင်း အဲသလိုဟာတွေ လုပ်လေ ငါပိုစိတ်ပျက်လေ၊ ပူလောင်တဲ့နေရာမှာ ဘယ်သူနေချင်မလဲ"

ရွှယ်ကိုး ရင်ထဲမှာ ပြောရက်တဲ့ ဖေဖေ့ကို နာကြည်းမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးအရင်က သမီးတို့မိသားစု သိပ်အေးချမ်းသာယာ... တာပါ ဖေဖေ၊ ဒီလိုတွေ ဘယ်မှာရှိခဲ့လို့လဲ၊ မေမေ ... ဖြစ်ရတာ ဖေဖေ့ကြောင့်ပါ၊ ဒီအိမ်ထဲ ဒီမိသားစုထဲ... ဒီလိုပူလောင်အောင် ဖေဖေ စ,ဖန်တီးခဲ့တာပါ၊ ဖေဖေ... လို့ ခုလို ပူလောင်ရတာပါ၊ ပူလောင်မှုကြောင့် အေး... အေးရာရှာသွားတာ မဟုတ်ပါဘူး ...

ဖေဖေ ရောမချပါနဲ့၊ အေးချမ်းနေတဲ့ မိသားစုထဲ... အဲဒီအပူအလောင်တွေ သောကတွေ မျက်ရည်တွေ ... တွေကို ဖေဖေ ဖန်တီးတာ၊ ဖေဖေ သယ်လာတာ၊ ... တစ်ပါး မိသားစုရဲ့ အေးချမ်းသာယာမှုကို ဖြိုခွဲတဲ့ ... မိန်းမ သူ့မိသားစုထဲလည်း ပူလောင်ပါစေ၊ သမီး... မျက်ရည်ပေါက်ကြီးငယ် ကျရသလို သူလည်းပဲ မျက်ရည် ပေါက်ကြီးငယ် ကျပါစေ ...

သမီးတို့အပေါ် ဖေဖေ ရက်စက်သလို လုပ်ရ... သလို၊ သူ့အဖေလည်း သူ့အပေါ် ရက်စက်ပါစေ၊ သူ့... အဖေကို သိမ်းသွင်းဆွဲဆောင်ထားသလို သူ့အဖေကိုလည်း သူတစ်ပါးက သိမ်းသွင်းထားပါစေ၊ သမီး ဖေဖေ့အချစ်... ကို ခံရသလို သူလည်း သူ့အဖေမေတ္တာကို တစ်စက်... မရပါစေနဲ့"





"သမီးလေး၊ အမလေး သမီးလေး၊ အဲလိုစကားမျိုးတွေ ငါ့သမီးလေး မပြောပါနဲ့၊ မကျိန်ဆိုပါနဲ့၊ တော်ပါတော့ သမီးရယ်"

အံကြိတ်ကာ တစ်လုံးချင်း ကျိန်ဆိုရင်း မျက်ရည် တစ်ပေါက်ပြီးတစ်ပေါက် ကျနေတဲ့ ရွှယ်ကိုးကို မေမေက အလန့် တကြား ဖက်ကိုင်လှုပ်ယမ်းကာ နှုတ်ခမ်းကို လက်ဝါးနှင့် မရမက လှမ်းကာပိတ်လေသည်။

❖ ❂ ❖

ကန်ရေပြင်ကို ဖြတ်တိုက်လာတဲ့ လေညင်းက ရွှယ်ကိုးရဲ့ နဖူးရှေ့က ဆံမျှင်စလေးတွေကို တလွင့်လွင့် ဝဲနေစေသည်။ ရွှေတွင်း ခေါင်းငိုက်စိုက်ချကာ နားထောင်နေရင်းက ...

"နင့်ကျိန်စာကြီးကလည်း ကြောက်စရာ ကောင်းလိုက်တာ ဟာ"

တိုးဖျော့နေတဲ့ စကားသံအဆုံး ရွှေတွင်းက ရွှယ်ကိုး ဘက် စောင်းကာ ခိုးကြည့်သည်။ တစ်သွယ်ချင်း တစ်ပေါက်ချင်း စီးကျနေတဲ့ မျက်ရည်ပေါက်ကို လက်ဖနောင့်နှင့် သုတ်ဖယ်ပစ် နေရင်း နှာရည်ရှုံ့သွင်းသံက စည်းချက်ကျကျကို ထွက်ပေါ်နေရင်း ရွှယ်ကိုးသည် မေးကိုလက်ထောက်၍ ကန်ရေဘက် ငေးနေသည်။

www.burmeseclassic.com



ရွှေတွင်းက အိတ်ထဲမှာ အသင့်ပါမြဲ တစ်ရှူးအိ
ကို ထုတ်၍ဖောက်ကာ တစ်ရွက်ကို ရွှယ်ကိုးထံ ကမ်းသည်။ ရှ
စားလို့ ငရုတ်သီးစပ်လျှင် ချွေးသီးချွေးပေါက်တွေ ပြန်လာတာ
တဲ့ ရွှယ်ကိုးအတွက် ခုနောက်ပိုင်းမှာ တစ်ရှူးအမြဲဆောင်ထား
ပေးတာ။ ခုတော့ မျက်ရည်သုတ်ဖို့ ဖြစ်သွားပြီ။

"နင် ယုံရပြီ မဟုတ်လား ရွှေတွင်း"

"ဘာကိုလဲ"

"ငါ့ဘဝဟာလည်း နင်ထင်နေသလို မွှေးကြိုင်နေတဲ့ ပန်
ဥယျာဉ်ကြီး မဟုတ်ဘူး ဆိုတာလေ"

ရွှေတွင်းသည် နှုတ်ဆိတ်ကာ ရင်နင့်နေသည်။ ငါ
က နင့်ဘဝလေးကို မွှေးကြိုင်တဲ့ ပန်းပွင့်လေးတွေနဲ့ချည်း ထုံမွှမ်
နေစေချင်တာပါ။ နာကျင်စရာ နာကြည်းစရာ ဆိုတာတွေနဲ့ နင်
ကို မပတ်သက်စေချင်တာပါ။ ငါခံစားရသလိုမျိုး မခံစားရဖူးစေ
ချင်တာ။

"ဒါမျိုးတွေ ရှိတတ်တာပဲ ရွှယ်ကိုးရာ၊ စိတ်ကိုလျှော့ထား
ပေါ့ဟာ"

"နင်ကော နင့်စိတ်ကို လျှော့ထားနိုင်လို့လား"

"နင့်စိတ်သက်သာရာ ရစေချင်တာပါ"

"လုံးဝပဲ"

ရွှယ်ကိုးက ခပ်ဆတ်ဆတ်ပြော၍ မျက်ရည်ကို
လည်း ခပ်ဆတ်ဆတ် သုတ်သည်။





"လုံးဝသက်သာရာ မရနိုင်ဘူး၊ ငါ ငရဲကြီးရင် ကြီးပါစေ။
အဲဒီဟာမကို ငါတို့ ခံစားရသလို ပြန်ခံစားရပါစေဆိုတာ
ဟောဒီလို မြေကြီးကို ကိုင်ပြီးတော့ကို ငါ ကျိန်ဆိုပစ်လိုက်
တယ်"

ရွှယ်ကိုးသည် မြေပြင်မှ သဲတစ်ဆုပ်ကို လှမ်းကုန်း
၍ ဆုပ်ကိုင်ယူလိုက်သည်။ လက်ထဲမှာ ဆုပ်ကိုင်မြှောက်ထားပြီး ...

"သူ့အဖေက ပစ်သွားပါစေ၊ မိသားစုထဲမှာ မျက်ရည်ပေါက်
ကြီးငယ် ကျပါစေ၊ သူ့မိသားစုတွေ မချိတရိ ခံစားရပါ
စေ၊ သူ့ဘဝလည်း ငြိမ်းချမ်းရတယ် မရှိဘဲ ပူလောင်နေ
ပါစေ"

"ရှူး ... ရွှယ်ကိုး၊ နင် ဘယ်လောက် ခံစားရတယ်ဆိုတာ
ငါသိတယ်၊ ဒါပေမဲ့ အဲသလောက်ကြီး လူတစ်ယောက်ကို
မကျိန်ဆိုပါနဲ့ဟာ၊ သူ့အတွက်ပြောတာ မဟုတ်ပါဘူး၊
နင့်အတွက် ပြောတာ၊ နင့်ရဲ့စိတ်တွေကို ခက်ထန်ကြမ်း
ကြုတ်နေတာမျိုး ဖြစ်စေချင်ဘူး၊ လူတစ်ယောက်အပေါ်
အာဃာတ ထားရတယ်ဆိုတာ ကိုယ်တိုင်ကိုလည်း ပူပြင်း
စေပါတယ် ရွှယ်ကိုးရာ"

"မထူးတော့ပါဘူး၊ ပူနေရပြီးသားပဲ၊ ငါက ငါ့အဖေကို
သိပ်ချစ်တာ၊ ငါ့အဖေဟာ နင်တို့အဖေ နင်တို့ကို စွန့်ခွာ
ထွက်သွားသလို ထွက်သွားမလားလို့ ရင်ထဲမှာပူနေရတာ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို ရင်မဆိုင်နိုင်ဘူး၊ ဖေဖေ့ကို ငါတို့နဲ့ ခွဲမသွားစေချင်ဘူး၊ ကောင်းရင် ကောင်းပါစေ၊ ဆိုးရင် ဆိုးပါစေ ငါတို့နဲ့ အတူတူပဲ အမြဲရှိနေစေချင်တယ်ဟာ"

"ရှိနေမှာပါ၊ ငါလည်း ဆုတောင်းပေးမယ်၊ နင့်ဆန္ဒတွေ နင့်ဆုတောင်းတွေ အမြဲပြည့်စေချင်တဲ့ စေတနာ ငါ့ရင်ထဲမှာ အပြည့်ပဲ၊ နင် မဖြစ်ချင်တာ မဖြစ်ရပါဘူး"

"ဘာလို့လဲ"

"ဘာလို့လဲဆိုတော့ မဖြစ်ချင်တဲ့ဆန္ဒ နင့်မှာ ပြင်းပြလွန်းလို့ရယ်၊ ငါကလည်း မဖြစ်စေချင်တဲ့ဆန္ဒ ကူညီပြင်းပြပေးနေလို့ရယ်"

"တကယ်တော့ ဖေဖေ ကိုယ်တိုင်ကိုက မကောင်းတာ ငါ သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ကိုယ့်အဖေ ဖြစ်နေတော့ အဲဒီမိန်းမကိုပဲ ပိုစိတ်နာတယ်ဟာ၊ ငါ့ထက် နည်းနည်းကလေးပဲ ကြီးမှာ၊ ယူစရာရှားလို့ဟာ ကိုယ့်အဖေအရွယ်ကို ကြိုက်စရာလား၊ ရွယ်တူတန်းတူ မရနိုင်တာ ကျနေတာပဲ"

"ရွယ်တူတန်းတူကျတော့ နင်တို့ ငါတို့လို ကျောင်းသူကျောင်းသားအရွယ် ဖြစ်နေမှာကိုးဟ၊ အဖေအရွယ်ကျတော့ အလုပ်အကိုင် ခိုင်မာပြီးသား၊ စီးပွားဥစ္စာ တောင့်တင်းပြီးသား ဖြစ်နေမှာကိုး"





"သူ့ရုပ် သူ့ရည်ကလေးနဲ့ဟာ"

"နင် တွေ့ဖူးလို့လား"

"တွေ့ဖူးတယ်"

"နာမည်ရော"

"နာမည်တော့ ဘယ်သိမလဲဟာ၊ ဖေဖေကလည်း ဘယ်ပြောပါ့မလဲ"

"နင့်စိတ်ကို အေးအေးချမ်းချမ်းသာ လျှော့ထားလိုက်ပါ၊ တစ်ခါက နင် ငါ့ကို ဆုံးမဖူးသလိုလေ၊ ကိုယ့်အဖေဆိုတာ ဘာပဲဖြစ်နေနေ ဘာပဲလုပ်နေနေ အဖေပဲဆိုတာလေ၊ အဖေကိုလည်း မေတ္တာမပျက်နဲ့ပေါ့၊ အဲသလို မိန်းမစားမျိုးတွေဟာလည်း တစ်နေ့ သူ့စရိုက်နဲ့သူ သွားမယ့်ဟာတွေပါ၊ သူတို့လမ်းကြောင်းနဲ့ သူတို့ ရှိပြီးသားပါ ရွယ်ကိုးရာ၊ နင် ကျိန်စရာ မလိုဘဲနဲ့ကို သူတို့ငရဲနဲ့ သူတို့ ပူလောင်နေမှာပါ"

"ကျေးဇူးတင်ပါတယ် ရွှေတွင်းရာ"

"ဘာကိုလဲ"

"ရင်ဖွင့်ခွင့် ရလို့လေ"

ရွယ်ကိုးက ရွှေတွင်းကို စိုစွတ်သော မျက်ဝန်းကလေးများဖြင့် လှည့်ငေးကြည့်လိုက်ပါသည်။ ရင်ထဲကသောကနဲ့ အပူကလည်း သူ့ဟာနဲ့သူ သတ်သတ်။ တိတ်တခိုး ချစ်မြတ်နိုးရတဲ့သူကို ရင်တစ်ခုလုံး ပေါ့ပါးသွားအောင် ရင်ဖွင့်ချလိုက်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် အေးချမ်း သက်သာရာရမှုကလည်း သူ့ဟာနဲ့သူ သတ်သတ်။

နေဝင်လုဆဲဆဲ ကန်ရေပြင်ရဲ့ နံဘေးမှာ ငြိမ်းငြိမ်းချမ်းချမ်း တိုက်ခတ်နေတဲ့ ညနေ လေပြည်ညင်းနဲ့။ အနီးကပ်ဆုံး အတူထိုင်နေရတာက ချစ်သူနဲ့။ စိတ်ကိုဖြေလျော့ချကာ ရွှေတွင်းရဲ့ ပခုံးတစ်ဖက်ပေါ် ခေါင်းကလေး မှီလိုက်ချင်ပါသည်။ ရွှယ်ကိုးရဲ့နှလုံးသားများ အနုအညွတ် ပျော့ပျောင်းပူနွေးလာပါသည်။

"ငါလေ နင်နဲ့ စ,ခင်ကတည်းက နင့်ကို ပြောပြချင်၊ ရင်ဖွင့်ချင်တာ၊ နင်ကလည်း ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောပြတယ် မဟုတ်လား၊ နင်ကတော့ ဟိုးနှစ်ပေါင်းများစွာကတည်းက ကြုံခဲ့ရတာမို့ ရိုးနေသလိုဖြစ်ပြီး ဖွင့်ပြောလို့ထွက်တာ နေမှာပေါ့၊ ငါကတော့ ခံစားရတာ မကြာသေးတော့ တခြားတစ်ယောက်ယောက်ကို ဖွင့်ပြောပြရမှာ ပါးစပ်က မထွက်ဘူး"

"ခုတော့ကော"

"နင်က ငါအခင်မင် အယုံကြည်ဆုံးသူပါ ရွှေတွင်း"

ရွှေတွင်းနှင့် ရွှယ်ကိုး တစ်ယောက်ကို တစ်ယောက် မျက်တောင်မခတ် စိုက်ကြည့်နေကြမိပါသည်။

"ခုဆို ငါတို့ တစ်ယောက်မိသားစု အကြောင်းပါ တစ်ယောက်က သိခွင့်ရပြီ၊ ငါတို့ နှစ်ယောက်ကြားထဲမှာ လျှို့ဝှက်တာ မရှိဘူးနော်"





"ရှိသေးတယ်၊ ငါ့အကြောင်းထဲမှာ နင်မသိတဲ့ အဖြစ်အပျက်တွေ ရှိသေးတယ်၊ ကျန်နေသေးတယ်"

"ဟင် ... နင့်အဖေအကြောင်းကလွဲရင် တခြား ဘာရှိသေးလို့လဲ"

"နင် မျှော်လင့်ထားတာထက်တောင် ဆိုးနေဦးမှာပါ၊ အဲဒီတော့ ငါတို့နှစ်ယောက်ဟာ လျှို့ဝှက်ချက်မရှိဘဲ တစ်ယောက်အကြောင်း တစ်ယောက် အကုန်သိတဲ့သူ မဟုတ်တော့ဘူး၊ ငါကလည်း နင်ထင်သလို ပွင့်လင်းတဲ့သူ မဟုတ်ဘူး ရွှယ်ကိုး၊ ပွင့်လင်းချင်တဲ့ဟာအပေါ် ပွင့်လင်းပြီး မပွင့်လင်းချင်တဲ့ အရာအပေါ် မပွင့်လင်းရဲဘူး"

ရွှယ်ကိုးက ရွှေတွင်း နောက်နေတာလားလို့ပင် မေးကြည့်နေမိပါသည်။ သူ့အဖြစ်က ပိုဆိုးပါသေးတယ်လို့ ရွှယ်ကိုးကို နှစ်သိမ့်ချင်တာလား။

"ဖွင့်ပြောလေ၊ နင် ရင်ဖွင့်တာကိုလည်း ငါ နားထောင်ပေးချင်ပါတယ်"

"ဟင့်အင်း ... နင့်ကို မပြောဘဲ ကျန်နေတာတွေကို နင့်ကို ငါ မပြောရဲသေးပါဘူး"

"နင့်အဖြစ်အပျက်ပေါ်မှာ ငါ အထင်သေးတာတို့ ကဲ့ရဲ့တာတို့ လုံးဝလုပ်မှာ မဟုတ်ဘူးနော် ရွှေတွင်း"

"ငါ သိပြီးသားပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေတွင်းက ခေါင်းကို ငိုက်စိုက်ငုံ့ချထားပါသည်။ ရွှေတွင်း မျက်နှာဟာ ဝမ်းနည်းကြေကွဲနေသည်။ သူ့မျက်နှာပေါ်က အဲဒီ သိမ်ငယ်ကြေကွဲနေတဲ့ အရိပ်ကြောင့်ပင် သူ့အပေါ် ရွှယ်ကိုး ကရုဏာသက်လှပါသည်။ သူ့ကို ကြည့်ရတာ ဒါကြောင့်ပဲ တစ်သက်လုံး အားငယ်သွားတော့မှာ။ မကောင်းတာ လုပ်နေတာ နင်မှမဟုတ်ဘဲ ရွှေတွင်းရယ်၊ ဒီအဖြစ်အပျက်ဟာ ငါတို့ နှစ်ယောက်ကြားမှာ ဘာအပြောင်းအလဲမှ ဖြစ်မသွားစေနိုင်ပါဘူး။

"နင့်အဖေ အကြောင်းပဲလား"

"ဟင့်အင်း"

"ဒါဖြင့် အန်တီပေါ့၊ နင့်အမေပေါ့"

"ဟင့်အင်း၊ မေမေက ငါ့ရဲ့သောကဖြေဆေးပဲ၊ မေမေ့မှာ ဘာအပြစ်မှ မရှိဘူး"

"ဒါဖြင့် ဘာလဲ၊ ငါလုံးဝစဉ်းစားလို့ မတော့ဘူး၊ နင့်ကို စိတ်ဆင်းရဲစေတဲ့ သိမ်ငယ်မှု ရစေတဲ့ အဖြစ်အပျက်ကို ကျူးလွန်မယ့်သူဟာ နင်ကိုယ်တိုင် လုံးဝမဟုတ်နိုင်ဘူးလို့ ငါ ယုံတယ်"

"... ... ..."

"ပြောပြလေဟာ ရွှေတွင်း"

"ငါ မပြောထွက်သေးပါဘူးဟာ"

"နင်က ငါ့ကို ဟိုးရင်ထဲ အသည်းထဲက မရင်းနှီးဘူးပေါ့နော်"





"အဲဒီ ရင်ထဲအသည်းထဲက ရင်းနှီးခွင့်လေး ပျောက်ဆုံးသွားမှာ စိုးတာ"

"ဘာဆိုင်လို့လဲ၊ ဘာမို့လို့လဲ ... ဟင်"

ဘေးချင်းယှဉ်ထိုင်ရာက ငဲ့ငဲ့ကလေး တိုးကပ်မေးနေတဲ့ ရွှယ်ကိုး မျက်နှာလေးကို ရွှေတွင်းက ဖျတ်ခနဲကြည့်ရင်း နှစ်ယောက်ကြားမှာ ထောက်ထားတဲ့ ရွှယ်ကိုးရဲ့ လက်ကလေးကို ရုတ်တရက် အုပ်မိုးဆုပ်ကိုင်လိုက်ရာ ရွှယ်ကိုးသည် အလန့်တကြားလေး မျက်လုံးဝိုင်းသွားပါသည်။ ရုန်းလည်းရုန်းမထွက်နိုင်ဘဲ ခေါင်းလေးတအားငုံ့ချကာ ရွှယ်ကိုးရင်တွေ တဒိုင်းဒိုင်း ဆူညံအောင် ခုန်ပေါက်လာသည်။

ရွှေတွင်းသည် အသံတွေ တုန်နေကာ ...

"နင် ငါ့ကို အမြဲတမ်း ဒီအတိုင်း သဘောထားနိုင်ပါစေလို့ ငါ ဆုတောင်းပါတယ်"

"ဒီအတိုင်းပဲပေါ့ ရွှေတွင်းရယ်၊ ဒီထက်ပိုပြီး ရင်းနှီးခိုင်မာလာဖို့သာ ရှိမယ်၊ ဒီထက် လျော့ပါးသွားစရာ ဘာအကြောင်းမှ မရှိဘူး"

"အဲဒါအတိုင်း ဖြစ်ပါစေ၊ အမြဲ ဒီအတိုင်း နေခွင့်ရပါစေ"

ရွှေတွင်း အသံက တုန်ယင်ကာ ရွှယ်ကိုးရဲ့ လက်ဖဝါးလေးကို ပြင်းထန်သော ခံစားချက်အလျောက် ဆုပ်ညှစ်ထားလေရာ ရွှယ်ကိုးမှာ လက်ကလေးတွေပင် နာလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတွင်း တအားခံစားနေရတာကို ရွှယ်ကိုး ရိပ်မိကာ ဘာကိုမှ တော့ နားမလည်နိုင်ပေ။ ရွှေတွင်းရဲ့ ရင်ထဲက သောကဒဏ်ရာ ဒဏ်ချက်တို့ကို သိလိုသည်။ မရမက မေးရမှာကျတော့လည်း ရွှေတွင်းကို ကရုဏာသက်မိသည်။

သဇင်ကများမေးရင် သူ ပြောချင် ပြောမှာပဲ။ သဇင်နဲ့ကျတော့ သီးသန့်သူငယ်ချင်းစစ်စစ်ပဲ မဟုတ်လား။ ရွှယ်ကိုးနှင့်ကတော့ မျိုးသိပ်ထားကြတဲ့ တိတ်တခိုး ခံစားချက်များ ကြောင့် သူ့၌ အားငယ်မှု ပိုလိမ့်မည်။ ဒီနေ့ သဇင့်အဖေ သိပ် နေမကောင်း၍ သဇင်က ကျူရှင်မလာ။ ရွှယ်ကိုးနှင့် ရွှေတွင်း ကျူရှင်ရောက်ပြီးမှ ရွှယ်ကိုးရဲ့ဖုန်းကို သူ မလာတော့ဘူးလို့ လှမ်းဆက်တာပင်။

ထို့ကြောင့် ရွှယ်ကိုးတို့နှစ်ယောက်လည်း ကျူရှင် လစ်ခဲ့ကြတာ ဖြစ်သည်။ စိတ်နေမကောင်းကာ အိပ်ရာထဲတခွေ ခွေ ဖြစ်နေတဲ့ မေမေ့ထံကိုလည်း အပြန်လာမကြိုဖို့ ဖုန်းဆက် ထားလိုက်သည်။ ပြီးတော့ ရွှေတွင်းနဲ့နှစ်ယောက် ဘတ်စ်ကားစီး ပြီး လှည်းတန်းကို လာခဲ့ကြကာ အင်းယားကန်ပေါင်ထိ လမ်း လျှောက်လာခဲ့ကြတာ ဖြစ်သည်။

ပထမဆုံး စ,ခင်တဲ့နေ့ကပြီးရင် ဒုတိယအကြိမ် နှစ်ယောက်တည်းတွဲပြီး သွားလာဖြစ်တာ။ ရွှယ်ကိုး ရင်ထဲ ကြည်နူးချမ်းမြေ့မှု တစ်မျိုးနှင့် လိုက်လှဲလာပြီး သူ့ကိုလည်း





ယုံကြည်ကိုးစားမိ၍ အိမ်တွင်းရေးနှင့် ဖေဖေ့အကြောင်း ဖွင့်ပြော ဖြစ်ခဲ့ပါသည်။ သူ့မှာ ဖွင့်မပြောရဲစရာတွေ ရှိနေသေးတယ်ဆိုတဲ့ ရွှေတွင်းကို သနားစိတ်က ရင်မှာနင့်ကာ နေသည်။

"စိတ်ကို အားတင်းထားစမ်းပါ ရွှေတွင်းရယ်၊ အမှားကို ကျူးလွန်သူက နင်မှမဟုတ်ဘဲ၊ နင့်ဘဝမှာ ဒီအဖြစ်အပျက် အတွက် နင်က ပေးဆပ်ရတာယ် ဆိုတာမျိုး ဘယ်လိုလုပ် ဖြစ်လာနိုင်မှာလဲ၊ သူ့အပြစ်နဲ့သူ ပေးဆပ်စရာရှိတဲ့သူက သာ ပေးဆပ်သွားပါလိမ့်မယ်၊ နင် ဘာမှ အားငယ်သိမ်ငယ် မနေနဲ့"

ရွှယ်ကိုးက ရွှေတွင်းရဲ့ လက်ဖဝါးကို ပြန်လည် တုံ့ပြန်ဆုပ်ညှစ်ထားမိသည်။

❖ ❂ ❖



www.burmeseclassic.com

www.burmeseclassic.com



# ၁၂

ယုယုက ဖင့်မျက်နှာကို အငေးသား ကြည့်နေသည်။

"အဲဒီအမျိုးသမီး မမခင်က နောက်ပိုင်း ငါ့ဆီက ကျောက်ထုပ်တွေ အမြဲယူတော့ ငါလည်း မိုးကုတ်ကပြန်တိုင်း သူ့ဆီ ရောက်ဖြစ်တာချည်းပဲ၊ တဖြည်းဖြည်း အရမ်းခင်မင်ရင်းနှီးလာပြီပေါ့ဟယ်၊ အဲဒီကွန်ဒိုမီနီယမ်ကြီးမှာပဲ သူတို့က မမခင်တို့ရဲ့အပေါ်ထပ်မှာ၊ ကိုထင်နဲ့တော့ တစ်ခါတစ်ရံမှ တွေ့ဖူးလို့ မမခင်နဲ့ မခင်ပေမယ့် ကောင်မလေးကတော့ တစ်ယောက်တည်းဆိုတော့ ရောက်စရှိရှိ မီးကိစ္စရှိရှိ တခြား ဘာကိစ္စပဲရှိရှိ မမခင်တို့ဆီ ဆင်းမေး ဆင်းတိုင်ပင်ရင်းနဲ့ မမခင်နဲ့ ခင်နေပြီပေါ့"

ယုယုက ခေါင်းကိုသာ အသာညိတ်လိုက်ပါသည်။

ဟိုအရင်က ရက်ခြားပြန်လာနေတတ်ရာက ခုတော့ ဟိုတလောက အော်ကြီးဟစ်ကျယ် စကားများကြပြီးတဲ့နောက်





ကိုကြီးဟာ လေးငါးရက်နေမှ အိမ်ကို တစ်ကြိမ်ဝင်လာပါသည်။

"ဂျူတီတွေချည်း ဒီလောက် ရက်ဆက်နေတာ မဖြစ်နိုင်မှန်းသိပေမဲ့ ရှင် ဟိုအိမ်မှာပဲ အိပ်,အိပ်နေရတယ်ပေါ့လို့ မမေးဖြစ်။ မမေးချင်။ မေးရမယ့်ဘဝကို ရင်နာသည်။

ခုနေမှာ ကိုယ့်ကို ကွဲနိုင် ပြတ်နိုင်သလား၊ တစ်ယောက်ယောက်က မေးလာလျှင် ကွဲနိုင်တယ် ပြတ်နိုင်တယ်လို့သာ မဆိုင်းမတွ ဖြေမှာပင်။ ရင်နာရ စိတ်နာရ ခံစားရတာတွေကြောင့် ကိုယ်သာ တစ်ယောက်တည်းသမားဆိုရင် သူ့ကိုဆက်ကိုပေါင်းမနေတော့ပါဘူး။

ချစ်စိတ် တပ်မက်စိတ် လက်ကျန်ရှိသေးရင်တောင်မှ အောင့်အည်းကြိတ်မှိတ် မျိုသိပ်ပစ်ပြီး လမ်းခွဲဖြစ်အောင်ခွဲလိုက်တော့မှာပင်။ ခုတော့ ကိုယ်က တစ်ကိုယ်တည်း မဟုတ်။ သားနဲ့ သမီး ရှိသည်။ တစ်အချက်က ဒီသား ဒီသမီးမှာ ဖအေရယ်လို့ မားမားမတ်မတ် ရှိစေချင်တာ။

နှစ်အချက်က သူနဲ့ကိုယ် ကွာရှင်းစာချုပ်နဲ့ အပြီးအပြတ် လက်မှတ်ထိုးကာ တရားဝင် ဥပဒေကြောင်းအရ လမ်းခွဲမည်ဆိုရင် ပစ္စည်းဥစ္စာ ခွဲခြမ်းရေးက မပါမဖြစ် ပါလာပြီ။ သူ့အမှားသူ့အပြစ်မို့လို့ဆိုပြီး အင်မတန့်ကိုအနစ်နာခံတာ ရှိရှိသမျှ ဒီမယားကြီးနှင့်သားသမီးကို ပုံပေးပစ်ခဲ့ပြီး ဟိုဘက်ကဘဝသစ်ကို ဟိုး အစက စ,တင်ရုန်းကန်မည် ဆိုတာမျိုးက ပုံပြင်ထဲပဲ ရှိမှာမို့ပည်။

www.burmeseclassic.com



တစ်ဖက်ကလည်း လက်ခံမည် မဟုတ်၍ သွေးထိုးဦးမှာမလွဲ။ သူလည်း ရချင်ဦးမှာ မလွဲ။ ဒီလူတစ်ယောက်ရဲ့ အငယ်အနှောင်း မထင်မရှား ဘဝတုန်းကပင် ဖောဖောသီသီသုံးစွဲ အဆင့်အတန်းမြင့်မြင့် နေထိုင်ခဲ့ပါလျက် သူ တရားဝင်ဖြစ်ခွင့်ရမှတော့ ကိုယ်ချည်းလက်ကျွတ် တက်လာတာမျိုး လက်ခံပါ့မလား။

အဲဒီအခါ ဝေခြမ်းစိတ်ဖြာပြီ ဆိုတဲ့အခါ သူရှာတာတွေချည်းမို့ သူ ပိုယူမလား၊ လင့်ပ်စ္စည်း မယားတစ်ဝက်မို့ ထက်ဝက်ပိုင်းမလား၊ သားနဲ့ သမီးကို ငဲ့ကွက်လို့ ဒီဘက်ကို နည်းနည်းပိုပေးမလား။ ဘယ်လိုပဲဖြစ်ဖြစ် သားတို့သမီးတို့ဟာ လက်ရှိရပိုင်ခွင့်တို့ထက် လျော့ပါးခံစားရတော့မှာတော့ သေချာသည်။ ငွေခေါင်းကွဲပြီလေ။

ငွေကြေးအပုံလိုက်ကြီး စုဆောင်းပြီးသားမျိုးရှိတာမဟုတ်၍ လက်ရှိပိုင်ဆိုင်တဲ့ခြံကအစ ချရောင်းပြီး ခွဲဝေရမည်။ အခြေပျက်ပြီပေါ့။ မိဘမှာ တစ်ရာရှိလျှင် သားသမီးနှစ်ဦးဟာ ငါးဆယ်စီ ပိုင်ရမည့်အစား မိဘနှစ်ဦးကိုက ငါးဆယ်စီ ဝေခြမ်းကြမည်ဆိုရင် မအေဆီကသာ ပိုင်ခွင့်ရှိကြတော့မည့် သားသမီးတို့ခမျာ အစိတ်စီသာ ပိုင်ခွင့်ကျန်ပြီ။

ဟိုဘက် ဖအေဘက်က ငါးဆယ်ကို နောက်လူက အုပ်သိမ်းဦးမည်။ သူလည်း ငယ်သေးသည်။ ကလေးတွေ ဘာတွေ မွေးဦးမည်။ အဖေအရွယ်ကို ယူရပြီး ရထိုက်သလောက်မရပြန်ရင် သူလည်း ငြိမ်နေမှာ မထင်။





ဘယ်နည်းနဲ့မဆို စီးပွားရေးပါ ယိမ်းယိုင်ပြိုကွဲရမှာဖြစ်သည်။ ထို့ကြောင့်လည်း မရမက ကိုယ့်ဘက်အပါ ပြန်ဆွဲဖို့ဆိုတဲ့ ဇင့်ရဲ့စကားကို ငြိမ်သက်နားခံနေရတာ။ အဲသလို ဆုံးဖြတ်ရတာကိုပဲ ရင်ထဲပိုနာကြည်းရတာ။ ကိုယ့်အပေါ် သစ္စာမရှိတဲ့ လင်ယောကျ်ားကို အကြောင်းကြောင်းထောက်၍ ကိုယ့်ဘက်အပါ ပြန်ဆွဲပေါင်းသင်းရဦးမည်။

စိတ်ရှိလက်ရှိ ကန်ထုတ်ပစ်ချင်လို့ မရသေး။ ထိုသို့သော မိန်းမဘဝအတွက် ရင်ထဲနာသည်။ ကြည့်တောင် မကြည့်ချင်တဲ့ မျက်နှာကြီးကို ပြုံးညို့မြူဆွဲ ဆွဲဆောင်ရဦးမည်။ ဆဲဆိုတိုင်းထွာပစ်ချင်သော်လည်း အချိုအသာ ပလီပလာတွေချည်းပဲ ရွေးချယ်ပြောဆိုရဦးမည်။

ရှိပါစေ ... ရှိပါစေတော့။ ဖြစ်ခဲ့ပြီပဲ။

"အဲဒီတော့ ဒီကောင်မလေးအကြောင်း မမခင်က အတော်များများ သိတယ်"

"အင်း ..."

ယုယုခင်က "အင်း"ကို သက်ပြင်းကြီးလို ဆွဲချလိုက်သည်။

"ကောင်မလေးက ဖအေနဲ့ မအေ ကွဲနေတယ်"

"ဪ ... သူကိုယ်တိုင် Broken family ကကိုး၊ [illegible]တောင်"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်ဘူးလေ ယုယုရယ်၊ ကိုယ်က Broken family က ကြီးပြင်းခဲ့ရလို့ သူများမိသားစုတွေကိုလည်း ကိုယ့်လိုမဖြ ရစေလိုတဲ့ ကိုယ်ချင်းစာနာမှုနဲ့ အကောင်းဘက် လိုက်သွား တဲ့သူကလည်း လိုက်သွားပေါ့၊ ကိုယ့်မိသားစု ကိုယ့်မိဘ ကိုယ့်ဘဝအပေါ် မကျေနပ်တဲ့စိတ်နဲ့ လောကအပေါ် အမြင် ဆိုးဖြစ်သွားတဲ့ သူကလည်း ဖြစ်သွားတာပေါ့ ..."

တချို့ကျတော့လည်း ဘာရယ်ကြောင့် ညာရယ် ကြောင့် မဟုတ်ဘူး၊ ဒီကောင်မလေး ကြည့်ရတာတော့ အဖေနဲ့ အမေကကွဲ၊ အဖေက မထောက်ပံ့၊ အမေက သိ မရှာဖွေနိုင်၊ ချို့တဲ့နွမ်းပါးတဲ့ ဘဝမှာ မနေချင်ဘဲ အရွယ် ရောက်တော့ ဝတ်ချင်စားချင် သုံးချင်ဖြုန်းချင်နဲ့ အလွယ် လမ်း လိုက်သွားတဲ့ဟာမျိုးပဲ"

သြော် ...။ အဲသလိုကျတော့လည်း ရှာဖွေမကျွေး နိုင်တဲ့ မိခင်၊ မထောက်ပံ့တဲ့ ဖခင်တို့ကိုပဲ အပြစ်ပုံကျရတော့ မလား။ ဆင်းရဲခြင်းဒဏ်ကို မခံနိုင်ကြတဲ့ မိန်းမပျိုငယ်ကလေးတွေ အတွက် ရင်ထဲ လေးပင်မောနင့်ရသည်။

"ဒီကောင်မလေး အဖေဘက်က ပိုက်ဆံတွေ ဘာတွေရှိ ကြတယ်၊ တောင့်တင်းတဲ့ အသိုင်းအဝိုင်းပဲတဲ့၊ အဲဒီတော့ သူ့မှာရှိတဲ့ ဖတ်စ်ကာစင်တွေထဲမှာ နိုင်းယှဉ်စရာတွေ ဖြစ်နေခဲ့တာပေါ့လေ၊ ကောင်မလေးမှာ ဟိုဘက်က အဘွား တို့ အဖေတို့ကို နာကြည်းတဲ့စိတ် ရှိတယ် ...





အဲဒီ နာကြည်းတတ်တဲ့စိတ်က ကိုယ့်ဘဝမြင့်မား လာအောင် ကြိုးစားမယ်၊ ရုန်းကန်မယ်ဆိုပြီး လမ်းကောင်း ဘက် ဦးတည်မသွားဘဲနဲ့ နင်တို့ ငါ့ကို ကောင်းကောင်း မထားနိုင်လည်း ငါဟာငါ ကောင်းကောင်းနေနိုင်အောင် နေမယ်၊ နင်တို့ဆီက ပိုက်ဆံမရလည်း ကိုယ့်ဟာကိုယ် ရအောင်ရှာမယ် ဆိုပြီး အရွဲ့တိုက် အစွမ်းပြတဲ့ သဘောတွေ ပါတယ်"

"ဒီတော့ သူ့ဘဝပဲ နစ်မွန်းတာပဲပေါ့"

"သူ့ဦးနှောက် သူ့အသိဉာဏ်အဖို့ သူ့ကိုယ်သူ နစ်မွန်းရ တယ်လို့မှ သိရဲ့လား မသိပါဘူး ယုရယ်၊ ဟိုးတစ်နေ့က တွေ့တာ ကြည့်ပါလား၊ သူ့ကိုယ်သူ ဟုတ်လှပြီဆိုပြီး ဝတ်စားခြယ်သထားတာတွေနဲ့ ကြွရွပြီး ခေါင်းကမော်နေ တာ"

"တကယ်လည်း လှလည်း လှရှာပါတယ်လေ"

"ငယ်ဂုဏ်လည်း ပါသေးတာပေါ့ ယုရယ်၊ ဒါပေမဲ့ သူမို့ ဝါဝါကြွားကြွား နေရဲတာပါ၊ ဒီအရွယ်နဲ့ ဒီအရွယ် ဒီလို ကယုကယင် တွဲသွားလာနေတာ ဘယ်သူကကော သူ့ကို တရားဝင်ဇနီးမယားကြီး ထင်မှာလဲ၊ ကြည့်လိုက်တာနဲ့ သိနေတာပဲလေ၊ တစ်ခုတော်သေးတာက သတ္တိနဲ့ ... ရှာစိလန်မဟုတ်ဘဲ ကြောက်တော့ ကြောက်တတ်ရှာသာပဲ _



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတက်ပြီး မယားကြီးက သူ့ကို ဆွဲချမှာ တော့ ကြောက်တယ်၊ ချက်ချင်း လက်ဖြုတ်ထွက်ပြီး တခြား အရောင်းစားပွဲတစ်ခုကို သွားကြည့်နေတာ ကြည့် ပါလား၊ နင့်ကို လုံးဝကျောခိုင်း ရှောင်နေတာ၊ လုံးဝ ရင် မဆိုင်ရဲဘူးလေ၊ ဘာပဲဖြစ်ဖြစ် ဒါကိုပဲ ကျေးဇူးတင်ရဦး မယ်၊ တချို့ဆိုရင် သူတို့ကပဲ သူများရဲ့ယောကျ်ားလည်း ခိုးပေါင်းသေး၊ သူတို့ကပဲ အသံကျယ်ဟစ်သေး ဆိုတာမျိုး ကလည်း ရှိသေးတယ်”

ယုယုက သက်ပြင်းတစ်ချက် ချသည်။ ဒါတွေ နားထောင်ရတာလည်း စိတ်နှလုံး နောက်ကျိသည်။

“ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ နင်လုပ်ရမှာကတော့ ကိုထင်က သူ့ဟာသူ ရပ်တန်းက မရပ်ရင် နင်ကပဲ ရပ်တန်းကရပ် အောင် ကြိုးစားရတော့မှာပဲ၊ သူတို့ဘက်ကို နားလည်အောင် ပြောဆိုတောင်းပန်ရမယ်၊ အဲဒါကို နင် ဝန်လေးရှက်ကြောက် မနေနဲ့ ယုယု၊ ကိုယ့်မိသားစု ကောင်းကျိုးပဲ”

“ငါ တကယ်စိတ်ညစ်တယ် ဇင်ရယ်၊ ငါ မလုပ်ချင်ဆုံး အလုပ်ပဲဟယ်”

“အရှည်အတွက်တွေးပြီး လုပ်သင့်လုပ်ထိုက်တဲ့ အလုပ် တစ်ခုကို ငါဟာ ဒီသားသမီးတွေရဲ့ အမေတစ်ယောက် အဖြစ် လုပ်ရတာလို့ပဲ စိတ်ကိုဖြေတော့၊ နင် မတရားသဖြင့်





လုပ်တဲ့ အလုပ်မျိုးမှ မဟုတ်ဘဲ၊ ပြီးတော့ နိုင့်ထက်စီးနင်း နင်ပဲငဆလည်း နင်ပြောမှာ မဟုတ်ဘူး၊ နင်ကပြောရင် လည်း နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ပြောမှာ ...

ငါလည်း လိုက်မှာပဲ၊ နင်ဘာမှလဲ မကြောက်နဲ့၊ သူ့အမေကလည်း အရိုးအအေးပဲလို့ မမခင်က ပြောတယ်၊ တစ်ခါမှာ သူ့သမီးအခန်းကို လိုက်လာတာတဲ့၊ သူ့သမီး က မရှိဘူး၊ ဘေးခန်းကလည်း သော့ခတ်ဆိုတော့ အောက် ထပ်က မမခင်တို့အခန်းကို လာမေးတယ်၊ မမခင်က စောင့်မယ်ဆိုရင် သူ့အခန်းထဲ ဝင်ထိုင်စောင့်ခိုင်းတာတောင် မစောင့်ဘူးတဲ့၊ ရပါတယ် ရပါတယ် ဖွတ်ငြင်းပြီး လှေကား ထစ်ထိပ်မှာ ထိုင်စောင့်နေတာတဲ့ ...

ရိုးရိုး အေးအေး တုံးတုံးနဲ့ ကျိုးကျိုးနွံနွံပုံစံမျိုးပဲတဲ့၊ မမခင်ကတော့ တစ်ကြိမ်ပဲမြင်ဖူးပြီး သူ့အမေကို သနားနေ တာ”

“ယုတို့ သွားပြောဆိုရင် ငိုများ ငိုနေဦးမလား မသိဘူး ဇင်ရယ်”

“မျက်ရည်လွယ်ရင်လည်း ငိုပစေပေါ့ဟယ်၊ ဘယ်တတ် နိုင်မလဲ၊ သူငိုမှာစိုးလို့ပဲ ကိုယ်ပြောစရာရှိတာ မပြောရ တော့ဘူးလား၊ ကိုယ်ကလည်း ထိန်းသိမ်းပေးဖို့ တောင်း ပန်စကားမျိုးပဲ ပြောမှာပဲဟာ”



www.burmeseclassic.com

www.burmeseclassic.com



"ယုဘို့ပြောလို့ကော သူ့အမေက သူ့သမီးကို တားမြစ်ဆုံးမနိုင်တာမို့လို့လား ဇင်ရယ်၊ ပြောသာသွားပြောလိုက်ရပြီး ဘာမှအကျိုးထူးမလာဘူးဆိုရင်ကော၊ သူ့အမေကိုလည်း အမေချင်း ကိုယ်ချင်းစာမိတယ်"

ဇင်က စိတ်မရှည်သလို ကျွတ်ခနဲ စုတ်သတ်ကာ _

"နင့်ကိုယ်ချင်းစာစိတ်တွေ ဘာတွေကို နောက်ပို့ထား၊ သွားပြောစရာရှိတာ သွားပြောဖို့က နင့်ကိစ္စပဲ၊ အကျိုးထူးတာ မထူးတာက နင့်ကိစ္စ မဟုတ်ဘူး၊ နင်နဲ့မဆိုင်ဘူး၊ ဒါ ပထမဆုံး ကြိုးစားတဲ့ ခြေလှမ်းလေ၊ အမေကို သတိပေးမယ်၊ မရဘူးဆိုရင် သူ့ကိုယ်တိုင်ကို သွားတွေ့ပြီး မေတ္တာရပ်ခံမယ်၊ သတိပေးမယ်၊ ဒါမှမရသေးဘူးဆိုရင် နင့်ယောကျ်ား ကိုထင်ဘက်ကို ရင်ဆိုင်ရမယ်"

"ဘယ်လိုလဲ"

"သူ့အလုပ်နဲ့ ပတ်သက်ပြီး နင်တိုင်လို့ တောလို့ရတယ်၊ နောက်ဆုံးတစ်နေ့ သူ ဒီမြန်မာပြည်ကနေ ထွက်ခွာခွင့်မရအောင် သူ့ပါ့စ်ပို့တ်ကို ပြဿနာရှာပြီး ယာယီကန့်ကွက်ပြီး ပိတ်ထားလို့ရတယ်၊ သူ ဒီကထွက်လို့မရရင် ဘာမှဆက်လုပ်လို့ မရဘူး၊ လေယာဉ်လည်း ဘယ်လိုထွက်မောင်းမလဲ"

"အဲသလိုကြီး ရမ်းရမ်းကားကား မလုပ်ချင်ပါဘူး ဇင်ရယ်"





"ယု ... နင်ဟာလေ ပျော့ညံ့နေတာပဲ၊ ကဲ ... ပြော၊ ဒါဖြင့် နင် ဘာလုပ်ချင်လဲ၊ နင် လုပ်ချင်တာ ဘာရှိလဲ"

ဘာမှကို မလုပ်ချင်တာ။ ဘာမှမလုပ်ဘဲ ငြိမ်ထိုင်နေတော့ကော အိမ်ကိုပြန်တာ ရက်ခြားသွားပြီဖြစ်သည့် ခင်ပွန်းသည်က ပြောင်းလဲကောင်းမွန်လာမှာလား။ ဒီထက် အခြေအနေဆိုးမလာခင် (ဇင့်စကားအရ) ဟိုကောင်မလေးကို တရားဝင်ယူမပစ်လိုက်ခင် အချိန်မီအောင် ကာကွယ်တားဆီးဖို့ ဆိုတာလည်းလိုတော့ လိုအပ်တာ အမှန်ပင်။

"ကဲ ... ထစမ်းပါ ယုရာ၊ နောက်နေ့တွေ ငါမအားဘူး၊ ရှေ့အပတ်ထဲလည်း ခရီးသွားရဦးမယ်၊ ကျောက်အဝယ်တက်ရဦးမယ်၊ ဒီနေ့ ငါလည်းအားတယ်၊ သွားရအောင်ထ"

"သူ့အမေလိပ်စာကော နင်သိလို့လား"

"ဩော် ... သိပါတယ်ဆိုမှ၊ မမခင် ပေးထားပြီးသား"

"ရွှယ်ကိုးကို ကျူရှင်ပို့ရဦးမှာ ရှိသေးတယ်"

"အဲဒါ ညနေမှ၊ ဒီကြားထဲ အချိန်သုံးနာရီလောက် ရတယ်။ ဒီလောက်တောင် မလိုဘူး"

ဤသို့ဖြင့် ...။ နောက်ဆုံးတော့ ယုယုသည် ဇင်တက်ကြွဦးဆောင်ရာနောက်သို့ ကားမောင်းပြီး ပါလာရပါသည်။ ကိုယ်က စင်ပေါ်က နေရမည့်သူလို့ ယုကပြောသော်လည်း ဇင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်က မနေတတ်တာပဲလား) ယုယုသည် ချွေးတွေ ကျောတစ်ပြင်လုံး စိုသီးနေကာ အင်္ကျီပင် ခဏချင်း ခြွဲနစ်လာသည်။ ရင်တွေခုန်ကာ မျက်နှာကလည်း ပျက်နေသည်။

"နင့်မျက်နှာကို ပြင်ဦး ယုယု"

ယုယုသည် သက်ပြင်းတရှိုက်ရှိုက်နှင့်ပင် ဇင်လမ်းညွှန်ရာ မောင်းခဲ့ရသည်။

"ဈေးဘက်ကွေ့"

"အင်း"

"ရှေ့နားကျ လမ်းသွယ်တွေ့မယ်၊ ငါပြမယ်"

"သေချာတယ်နော်"

"မောင်းသာမောင်း၊ ဟော ... ဟိုရှေ့က ဘယ်ဘက်ကို ကွေ့တက်မယ်"

"ရှေ့လမ်းနော်၊ ဆိုက်ကားရှုပ်ရှုပ်နဲ့"

"ဟုတ်တယ်၊ ချိုးလိုက်၊ ဝင် ... ဝင် ... မောင်းထားဦး၊ ဟိုးရှေ့တိုက်ပြာလေးကျရင် ရပ်မယ်"

"နင် ဒီလောက် သေချာအောင် ဘယ်လိုမေးထားလဲ"

"ငါ တစ်ခေါက် လာကြည့်ထားပြီးပြီ၊ မြင်ဖူး တွေ့ဖူးရှိအောင်ကို တမင်လာကြည့်ထားတာ"

"ဇင်ရယ်၊ နင်လည်း ငါ့အတွက်နဲ့ အပူတွေ ကူးစက်လိုက်တာ"





"ရပ်တော့လေ၊ ဒီမှာ"

"ဒီတိုက် ... ဟုတ်လား"

"အင်း ...၊ ကဲ ... ဆင်းတော့"

ဇင်က အရင်ဆင်းသည်။ ယုယုသည် သိပ်မကြာသေးမီကာလက ဒီလမ်းထဲကို ချိုး၍ဝင်ခဲ့ဖူးသေးတာကို သတိရသည်။ စိတ်တွေကလည်း လှုပ်ရှားကာ တွေနေ၍ ကားရပ်မိမှပဲ သတိပြုမိသည်မှာ ဒီလမ်းထဲဖြစ်တဲ့အပြင် ဒီတိုက်ပဲ။ အောက်ထပ်က သံပန်းကွက် အပွင့်အခက်လေးကို မှတ်မိနေသည်။

နေပါဦး ... ဘာကြောင့် ရောက်လာခဲ့ရပါလိမ့်။ ဩော် ... သတိရပြီ။ ယုယု သတိရပါပြီ။ ယုသည် စိတ်ရှုပ်သွားကာ ...

"ဒီတိုက်နော် ဇင်"

"ဟုတ်ပါတယ်ဆို"

ဇင်က လှေကားခွင်ထဲပင် ရောက်နေပြီ။ ယုယုက အနီးဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ပါသေးသည်။ မတော်တဆ ဟိုနား ဒီနားက ဆိုင်လေးတွေမှာ လမ်းပေါ်မှာ ရှေတွင်း ရှိနေမလားလို့ပင်။

"အန်တီ ဘယ်လာတာလဲ၊ ဘာကိစ္စလဲ" ဆိုရင် ခက်ပြီ။ ဒီကောင်လေးကတော့ ဒီလောက် နှုတ်မသွက်ပါဘူးလေ။ သူတို့က ဘယ်အထပ်မှာလဲ ယု မသိ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကတဖျပ်ဖျပ်နှင့် တက်သွားသော ဇင့်နောက်ကို သာ နှုတ်ပိတ်ပြီး လိုက်လာခဲ့ရကာ ရင်တွေကတော့ မတရားခုန်နေပါသည်။ ကိုကြီးရဲ့ ကောင်မလေးရဲ့အမေနဲ့ တွေ့ရမည်ဆိုတာဟာလည်း တစ်မျိုး စိတ်လှုပ်ရှားစရာ၊ ဒီတိုက်ဟာ ရွှေတွင်းကို ဆေးရုံကအပြန် ချပေးခဲ့ရတဲ့တိုက် ဖြစ်နေတာကလည်း တစ်မျိုး စိတ်လှုပ်ရှားစရာ။

စိတ်လှုပ်ရှားလွန်း၍ ချွေးတွေက မျက်နှာမှာပါပြန်ကာ စို့စွတ်လာသည်။ မောတောင် မောလာပါသည်။ ဇင်က ဆက်မတက်ဘဲ ရပ်လိုက်ပြီမို့ တွေ့နေရတဲ့ အခန်းတံခါးကို ယုယုက ကြည့်ရင်း ...

"ဒီအခန်း သေချာရဲ့လား"

ဇင်က မဖြေ။ သစ်သားတံခါးကို လက်ဆစ်နှင့် ခေါက်လိုက်သည်။ ဇင့်ပုံက သူလည်း ရင်ခုန်နေတာကို မောင်းတင်ထားသည့်ပုံ။ လာမည့်ဘေး ပြေးတွေ့။

"ခေါက် ... ခေါက်"

"ဇင်"

"ဘာလဲ"

"သေချာပါတယ်နော်"

"သြော် ... ကျွတ်"

"ခေါက် ... ခေါက်"





ဇင်က ထပ်ခေါက်လိုက်ပါသည်။

"သူ့ ... သူ့အမေနာမည် သိလား"

"သိတယ်၊ ဒေါ်ခင်ထားရီတဲ့၊ နင် လျှောက်မေးမနေနဲ့၊ အာရုံပျက်တယ်၊ ပြောမယ့်စကားကို စဉ်းစားထား"

"နာမည်ဘယ်သူ"

"ဒေါ်ခင်ထားရီ"

"ဒေါ်ခင်ထားရီ !! "

ယုယု ဆို့ငင်ငင်ကြီး ရေရွတ်ဆဲ သစ်သားတံခါးက ဖျတ်ခနဲ ပွင့်ဟသွားပါသည်။ တံခါးဝမှာ ပေါ်လာသူက ဒေါ်ခင်ထားရီပင်။ ယုယုကိုမြင်လျှင် အလွန်အံ့ဩ ဝမ်းသာသွားပုံဖြင့် ...

"ဟင် ... ရွှယ်ကိုး မေမေပါလား"

ယုယုသည် နဖူးကချွေးစေးတွေကို လက်ဖမိုးလေးနှင့် သုတ်လိုက်ကာ အားယူဖျစ်ညှစ် ပြုံးလိုက်ပါသည်။ အံ့အားတသင့် လှည့်ကြည့်လိုက်တဲ့ ဇင့်ရဲ့လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်ပြီး ညှစ်လိုက်ကာ တံခါးကမန်းကတန်း ဖွင့်နေတဲ့ ဒေါ်ခင်ထားရီကို ငိုင်စိုက်ကြည့်နေမိသည်။

"လာပါ ဝင်ပါ မယုရယ်၊ ဝမ်းသာလိုက်တာ၊ အလည်သက်သက်ပဲလား"

တံခါးဖွင့်ပေးလိုက်ပြီး ဝင်စေကာ မေးလိုက်တဲ့ ဒေါ်ခင်ထားရီ မျက်နှာဟာ သူ့ထံကို ယုယု အလည်သက်သက်



www.burmeseclassic.com

www.burmeseclassic.com



လာလည်စရာ အကြောင်းမရှိတာကိုလည်း သဘောပေါက်ကာ ဘာကိစ္စပါလိမ့်လို့ ဇဝေဇဝါ ဖြစ်နေပုံအတိုင်းသားကြားမှ ဖော်ရွေစွာတော့ ပြုံးနေရင်း ...

"သားရေ ... ဒီမှာလေ ရွယ်ကိုးမေမေ၊ ဝင်လေ မယု၊ ဝင်ပါ ညီမ"

ဇင်သည် ယုယုကိုကြည့်ကာ အိုးတိုးအမ်းတမ်း။ အိမ်ထဲလှမ်းဝင်လိုက်ရသော်လည်း တစ်ခုခုတော့ တစ်ခုခုပဲလို့ သိသာစေတဲ့ ယုမျက်နှာကြောင့် ရွှေတွင်းတို့သားအမိ အံ့သြငေးကြောင်နေကြပါသည်။

တစ်ခုခုပြောမှ ... ပြောမှလေ ယုယု။

ယုယုသည် လွတ်ခနဲ ...

"ဟိုလေ အားတော့နာပါတယ်၊ ဒီနားရောက်တုန်း ဒီကလေ ဟို ... ယုသူငယ်ချင်းက အိမ်သာတအားဝင်ချင်တာနဲ့ ယုလည်း ဒီအိမ်ပဲ သတိရပြီး ... ဟို ..."

"သြော် ..."

ဒေါ်ခင်ထားရီက "သြော်"ကို အရှည်ကြီးဆွဲဆန့်ကာ ဟက်ဟက်ပက်ပက် ပေါ့ပေါ့ပါးပါး ပြုံးလိုက်ရင်း ...

"သြော် ... မယုရယ်၊ အားနာစရာလား၊ လာ ... လာ ... ဝင်၊ ညီမရေ ... လာ ... လာ ... ဒီအတိုင်းဝင်သွား"

"ဟို ... ဟိုဒင်း ...၊ ဟဲ့ ... ယုယု"





"ဝင်သွားလိုက်၊ အားမနာနဲ့တဲ့ဇင်၊ သွား ...၊ သွားပြီးရင် ပြန်မယ်၊ ကိစ္စက ရှိသေးတယ်"

ဇင်သည် မျက်နှာအောင့်သိုးသိုးဖြစ်ကာ ဘာမှလဲပြောနေလို့ မရတော့ဘဲ နောက်ဘက်ထဲ ဆတ်တောက်တောက် ဝင်သွားပါတော့သည်။ လမ်းညွှန်ပြပြီး အပြေးပြန်ထွက်လာတဲ့ ဒေါ်ခင်ထားရီက အိမ်မှာရှိတဲ့ မြေပဲယို နှမ်းပျစ်တို့ကို ပန်းကန်ပြားငယ်ထဲ ခွတ်ထည့်ပြီး ကျွေးဖို့ပြင်ကာ ရွှေတွင်းကတော့ မမျှော်လင့်ဘဲ သူတို့ထံ ယုယု ရောက်လာတာကို အံ့အားတသင့် ကြောင်တက်တက်ဖြစ်ကာ နေသည်။

ဇင် ပြန်ထွက်လာလျှင်တော့ မထိုင်နိုင်အားတော့တာကို တောင်းပန်ပြောဆို ကျေးဇူးတင်ပြီး ခွတ်အတင်း စကားကိုဖြတ် ဇင့်လက်ကို ဆောင့်ဆွဲပြီး လှေကားမှ တစ်ရှိန်ထိုးဆင်းပြေးပြန်ခဲ့ရပါတော့သည်။

❖ ✿ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

မေမေ့ ခြေသည်းက ခြေသည်းဆိုးဆေးတွေကို ရွှယ်ကိုးက ဖျက်ပေးနေပါသည်။ မေမေက ဆိုဖာပေါ်မှာ၊ မေမေ့ ခြေထောက်ကို ရှေ့က ခွေးခြေပုကလေးပေါ် တင်ထားကာ ရွှယ်ကိုးက ကြမ်းပေါ် တင်ပျဉ်ခွေထိုင်ကာ အားရပါးရနှင့် ခြေ သည်းဆိုးဆေးတွေကို ဖျက်ပေးနေတာပင်။

ဟိုးအရင်ကတော့ မေမေ့ကို ဒီလောက် လုပ်မပေး ဖြစ်ပါ။ ခုတလောတော့ တငေးငေး တမှိုင်မှိုင် တတွေတွေရှိလှ တဲ့ မေမေ့ကို သနားကြင်နာလှသည်ဖြစ်၍ မေမေ့ကို အချိန်ပေး ကာ အဖော်ပြုပေးသည်။ ပြုစုပေးသည်။ မေမေ့မှာ ဖေဖေနှင့်ပတ် သက်သော သောကဖိစီးနေတာလို့ ရွှယ်ကိုး နားလည်ထားသည်။

ဒါတောင်မှ ဒီနောက်ပိုင်း လေးငါးရက်မှာ မေမေ ပိုပြီးတော့တောင် မှိုင်တွေလာသလားလို့ ရွှယ်ကိုး ထင်သည်။ ဖေဖေနှင့် ပြဿနာဖြစ်စရက်တွေက မေမေ မှိုင်တယ်ဆိုတာ





သာမန်လောက်သာ။ ဘာဝတ္ထုရားမှ ဖျက်တာမဟုတ်။ ခုရက်ပိုင်း မေမေ မှိုင်တွေပုံက တကယ့်ကို နာနာကျင်ကျင်။

ဒီတော့ ရွှယ်ကိုး စိတ်ပူသည်။

မေမေ့မှာ ရွှယ်ကိုး မသိရတဲ့ စိတ်ဆင်းရဲစရာ ဘာ များရှိနေသေးသလဲ။ ဖေဖေ မေမေ့ကို ဘာတွေများ ပြောသလဲ။ ဘာပြဿနာရှာသေးသလဲ။

"မေမေ"

"အင်းဟင်"

"ဘာရောင်လေး ဆိုးမလဲ"

ရွှယ်ကိုးက လက်သည်းနီပုလင်းလေးတွေ ရောင်စုံ ထည့်ထားတဲ့ ခြင်းတောင်းကလေးကို လှမ်းဆွဲလိုက်ရင်းမေးလျှင် —

"တော်ပါပြီ သမီးရယ်"

"အာ ... မေမေကလည်း၊ ဆိုးမှလှမှာပေါ့၊ ဆိုးပါ၊ သမီး လည်း အားလို့ ပျင်းနေတာ၊ မေမေ့ကို ဆိုးပေးချင်နေတာ"

ယုယုက သမီးကို ကရုဏာနှင့် ငေးစိုက်ကြည့်နေ မိသည်။ သမီးကလေးဟာ ယုယုကို တမင်တကာ အဖော်ပြုဖြေ သိမ့်ပေးချင်နေတာ ယုယု သိသည်။ ယုယုကို သူ့အဖေနှင့် ပတ် သက်သော ဝေဒနာတစ်ခုသာ ခံစားနေရတယ် ထင်နေတာ။ တကယ်တမ်း ယုယု ရင်ထဲ လောလောဆယ် ဆို့နင့်နေတဲ့ ခံစား ချက်က ကိုကြီးအတွက်မဟုတ်။

www.burmeseclassic.com



သမီးအတွက်။

"ဒီခရမ်းရောင်လေး ဆိုးမလား"

"ဟင့်အင်း"

"နက်ပြာရော မေမေ၊ မေမေ့ခြေထောက်လေးက ဖြူတာပဲဟာ၊ နက်ပြာပေါ်မှာ အဖြူရောင်ကုံကော်ပွင့်လေးတွေ သမီး ပုံဖော်ပေးမယ်"

"နေပါ သမီးရယ်၊ မေမေလည်း သိပ်ဆိုးချင်စိတ် မရှိလှပါဘူးကွယ်"

"အာ ... မေမေကလည်း၊ ဆိုးပါဆိုနေမှ၊ သမီးဆိုးပေးချင်လို့ပါ ဆိုနေမှ၊ ဒီနက်ပြာရောင်ပဲ ဆိုးလိုက်ပါ မေမေရဲ့၊ လှတယ်"

"အေး ... ဆိုးလေ ... ဆိုးလေ၊ သမီး ကြိုက်တာဆိုးလေ"

ယုယုက ရွှယ်ကိုး ဆိုးချင်နေတာကို လိုက်လျောလိုက်ပါသည်။ သမီးနဲ့လည်း နည်းနည်းပါးပါး စကားလက်ဆုံကျချင်သေးတာ။ စကားကို ဘယ်လိုစ,ရပါ့။ မျက်နှာကို ငုံ့ချပြီး စိတ်ပါလက်ပါ ခြေသည်းဆိုးနေသော ရွှယ်ကိုးက ရှေ့ကိုပြုတ်ကျလာသော ဆံပင်တို့ကို နားရွက်နောက်ကို ညှပ်သွင်းရှင်းလင်းရင်း

"မေမေ"

"အင်း"

"မေမေတို့ သမီးကိုလည်း ကိုကို့လိုပဲ ဟိုက ကျောင်းတစ်ခုပို့မှာပဲပေါ့နော်"





"သမီး စိတ်ပါလား"

"ပါပါတယ် မေမေရဲ့၊ ကျောင်းသွားမတက်တော့ကော ဒီမှာ ဘာလုပ်ရမှာလဲ"

"အင်း"

"သဇင်လည်း သွားတော့ သွားမှာ မေမေရဲ့"

"အင်း"

"သဇင်က စင်ကာပူမှာ Business Management တက်မှာတဲ့၊ သူ့အစ်မဝမ်းကွဲလည်း အဲဒါပဲ တက်နေတယ်၊ သူ့အစ်မကတော့ Part time အလုပ်လည်း တွဲလုပ်တာလေ၊ ကျောင်းစရိတ်ကို နည်းနည်းတော့ ခုမိထောက်မိတာပေါ့၊ အိမ်ကပေးရပေမယ့် နည်းသွားတာပေါ့ ...

အိမ်ကပေးတယ်ဆိုတာတောင်လေ အဲဒီ သဇင့်အစ်မတို့အိမ်က သိပ်မရှိဘူးလေ၊ သဇင့်ကြီးတော် အပျိုကြီးက ထုတ်ပေး စိုက်ပေးထားတာပေါ့၊ ကျောင်းလုံးဝပြီးသွားလို့ အလုပ်သေချာရတော့မှ ရတဲ့လခနဲ့ သူ့ကြီးတော်ကို ပြန်ဆပ်ပေါ့၊ ဆပ်ရတာကျေမှ အိမ်ကို ပိုက်ဆံပြန်ပေးမှာလေ"

"ဪ"

"အမျိုးထဲမှာ ငွေထုတ်ပေးနိုင်တဲ့သူ ရှိတော့လည်း မဆိုးဘူးနော် မေမေ၊ ကိုယ်တိုင် သိပ်မရှိပေမယ့် ကြွေးအေးဆိုတော့ ကိုယ်အလုပ်ရမှ ဆပ်လို့ရတော့ ကျောင်းတော့ ဘွဲ့ရလိုက်ရတာ အမြတ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အဲဒါ ရွှေတွင်းကိုတောင် ပြောနေတာ"

ရွှေတွင်း နာမည် ပါလာ၍ "အင်း"မလိုက်နိုင်ဘဲ ယုယု နားစွင့်လိုက်ရသည်။

"ဒီမှာတော့ ကိုယ့်ဘွဲ့လေးနဲ့ ဘာအလုပ်ကောင်းကောင်း ရမှာလဲလို့"

"........"

"နင်လည်း ထွက်နိုင်အောင် ကြိုးစားပါလားလို့၊ ခုခေတ် မှာ ဟိုမှာကျောင်းသွားတက်ဖို့ဆိုတာက သိပ်မှအလှမ်းမဝေး တော့တာလေ၊ လူတိုင်း ကြိုးစားနိုင်တာပဲ"

"သူက ဘာပြောလဲ"

"သူက ရယ်နေတယ်၊ ငြင်းလည်း ငြင်းတာပေါ့၊ မရေ တဲ့ အိပ်မက်တွေ မမက်ဘူးတဲ့၊ အဲဒီအိပ်မက်မျိုး မက် ရင် မျှော်လင့်ချက်တွေ ထားမိပြီး ရင်မောရမှာတဲ့။ သူ့ ပိုက်ဆံအကြာကြီး စိုက်ပေးထားမယ့် အမျိုးတွေလည်း မရှိဘူးတဲ့"

"သူ့အဘွားတို့ ဘာတို့ ပိုက်ဆံရှိတယ် မဟုတ်လား"

ရွှယ်ကိုးက မေမေ့ကို တအံ့တသြ မော့ကြည့်ရင်း

"ဟင် ... မေမေ ဘယ်လိုလုပ်သိလဲ"

ယုယုသည် အိုးတိုးအမ်းတမ်းနှင့် ...





"မဟုတ်ဘူးလား၊ သမီးပြောတာ ကြားဖူးသလားလို့"

"သမီး ပြောဖူးလို့လား၊ မပြောဖူးပါဘူး"

"သူ့အဖေဘက်က အမျိုးတွေက ပိုက်ဆံရှိကြတယ် မဟုတ် ဘူးလား"

"သမီးပြောဖူးလား ... ဟုတ်လား"

ရွှယ်ကိုးက ဇဝေဇဝါလေးနှင့် ...

"ဟုတ်တော့ ဟုတ်တယ်၊ သူ့အဘွားတို့ ကြီးတော်တို့ ပိုက်ဆံရှိပါတယ်၊ ဒါပေမဲ့ သူ့ကိုကားမောင်းဖို့လို့မှ ခေါ် မောင်းခိုင်းတာလောက် ရှိတာ၊ သူ့ကို စာသင်စရိတ် စိုက် ပေးမယ့် စေတနာမျိုးတော့ ရှိကြပုံ မရပါဘူး"

"ဒါကလည်း သမီးရယ်၊ တော်ရုံလူက ဘယ်စိုက်ပေးထား ချင်မလဲ၊ အမျိုးပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်လေ၊ တစ်နေ့က ဥပမာပေါ့ သူလည်း ရည်မှန်းထားတာကတော့ တစ်မျိုး ဒါပေမဲ့ စာမေးပွဲတွေ ဘာတွေ ကျသွားတယ် မအောင်ဘူး ဘာမှ ဖြစ်မလာဘူးဆိုတာမျိုး မတော်တဆ ကြုံရရင် ဘာ နဲ့သွားပြန်ဆပ်မလဲ၊ ဒါကိုလည်း စိုက်ထားမယ့်သူက မှန်မှာ ပေါ့၊ ဆပ်မယ့်သူကလည်း တမင်ကတ်တာ မဟုတ်ဘူးလေ"

"ရွှေတွင်းကတော့ ကျောင်းတက်ရင် အောင်မြင်မှာပါ ရွှေတွင်းက သမီးထက်တောင် စာတော်တယ်၊ ဉာဏ်ကောင်း တယ် မေမေ"

ယုယုက ရွှယ်ကိုးကို ငေးကြည့်နေမိပါသည်။

www.burmeseclassic.com



"သူ့ကို [illegible] လုပ်ပေးမယ့်သူရှိရင် အဆင်ပြေမှာ"

"... ... ..."

"အဲဒါလေ၊ ဟို ... မေမေ့ကို သမီးက တိုင်ပင်တာပါနော်"

ယုယု မျက်ခုံးလေးက မြင့်တက်သွားပါသည်။

"ရွှေတွင်းကိုလေ သူ့ရဲ့ကျောင်းတက်ကာလအတွင်း အခိုက်အတန့် ပိုက်ဆံစိုက်ထုတ်ထားပေးဖို့များ ... ဟို ... မေမေတို့ အဆင်ပြေမလား"

ယုယုသည် ဘာမှမပြောနိုင်ဘဲ ရွှယ်ကိုးကိုသာ ငိုင်စိုက်ငေးနေသည်။

"ရွှေတွင်းက အောင်မြင်မယ့်သူပါ မေမေ၊ သူ့မှာ အရည်အချင်းရှိပေမယ့် ငွေမရှိဘူး ဖြစ်နေတော့ ဖြစ်သင့်တာဖြစ်မလာဘဲ နိမ့်ပါးမေးမှိန်ပြီးတော့ပဲ နေမှာစိုးလို့ပါ၊ သူကတော့ ကျောင်းတက်ရင်းလည်း ရရာအလုပ် ရှာကြံပြီး အပင်ပန်းခံ လုပ်မှာပဲ၊ ဘော်ကြော့တက်မယ့်သူမျိုး မဟုတ်ဘူး၊ သူ အလုပ်တွေ ဘာတွေ ရပြီဆိုရင် သူ့အမေကိုလည်း သိမ်ထောက်ပံ့ဖို့လိုတာမှ မဟုတ်တာ၊ မေမေ့ငွေအားလုံး ချက်ချင်းဆက်တိုက် ဆပ်နိုင်မှာပါ"

"... ... ..."

ယုယုသည် ဘာပြန်ပြောရမည် မသိဘဲ နှုတ်သာဆွံ့နေသည်။ ရွှေတွင်းကို ပိုက်ဆံစိုက်ထုတ်ပြီး နိုင်ငံခြားမှာ





ကျောင်းတက်စေဖို့အထိ ကြံရွယ်ကာ စေတနာပိုနေသည့် သမီးလေး။ သမီးအတွက် ယုယု ရင်နာမိတော့သည်။

"ပြောမယ့်သာ ပြောနေတာပါ၊ ရွှေတွင်းလိုလူက သူ့ကို အဲလို ကူညီချင်ပါတယ် ဆိုတာတောင်မှ အကူညီခံယူဖို့ မလွယ်ပါဘူး၊ အလကားနေ မာနကြီးနေတာ၊ သမီးကတော့ သူဟာ တိုးတက်အောင်မြင်နိုင်တဲ့ လူတစ်ယောက်ဆိုတာ ယုံကြည်ပြီး မကြိုးစားလိုက်ရလို့ ဘာမှဖြစ်မလာလိုက်ရဘူး ဆိုတာမျိုး ဖြစ်သွားမှာ နှမြောလို့ပါ ...

သူ့အမေကိုလည်း ခင်တယ်၊ သူတို့သားအမိကို တိုးတက်ကြီးပွားစေချင်တယ် မေမေ၊ သူ့ကိုလည်း မြင့်မားစေချင်တယ်"

အဆင့်အတန်း အခြေအနေချင်း ညီအောင်ညှိဖို့ သမီး စိတ်ထက်သန်နေတယ် ဆိုတာ ယုယု ရိပ်မိနေပါသည်။ သမီးဟာ သူချစ်မြတ်နိုးတဲ့ ကောင်ကလေးတစ်ယောက်ရဲ့ဘဝကို မြေတောင်မြှောက် ပျိုးထောင်မြှင့်တင်ပေးဖို့ အမေကိုတောင်မှ မရှုံ့မရဲ တောင်းဆိုပူဆာနေမိတာကို သူ့ဟာနှင့်သူမှ သတိပြုမိရဲ့လား။

"ဖေဖေက ကြိုက်ပါ့မလားလို့တော့ အရင်တစ်ခါကလို မေမေ မပြောနဲ့တော့၊ ဖေဖေ့ကိုလည်း ဒီစကားမျိုးတွေ ရွှယ်ကိုးက မပြောချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခွယ်ကိုးက မျက်လွှာလေး ပင့်လှန်ကြည့်ကာ နှုတ်ခမ်းစူပုပ်ပုပ်နှင့် ...

"ဖေဖေလည်း သူလုပ်ချင်ရာကို ဘယ်သူ့မှ မတိုင်မပင်ဘဲ လုပ်နေတာပဲလေ၊ သူ့စိတ် သူ့ဆန္ဒနဲ့သူ လုပ်နေတာပဲ လေ၊ သမီး လုပ်ချင်တဲ့အလုပ်က ဖေဖေ့လို အပြစ်ရှိတဲ့ အလုပ်မျိုး မဟုတ်ပါဘူး မေမေရာ ... နော် ..."

❖ ✪ ❖

အဖေကို ကွယ်ရာမှာ ဘယ်လိုပဲ နာကြည်းစကားဆိုနေပါစေ၊ အဖေ ပြန်ရောက်လာတဲ့နေ့ကျတော့လည်း ခွယ်ကိုးခမျာ ပျာလောင်ခတ်နေသည်။ စိတ်ထဲ ဘယ်လိုရှိရှိ ကွယ်ရာမှာ နှုတ်က ဘယ်လိုပြောမိမိ၊ ရင်ဆိုင်အတွေ့မှာတော့ အဖေဖြစ်သူကို ချော့မော့ပြုစု ယုယရမည် ဆိုတာကို ခွယ်ကိုး နားလည် သဘောပေါက်ရှာပါသည်။

အိမ်ထဲဝင်လာကတည်းက ဖိနပ်ချွတ်ဖို့ နေရာမှာ ထိုင်ခိုင်းကာ သူကိုယ်တိုင် ဖိနပ်ကြိုးဖြေပေးရင်း အဖေကို တီတီတာတာလုပ်နေ၍ သမီးကို အချစ်ပိုတဲ့ ဦးထင်ကျော်ကိုး မျက်နှာပျော့ပျောင်းနူးညံ့လာပါသည်။ ယုယုကတော့ ပုံမှန်ပင်။ သူ့ကို မာရေးကျောရေလည်း မဆက်ဆံပါ။ ထူး၍လည်း ချော့မြှူချိုသာ မလုပ်ဖြစ်ပါ။





ရက်အတန်ကြာ ထမင်းလက်ဆုံ အတူမစားဖြစ်တဲ့ သားစု ထိုနေ့နံနက်စာကို အတူတကွ စားဖြစ်ကြရပါသည်။

"သားကြီး ဖုန်းဆက်သေးလား ယုယု"

ဖေဖေကလည်း ပုံမှန်။ ဘာမှ ဖြစ်မထားသလို သုံးငါးရက် ပြန်မလာတဲ့သူ မဟုတ်သလိုပင်။

"တစ်နေ့ကဆက်တယ် ကိုကြီး"

"ဘာထူးသေးလဲ"

"မထူးပါဘူး၊ ပုံမှန်ပါပဲ၊ သူလည်း ကျောင်းတက်နေတာ အဆင်ပြေတယ်တဲ့၊ အဲဒီက အဆောင်လည်း နေခွင့်ရပြီ၊ ရှေ့လကျရင် နိုင်သူ့ Graduation ရှိတယ်၊ ဒီကနေ ကိုကိုကျော်တို့ မမညိုတို့ လိုက်သွားမယ်၊ အဲဒီကျ ဘာတွေထည့်ပေးပါ ဆိုတဲ့ စာရင်းတွေ ရေးပေးတာမှ မနည်းပါဘူး"

"အေးပေါ့ ... ဟိုမှာ သူလိုချင်တာ ဘယ်ရှာရမလဲ မသိသေးဘူး နေမှာပေါ့"

"စားစရာတွေများတာ ဖေဖေ"

"ဒါပေါ့၊ ဟိုမှာ စားရသောက်ရ သိပ်အဆင်မပြေဘူးထင်တယ်"

"ပြီးတော့ အဲဒီကနေ မမညိုတို့ အပြန်ကျရင် သူဘာငယ်ထည့်ပေးရမလဲ၊ ဘာလိုချင်လဲ၊ ဘာမှာမလဲ မေးတာပါပြီ



www.burmeseclassic.com

www.burmeseclassic.com



"သမီးကတော့ ရေမွှေးမှာလိုက်တယ် ဖေဖေ၊ သမီးလိုချင်နေတဲ့ ရေမွှေးတစ်ခုရှိလို့၊ ကိုကိုက သမီးအတွက် စလွယ်သိုင်းလွယ်ရတဲ့ အိတ်တစ်လုံးတော့ ဝယ်ထားတယ် ပြောတယ်၊ အရမ်းလှတယ်တော့ ပြောတာပဲ"

ဖေဖေက ပြုံးနေရင်း ...

"အိတ်ဆိုလို့ ဖေဖေ တစ်ခုမေးရဦးမယ်၊ ယု မှတ်မိလား၊ ကိုယ်တစ်ခါက အိတ်တစ်လုံး ပါလာဖူးတယ်၊ အိတ်တွေက မကြာမကြာ ယူလာနေကြဆိုတော့ မှတ်မိပါ့မလားတော့ မသိဘူး၊ အိတ်က ချောကလက်ရောင်၊ ခလုတ်ရယ် ကိုင်းမှာတပ်ထားတဲ့ ဘာကယ်လ်ကွင်းရယ်က ရွှေရောင်"

ယုယုက ရွှယ်ကိုးထံ ဖျတ်ခနဲ ကြည့်လိုက်မိပါသည်။ ရွှယ်ကိုးက ထမင်းသာ ငုံ့စားနေသည်။

"မှတ်မိလား၊ အိတ်ပုံစံက အဆန်းကြီး မဟုတ်ဘူး၊ ခန့်တယ်၊ ကိုယ်က ယုယုဖို့ ရည်ရွယ်ဝယ်လာတာပဲ၊ အဲဒီတုန်းက သေချာမှတ်မိတာက ကိုယ်ကလည်း ဒီအိတ်သဘောကျလို့ ဝယ်တယ်၊ ကိုဆွေလေးကလည်း ဝယ်တယ်၊ ဆင်တူ အရောင်တူ၊ ဒါနဲ့ ပစ္စည်းတွေ ရောပေါင်းထည့်သယ်ကြတော့ မှားမှာစိုးလို့ ကိုယ်က အိတ်ကိုင်းမှာ ရွှေကွင်းလေးနဲ့ ချိတ်ဆွဲထားတဲ့ အိတ်ရဲ့အရောင် လည်သာပြားလေးထောင့်လေးတစ်ခုပါတဲ့ အပေါ်မှာ H.K.K ဆိုပြီး ကိုယ့်အင်နစ်ရှယ်လ် မင်နဲ့ရေးထားလိုက်တယ်"





အိမ်ရှေ့က လိုင်းဖုန်းက မြည်သံပေါ်လာ၍ ... လေးက ပြေးကိုင်ကာ ထမင်းစားခန်းထဲ ပြန်ဝင်လာပြီး ...

"မမရွှယ်ကိုး ... ဖုန်း"

"ဘယ်သူလဲ"

"ကိုရွှေတွင်းပါ"

ယုယုက ငဲ့ကြည့်ရင်း ...

"သမီး တစ်လုပ် နှစ်လုပ် ကျန်တာ ကုန်အောင်စားသွား၊ စကားပြောတာ ကြာသွားပြီးရင် ပြန်စားလို့မကောင်းတော့ဘူး"

"သမီး ဗိုက်တင်းပြီ မေ၊ စားတော့ဘူး၊ နော်"

ရွှယ်ကိုးက ရေမော့သောက်ချ၍ ပြေးလေသည်။ ညနေကို ကျူရှင်၌ တွေ့ကြမည် ဖြစ်သော်လည်း နေ့လယ်ခင်းလောက်မှာတစ်ခေါက် ဖုန်းပြောမြဲက အစဉ်အလာလို ဖြစ်လာပါသည်။ Week days တွေမှာ နေ့လယ်တစ်ခေါက် ဖုန်းပြော၊ ညနေကျူရှင်မှာတွေ့၊ ပြီးရင် ညတစ်ခေါက် ဖုန်းပြော။

Week end တွေမှာတော့ ကျူရှင်မှာ မတွေ့ရ၍ ချိန်းပြီး ဈေးဝယ်ထွက်တဲ့အခါလည်းထွက်၊ မထွက်ထွက်ထွက် ဖုန်းကတော့ တစ်နေ့သုံးလေးခါ။ ယုယု သက်ပြင်းချကာ ဦးထင်ကျော်ကိုးကို မော်ကြည့်လိုက်ပါသည်။ သူ့အဖေမသိလို့ မရတော့တဲ့ကိစ္စ ဖြစ်သည်။ အသိပေးရမည်။ သူလည်းပဲ အဖေ။ ခံစားပါစေ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအိတ်များ တစ်ယောက်ယောက်ကို ပေးလား၊ ဒါမှ မဟုတ် ယုမှာ အခုရှိလား"

"အဲဒီအိတ်ကို သမီးက သူ့သူငယ်ချင်းအမေကို လက်ဆောင် ပေးချင်တယ်လို့ တောင်းလို့ ပေးလိုက်တယ်"

ထင်ကျော်ကိုးက စိတ်ဝင်တစား မျက်နှာနှင့် ...

"ဘယ်သူလဲ သဇင်လား"

"ရွှေတွင်း အမေ"

ယုယုက ပြတ်ပြတ်ပြောလိုက်သည်။ စိတ်ထဲမှာ လည်း သိနေပြီ။ ရှင် အဲဒီအိတ်ကို ရှင့်ကောင်မလေးဆီမှာ ပြန် တွေ့လာလို့ ကိုယ့်အင်နစ်ရှယ်ကြီးနဲ့ မှတ်မိနေတာမို့ အံသြလာ တာပဲ မဟုတ်လား။ ဒါပဲ ဖြစ်ဖို့ရှိသည်။

"ရွှေတွင်း !! "

"လှည်းတန်းက ကောင်လေးလေ"

"အခု ဖုန်းဆက်နေတာ !! "

"ဟုတ်တယ်"

"သူက ... အင်း ... သူ့အမေက ဘယ်သူလဲ"

ယုယုက ထင်ကျော်ကိုးကို တည့်တည့်ကြည့်ကာ...

"ရွှေတွင်းက ရှင့်ကောင်မလေး ပုလဲရဲ့ မောင်အရင်းပဲ ကိုကြီး"

"... ... ..."





ထင်ကျော်ကိုး မျက်နှာ ရဲတက်သွားသည်။

"ရွှေတွင်း အမေကို သမီးက အဲဒီအိတ် လက်ဆောင်ပေး တယ်၊ ကြည့်ရတာ အဲဒီအိတ်ကို ကိုကြီး အခုတွေ့လာတယ် ဆိုရင် သူ့အမေဆီမှာတွေ့လို့ သူကြိုက်ပြီး တောင်းလို့ အမေက သမီးကို ပေးလိုက်တယ် နေမှာပေါ့၊ မှင်နဲ့ H.K.K ရေးထားတာ မြင်မှတော့ အဲဒါပါပဲ၊ ပုလဲရဲ့အမေ ကို ရှယ်ကိုးပေးခဲ့တာ"

"မင်း ကြိုသိနေတာလား"

ထင်ကျော်ကိုး အသံက ရှိုးတိုးရှန့်တန့် ဖြစ်နေသည်။

"ပုလဲကိုလည်း သိးသန့်သိနေတာပါ၊ ရွှေတွင်းတို့ သား အမိကိုလည်း သိးသန့်သိနေရတာပါ၊ ရွှေတွင်းတို့ သားအမိ ကလည်း ခင်မင်စရာကောင်းပါတယ်၊ သူတို့ချင်း အဆက် အစပ်ကို ယု သိတာတော့ တစ်ပတ်ဆယ်ရက်ပဲ ရှိသေးတာ ပေါ့"

"သမီး သိလား"

ထင်ကျော်ကိုး အသံက တိုးတိတ်အေးစက်နေသည်၊

"ဘယ်သိပါ့မလဲ ကိုကြီး၊ သိရင်လည်း ရွှေတွင်းနဲ့ ကြည် ကြည်လင်လင် ဘယ်ဆက်ဆံနိုင်တော့မလဲ၊ ခေါ်ဖို့ပြောဖို့ တောင် ခက်သွားမှာ၊ သမီးလည်း သူ့ဟာသူ တစ်မျိုးရှက်၊ ရွှေတွင်းလည်း သူ့ဟာသူ တစ်မျိုးရှက်ပြီး ပေါင်းဖို့ဘယ် ဖြစ်တော့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထင်ကျော်ကိုးသည် ထမင်းကိုသာ စားနေသော်လည်း စိတ်အတွေးတွေက တစ်စုံတစ်ရာကို ရောက်နေသလို နဖူးကြောရှုံ့ပြီး တိတ်နေသည်။ တစ်ခုခုကို မေးလိုက်ချင်သလို ပုံစံနှင့် မေးမထွက်ဘဲ အောင့်ထိန်းနေဟန်ရသည့် ခင်ပွန်းသည်ကို ယုယုကပဲ စတင်စကားစ,လိုက်ရပါသည်။

"ရွှေတွင်းနဲ့ ရွှယ်ကိုးဟာ ချစ်သူတွေတောင် ဖြစ်ချင်ဖြစ်နေမယ်"

"ဘာ"

ထင်ကျော်ကိုးရဲ့ လက်ထဲက ဇွန်းခက်ရင်းက ပန်းကန်ထဲ ပြုတ်ကျသွားပါသည်။ ထင်ကျော်ကိုးသည် စိတ်အနှောင့်အယှက် ဖြစ်သွားတဲ့ မျက်နှာနှင့် ...

"ရွှယ်ကိုးက ငယ်ငယ်ပဲ ရှိသေးတာ၊ ချစ်သူရှိစရာလား"

"ရွှယ်ကိုးက နှစ်ဆယ်ပြည့်ပြီးသွားပြီ ကိုကြီး၊ သူ့အရွယ်မှာ ယု သားကြီးကိုမွေးပြီ၊ ကိုကြီး ယုကို ခိုးပြေးခဲ့တာ ယု ဆယ့်ကိုးနှစ်"

"ကျွတ်၊ ဘာဆိုင်လဲ၊ ဒါဘာဆိုင်လဲ၊ မအေက မအေ၊ သမီးက သမီး၊ မင်းဆယ့်ကိုးနှစ် ခိုးရာလိုက်လို့ သမီးက အခု နောက်ကျနေပြီ ပြောလို့ရမလား၊ မင်း ဘယ်လိုမအေလဲ"

"နောက်ကျနေပြီ မပြောပါဘူး၊ သမီး နလုံးသား လှုပ်ရှားတတ်ပြီဆိုရင် ကိုကြီး အပြစ်မမြင်ဖို့ ယှဉ်ပြတာပါ၊





ရွှယ်ကိုးက ယောက်ျားလေး သူငယ်ချင်းတောင် မထားခဲ့ဖူးဘူး၊ ဒီတစ်ယောက်ဟာ သူ့ရဲ့ ပထမဆုံး ယောက်ျားလေး မိတ်ဆွေပဲ"

"ဒါဘာဖြစ်လဲ၊ မဟုတ်မဟုတ် ရှုပ်ရှုပ်ယှက်ယှက်ဟာချီးတွေနဲ့ အပေါင်းအသင်း ဖြစ်နေရင် တားမြစ်ရမှာပဲ"

"ရွှေတွင်းက လူကောင်းလေးပါ"

"မင့် ဘယ်သူပြောလဲ၊ ဓာတ်တော် ...၊ မင်း ဒါတွေ ဒီဆက်စပ်မှုတွေ သိရက်သားနဲ့ ဒီကောင်နဲ့ သမီး ခင်နေတာကို မတားဆီးဘူး"

"ယု သိတာ တစ်ပတ်ဆယ်ရက်ပဲ ရှိသေးတယ်လို့ ကိုကြီးကို ပြောပြီးပြီလေ၊ မသိခင်က ကြည့်နေတာလည်း ရွှေတွင်းက ပိုက်ဆံမရှိပေမယ့် ရိုးသားအေးချမ်းတဲ့ ယောက်ျားလေးတစ်ယောက်မို့ ..."

ထင်ကျော်ကိုးက ဂုန်းခနဲ ဒေါသတကြီး ထရပ်လိုက်ကာ ခါးကိုင်း၍ စားပွဲပေါ် လက်ဖြန့်ထောက်ပြီး ယုယုကို မျက်နှာချင်း နီးကပ်စွာကြည့်ကာ အံကြိတ်သံ တိုးတိတ်အေးစက်စွာဖြင့် ...

"ဘာရိုးသားအေးချမ်းတဲ့ ယောက်ျားလေးလဲ၊ မင်းခေါင်းထဲမှာ လူတွေကို အကောင်းမြင်တဲ့စိတ်ရှိတာလား၊ ဆိုတာလား ဟင် ...၊ ပိပိရိရိ ချစ်ဟန်ဆောင်ပြီး မင်းသမီးကို ပိုင်းလုံးလုပ်ချသွားမယ်၊ မင်း ဘာမှတ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ယုယုသည် ဒီတစ်ချက်တော့ စိတ်မကောင်း ဖြစ်မိကာ ...

"ရွှေတွင်းက သူ့အစ်မကိုတောင် သိပ်ဆက်ဆံတာ မဟုတ်ပါဘူး၊ သူ့မှာ အစ်မတစ်ယောက် ရှိတယ်ဆိုတာတောင် ဖျောက်ထားတယ်၊ သမီးကို ပေးမသိဘူး၊ ယု မေးကြည့်အစ်ကြည့်ပြီးပြီ၊ သမီး လုံးဝမသိတာ"

"အဲဒါ ဘာဖြစ်လဲ၊ အဲဒီမှာ ပေါ်တာပဲလေ၊ ဖုံးကွယ်ထားတာလေ၊ သူကိုယ်တိုင် မိန်းကလေးတစ်ယောက်ဆီက ပိုင်းလုံးလုပ်လို့ရအောင် သူ့မှာ ပိုင်းလုံးအစ်မရင်းတစ်ယောက် ရှိပါတယ် ဆိုတာကို လူမသိအောင် ဖွက်ထားတာပဲပေါ့"

ယုယုသည် အံ့အားသင့်ကာ ကိုကြီးကို ပါးစပ်အဟောင်းသား ငေးမော့ကြည့်နေမိသည်။ ချက်ချင်းလိုပင် ရင်ထဲမှာ အရာရာကို နားလည်သဘောပေါက်မိကာ ပီတိတစ်မျိုးကလည်း နှလုံးသားကို တငြိမ့်ငြိမ့် လှုပ်ခတ်ပါသည်။

ကိုကြီးက သူ့မိန်းကလေးကို ပိုင်းလုံးတဲ့။

ဒီစကားတစ်ခွန်း ကြားရရုံမျှဖြင့် ကိုကြီးဟာ ဒီမိန်းကလေးအတွက်တော့ဖြင့် မိသားစုကို တစ်သက်လုံး မပစ်ခွာဘူး မစွန့်လွှတ်ဘူး ဆိုတာ လုံးဝသေချာသွားခဲ့ပြီ။ ကိုကြီးဟာ ဒီကောင်မလေးကို အပြစ်ကင်းတဲ့ မိန်းမငယ်လေးတစ်ယောက်လို





တန်ဖိုးထားပြီး စွဲလမ်းတွယ်တာနေတာ မဟုတ်ပါလား။ သူ့အဖကို သူဘယ်တော့မှ ပုံအပ်မှာ မဟုတ်ဘူး။

သူ့ဟာသူ စိတ်အလိုလိုက်ပြီး ဟိုခေါ် ဒီခေါ် တတွဲတွဲနဲ့ ဘယ်ကိုပဲခေါ်ခေါ် ပွဲတက်မယားတစ်ယောက် အဖြစ်နဲ့တော့ လူသိရှင်ကြား ဘယ်အခါမှ နေရာပေးမှာ မဟုတ်ပေဘူးဆိုတာ ယုယု သဘောပေါက် စိတ်ချသွားရပါသည်။

"မင်းက ပါးစပ်အဟောင်းသားနဲ့ ဘာတွေအံ့အားသင့်နေလဲ ယုယု၊ လောကကြီးမှာ မင်း သိတယ်ဆိုတာ ဖြုတ်ချေးလောက်ကလေး၊ မင်း ဖြူစင်ရိုးသား အေးချမ်းတိုင်း လူတိုင်းကို မင်းလို ဖြူစင်ရိုးသား အေးချမ်းမယ် ထင်နေ့ ယုယု၊ ငါ့မိန်းမ ငါ့သမီး ဆိုတာတွေက ကြီးမားတဲ့တန်ဖိုး သတ်မှတ်ချက်တစ်ခုနဲ့ သန့်သန့်စင်စင်ကလေး အထွတ်အမြင့်မှာ လူဖြစ်နေကြတာ ...

မင်းတို့စိတ်ထဲမှာ ညစ်ပတ်ယုတ်မာမှုတွေ မရှိဘူး ဒီလူကို လိုးလိုက်မယ်၊ ချိုင်လိုက်မယ့်၊ ဒီသတ္တဝါကြီးတော့ ဒီသတ္တဝါမ,ကြီးတော့ ငါ့ကိုကျနေပြီ ယုံနေပြီ နှဲ့နေပြီ တွေ့ကြသေးတာပေါ့၊ အဖြူအစင် အရိုင်းလေးဟာနဲ့ထောင်ပြီး ပါးပါးလိုးလိုက်ဦးမှ ဆိုတာမျိုး ဘယ်တုန်းကမှ စတွေးစဖူး ရှိမှန်းတောင် မသိတဲ့ သန့်ရှင်းဖြူစင်မှုမျိုးနဲ့ မင်းတို့ လူလုပ်နေကြတာ ယုယု ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့လို မိသားစုပုံစံမျိုး သူတို့အကျင့်စရိုက်မျိုးတွေနဲ့ မင်းတို့နဲ့ တခြားစီ၊ မင်းတို့ သားအမိလောက်တော့ အသာလေး လှည့်ထားနိုင်တယ်၊ အိပ်ရေးတောင် မပျက်ဘူး၊ ငယ်ကတည်းက ဖအေကပစ်သွားတယ်၊ ထောက်လည်း မထောက်ပံ့ဘူး၊ ဒီသားသမီးနှစ်ယောက်လုံး သူတို့ဟာသူတို့ လည်သလို လုပ်စားနေကြတာပဲ၊ အမေက ပွဲစားလုပ်ပါတယ်ဆိုတာ ချောက်တိုချောက်ချက် ဘာရမှာလဲ၊ ဒါကိုများ မင်းက အငယ်ကောင်ကို ရိုးတယ်ထင်နေတယ်”

ယုယုသည် ကိုယ့်အတွက်မူ ဝမ်းသာ ဝမ်းနည်း၊ ရွှေတွင်း အတွက် များစွာစိတ်မကောင်း ဖြစ်မိပါသည်။ ရိုးအ, တယ်ဆိုပေမယ့်လည်း ယုယု အထုံအဖျင်းတော့ မဟုတ်ပါ။ ရွှေတွင်းကို လူကောင်းလို့ အထင်မှားနေတာ မဟုတ်ပါ။ မိသားစုထဲမှာ တစ်ယောက်က အကျင့်ပျက်ပြီး ဖောက်သွားတော့ ကျန်တဲ့ မိသားစုဝင်တွေပါ ရောယောင် အထင်သေးခံရရှာတော့တာပါလား။

ရွှေတွင်းဟာ အစ်မရင်းအတွက် ရှက်ဒေါသနှင့် လုံးဝအဆက်ဆံ အခေါ်ပြော မလုပ်တာ သူ့ဘဝထဲကကို ဖျောက်ထားတာပါ။ သမီးကိုမှ တမင်ဖုံးထားတာတော့ မဟုတ်ပါဘူး။ သူ့အမေကလည်း မအေဆိုတော့ မောင်လောက်တော့ စိတ်မပြတ်နိုင်။ အ.ကျင့်ပျက်သမီးကို အထိုက်အလျှောက်တော့ ဆက်ဆံရ





တာ။ သမီးကလည်း ငွေသုံးချင်စွဲချင်လွန်းတဲ့စိတ်နဲ့ အလွယ်လမ်းလိုက် ပျက်စီးခဲ့ပေမယ့် သူ့မောင်မသိအောင် အမေကိုတော့ ရံဖန်ရံခါ ဆိုသလို ပံ့မှန်ထောက်ပံ့ရှာတယ် ဆိုတာတွေ ယုယု နံ့စမ်းသိပြီးသား။

ပုလဲ တစ်ယောက် အကျင့်ပျက်ပေမယ့် သူ့အမေနဲ့ မောင်ဟာ ရိုးရှာပါတယ်။ ယုယုက သက်ပြင်းလေးရှိုက်ရင်း ...

“ကိုကြီးရယ် ... ရွှေတွင်းကတော့ ...”

“လာပြန်ပြီလား။ ကာကွယ်ဖာထေးတဲ့ စကားတွေ၊ လုံးဝ အဖြစ်မခံနိုင်တဲ့ကိစ္စနော် ယုယု၊ မင်း ငါ့ကို အိညောင်အိညောင် လုပ်လို့လည်း မရဘူး၊ တောက် ... အံ့,လိုက်ကြတဲ့ သားအမိ၊ ပိုင်းလုံးလုပ်မယ့်ကောင်ကိုမှ ချစ်သူတော်သတဲ့၊ အမိုက်မ ... အဖျင်းမ”

“ချစ်သူတွေလည်း ဖြစ်ချင်မှတော့ ဖြစ်ဦးမှာပါ၊ ယုဆိုလိုတာက သမီးရဲ့နှလုံးသားထဲမှာတော့ ...”

“တော်စမ်းကွာ၊ ကဗျာဆန်ဆန်တွေ ဘာမှလာမပြောနဲ့၊ နှလုံးသားထဲ မပြောနဲ့ ဘယ်ထဲမှ ထည့်စရာမလိုဘူး၊ ချစ်သူ ဖြစ်နေရင်လည်းဖြတ်၊ မဖြစ်သေးဘူး ဆိုရင်လည်း အဆက်အဆံဖြတ် ... ဒါပဲ”

“သမီးကို သိပ်အကြမ်းပတမ်းတော့ ကိုကြီး မပြောပါနဲ့ဦး”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မပြောရမှာလဲ၊ သမီးကို ငါ ဘယ်လောက်ချစ်သလဲ၊ ဘယ်တုန်းက စကားမာမာတောင် ကြိမ်းမောင်းသလဲ ယုယု၊ ခုကိစ္စကတော့ မရဘူးလေ၊ မသမာသူရဲ့ လက်ထဲကို ဒီကောင် မသမာမှန်း သိသိနဲ့ သမီးကိုထည့်စရာလား၊ သမီး တိုးဝင်မယ် ပြုနေတာကို သနားပြီး ငိုင်ကြည့်နေစရာလား ...

သမီးကို အယုံသွင်းမယ်၊ လှည့်ဖြားဖုံးဖိမယ်၊ သနားအောင်လုပ်မယ်၊ အချစ်ကို ရအောင်ယူမယ်၊ ပြီးရင် ရှိသမျှ သူ့ဖို့ပဲပေါ့၊ မင်း သိပ်မအ,စမ်းပါနဲ့ ယုယုရာ၊ သမီးတစ်ယောက် မွေးထားပြီး မင်းအ,ပုံနဲ့ နောက်ကနေ တောင်းနဲ့လိုက်ကောက်ရမယ်ဆိုတာမျိုး ဖြစ်နေမယ်"

ယု သက်ပြင်းချမိသည်။ သမီးထိတော့ မချိအောင် နာတတ်သည်မှာ ဆတ်ဆတ်ခါနေပါသည်။ တကယ်တော့ ကိုကြီးကိုယ်တိုင်လည်း လူလည်ကြီးပဲ။ ဟိုပိုင်းလုံးကလေးကို အလကားနေရင်း ပေးကမ်းနေတာမို့လား။ အဆီအသား ဝါးမျိုပြီးမှ ထိုက်သင့်သလောက် ပြန်ပေးနေတာ မဟုတ်လား။ ကိုကြီးဟာ တစ်ကိုယ်ကောင်းသမားပါပဲ။ ဒါပေမဲ့ သူ့တစ်ကိုယ်ကောင်းက မိသားစုအတွက်တော့ ကောင်းကျိုးပြုနေတာမို့ ယု၌ စောဒကတက်ဖွယ်မရှိ။

ရွှေတွင်း ...။





သနားဖို့ကောင်းတာက ရွှေတွင်း။ ယုယု ငိုင်မှိုင်နေဆဲ ဖုန်းချသွားတဲ့ ရွယ်ကိုးက ထမင်းစားခန်းထဲ ပြန်ဝင်လာပါသည်။

"မေမေ ... ဒီနေ့ ကျူရှင်စောပို့"

"ဘာအတွက်လဲ"

ထင်ကျော်ကိုးက ဖြတ်မေးလိုက်တာဖြစ်သည်။

"သဇင်တို့ ရွှေတွင်းတို့နဲ့ အဲဒီနားက ဆိုင်သစ်လေးတစ်ခု သွားစားမလို့ ဖေဖေ"

"မစားရဘူး၊ သမီးကို ခုပဲ ဖေဖေ ပြောမလို့၊ အဲဒီ ရွှေတွင်းဆိုတဲ့ ကိုယ်နဲ့ အခြေအနေ အဆင့်အတန်း မတူတဲ့ ကလေကချေကောင်ကို အပေါင်းအသင်း မလုပ်ရဘူး နားလည်လား၊ အခုချက်ချင်းဖြတ်"

ရွယ်ကိုးသည် မျက်နှာဖြန်းခနဲ နီမြန်းသွားပြီး နားမလည်စွာ အမေဘက် ငဲ့ကြည့်သည်။ ယုယုက ခေါင်းငုံ့ထားလိုက်သည်။

"ကြားတယ်နော်"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ဘာဝချင်းမတူဘူး သမီး"

"ဖေဖေ ရွှေတွင်းက ပိုက်ဆံမရှိပေမယ့် လူတော်လူကောင်းပါ။ ရိုးသားတဲ့ ကြိုးစားတဲ့ ကောင်လေးတစ်ယောက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ၊ တစ်နေ့တော့ တိုးတက်ထွန်းကားလာရမယ့် ကောင်လေးတစ်ယောက်ပါ"

"အေး ... ဘာပဲဖြစ်ဖြစ် သမီးကို ဖေဖေ ပြောနေတာ ရှင်းရှင်းလေးပဲ၊ ရွှေတွင်းကို ဖေဖေ မကြိုက်ဘူး၊ အဆက်ဖြတ်၊ ချစ်ဖို့ ကြိုက်ဖို့ ဝေးလို့ သူငယ်ချင်းလိုတောင် မပေါင်းရဘူး"

ရွှယ်ကိုးသည် ချက်ချင်းပင် မျက်ရည်တွေလည်တက်လာသည်။ ဖုန်းပြောပြီး ပျော်ရွှင်လာတဲ့ မျက်နှာလေးဟာ လ,ပေပ်ဖမ်းသလို ဖြစ်သွားရပါသည်။ ယုယုဘက် လှည့်ကာ ...

"မေမေ ... မေမေ မကျေနပ်လို့ ဖေဖေ့ကို တိုင်လိုက်တာလား"

ယုယု သက်ပြင်းချလိုက်ပါသည်။ သမီး ထွက်ပေါက်ရှာပြီ။

"မေမေ ဟိုဟာကို ဖေဖေ့ကို ပြောလိုက်တာ မဟုတ်လား"

"ဘယ်ဟာလဲ"

ယုယုက မဖြေပေမယ့် အဖေဖြစ်သူက မေးသည်။ သမီးကလည်း မဆိုင်းမတွ ...

"ရွှေတွင်းကို သမီးနဲ့တူတူ နိုင်ငံခြားလွှတ်ပြီး ကျောင်းတက်လို့ရအောင် ပိုက်ဆံခဏစိုက်ပေးဖို့လေ၊ သမီးက တိုင်ပင်တာပဲ ရှိပါသေးတယ်"

"ဘာ ... ဘာပြောတယ် ရွှယ်ကိုး၊ နင်က ဒီကောင်ကို"





"ကိုကြီး ... သမီးက ဒီလိုပဲ လျှောက်ပြောတာပါ"

"ဒီကောင်ကို ငါတို့က ငွေထုတ်ပြီး နိုင်ငံခြားကို စာသင်လွှတ်ရမယ်၊ ဟား ဟား ဟား၊ ရယ်ဖို့တောင် ကောင်းသေးတယ်၊ တောင်းဆိုချက်က မြင့်လှပါလား၊ ခေတ်မီလှပါလား"

"ဖေဖေ အဲဒါ, သမီးဘာသာ စိတ်ကူးယဉ်ပြီး တွေးပြီး ပြောနေတာနော်၊ ရွှေတွင်း တောင်းဆိုတာ အကူအညီတောင်းတာ လုံးဝမဟုတ်ဘူး"

"သေချာလား"

"သေချာတယ် ဖေဖေ"

"သူက ဖွင့်မတောင်းပေမယ့်လည်း သမီးစိတ်ထဲ အဲဒီစေတနာမျိုး ပေါ်လာအောင် ကူညီချင်စိတ် ပေါက်လာအောင် မသနား သနားအောင်တော့ အားငယ်သလိုလို ဝမ်းနည်းသလိုလို နိမ့်ကျသလိုလို သိမ်ငယ်သလိုလို မူယာမာယာတွေ လုပ်ထားမှာတော့ အမှန်ပဲ၊ ဖေဖေ့ကို လုံးဝဉာဏ်မပြောနဲ့"

"ရွှေတွင်းမှာ အဲလိုစိတ်အခြေခံ ရှိပေမယ့် မူယာမာယာ မဟုတ်ပါဘူး ဖေဖေ"

"သမီးက ဘယ်လောက်တော်နေလို့ ဒါကို ခွဲခြားတတ်သလဲ၊ ဟင် ...၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလှချည်လား ရွှယ်ကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကကော ... ဖေဖေ သေချာတောင် မမြင်ဘူးတဲ့ ရွှေတွင်းရဲ့စိတ်ကို ဘာဖြစ်လို့ ဖောက်ထွင်းသိမြင် စွပ်စွဲနိုင်ရတာလဲ"

ရွှယ်ကိုးသည် အညံ့မခံ။ သူ့ရွှေတွင်းကို အထိပါး ခံရသဖြင့် မခံချိမခံသာ တုန်လှုပ်သော အသံလေးနှင့် အဖေကို ခုခံစောဒကတက်နေပါသည်။

"သူ့ကို သေချာမြင်ဖူးစရာလည်း မလိုဘူး၊ ဘယ်မိသားစု ဘယ်အသိုင်းအဝိုင်းက ဆင်းသက်ပေါက်ဖွားလာတယ် ဆိုတာ သိတာနဲ့တင် ဒီကောင် ဘယ်လိုကောင်စားဆိုတာ အတပ်ပြောနိုင်တယ်၊ ဒီလိုကောင်စားမျိုးနဲ့ သမီးကို ဖေဖေ ဘယ်နည်းနဲ့ သဘောမတူဘူး သမီး"

"ဖေဖေ ဆိုလိုတာက ရွှေတွင်းအဖေက မိသားစုကိုပစ်သွားခဲ့တယ်၊ ဒီလိုမိသားစုအသိုင်းအဝိုင်းကလို့ ဆိုလိုတာလား ဖေဖေ"

ရွှယ်ကိုး အသံလေးက တုန်ယင်ကာ မျက်ရည်လေးတွေ လည်လာသည်။

"မဆိုင်ဘူး၊ တောက် ... ငါပြောလိုက်ရရင်တော့"

ထင်ကျော်ကိုး စိတ်တိုလာတာကိုမြင်၍ ယုယုက ဝင်ဖြတ်ကာ ...

"ကိုကြီး ... သမီးကို ယု ပြောပါ့မယ်၊ ယု အေးအေးဆေးဆေး ပြောပါ့မယ်"





"အေး ... ပြော၊ အဲဒါ မင်းတာဝန်၊ မင်းက အမေ၊ ရအောင်ပြော၊ လုံးဝဆက်ဆံစရာ မလိုဘူး"

"သမီးနားလည်အောင် ယု ပြောမှာပါ ကိုကြီး၊ ဒါပေမဲ့ ကိုကြီးဘက်ကိုလည်း ကိုကြီး သေချာပြန်စဉ်းစားကြည့်ပါဦး၊ သမီးက မမိုက်မဲဘဲ သူ့စိတ် သူနိုင်တယ်၊ ဖြတ်နိုင်တယ်ဆိုရင် ကိုယ့်စိတ်ကိုယ် မနိုင်သေးတဲ့ ကိုကြီး အဖေတစ်ယောက်အနေနဲ့ သိပ်ရှက်ဖို့ ကောင်းတယ်"

ထင်ကျော်ကိုး မျက်နှာက သွေးရောင် ဖြန်းကနဲ နီမြန်းသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၁၄

ရွှယ်ကိုးသည် ပေါင်ပေါ်တင်ထားတဲ့လက်ဖြင့် ကိုယ့်ပေါင်ကို မသိစိတ်နှင့် ဆိတ်နေမိသည်မှာ အတော်ကြာလာမှ နာကျင်စွာ သတိပြုမိလာသည်။ ကားဒက်ရှ်ဘုတ်က အအေးဘူးထည့်သည့် ကွင်းကလေးထဲ စွပ်ထားသော သောက်လက်စ ကိုလာဘူးကို ဖြုတ်ယူမော့သောက်ရင်း ...

"သေချာလား မေမေ၊ သူ လာမှာ"

"ဖင်ကတော့ သေချာတယ် ပြောတာပဲ၊ ဖင်က လိုက်ကိုကြည့်ရှုစုံစမ်းထားတာ၊ စနေ တနင်္ဂနွေနှစ်ရက်ထဲက တစ်ရက်မှာ ညဘက် အမြဲလာတယ်။ဟိုးအရင်ကတော့ မလာဘူးတဲ့၊ သူ့အမေဆီကိုပဲ ဈေးမှာလာတွေ့တတ်တယ်တဲ့၊ သူ့အမေ ဆေးရုံတက်တဲ့အတွင်းတော့ ရွှေတွင်းနဲ့လည်း





စကားမပြောမဖြစ် ပြန်ပြောဖြစ်ရင်းက နောက်ပိုင်းတော့ ပုံမှန့်ညဘက် တစ်ပတ်တစ်ရက် စနေဖြစ်ဖြစ် တနင်္ဂနွေ ဖြစ်ဖြစ် လာတွေ့တယ်၊ ခုနောက်ပိုင်းတော့လည်း ကောင်မလေးက ရွှေတွင်းကိုလည်း ချော့မော့အောက်ကျို့ ဆက်ဆံရာတော့ ရွှေတွင်းလည်း သွေးသားပဲကွယ်"

ရွှယ်ကိုးသည် သဇင် မြင့်သည်ဆိုသော ရွှေတွင်းနဲ့ လက်ချိတ်ထားတဲ့ ကောင်မလေး ဆိုတာကို ပြန်ကြားယောင်လာသည်။ လမ်းကူးတော့ လက်ချိတ်တာပေါ့။ လမ်းကူးပြီးတော့ ရွှေတွင်းက ဖြုတ်ပစ်မှာပေါ့။ ဒီတော့ အစ်မလုပ်သူမှာ ကျောပွတ်လိုက် ခါးဖက်လိုက် အရောတဝင် ပြုရှာတာနေမှာ။

ပုလဲ ဆိုတဲ့အမည်နဲ့ အန်တီ့ထံ ဖုန်းလာတာကိုလည်း သတိရခဲ့ပြီးပါပြီ။ မေမေ ရှင်းပြတာ အလုံးစုံကို ကြားသိရပြီးတဲ့အခါ လူသည် ပုံကျသွားမတတ် အရုပ်ကြိုးပြတ် ခံစားခဲ့ရသည်။ ထိုညနေကတည်းက ကျူူရှင်ကိုလည်း မရောက်တာ သုံးရက်။ ရွှေတွင်း ဖုန်းဆက်တော့လည်း နေမကောင်းဘူးလို့ပဲ မေမေက ပြောလိုက်ပါသည်။

ဘာရောဂါမှ မဖြစ်ဘဲ ကာယနေမကောင်းတာ။ နေ့နေ့ညည မျက်ရည်ကျနေမိကာ အသည်းနှလုံးကို ခွဲစိတ် ဆားနယ်ခံရသလို ဆတ်ဆတ်ခါ ခံစားခဲ့ရသည်။ သုံးရက်တာမျှသည်း အဖြစ်အပျက်ကို သုံးသပ်ဆင်ခြင် ဆုံးဖြတ်ပြီးပါပြီ။ အချိန်မရွေး

www.burmeseclassic.com



ငိုချင်ကာ မျက်ရည်ဝဲလာတတ်သေးသော်လည်း ရွှယ်ကိုး မငိုချင်တော့။

မောနေပြီ။ နှလုံးသားတွေလည်း ပင်ပန်းနွမ်းနယ်နေပြီ။ မေမေ ပြောတာကို ယုံမှားသံသယမရှိပေမယ့် ကိုယ်တိုင်မျက်စိနှင့် မြင်ချင်ပါသေးသည်ဆို၍ ဒီညနေစောင်းမှာ လှည်းတန်းဘက် သားအမိနှစ်ယောက် ထွက်ခဲ့ကြတာ။

ရွှယ်ကိုးသည် နင့်ပြီး နာကျင်နေတဲ့ရင်ကို ဖိကာ လမ်းသွားလမ်းလာတွေကို ငေးမောနေသည်။ ရွှေတွင်းတို့တိုက်ကို လှမ်းမြင်နေရတဲ့ နေရာမှာ ကားရပ်ထားသည်။ ရွှေတွင်းတို့တိုက်ဘက်ဆီ မမှိတ်မသုန် ကြည့်နေရင်း ဝမ်းနည်းလာကာ ...

"မေမေ"

"သမီး"

"မေမေ့ကို သမီး တစ်ခုတော့ ပြောချင်တယ်"

"ပြောလေ သမီး"

"သမီး ဘာလုပ်သင့်တယ်၊ ဘာမလုပ်သင့်ဘူး ဆိုတာ ခွဲခြားဆုံးဖြတ်နိုင်တဲ့ဦးနှောက် သမီးမှာ ရှိပါတယ် မေမေ၊ သမီး ရွှေတွင်းကို မေ့ပစ်ဖို့ ဆုံးဖြတ်ပြီးသားပါ"

"သမီး လိမ္မာပါတယ်ကွယ်"

"ဒါပေမဲ့ မေမေ့ကို တစ်ခုတော့ ပြောချင်သေးတယ်၊ အဲဒါဟာ သမီး အ,လို့ န,လို့ ယုံလွယ်လို့ ရွှေတွင်းကို





အဟုတ်ထင်နေတာလည်း မဟုတ်ဘူး၊ မျက်ကန်းကြီးလို မျက်စိစုံမှိတ်ပြီး ကိုယ်ပြောချင်တာ လျှောက်ပြောနေတာလည်း မဟုတ်ပါဘူး၊ ရွှေတွင်းဟာ ဖေဖေထင်သလို သမီးကို မျှော်လင့်ချက်နဲ့ ကပ်လာပြီး ပိုင်းလုံးလုပ်မယ့်လူစားမျိုး မဟုတ်ပါဘူး မေမေရယ် ...

သူ့အစ်မ ဘာဂဲဖြစ်နေဖြစ်နေ ရွှေတွင်းက လူကောင်းပါ၊ ရွှေတွင်းက ယောကျ်ားကောင်း တစ်ယောက်ပါ၊ သူ ဘယ်လောက် မျိုသိပ်နိုင်တယ် မျိုသိပ်ခဲ့တယ်ဆိုတာ သမီး အသိဆုံးပါ၊ သူ့ကို အဆက်ဖြတ်ပြီး မေ့ပစ်တော့မယ် ဆိုပေမဲ့ သူဟာ သမီးရင်ထဲမှာ သန့်သန့်စင်စင်လေး တသီးတသန့် ဆက်ရှိနေမှာ မေမေ"

ရွှယ်ကိုးက စီးကျလာခဲ့တဲ့ တစ်ပေါက်တည်းသော မျက်ရည်စက်လေးကို လက်ဖမိုးလေးနှင့် သုတ်လိုက်သည်။ ယုယသည် သမီးကို ကရုဏာသက်စိတ်နှင့် မျက်ရည်လိုက်မကျမိအောင် အသက်အောင့်၍ စိတ်ထိန်းထားပါသည်။

"မေမေ ... ဟိုမှာ သူနဲ့ အန်တီ ဆင်းလာပြီ"

ဒေါ်ခင်ထားရီနှင့် ပုလဲ သားအမိနှစ်ယောက်သည် တိုက်အောက်မှ လမ်းထိပ်ဘက် ထွက်လာသည်။ ဒေါ်ခင်ထားရီက အိမ်နေဝတ် နွမ်းဖတ်ဖတ်နှင့် သမီးကို လမ်းထိပ်လိုက်ပို့ရုံပင်။ လမ်းထိပ်မှာရပ်ကာ အငှားကားစောင့်နေကြဟန် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပခုံးမှာ လွယ်ထားတဲ့ အိတ်ကိုင်းကို ပြန်ကိုင်ထားတဲ့ ပုလဲရဲ့ လက်ဖမိုးမှာ ခပ်ထင်းထင်း အမှတ်မည်းမည်းလေးနှင့်။ သဇင် တွေ့တာ သူ့ကိုပဲလေ။

သူ့မျက်နှာဟာလည်း သိပ်မရွှင်ပျလှ။ ခုတလော ဖေဖေ မလာဘူးပေါ့နော်။ ဖေဖေ အိမ်ကို မှန်မှန်ပြန်နေတာ သုံးရက်တောင် ရှိပြီပဲ။ ဖုန်းမြည်သံတွေကို ပိတ်ပစ်နေတာလည်း တွေ့သားပဲ။

"သမီး"

"ရှင်"

"ဟိုမှာ နောက်ဘက်မှာ၊ ရွှေတွင်း လာနေတယ်"

ရွှေတွင်းကို Back မှန်မှ မြင်နေရသည်။ တစ်နေ့ရာက ပြန်လာပုံရတဲ့ ရွှေတွင်းဟာ လမ်းထိပ်မှာ သူ့အမေနှင့် သူ့အစ်မကို တွေ့လိုက်၍ မျက်နှာမကြည်သာကာ ခြေလှမ်းတုံ့သွားသော်လည်း သူ့အမေက လှမ်းတွေ့သွားပြီမို့ လက်ယပ်ခေါ်လေရာ မတတ်သာ မနေသာနှင့် အနားကို တုံ့နေးနေး လျှောက်သွားပါသည်။

ရွှယ်ကိုးက ရွှေတွင်းကိုများ (မတော်တဆ)တွေ့ခဲ့ရင် ပေးဖို့ရေးခဲ့တဲ့ စာရွက်ခေါက်လေးကို ဂျာကင်အိတ်လေးထဲ လက်နှိုက်စမ်းရင်း ...

"မေမေ ... သမီး ခဏ"





"သမီး ... ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် မေမေ၊ အားလုံးစုံတုန်း နှုတ်ဆက်ရုံပါပဲ"

မေမေ မတားနိုင်ခင် ရွှယ်ကိုးက ကားပေါ်ကဆင်းပြီး လမ်းကူးလိုက်ပါသည်။ သူတို့မိသားစုထံ ရွှယ်ကိုး လျှောက်လာတာကို အန်တီက အရင်ဆုံး လှမ်းမြင်ကာ ရွှေတွင်းကိုပြသည်။ လှည့်ကြည့်လိုက်တဲ့ ရွှေတွင်း မျက်နှာဟာ အံ့အားတသင့်၊ မတွေ့ရတာ သုံးရက်ကြာမှ မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ သူ့မျက်လုံးလေးဟာ ကြည်နူးခြင်းနှင့် အရောင်လက်နေသည်။

ရွှယ်ကိုးက ပုလဲကို ဦးတည်စူးစိုက်ကြည့်ကာ ပြုံးပြလိုက်ပါသည်။ သူ့အပေါ်လည်း ရွှယ်ကိုး နည်းနည်းတောင်မှ အာဃာတ မဖြစ်မိပါ။

သူ့ခမျာလည်း သူလိုချင်တဲ့ ငွေကြေး အဆောင်အယောင်တို့ကို အလကား ရရှာတာမှ မဟုတ်ဘဲ။ ပုလဲ မျက်နှာမှာ ရွှယ်ကိုးကို ချက်ချင်း မှတ်မိကာ ဖြူဖွေးသွေး ဆုတ်သွားသည်။

"အစ်မ ... မှတ်မိတယ်မှလား"

ရွှယ်ကိုးအမေးကို ခေါင်းညိတ်လိုက်တာလိုလို ခေါင်းငုံ့တာလိုလို ပုလဲခမျာ ခေါင်းလေးငိုက်စိုက်နှင့် မျက်နှာလွှဲလိုက်ပါသည်။

"ရွှေတွင်း ... နင့်ဖို့ စာယူလာတာ"



www.burmeseclassic.com

www.burmeseclassic.com



ဂျာကင်အိတ်ထဲက စာခေါက်လေးကို နှိုက်ကာ ရွှေတွင်း လက်ထဲထည့်သည်။ ထို့နောက်တော့ အန်တီ့ကို အခိပ္ပာယ် ဖော်ပြမရတဲ့ အပြုံးတစ်ခုနှင့် နှုတ်ဆက်ရစ်ခဲ့ပြီး ... ...။

❖ ❂ ❖





## ၁၅

"ရွှေတွင်းရေ ...

ဖေဖေ့ကို ငါတို့မိသားစုဆီ ပြန်ရောက်လာအောင် နင်နဲ့ လဲယူလိုက်ပါတယ်။

ဘယ်တော့မှ မတွေ့ရတော့မယ့် ...

ရွှယ်ကိုး"

❖ ❂ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"ရွှယ်ကိုး ...

နင် ပြောတော့ ငါက အများကျိုးလွန်သူ မဟုတ်တဲ့အတွက် ငါ ဘာမှ ပေးဆပ်စရာ မလိုဘူးဆို။ ခုတော့ ... ငါ့အစ်မရဲ့ အများအတွက် ငါ ပေးဆပ်လိုက်ရတဲ့ တန်ဖိုးက ကြီးမားလွန်းပါတယ်။ ပြစ်ဒဏ်က ကြီးလေးလွန်းပါတယ်။

ဒါပေမဲ့ ငါ ကျေနပ်ပါတယ် ရွှယ်ကိုးရယ်။

ရွှေတွင်း"

❖ ۞ ❖

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com